**Assistance Association for Political Prisoners: AAPP**
နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း



# အကြမ်းဖက်စစ်အုပ်စု တာဝန်ခံရမည့် ရာဇဝတ်မှုခင်းများ

## မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းချိန်မှစ၍ အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်ခဲ့သည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများဆိုင်ရာ သက်သေအထောက်အထားများ

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း
ဇူလိုင်၊ ၂၀၂၂

## ကျေးဇူးတင်လွှာ

နွေဦးတော်လှန်ရေးတွင် အသက်၊ ခန္ဓာနှင့် လွတ်လပ်ခွင့်တို့ကို ပေးဆပ်စွန့်လွှတ်ခဲ့သူများအား ဦးညွှတ်ဂုဏ်ပြုလျှက် ဤအစီရင်ခံစာဖြစ်မြောက်ရေးအတွက် ကြိုးပမ်းပေးခဲ့ကြသော လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများအား နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) က ကျေးဇူးတင်ရှိပါသည်။

အစီရင်ခံစာမျက်နှာဖုံးတွင် အသုံးပြုထားသည့်ဓာတ်ပုံ၏ မူရင်းပိုင်ရှင်ကိုလည်း လေးစားစွာဖြင့် အသိအမှတ်ပြုအထူးကျေးဇူးတင်ပါသည်။

မူရင်းသတင်းရင်းမြစ်များအဖြစ် အေအေပီပီက တွေ့ဆုံမေးမြန်းခဲ့ပြီး၊ လုံခြုံရေးအခြေအနေများကြောင့် ၎င်းတို့၏ အမည်များကို အမည်လွှဲဖြင့်ဖော်ပြထားသော လူ့အခွင့်အရေးချိုးဖောက်ခံရသူများ၊ အကြမ်းဖက်ဖိနှိပ်ရက်စက်သတ်ဖြတ်မှုများကို မျက်မြင်ကြုံတွေ့ခဲ့ရသူများအား အထူးကျေးဇူးတင်ရှိပါသည်။

ထို့အပြင် မြန်မာနိုင်ငံမှ လွတ်လပ်သောသတင်းမီဒီယာများ၊ ပြည်သူပြည်သား သတင်းသမားများနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအားလည်း ကျေးဇူးတင်ရှိပါသည်။ ၎င်းတို့၏အကူအညီသာမပါခဲ့လျှင် အေအေပီပီ၏ မှတ်တမ်းနှင့်သုတေသနများသည် ဤမျှလောက် ကျယ်ပြန့်ပြည့်စုံနိုင်မည်မဟုတ်ပါ။

မူရင်းသတင်းရင်းမြစ်များမှ ရရှိသော အထောက်အထားများကို အသုံးပြု၍ အစီရင်ခံစာမူကြမ်းနှင့် ဤအစီရင်ခံစာတွင်အသုံးပြုထားသော အပြင်အဆင်ပုံစံတို့ကို ပြင်ဆင်ပံ့ပိုးခဲ့သော ဩစတြေးလျအမျိုးသား တက္ကသိုလ် (ANU) နိုင်ငံတကာဥပဒေရေးရာဌာနမှ ပါမောက္ခများနှင့် ဘွဲ့ရ ကျောင်းသား/သူများအားလည်း ကျေးဇူးတင်ရှိပါသည်။

နောက်ဆုံးအနေဖြင့် ဤသို့သောကာလမျိုးတွင် အဖွဲ့အစည်းအတွက် ကူညီပံ့ပိုးပေးခဲ့ကြသော ဝန်ထမ်းဟောင်းများ၊ အလုပ်သင်များ၊ မိသားစုနှင့် မိတ်ဆွေများအပါအဝင် ဤအစီရင်ခံစာအား အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ ပြန်ဆိုပေးသူနှင့် အေအေပီပီအဖွဲ့သားများ အားလုံးကို ကျေးဇူးတင်ရှိပါသည်။

NATURAM PRIMUM COGNOSCERE RERUM

Australian National University

၁။ အမှာစာ ၄

၂။ အစီရင်ခံစာအနှစ်ချုပ် ၆

၃။ မြန်မာနိုင်ငံအခြေအနေမိတ်ဆက် ၁၀

၄။ လေ့လာမှု၏ နယ်ပယ်နှင့် နည်းစနစ် ၁၃

၅။ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများဆိုင်ရာ အခြင်းအရာများ ၁၄

‘ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သော (ဝါ) စနစ်တကျဖြစ်သော တိုက်ခိုက်မှု’ ၁၄

‘အရပ်သားပြည်သူလူထုအပေါ် ရည်ရွယ်ပစ်မှတ်ထားသော’ ၁၉

‘တိုက်ခိုက်မှုဆိုသည်ကို သိလျက်နှင့် ’ ၁၉

လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများတွင် အကျုံးဝင်သော ပြစ်မှုများ ၂၁

ပုဒ်မ ၇(၁) (က) လူသတ်မှု ၂၁

ပုဒ်မ ၇(၁) (ခ) အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်မှု ၂၅

ပုဒ်မ ၇(၁) (ဃ) နိုင်ငံအတွင်းမှ နှင်ထုတ်မှု (ဝါ) လူအများအပြားအား အတင်းအဓမ္မနေရပ်စွန့်ခွာစေမှု ၃၂

ပုဒ်မ ၇(၁) (င) ဖမ်းဆီးအကျဉ်းချမှု (ဝါ) ရုပ်ပိုင်းဆိုင်ရာလွတ်လပ်ခွင့်ကို အခြားဆိုးရွားစွာကန့်သတ်ပိတ်ပင်မှု ၃၈

ပုဒ်မ ၇(၁) (စ) ညှဉ်းပန်းနှိပ်စက်မှု ၄၄

ပုဒ်မ ၇(၁) (ဆ) မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ၅၂

ပုဒ်မ ၇(၁) (ဇ) သီးခြားဝိသေသရှိသောအစုအဖွဲ့ (ဝါ) အားလုံးအပေါ် နိုင်ငံရေး၊ လူမျိုးရေး၊ နိုင်ငံသား၊ တိုင်းရင်းသား၊
ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ လိင် (သို့မဟုတ်) အခြားသောအကြောင်းတရားများကို အခြေခံ၍ ဖိနှိပ်ရက်စက်မှု ၅၈

ပုဒ်မ ၇(၁) (ဈ) အတင်းအဓမ္မပျောက်ဆုံးစေမှု ၆၁

ပုဒ်မ ၇(၁) (ဋ) ရည်ရွယ်ချက်ရှိရှိပြင်းထန်စွာနာကျင်စေမှု (ဝါ) ခန္ဓာကိုယ်၊ စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို
အပြင်းအထန် ထိခိုက်ဒဏ်ရာ ရစေမှုနှင့် အလားတူအခြားလူမဆန်သည့် ဖိနှိပ်ရက်စက်မှုများ ၆၃

၆။ အကြံပြုတိုက်တွန်းချက်များ ၇၂

နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) မှ တစ်ဆင့် တာဝန်ခံမှု ၇၂

အကြမ်းဖက် စစ်ခေါင်းဆောင်များနှင့် အဆင့်ဆင့်ဖွဲ့စည်းပုံ ၇၃

၇။ နောက်ဆက်တွဲ - ၁ ၇၇

၈။ နောက်ဆက်တွဲ - ၂ ၇၉

## ၁။ အမှာစာ

မြန်မာနိုင်ငံ၏ အတိတ်နှင့်ပစ္စုပ္ပန်ကို ပြစ်ဒဏ်မှကင်းလွတ်ခွင့်ဟု အဓိပ္ပါယ်ဖွင့်ဆိုရမည်ဖြစ်သည်။ ကုလသမဂ္ဂ၏ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေးအထူးကိုယ်စားလှယ်အဖြစ် ကျွန်မတာဝန်ယူခဲ့သည့် ပထမ ၃ နှစ်အတွင်း မြန်မာနိုင်ငံသို့ အကြိမ်များစွာသွားရောက်ခဲ့ရာတွင်၊ မြန်မာနိုင်ငံပြည်သူလူထုအပေါ် မြန်မာစစ်တပ်က ကျူးလွန်သော စနစ်တကျဖြစ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများအား ကျွန်မမှတ်တမ်းတင်ခဲ့ပါသည်။ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံသို့တင်ပြသော ကျွန်မ၏နောက်ဆက်တွဲ အစီရင်ခံစာများတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အရပ်သားပြည်သူများအား အတင်းအဓမ္မပျောက်ဆုံးစေမှုများ၊ ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်မှု၊ ညှဉ်းပန်းနှိပ်စက်မှု လိင်ပိုင်းနှင့် လိင်အခြေပြုအကြမ်းဖက်မှုများ၊ လူသတ်မှု၊ ဥပဒေပြင်ပသတ်ဖြတ်မှုများနှင့် အတင်းအဓမ္မနေရပ်စွန့်ခွါစေမှုတို့ကို အသေးစိတ်ဖော်ပြခဲ့ပါသည်။

ရာဇဝတ်မှုများစွာအတွက် ကျွန်မကြားခဲ့ရသော ထွက်ဆိုချက်များသည် နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (အေအေပီပီ) ၏ အထင်ကရဖြစ်သည့် ဤအစီရင်ခံစာတွင် ဖော်ပြထားသည်များနှင့် လုံးဝလွဲစရာမရှိလောက်အောင် ထပ်တူဖြစ်ပါသည်။ ဤသည်မှာ တိုက်ဆိုင်မှုမဟုတ်ပါ။ ယင်းတို့အားလုံးသည် နှစ်ပေါင်း ၆၀ ကျော် အကြွင်းမဲ့ပြစ်ဒဏ်ကင်းလွတ်ခွင့်ဖြင့် မြန်မာစစ်တပ်က မြန်မာနိုင်ငံပြည်သူလူထုအပေါ် ကျူးလွန်ခဲ့သည့် ကျယ်ပြန့်၍ စနစ်တကျဖြစ်သော ချိုးဖောက်မှုများ၏ အမှတ်တံဆိပ်များဖြစ်ပါသည်။

ကျွန်မ၏ မြန်မာနိုင်ငံနောက်ဆုံးခရီးစဉ်သည် ၂၀၁၇ ခုနှစ်၊ နှစ်ဦးပိုင်းတွင်ဖြစ်ပါသည်။ ထိုခရီးစဉ်ပြီးနောက်၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများအပေါ် ဖိနှိပ်ရက်စက်သတ်ဖြတ်မှုများ ကျူးလွန်ခဲ့ကြောင်း အစီရင်ခံတင်ပြခဲ့သည့်အတွက်ရော၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ အရေးမယူ၊ အပြစ်မပေးခဲ့လျှင် ကျွန်မစိုးရိမ်ကြောက်ရွံ့သည့်အရာများ ဖြစ်လာနိုင်သည်ကို ထုတ်ဖော်သတိပေးခဲ့သည့်အတွက်ပါ ကျွန်မအား မြန်မာနိုင်ငံသို့ လာရောက်ခွင့်ပိတ်ပင်ခဲ့ပါသည်။

ဤသို့သောအဖြစ်အပျက်များနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည့်တိုင်၊ ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ်ကျရောက်ခဲ့သော ဖိနှိပ်ရက်စက်သတ်ဖြတ်မှုများ၏ အတိုင်းအတာနှင့်စပ်လျဉ်း၍ ကျွန်မ မည်သို့မျှ ကြိုတင်ပြင်ဆင်မထားနိုင်ခဲ့ပါ။ အလားတူပင်၊ နောက်ထပ် ၅ နှစ်မျှပင် မကြာသောကာလအတွင်း ထိုသို့သော အကြမ်းဖက်ဖိနှိပ်ရက်စက်သတ်ဖြတ်မှု စစ်ဆင်ရေးများ၏ ဗိသုကာများက မြန်မာနိုင်ငံရှိ ပြည်သူလူထုတစ်ရပ်လုံးအပေါ် အလုံးစုံစစ်ပွဲ ဆင်နွှဲလိမ့်မည်ဆိုသည်ကို ကျွန်မအပါအဝင် မည်သူမျှ ကြိုမသိခဲ့ပါဟုဆိုရပါမည်။

မြန်မာစစ်တပ်က ၂၀၁၇ ခုနှစ်တွင် ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများအပေါ် လူသားမျိုးနွယ်ပေါ် ကျူးလွန်သော ရာဇဝတ်မှုနှင့် လူမျိုးသုဉ်း သတ်ဖြတ်မှုကျူးလွန်ခဲ့သည်ဟု ယခုနှစ်တွင် အမေရိကန်အစိုးရက သတ်မှတ်ကြေညာခဲ့သော်လည်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ယခုအထိ ရာဇဝတ်ကြောင်းအရ အပြစ်မပေး၊ အရေးမယူနိုင်သေးပါ။ လက်ရှိတွင် မြန်မာစစ်တပ်သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်း (ရန်ကြိုးပမ်း) ချိန်မှစ၍ မြန်မာနိုင်ငံပြည်သူများအပေါ် ရေရှည်ကျင့်သုံးခဲ့သည့် ကျယ်ပြန့်၍စနစ်တကျဖြစ်သော တိုက်ခိုက်မှုကို လုပ်ဆောင်နေပြီး၊ ဤအစီရင်ခံစာတွင် နှံ့နှံ့စပ်စပ်ဖော်ပြထားသကဲ့သို့ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုမြောက်သည့် လုပ်ရပ်များအားလည်း ကျူးလွန်နေပါသည်။ အေအေပီပီသည် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အကြမ်းဖက်ဖိနှိပ်မှုများအား နှစ်ပေါင်း ၂၀ ကျော်ကြာ အစီရင်ခံတင်ပြနေသည့် ရှေ့ဆောင်အဖြစ် ရပ်တည်နေပါသည်။ မြန်မာနိုင်ငံအတွင်း နိုင်ငံရေးသမားများ၊ တက်ကြွလှုပ်ရှားသူများ၊ သတင်းထောက်များအား ဖမ်းဆီးအကျဉ်းချမှုနှင့် စပ်လျဉ်း၍ မှတ်တမ်းပြုစုခြင်းနှင့် ဆက်လက်တိုက်တွန်းလှုံ့ဆော်ခြင်း စသည့် အေအေပီပီ၏ မမောနိုင်၊ မပမ်းနိုင်သော လုပ်ဆောင်ချက်များက မြန်မာနိုင်ငံရှိ နိုင်ငံရေးအကျဉ်းသားများ၏ ကံကြမ္မာအတွက် အရေးပါသည့် နိုင်ငံတကာ အာရုံစိုက်မှုကို ရရှိစေခဲ့ပါသည်။

အာဏာသိမ်း (ရန်ကြိုးပမ်း) ချိန်မှစ၍ တရားမဝင် အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စုက သတ်ဖြတ်ဖမ်းဆီးချုပ်နှောင်ခံရသူများ၏ ဝမ်းနည်းကြေကွဲဖွယ်စာရင်းကို နေ့စဉ်ထုတ်ပြန်ခဲ့ရာ၊ ယုံကြည်စိတ်ချမှု၊ လေးစားမှုတို့ကို အကျယ်ပြန့်ဆုံးရရှိသည့်အဖွဲ့အစည်းအဖြစ် အေအေပီပီသည် ဂုဏ်သတင်းကိုခိုင်မာစွာ တည်ဆောက်နိုင်ခဲ့ပါသည်။ သတင်းသမားများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ သံတမန်များ၊ အရပ်ဖက်အဖွဲ့အစည်းများအပြင်၊ စစ်အာဏာသိမ်း (ရန်ကြိုးပမ်း) မှ ပြီးစက ကျွန်မပူးတွဲတည်ထောင်ခဲ့သော မြန်မာအရေးအထူးအကြံပေး ကောင်စီ (SAC-M) အတွက်ပါ တန်ဖိုးမဖြတ်နိုင်သော အရင်းအမြစ်တစ်ခုဖြစ်ပါသည်။ အေအေပီပီ၏ နောက်ဆုံးရ ထုတ်ပြန်ချက်များသည် အရပ်

သားပြည်သူများအပေါ် စစ်အုပ်စု၏ အကြမ်းဖက်လုပ်ရပ်များကြောင့်ဖြစ်သော ပျက်စီးဆုံးရှုံးမှုအတိုင်းအတာကို နေ့စဉ်သတိတရ ရှိနေစေပါသည်။

သတင်းမှတ်တမ်းများနှင့် ယင်း၏ မြေပြင်ရင်းမြစ်များမှရသော အချက်အလက်များအား အေအေပီပီက တိုက်ဆိုင်စစ်ဆေးကာ ဖြစ်နိုင်သမျှ အတိကျဆုံး၊ နောက်ဆုံးရ ကိန်းဂဏန်းများကိုထုတ်ပြန်ပါသည်။ သို့ရာတွင် ဤအစီရင်ခံစာက ဖော်ပြနေသကဲ့သို့ပင် အသက်ဆုံးရှုံးမှု၊ သို့မဟုတ် ဖမ်းဆီးအကျဉ်းချခံရမှု ကိန်းဂဏန်း တစ်ခုချင်းစီသည် သီးခြားမဟုတ်ပါ။ အေအေပီပီသည် ၎င်း၏စာရင်းထဲမှ အနည်းငယ်ကိုသာ ထုတ်နုတ်ကာ အသက်ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများ၏ မိသားစုများနှင့် အသေးစိတ်ဆက်သွယ်မေးမြန်းမှုများဖြင့် ထပ်မံအားဖြည့်ထားပြီး၊ လာမည့်လပိုင်း၊ နှစ်ပိုင်းများအတွင်း မြန်မာနိုင်ငံပြည်သူများအပေါ် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများအတွက် မြန်မာ စစ်တပ်ခေါင်းဆောင်များနှင့် ၎င်းတို့၏လက်အောက်ငယ်သားများအား တရားစွဲဆိုအပြစ်ပေးနိုင်မည့် အထောက်အထားများကို စုဆောင်း တည်ဆောက်ထားခြင်းဖြစ်ပါသည်။

အရေးကြီးသည်မှာ၊ ဤအစီရင်ခံစာပါ အကြံပြုတိုက်တွန်းချက်များသည် စစ်အုပ်စု၏ အကြမ်းဖက်ဖိနှိပ် ရက်စက်သတ်ဖြတ်မှု ကျူးလွန်ခံရသူများနှင့် အသက်ရှင်ကျန်ရစ်သူများအတွက် တာဝန်ခံမှုနှင့် တရားမျှတမှုကို ရှင်းလင်းတိကျသောလမ်းကြောင်းဖြင့် ခင်းကျင်းပြထားခြင်းဖြစ်ပါသည်။ ယခုတော်လှန်ရေးတွင် များစွာပေးဆပ်စွန့်လွှတ်၍ မျှော်မှန်းကြသော မျိုးဆက်များ၏ လွတ်လပ်ခွင့်၊ ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် အခွင့်အရေးများအား ငြင်းပယ်၍၊ အသက်ပေါင်းများစွာကို ချွေချဖျက်ဆီးခဲ့သော ဆိုးရွားကြမ်းကြုတ်သည့် အကြမ်းဖက်မှုသံသရာကို အဆုံးသတ်နိုင်ရန်အတွက် စစ်တပ်၏ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို နိဂုံးချုပ်နိုင်ရေးက မရှိမဖြစ်အရေးကြီးပါသည်။ သို့ဖြစ်၍ ဤအစီရင်ခံစာကိုဖတ်ကြသော နိုင်ငံတကာအသိုင်းအဝိုင်းအားလုံးအား ဖော်ပြပါ အကြံပြုတိုက်တွန်းချက်များအတိုင်း ချက်ခြင်းတုံ့ပြန်၍ အဆင့်ဆင့် အရေးယူဆောင်ရွက်ကြရန် ကျွန်မကတောင်းဆိုပါသည်။ ကျွန်မတို့ ပြောနေသည့်အချိန်တွင် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပုံဖော်နေပြီဖြစ်ကြောင်းနှင့် ပြစ်ဒဏ်မှကင်းလွတ်ခွင့်အတွက် အနာဂတ်မြန်မာနိုင်ငံတွင် နေရာမရှိကြောင်းသေချာစေရန် ကျွန်မတို့အားလုံး စွမ်းသမျှအစွမ်းကုန်လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။

**ယန်ဟီးလီ (Yanghee Lee)**

**ယခင် ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်နှင့် မြန်မာအရေး အထူးအကြံပေးကောင်စီ တည်ထောင်သူ**

SPECIAL ADVISORY COUNCIL • SAC-M • MYANMAR

## ၂။ အစီရင်ခံစာ အနှစ်ချုပ်

နိုင်ငံတကာဥပဒေ၏ အခြေခံနှုန်းစံများအားဖေါက်ဖျက်သည့်ရာဇဝတ်မှုများအတွက် အကြမ်းဖက် စစ်အုပ်စုခေါင်းဆောင်များ၏ ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရနေခြင်းကို တားဆီးရပ်တန့်ရန် ဤအစီရင်ခံစာက ရည်ရွယ်ပါသည်။ ပြည်သူလူထုကို တရားဝင်ကိုယ်စားပြုသော အမျိုးသား ညီညွတ်ရေးအစိုးရ (NUG) သည် လက်ရှိတွင် ပြည်တွင်းတရားရုံးများကို လွတ်လပ်စွာ လုပ်ငန်းလည်ပတ်စေနိုင်သည့် အခြေအနေ မရှိသေးရာ၊ ရောမစာချုပ်၏ ပုဒ်မ ၁၂(၃) အရ နိုင်ငံတကာရာဇဝတ်ခုံရုံး တရားခွင်တွင် ICC ၏ စီရင်ပိုင်ခွင့်ကို လက်ခံကြောင်း ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့ပြီး ဖြစ်သည့်အတွက်၊ ၂၀၀၂ ခုနှစ်မှ နောက်ပိုင်းကျူးလွန်ခဲ့သော ဖိနှိပ်ရက်စက်၊ သတ်ဖြတ်မှုများအတွက် ကျူးလွန်သူများအား တရားစွဲအပြစ်ပေးရန် ခုံရုံးက စီရင်ပိုင်ခွင့်ရှိမည် ဖြစ်ပါသည်။ ရောမစာချုပ်အရ အကြမ်းဖက်စစ်အုပ်စု ခေါင်းဆောင်များအနေဖြင့် ၎င်းတို့ကိုယ်တိုင်ဖြစ်စေ (ပုဒ်မ ၂၅)၊ အခြားသူများကြောင့်ဖြစ်စေ(ပုဒ်မ ၂၈) ဖြစ်ပေါ်စေခဲ့သော အဆိုပါဖြစ်စဉ်များ အားလုံးတွင် ၎င်းတို့၏ လက်အောက်ငယ်သားများကျူးလွန်ခဲ့သော ရာဇဝတ်မှုများအတွက် တာဝန်ခံကြရမည်ဟု အေအေပီပီက အခိုင် အမာယုံကြည်ပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်၊ မြသွဲ့သွဲ့ခိုင်အား ပစ်ခတ်သတ်ဖြတ်ခဲ့ချိန်မှစ၍ သတ်ဖြတ်မှုဖြစ်စဉ် **၁၈၇၅** ခုကို အေအေပီပီက စိစစ်အတည် ပြု၊ မှတ်တမ်းရယူခဲ့ပါသည်။ ဆက်သွယ်မေးမြန်းမှုများအရ တပ်မ ၇၇ နှင့် တပ်မ ၄၄ တို့သည် ထိုဖြစ်စဉ်များတွင်ပါဝင်နေသည်၊ သို့တည်း မဟုတ် အဆိုပါရာဇဝတ်မှုများအား ကိုယ်တိုင်ကျူးလွန်ခဲ့ကြောင်းသိရပါသည်။ သေဆုံးသူများ၏ မိသားစုများက ၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက်တွင် အရပ်သားပြည်သူများနေထိုင်ရာ နေရာများသို့ အချက်ပေါင်းများစွာပစ်ခတ်သည့် ဖြစ်စဉ်များကို ပြောပြကြပြီး၊ “ စစ်သားတွေက ရွာထဲကို အချက်ပေါင်း ၄၀၀ ကျော်လောက် တောက်လျှောက်ပစ်တာ” ဟု သေဆုံးသူတစ်ဦး၏ ဦးလေးကပြောပြပါသည်။ သေဆုံးသူများ အား မသေမချင်း အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့ကြောင်းကိုလည်းပြောပြပါသည်။

ဥပမာအားဖြင့်၊ ပြည်သူအများအပြားသည် ၎င်းတို့၏ နေအိမ်မှာပင် ၂ ချက်၊ ၃ ချက်ပစ်ခတ်ခံရပါသည်။ အေအေပီပီက ကောက်ယူရရှိသည့် အချက်အလက်များအရ၊ အာဏာသိမ်း(ရန်ကြိုးပမ်း)ချိန်မှစ၍ မတူညီသော ပစ်ခတ်မှုဖြစ်စဉ် ၁၃ ခုအတွင်း အနည်းဆုံး အရပ်သားပြည်သူ **၃၃၇** ဦးသေဆုံးခဲ့ခြင်းက ရက်စက်ပြင်းထန်သောတိုက်ခိုက်မှုဖြစ်ကြောင်း၊ အစုလိုက် အပြုံလိုက် သုတ်သင်သတ်ဖြတ်မှုဖြစ်ကြောင်း ဖော်ပြ နေပါသည်။ ပွင့်လင်းသော သတင်းရင်းမြစ်များမှ ရသော အချက်အလက်များနှင့် အေအေပီပီမှ ကောက်ယူရရှိသော အချက်အလက်များကို ပေါင်းစပ်ကြည့်လျှင်၊ သံချပ်ကာကားများ၊ စက်သေနတ်ကဲ့သို့ လက်နက်ကြီးများအသုံးပြုပစ်ခတ်ခဲ့သည်ကို တွေ့ရပြီး၊ ယင်းက ဒီမိုကရေစီ ရေးလိုလားသည့်  ဆန္ဒပြသူများနှင့် ယင်းသို့အလားတူယူဆသည့် အရပ်သားပြည်သူများအား အစုလိုက်အပြုံလိုက် ပစ်မှတ်ထားတိုက်ခိုက် ရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြသနေပါသည်။

တပ်မ ၆၆ သည် ခရစ်စမတ်နေ့မတိုင်မီ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို ကျူးလွန်ခဲ့ပြီး၊ တပ်မ ၄၄ သည် ကနီမြို့နယ်တွင် ဖြတ် ၄ ဖြတ် စစ်ဆင်ရေးဖြင့် အစုလိုက် အပြုံလိုက် သုတ်သင်သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့ကြသူများဖြစ်ပါသည်။ အကြမ်းဖက် စစ်အုပ်စုက ကျူးလွန် သော အခြားပြစ်မှုများအပြင်၊ အဆိုပါ ရာဇဝတ်မှုများသည် အရပ်သားပြည်သူများအား အတင်းအဓမ္မ အစုလိုက်အပြုံလိုက် နေရာရွှေ့ ပြောင်းစေခြင်း၏ အကြောင်းရင်းခံဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် မေလအထိ မြန်မာနိုင်ငံတွင် ပြည်တွင်းနေရပ်စွန့်ခွာရသူ (IDPs) ဦးရေ အနည်း ဆုံး ၁, ၀၀၀,၀၀၀ ရှိပြီး၊ ယင်းတို့အနက် ၇၀၀,၀၀၀ သည် ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီ ၁ရက် နောက်ပိုင်းမှစ၍ ပဋိပက္ခနှင့် မလုံခြုံတော့သည့် ယေဘုယျအခြေအနေများကြောင့် နေရပ်စွန့်ခွာကြရခြင်းဖြစ်ပါသည်။ အကြမ်းဖက်မှုနှင့် နေအိမ်များမီးရှို့ဖျက်ဆီးခံကြရခြင်းက အရပ်သား ပြည်သူများအား နေရပ်စွန့်ခွာထွက်ပြေးစေသည်သာမက၊ ကျေးရွာများပတ်လည်တွင် မြေမြှုပ်မိုင်းများ ထောင်ထားခြင်းကြောင့်လည်း လုံခြုံ ဘေးကင်းစွာနေရပ်ပြန်ရေးကို အဟန့်အတား ဖြစ်စေပါသည်။ မြို့နယ်အချို့တွင် တင်းကြပ်သောဥပဒေများ ပြဌာန်းခြင်းကလည်း နေရပ် စွန့်ခွာရန် အဓိကတွန်းအားဖြစ်စေပြီး၊ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခံရမည်ကို ပိုမိုကြောက်ရွံ့စေပါသည်။

အကြမ်းဖက်စစ်အာဏာသိမ်းချိန်မှစ၍  နိုင်ငံရေးအကျဉ်းသား **၁၃၉၀၂** ဦးဖမ်းဆီးခံရကြောင်းနှင့် ၎င်းတို့အနက် **၁၀၈၄၇** ဦးသည် ၂၀၂၂ ခုနှစ် မေလ ၃၁ ရက်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရဆဲဖြစ်ကြောင်း အေအေပီပီက စိစစ်အတည်ပြုထားပါသည်။ ဖမ်းဆီးရာတွင် အကြမ်းဖက် ရိုက်နှက်ခြင်းသည် သဘောသဘာဝအားဖြင့် ဥပဒေနှင့်မညီသည့်အပြင်၊ ယင်းတို့ကို အကာအကွယ်ပေးရန်အသုံးပြုသည့် ဥပဒေရေးရာ

အခြေခံကလည်း နိုင်ငံတကာ ဥပဒေနှင့်ဆန့်ကျင်နေပါသည်။ ဥပမာအနေဖြင့် အကြမ်းဖက်စစ်အုပ်စုက ရာဇသတ်ကြီးဥပဒေတွင် အသစ်ပြင်ဆင်ထားသည့် ပုဒ်မ ၅၀၅-က သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။

အနည်းဆုံးကလေးသူငယ် **၃၃၈** ဦးသည် ၂၄ နာရီထက်ပို၍ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး၊ ယင်းတိုင်အနက် **၆၁** ဦးသည် မိဘများကိုယ်စားဓားစာခံအဖြစ် ဖမ်းဆီးခံရခြင်းဖြစ်ကြောင့် အေအေပီပီက မှတ်တမ်းပြုစုထားပါသည်။ ထို့အပြင် ပြန်လည်လွတ်မြောက်လာသူများက ၎င်းတို့ကြုံတွေ့ခဲ့ရသည့် လူမဆန်သောအခြေအနေများနှင့် လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် မိသားစု၊ ရှေ့နေစသည်တို့နှင့် တွေ့ဆုံခွင့် အခွင့်အရေးများကို စနစ်တကျ ချိုးဖောက်နေကြောင်း အေအေပီပီအား ပြောပြပါသည်။ တရားရုံးစစ်ဆေးမှုများတွင် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းအတိုင်း လုံးဝမလုပ်ဆောင်ခြင်းကလည်း မည်သည့်ပြစ်ဒဏ်ပေးမှုမဆို ဥပဒေနှင့်မညီဖြစ်စေသည်ဟု ၎င်းတို့က ပြောပါသည်။ နိုင်ငံရေးအကျဉ်းသားများအား ပြစ်ဒဏ်ချမှတ်ရာတွင် စနစ်တကျစီစဉ်ထားပြီး၊ အများအားဖြင့် ညှဉ်းပန်းနှိပ်စက်၍ အကြပ်ကိုင် ခြိမ်းခြောက်ရယူထားသော ဝန်ခံချက်များအပေါ်အခြေခံ၍ ပြစ်ဒဏ်ချမှတ်လေ့ရှိပါသည်။

အမှန်တကယ်ပင်၊ အကြမ်းဖက်စစ်အုပ်စုသည် ဖမ်းဆီးစဉ်နှင့် အကျဉ်းထောင်များတွင် ရိုက်နှက်ခြင်းကို ဒဏ်ခတ်သည့်၊ ခြိမ်းခြောက်သည့်နည်းစနစ်အဖြစ် ပြုလုပ်လေ့ရှိသည့်အပြင်၊ စစ်ကြောရေးစခန်းများတွင် သတင်းနှိုက်ရန်နှင့် ၎င်းတို့လိုချင်သည့်ဖြောင့်ချက်ရယူရန် သုံးလေ့ရှိပါသည်။ စစ်ဆေးမေးမြန်းရာတွင် ရက်စက်ကြမ်းကြုတ်မှုက အဆိုးဆုံးဖြစ်ပြီး၊ ဥပမာ- ပြန်လည်လွတ်မြောက်လာသည့် ၁၇ နှစ်အရွယ် ဖမ်းဆီးခံရသူ တစ်ဦးက မေးခွန်းတစ်ခုမေးတိုင်း အနည်းဆုံး ၇ ချက်အထိုးခံရကြောင်းနှင့် ထို့နောက် ၎င်းအားတောအုပ်တစ်ခုဆီသို့ ခေါ်သွားပြီး ကျင်းတစ်ခုအတွင်း ပစ်ချခံရကြောင်း ပြောပြပါသည်။ "ကျွန်တော့်ကို ပုဆိန်နဲ့ခုတ်ပြီးသတ်မယ်လို့ ခြိမ်းခြောက်တယ်၊ ကျင်းထဲကို မြေဖို့တယ်၊ ကျွန်တော့်တစ်ကိုယ်လုံးကမြေကြီးတွေနဲ့ ဖုံးပြီး၊ ခေါင်းပဲပေါ်နေတာ" ဟု  ပြောပါသည်။ အရိုးကျိုးခြင်း ဦးခေါင်းခွဲကွဲခြင်း၊ သို့မဟုတ် သေနတ်ဒဏ်ရာများအား ကောင်းမွန်စွာကုသမပေး၊ သို့မဟုတ် လုံးဝကုသပေးခြင်းမရှိပါ။

ညှဉ်းပန်းနှိပ်စက်မှု ပုံသဏ္ဍာန် အမျိုးမျိုးကိုတွေ့ရပြီး၊ အေအေပီပီ၏ မှတ်တမ်းများအရ ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှုသာမက စိတ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှု၊ ဥပမာ- ကာလကြာရှည် တစ်ဦးတည်းသီးသန့်ခွဲထားခြင်း၊ ပြန်လွှတ်ပေးပြီးနောက် ပြန်လည်ဖမ်းဆီးမည်ဟု ခြိမ်းခြောက်မှုနှင့် အခြားလူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသော အပြုအမူနှင့် လုပ်ဆောင်ချက်များလည်း ရှိသည်ဟု ဆိုပါသည်။ ညှဉ်းပန်းနှိပ်စက်မှု နည်းစနစ်တစ်ခုအဖြစ် မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်အကြမ်းဖက်မှု ပုံစံအမျိုးမျိုးကိုလည်း သုံးကြပါသည်။ အဆိုပါဖြစ်စဉ်များသည် အကျဉ်းထောင်များနှင့် စစ်ကြောရေးစခန်းစသည့် အကြမ်းဖက်ခြိမ်းခြောက် အကျပ်ကိုင်သည့် နောက်ခံဝန်းကျင်အခြေအနေတွင် ဖြစ်ပွားလေ့ရှိပြီး၊ အများအားဖြင့် အမျိုးသမီးများအား ပစ်မှတ်ထားခြင်းဖြစ်သော်လည်း၊ ပုဂ္ဂိုလ်အားလုံးအပေါ် ထိခိုက်သက်ရောက်စေပါသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် (ABFSU) ၏ ထုတ်ပြန်ကြေညာချက်အရ အမျိုးသားများအပေါ်တွင်လည်း ကျူးလွန်သည်ဟု သိရှိရပြီး၊ ဖမ်းဆီးခံကျောင်းသားများ၏ စအိုအတွင်းသို့ ဝါးလုံးဖြင့် အတင်းအဓမ္မ ထိုးသွင်းခဲ့ကြပါသည်။ ကနီမြို့နယ်အတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် အမျိုးသားများ၏ လိင်အင်္ဂါများအားလှီးဖြတ်ခဲ့သည့်အပြင်၊ ဖမ်းဆီးခံအမျိုးသမီးတစ်ဦး၏ ပြောပြချက်အရ အမျိုးသမီးအင်္ဂါအား သွေးအလွန်အကျွံထွက်သည်အထိ အပြင်းအထန်ရိုက်နှက်၍၊ ရဲအရာရှိတစ်ဦးက မဖွယ်မရာ ပွတ်သပ်ကိုင်တွယ်ခဲ့ကြောင်းလည်း သိရပါသည်။

အကြမ်းဖက်စစ်အုပ်စု၏ ရာဇဝတ်မှုများနှင့် ကျူးလွန်ခံရသူများသည် မည်သူမည်ဝါဖြစ်သည်တို့ကို လေ့လာစမ်းစစ်ကြည့်လျှင်၊ အကြမ်းဖက်စစ်အုပ်စုအား အမှန်တကယ် နိုင်ငံရေးအရဆန့်ကျင်သူများနှင့် ထိုသို့ဆန့်ကျင်သည်ဟု ယူဆခံရသော  အရပ်သားပြည်သူများအား ပစ်မှတ်ထားခြင်းဖြစ်ကြောင်း ပေါ်လွင်ပါသည်။ အဓိကအားဖြင့် လူသတ်ခြင်း၊ အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်းနှင့်  ညှဉ်းပန်းနှိပ်စက်ခြင်းတို့ဖြင့်  ဒီမိုကရေစီရေးလိုလားထောက်ခံသူများအား  အကြမ်းဖက်  ဖိနှိပ်ရက်စက်နေခြင်းဖြစ်ပါသည်။ ထို့အပြင် နိုင်ငံရေးယုံကြည်သက်ဝင်မှုကြောင့် အရပ်သားပြည်သူ ၁၃၉၀၂ ဦးအား ပစ်မှတ်ထားကာ၊ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခဲ့ပြီး၊ ဖမ်းဆီးချုပ်နှောင်ထားစဉ်အတွင်း ၎င်းတို့အားလုံးကို အတင်းအဓမ္မပျောက်ဆုံးစေခဲ့ပါသည်။ အမှန်တကယ်ပင်၊ အကြမ်းဖက်စစ်အုပ်စုသည် တစ်ဦးချင်းစီ၏လွတ်လပ်ခွင့်ကို ကန့်သတ်ပိတ်ပင်ထားကြောင်း ဝန်ခံပြောကြားရန်ငြင်းဆိုသည့်အပြင်၊ ၎င်းတို့၏ ကံကြမ္မာနှင့် မည်သည့်နေရာတွင်ရှိသည်ကိုလည်း ဖုံးကွယ်ထားကာ၊ ဖမ်းဆီးချုပ်နှောင်ထားသူများအား ရက်ပေါင်း၊ သီတင်းပတ်ပေါင်းများစွာ၊ သို့မဟုတ် တစ်ခါ

တရံ လပေါင်းများစွာကြာသည်အထိ အပြင်လောကနှင့် အဆက်အသွယ်ဖြတ်ထားပါသည်။ အကြမ်းဖက်စစ်အုပ်စုက ပစ်ခတ်ဖမ်း ဆီးပြီး၊ အတင်းအဓမ္မပျောက်ဆုံးစေမှု၏ သားကောင်ဖြစ်သော ဖမ်းဆီးထိန်းသိမ်းခံရသူတစ်ဦး၏ အဒေါ်ဖြစ်သူတစ်ဦးက သူမ၏တူဖြစ်သူအား အင်းစိန်အကျဉ်းထောင်နှင့် ရွှေပြည်သာစစ်ကြောရေးစခန်းတို့သို့ သွားရောက်ကြိုးစားရှာဖွေခဲ့သော်လည်း အချည်းအနှီးသာ ဖြစ်ရကြောင်း အေအေပီပီသို့ ပြောပြပါသည်။ အေအေပီပီက သူမအားမေးမြန်းသည့်အချိန်အထိ ၎င်း၏တူရှိနေသည့်နေရာကို မသိရသေးပါ။

စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုဖြစ်ပွားသည့်အချိန်တွင် ပြည်သူ့ကျန်းမာရေးအခြေအနေသည် ဆိုးရွားနေပြီး ဖြစ်ပါသည်။ သို့ရာတွင် ထို အချိန်မှစ၍ အကြမ်းဖက်စစ်အုပ်စုက COVID- 19 ကပ်ရောဂါကို လက်နက်အဖြစ် အသုံးချခဲ့ပြီး ဆေးနှင့်ဆေးပစ္စည်းများ လက်လှမ်းမီရရှိ ခွင့်ကို ကန့်သတ်ပိတ်ပင်ခြင်းနှင့် ထိုသို့ဆေးနှင့်ဆေးပစ္စည်းများရရှိရန် ကြိုးပမ်းကြသော အရပ်သားပြည်သူများအား ရည်ရွယ်ချက်ရှိရှိ ဒုက္ခ ပေးခြင်းအပြင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ပစ်မှတ်ထားခြင်းတို့ကြောင့် အဆိုးရွားဆုံးသေရေးရှင်ရေးအခြေအနေသို့ ရောက်ရှိခဲ့ ပါသည်။

ဤသို့သောရာဇဝတ်မှုများအား ရည်ရွယ်၊ ပြင်ဆင်၊ လုပ်ဆောင်ခြင်းသည် အရပ်သားပြည်သူလူထုကို ပစ်မှတ်ထားသော ကျယ်ပြန့်၍ စနစ် တကျဖြစ်သောတိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ နိုင်ငံတစ်ဝန်းတွင် အရပ်သားပြည်သူ ၁၈၇၅ ဦး သတ်ဖြတ်ခံခဲ့ရပြီး၊ ပဲခူးမြို့မှ ဖရူဆိုမြို့နယ်အထိ အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်မှု ၁၃ ကြိမ်ရှိကြောင်း အေအေပီပီက အတည်ပြုထားပါသည်။ စစ်အာဏာ သိမ်းချိန်မှစ၍ တောင်ဘက် တနင်္သာရီတိုင်းမှ မြောက်ဘက် စစ်ကိုင်းတိုင်းအထိ ပြည်သူ ၇၀၀, ၀၀၀ နေရပ်စွန့်ခွာခဲ့ရပြီး၊ အစုလိုက် အပြုံ လိုက် နေရပ်စွန့်ခွာရကြခြင်းဖြစ်ပါသည်။

ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခံရပြီး အတင်းအဓမ္မပျောက်ဆုံးစေမှု သားကောင်ဖြစ်သော အရပ်သားပြည်သူ ၁၃၉၀၂ ဦးသည် နိုင်ငံနေရာ အနှံ့ အပြားမှဖြစ်ပြီး (အေအေပီပီ၏ အချက်အလက်စနစ်နှင့် နှိုင်းယှဉ်ကြည့်ပါ) ထိုသူများသည် စိတ်ပိုင်းဆိုင်ရာနှင့်/ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုကို ခံရသူများ ဖြစ်ပါသည်။ နိုင်ငံရေးယုံကြည်သက်ဝင်မှုရှိသည်ဟုယူဆကာ ပစ်မှတ်ထားသတ်ဖြတ်ခံရသူများ၊ အစုလိုက် အပြုံလိုက် သုတ်သင်သတ်ဖြတ်ခံရသူများ၊ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခံရသူများနှင့် ညှဉ်းပန်းနှိပ်စက်ခံရသူများအားလုံးသည် အကြမ်းဖက် ဖိနှိပ်မှု၏ သားကောင်များအဖြစ်အကျုံးဝင်သည့်အတွက် အကြမ်းဖက်ဖိနှိပ်ရက်စက်ခံရသူအရေအတွက်သည် အထူးသဖြင့် ပို၍များပြား ပါသည်။ ထို့အပြင် ၂၀၂၂ ခုနှစ် မေလ ၃၁ ရက်အထိ ဆေးဘက်ဆိုင်ရာဝန်ထမ်း **၅၉၈** ဦးအား ဖမ်းဆီးမိန့်ထုတ်ပြန်ခဲ့ပြီး၊ မြန်မာနိုင်ငံတစ်ဝန်း တွင် ၎င်းတို့အနက် **၁၄၉** ဦးဖမ်းဆီးခံရပြီးဖြစ်ပါသည်။ ဆေးဘက်ဆိုင်ရာလူပုဂ္ဂိုလ်များအားတိုက်ခိုက်မှု **၂၉၉** ကြိမ်ရှိခဲ့ပြီး၊ **၁၁** ကြိမ်တွင် လူသေဆုံးသည်အထိ ဖြစ်ခဲ့ပါသည်။ သို့ဖြစ်၍ ဒေါသဖြစ်ဖွယ် ကျူးလွန်ခံရသူအရေအတွက်နှင့် တိုက်ခိုက်မှု၏ ပထဝီဒေသ အလိုက် ကျယ်ပြန့်မှုအတိုင်းအတာကို အခြေခံ၍ကြည့်လျှင် အဆိုပါရာဇဝတ်မှုအားလုံးသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားခဲ့ကြောင်း ထင်ရှားပါ သည်။

အဆိုပါရာဇဝတ်မှုများအားရည်ရွယ်၊ ပြင်ဆင်၊ လုပ်ဆောင်ခြင်း၏ ကျယ်ပြန့်သော သဘောသဘာဝသည် အကြမ်းဖက်စစ်အုပ်စုအား ဆယ်စုနှစ်ပေါင်းများစွာ ဝန်းရံကာကွယ်ထားသည့် ပြစ်ဒဏ်မှကင်းလွတ်ခြင်းယဉ်ကျေးမှုတွင် အမြစ်တွယ်နေပါသည်။ စစ်အာဏာသိမ်း ချိန်မှစ၍ ကျူးလွန်သောချိုးဖောက်မှုများသည် သမိုင်းတစ်လျှောက် ဥပဒေကြောင်းအရ မည်သည့်အခါကမှ အရေးယူခြင်းမခံရသော ယခင်လုပ်နေကျ နည်းလမ်းများအား ထပ်မံကျူးလွန်ခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှု များအား စနစ်တကျ သက်သာကင်းလွတ်ခွင့်ပြုခြင်းသည် အတိုက်အခံများကို ဖိနှိပ်ရန်အသုံးပြုသည့် နိုင်ငံရေးမဟာဗျူဟာတစ်ရပ်ဖြစ် ပါသည်။ ဖြစ်စဉ်အများအပြားတွင် ကျူးလွန်မှုကိုကြိုတင်သိရှိခြင်းနှင့် ကြိုတင်စီစဉ်ထားခြင်းတို့မှာ လွန်စွာထင်ရှားပြီး အထူးသဖြင့် တပ်မ ၇၇ အပါအဝင် တပ်မများအား ဆန္ဒပြသူများအပေါ်ပစ်မှတ်ထားတိုက်ခိုက်ရန် တာဝန်ပေးခြင်းဖြစ်ပါသည်။ အရပ်သားပြည်သူများ၊ ဆန္ဒပြ သူများ၊ လူငယ်များအားတိုက်ခိုက်ရန် မြန်မာနိုင်ငံတစ်ဝန်းရှိ အဆိုပါနေရာများသို့ ၎င်းတို့အားမစေလွှတ်မီ လက်နက်များနှင့် ပစ်မှတ်မြေပုံ ညွှန်းများပေးခဲ့ပါသည်။ ဆန္ဒပြသူများအားဖမ်းဆီး၍ အကျဉ်းထောင်များသို့ပို့ဆောင်ရန် ဘတ်စ်ကားများ၊ စစ်ကားများအသင့်ရှိနေခြင်း၊ လမ်းများပိတ်ဆို့ခြင်း၊ ဆန္ဒပြခေါင်းဆောင်များ၏ နေအိမ်များအားရှာဖွေဖော်ထုတ်ခြင်းနှင့် သက်သေခံအထောက်အထားများအား မကြာ ခဏလုပ်ကြံဖန်တီးခြင်းတို့သည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများအား ကြိုတင်စီစဉ်၍ ရည်ရွယ်၊ ပြင်ဆင်၊ လုပ်ဆောင် ခြင်း၏ သင်္ကေတများဖြစ်ပါသည်။ ရာဇဝတ်မှုတစ်ခုချင်းစီအား ကျူးလွန်မှုသည် ပို၍ကျယ်ပြန့်သောပုံသဏ္ဌာန်၏ တစ်စိတ်တစ်ပိုင်း ဖြစ်ပါ

သည်။ ဥပမာ- အကြမ်းဖက်စစ်အုပ်စုက နိုင်ငံရေးအရ ဆန့်ကျင်သူ၊ အထူးသဖြင့် ထင်ရှားကျော်ကြားသူ တစ်ဦးဦးကို ရှာမတွေ့သည့်အခါ မိသားစုဝင်များအား ဓားစာခံအဖြစ်ဖမ်းဆီးခြင်းနှင့်/သို့မဟုတ် ပိုင်ဆိုင်သည့်ပစ္စည်းများအား သိမ်းဆည်းခြင်းတို့သည် ပုံမှန်နောက်ဆက်တွဲ လုပ်ရပ်ဖြစ်ပါသည်။ ရှာတွေ့သည်ဆိုပါက သတင်းအချက်အလက်ရရှိရန်နှင့် အကြပ်ကိုင်ခြိမ်းခြောက်ဝန်ခံစေရန် ရုပ်ပိုင်း (ဝါ) စိတ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်ခံကြရပါသည်။ ဖမ်းဆီးချုပ်နှောင်ခံရစဉ်နှင့် စစ်ဆေးမေးမြန်းစဉ်အတွင်း ၎င်းတို့မည်သည့်နေရာတွင်ရှိနေသည်ကို မိသားစုအားအသိမပေးပါ။ သို့ဖြစ်ရာ ရာဇဝတ်မှုတစ်ခုခြင်းစီအား ရည်ရွယ်၊ ပြင်ဆင်၊ လုပ်ဆောင်မှုသည် စနစ်တကျ ဖြစ်နေပါသည်။

ပို၍ကျယ်ပြန့်သောနည်းလမ်းတစ်စိတ်တစ်ပိုင်းအဖြစ် နေရာဒေသအနှံ့အပြားတွင် ရာဇဝတ်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေသည့်အတွက် ပြည်တွင်းနှင့် နိုင်ငံတကာမီဒီယာများသာမက နိုင်ငံတကာအစိုးရအဖွဲ့ဝင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၏ အာရုံစိုက်ခြင်း ခံရသည်ဖြစ်ရာ၊ အဆိုပါရာဇဝတ်မှုများအား ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခြင်းဖြစ်ကြောင်း ဘမ်ဘာအမှု (Benba Case) ဖြစ်စဉ်တွင် ICC က ဆုံးဖြတ်ခဲ့သည့်အတိုင်း ကျူးလွန်သူများ၏သိရှိမှုကို အတည်ပြုနိုင်ပါသည်။ အကြမ်းဖက် စစ်အုပ်စုကိုယ်တိုင် ထုတ်ပြန်သည့် ကြေညာချက်များစသည့် အခြားသဲလွန်စများကိုလည်း ထည့်သွင်းစဉ်းစားနိုင်ပါသည်။ ဥပမာအားဖြင့် ခရစ်စမတ်နေ့မတိုင်မီ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအပြီး၊ ဗိုလ်ချုပ်ဇော်မင်းထွန်းက (တပ်မ ၆၆ မှ) စစ်သည်များ အနေဖြင့် စစ်ဆင်ရေး ဆောင်ရွက်စဉ် စစ်စည်းကမ်းများအတိုင်း လိုက်နာခဲ့ကြောင်းပြောကြားချက်သည် ထိုသို့သော စစ်ဆင်ရေးပြုလုပ်မည်ကို ကြိုတင်သိရှိပြီး၊ ကြိုတင်စီစဉ်ထားကြောင်းဖော်ပြနေပါသည်။ သို့ရာတွင် ကျူးလွန်ခဲ့သောရာဇဝတ်မှုများ၏ ပြင်းထန်မှုနှင့် ဖြစ်ပွားခဲ့သည့်နှုန်းသက်သက် ဖြင့်ပင် သိရှိခြင်းဆိုသည့် အခြင်းအရာကို သက်သေပြရန် လုံလောက်နေပြီး၊ ကျူးလွန်မှု၏နောက်ခံအခင်းအကျင်းနှင့် ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ပို၍ကျယ်ပြန့်သော ပုံသဏ္ဌာန်ကို လျစ်လျူရှုရန်လည်း မဖြစ်နိုင်ပါ။

## ၃။ မြန်မာနိုင်ငံ အခြေအနေ မိတ်ဆက်

၁။ ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလ ၁ ရက်၊ စစ်အာဏာသိမ်းချိန်မှစ၍ ဒီမိုကရေစီရေးလှုပ်ရှားမှုကို အကြမ်းဖက်စစ်အုပ်စုက ရက်စက်စွာ ဖြိုခွင်းမှုတွင် ဖမ်းဆီးမှုများ၊ သေဆုံးမှုများနှင့် စပ်လျဥ်း၍ အေအေပီပီက မှတ်တမ်းရယူခဲ့ပါသည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာသတင်းများတွင် အေအေပီပီ၏ အချက်အလက်များကို ယုံကြည်ရသော အရင်းအမြစ်အဖြစ် ကိုးကားဖော်ပြကြပါသည်။ ပြီးခဲ့သည့်နှစ်အတွင်းဖြစ်စဉ်များကို အချက်အလက်ဖြင့်အသေးစိတ်မှတ်တမ်းတင်နိုင်ရန် သတင်းရင်းမြစ်အများအပြားကို အေအေပီပီက မေးမြန်းခဲ့ပြီး မီဒီယာနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများ၏ အစီရင်ခံစာများကို ရနိုင်သမျှ လေ့လာဆန်းစစ်ကာ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုများကို အကြမ်းဖက်စစ်အုပ်စုက မည်သို့ကျူးလွန်ကြောင်း အထောက်အထားတည်ဆောက်ခဲ့ပါသည်။

၂။ လူသတ်မှု - မအောင်မြင်သော စစ်အာဏာသိမ်းမှုနောက်ပိုင်း ဒီမိုကရေစီရေးလှုပ်ရှားမှုကို အကြမ်းဖက်ဖြိုခွင်းရာတွင် ပြည်သူ ၁၈၇၅ ဦးကို အကြမ်းဖက်စစ်အုပ်စုက သတ်ဖြတ်ခဲ့ကြောင်း အေအေပီပီက အခိုင်အမာအတည်ပြုမှတ်တမ်းယူနိုင်ခဲ့ပါသည်။ အမှန်တကယ် သေဆုံးသူအရေအတွက်သည် ယခုထက်ပို၍ များပြားနိုင်ပါသည်၊ ရည်ရွယ်ချက်ရှိရှိ စနစ်တကျသတ်ဖြတ်ခြင်းများဖြစ်ပြီး၊ အချို့သော ဖြစ်စဉ်များသည် ကြိုတင်စီစဉ်ထားခြင်း ဖြစ်နိုင်ပါသည်။ သေဆုံးမှုအများအပြားသည် အကြမ်းဖက်စစ်တပ်က လူအုပ်အတွင်း ချိန်ရွယ်ပစ်ခတ်ခြင်း၊ သို့မဟုတ် လူနေရပ်ကွက်များအတွင်းသို့ ပစ်ခတ်ခြင်း၊ ဦးခေါင်းကိုတေ့၍ ပစ်ခတ်ခြင်း၊ သို့မဟုတ် စစ်ကြောရေးကာလတွင် သေဆုံးသည်အထိ ညှဥ်းပန်းနှိပ်စက်ခြင်းများကြောင့်ဖြစ်ပါသည်။

၃။ အစုလိုက် အပြုံလိုက် သုတ်သင် သတ်ဖြတ်မှု - အကြမ်းဖက်စစ်အုပ်စုသည် အရပ်သားပြည်သူများအပေါ် တိုက်ခိုက်ခြင်းများကို ကျူးလွန်လျက်ရှိပြီး၊ ကျယ်ပြန့်၍ စနစ်တကျဖြစ်သော ပုံစံဖြင့် လူအများအပြားအား သတ်ဖြတ်ခြင်းများ ပါဝင်ပါသည်။ ပဲခူးမြို့တွင် အရပ်သားပြည်သူ **၈၂** ဦး သေဆုံးကြောင်း အတည်ပြုနိုင်ခဲ့သည်။ ကနီမြို့နယ်၌ ၄ ကြိမ်တိုင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု လူသတ်စစ်ဆင်ရေးတွင် အရပ်သားပြည်သူ **၄၂** ဦးသေဆုံးခဲ့သည်။ ဒီဇင်ဘာ ၂၄ ရက်တွင် ဖရူဆိုမြို့နယ်၌ နောက်ထပ် အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်မှုဖြစ်စဉ်၌ အနည်းဆုံး အရပ်သားပြည်သူ **၃၅** ဦးအား ရက်ရက်စက်စက် တိုက်ခိုက်သတ်ဖြတ်ခဲ့ပြီး၊ အလွန်ဆိုးရွားသော ခရစ်စမတ်အကြိုအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအဖြစ် သက်သေထူခဲ့သည်။ ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီ ၁ ရက်မှစ၍ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုဖြစ်စဉ် **၁၃** ခုတွင် အရပ်သားပြည်သူ **၃၃၇** ဦး သေဆုံးခဲ့ကြောင်းနှင့် ဖရူဆို၊ ကနီ၊ ပဲခူး၊ မတူပီ၊ နတ်ချောင်းရွာ၊ လောပန်းတောရွာ၊ ခင်ဦးရွာ၊ ဒုန်းတောရွာ၊ မြင်သာရွာ၊ ကလေးမြို့သပိတ်၊ သဃ်န်းကျွန်းသပိတ်၊ လှိုင်သာယာသပိတ်နှင့် တောင်ဒဂုံအကြမ်းဖက်ဖြိုခွင်းမှုတို့တွင် ဖြစ်ကြောင်း အေအေပီပီ၏ မှတ်တမ်းများ၌ ဖော်ပြထားပါသည်။

၄။ နိုင်ငံအတွင်းမှ နှင်ထုတ်မှု - ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ပြည်တွင်းနေရပ်စွန့်ခွာရသူ (IDPs) အရေအတွက်သည် ၃ ဆနီးပါး မြင့်တက်ခဲ့ပြီး ၂၀၂၂ ခုနှစ် မေလနှောင်းပိုင်းတွင် လူဦးရေ ၁,၀၀၀,၀၀၀ အထိ ရှိလာခဲ့ပါသည်။[1] အကြမ်းဖက်စစ်အုပ်စုသည် ဆယ်စုနှစ်ပေါင်းများစွာ အသုံးပြုလာခဲ့သည့် ရက်စက်ပြင်းထန်သော ဖြတ် ၄ ဖြတ်စစ်ဆင်ရေးနည်းလမ်း ဖြစ်သော အတင်းအဓမ္မနေရပ်စွန့်ခွာစေခြင်းကို မဟာဗျူဟာ လက်နက်တစ်ခုအဖြစ် ဆက်လက်ကျင့်သုံးနေပါသည်။ ထို့အပြင် အချို့သောမြို့ကြီးများတွင် စစ်အုပ်ချုပ်ရေး (မာရှယ်လော) ဥပဒေကျင့်သုံးခြင်းကလည်း အရပ်သားပြည်သူများအား ပို၍အန္တရာယ်နည်းသောနေရာများသို့ အစုလိုက်အပြုံလိုက် နေရာရွှေ့ပြောင်းခြင်းကိုဖြစ်စေပါသည်။ အလားတူပင်၊ ကျေးရွာများအား ရွာလုံးကျွတ် ဗုံးကြဲတိုက်ခိုက်ခြင်းအပါအဝင် နိုင်ငံရေးအရ ခုခံမှုအား အကောင်းဆုံးဖြစ်သည့်နေရာများတွင် တွေ့ရာမြင်ရာပစ်ခတ်တိုက်ခိုက်ခြင်းများသည် လူအများအားအတင်းအကျပ်နေရာရွှေ့ပြောင်းစေသည့် ခြိမ်းခြောက်အကြပ်ကိုင်မှုမြောက်သော လုပ်ရပ်များဖြစ်ပါ သည်။

၅။ ဖမ်းဆီးအကျဥ်းချမှု - ဥပဒေမဲ့ ဖမ်းဆီးခံရသည့် နိုင်ငံရေးအကျဥ်းသား ၁၃၉၀၂ ဦးရှိကြောင်း အေအေပီပီက စိစစ်အတည်ပြု မှတ်တမ်းတင်ထားပါသည်။ ရက်ရက်စက်စက် အကြမ်းဖက်ဖမ်းဆီးခံရပြီးနောက် အားလုံးသည် ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုဆက်ဆံရေးဆိုင်ရာ

---

[1] OCHA (2022) Myanmar Humanitarian Update No.18. United Nations Office for the Coordination of Humanitarian Affairs (*Online*) Accessed at: https://reliefweb.int/attachments/dbdb592d-9f1f-4cef-ab8c-402e03e3df1c/OCHA%20Myanmar%20-%20Humanitarian%20Update%20No.18.pdf

ပြင်းထန်ဆိုးရွားသည့် ချုပ်နှောင်ခံရမှု အခြေအနေများကို ကြုံတွေ့ကြရသည်။ ရုံးတင်စစ်ဆေးစဉ်ကာလအတွင်း ဥပဒေကြောင်းဆိုင်ရာ အခြေခံရပိုင်ခွင့်များလည်း ဆုံးရှုံးကြရပြီး၊ အလိုအလျောက် ပြစ်ဒဏ်ချခံရသဖွယ်ဖြစ်ပါသည်။

၆။ ညှဉ်းပန်းနှိပ်စက်မှု - ဖမ်းဆီးခံရသည်မှ ပြန်လည်လွတ်မြောက်ချိန်အထိ နိုင်ငံရေးအကျဉ်းသားများသည် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခံကြရသည်။ ဖမ်းဆီးစဉ်တွင် ဆိုးရွားစွာ အကြမ်းဖက်နှိပ်စက်ခံရသည့် ဆက်စပ်ဖြစ်စဉ်များတွင် အချို့သည် အရိုးများ ကျိုးခြင်း၊ သေနတ်ဒဏ်ရာများ သို့မဟုတ် ရုပ်ပျက်ဆင်းပျက် ဒဏ်ရာများရရှိကြသည်။ စစ်ကြောရေးစခန်းများတွင် ညှဉ်းပန်းနှိပ်စက်မှု အများဆုံးဖြစ်ပြီး၊ အတင်းအကျပ် ဖိအားပေးဝန်ခံစေရန် သို့မဟုတ် သိလိုသည့်သတင်းရရှိရန် ဖမ်းဆီးထိန်းသိမ်းထားသူများအား ရိုက်နှက်ခြင်းဖြစ်ပါသည်။ အကျဉ်းထောင်များတွင် ဆန္ဒပြမှုများကို ဖြိုခွဲရန်၊ သို့မဟုတ် အနိမ့်ဆုံးအားဖြင့် အကျဉ်းသားများ၏ လူ့ဂုဏ်သိက္ခာကို ချိုးနှိမ်ရန် ညှဉ်းပန်းနှိပ်စက်လေ့ရှိပါသည်။ ကာလကြာရှည် သီးသန့်ခွဲထားခြင်းနှင့် ပြန်လည်ဖမ်းဆီးခြင်းများသည်လည်း အများအားဖြင့် နိုင်ငံရေးအကျဉ်းသားများခံစားကြရသည့် စိတ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှု ပုံစံများဖြစ်ပါသည်။ အေအေပီပီ၏ စာရင်းများအရ စစ်ကြောရေးကာလအတွင်း ညှဉ်းပန်းနှိပ်စက်မှုကြောင့် ပြည်သူ **၆၃** ဦးသေဆုံးခဲ့သည်ဟု သိရပါသည်။

၇။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု - လိင်ပိုင်းဆိုင်ရာကျူးလွန်မှုနှင့် မုဒိမ်းမှုဖြစ်စဉ်များဆိုင်ရာ သတင်းဖော်ပြမှု အလွန်အမင်းအားနည်းသော်လည်း၊ နောက်ဆက်တွဲစုံစမ်းစစ်ဆေးမှုများရှိလျှင် အဆိုပါကျူးလွန်မှုများသည် ကျယ်ပြန့်၍ စနစ်တကျဖြစ်ကြောင်း သက်သေပြနိုင်လိမ့်မည်ဟု အေအေပီပီက ယုံကြည်ပါသည်။ အရပ်သားပြည်သူများအား ခြိမ်းခြောက်ရန်နှင့် ဒဏ်ခတ်ရန် အကြမ်းဖက်စစ်အုပ်စုက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့်နည်းလမ်းကို အသုံးပြုလေ့ရှိပါသည်။ အကျဉ်းထောင်များတွင် ထောင်ဝန်ထမ်းများနှင့် အကြမ်းဖက်စစ်သားများက ခြိမ်းခြောက်အကျပ်ကိုင်သည့်ဝန်းကျင်အခြေအနေကို အခွင့်ကောင်းယူပြီး ဖမ်းဆီးထိန်းသိမ်းခံရသူများနှင့် အကျဉ်းသားများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို မကြာခဏကျူးလွန်လေ့ရှိပါသည်။

၈။ အကြမ်းဖက်ဖိနှိပ်ရက်စက်မှု - မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းပြီးချိန်မှစ၍ အကြမ်းဖက်စစ်အုပ်စုအား နိုင်ငံရေးအရ အမှန်တကယ် အတိုက်အခံပြုဆန့်ကျင်လျှင်ဖြစ်စေ၊ ထိုသို့ယူဆခံရလျှင်ဖြစ်စေ၊ ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံလျှင်ဖြစ်စေ၊ အရပ်သားပြည်သူများအား ဖိနှိပ်ရက်စက်လေ့ရှိပါသည်။ ဖိနှိပ်ရက်စက်ရာတွင် သတ်ဖြတ်ခြင်း၊ အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့သာမက အခြားပုံစံများလည်း ပါဝင်ပါသည်။

၉။ အတင်းအဓမ္မ ပျောက်ဆုံးစေမှု - အကြမ်းဖက်စစ်အုပ်စုသည် ၂၀၂၂ခုနှစ် မေလ ၃၁ အထိ ဖမ်းဆီးထိန်းသိမ်းခံထားရသူ ၁၃၉၀၂ ဦး တို့၏ တစ်ဦးချင်းလွတ်လပ်ခွင့်ကို ရုပ်သိမ်းခြင်းနှင့်/သို့မဟုတ် ၎င်းတို့၏ကံကြမ္မာနှင့် မည်သည့်နေရာတွင် ဖမ်းဆီးထိန်းသိမ်းထားသည်တို့ကို ဝန်ခံပြောကြားရန် ငြင်းဆန်နေပါသည်။ ဖမ်းဆီးထိန်းသိမ်းခံရသူများသည် ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ဖြတ်ထားခံကြရပြီး ၎င်းတို့ရှိသည့်နေရာကို ရက်သတ္တပတ်များစွာ၊ သို့မဟုတ် လပေါင်းများစွာ ကြာသည်အထိ ၎င်းတို့၏မိသားစုများနှင့် ရှေ့နေများက မသိရှိကြရပါ။

၁၀။ COVID -19 ကပ်ရောဂါကို လက်နက်အဖြစ်အသုံးပြုမှု - ဆေးနှင့်ဆေးပစ္စည်းများလက်လှမ်းမီရရှိခွင့်ကို ကန့်သတ်ခြင်း၊ အဆိုပါဆေးနှင့်ဆေးပစ္စည်းများရရှိရေး ကြိုးပမ်းသည့်အရပ်သားပြည်သူများအား ရည်ရွယ်ချက်ရှိရှိ ဒုက္ခပေးခြင်းနှင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ပစ်မှတ်ထားခြင်းတို့အားဖြင့် အကြမ်းဖက်စစ်အုပ်စုသည် နိုင်ငံရေးအကျိုးအမြတ်အတွက် COVID- 19 ကပ်ရောဂါကို လက်နက်အဖြစ်အသုံးချပြီး၊ ဗိုင်းရပ်စ်ကိုအကြောင်းပြ၍ အရပ်သားပြည်သူများ၏ အခွင့်အရေးများကို ထိန်းချုပ်ကန့်သတ်ခဲ့ပါသည်။ ၎င်းတို့သည် ပြည်သူ့ကျန်းမာရေးအခြေအနေကို ရည်ရွယ်ချက်ရှိရှိ ပိုမိုဆိုးရွားသွားစေခဲ့ပြီး၊ ကပ်ရောဂါကြောင့် ပြည်သူအများအပြားသေဆုံးခဲ့ရသည့်အပေါ် တာဝန်ရှိပါသည်။

၁၁။ အချုပ်အားဖြင့်ဆိုရလျှင်၊ အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်သောရာဇဝတ်မှုများသည် ပုံသဏ္ဌာန်မျိုးစုံ ဖြစ်ပြီး၊ လွန်စွာပြင်းထန်ရက်စက်ရုံသာမက၊ အကျဉ်းထောင်များတွင် အရပ်သားပြည်သူများ၏ ဘေးဒုက္ခကျရောက်လွယ်မှု ပိုမိုမြင့်မားပါသည်။ ဒီမိုကရေစီရေးတက်ကြွလှုပ်ရှားသူများနှင့် ၎င်းတို့၏ မိသားစုများသည် ငရဲကျသလို ကြုံတွေ့ ကြရပြီး၊ ၎င်းတို့၏ ခရီးလမ်းတွင် နည်းလမ်းပေါင်းစုံဖြင့် အန္တရာယ် ကျရောက်နိုင်ပါသည်။ ဥပမာ - ဝေဠု (အမည်လွှဲ) သည် အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်သည့် ရာဇဝတ်မှုများ၏သားကောင်ဖြစ်ပါသည်။ ယခင်နိုင်ငံရေးလှုပ်ရှားမှုကြောင့်သာမက အကြမ်းဖက်စစ်အုပ်စုက ၎င်း၏သားဖြစ်သူကိုရှာမတွေ့သည့်အတွက် ဓားစာခံ

အဖြစ်ပါ ၎င်းအားပစ်မှတ်ထားဖမ်းဆီးခဲ့ပါသည်။ ဖမ်းဝရမ်းမပါဘဲရောက်လာသော အကြမ်းဖက်စစ်သားများက ၎င်း၏နေအိမ်ကို မွှေနှောက်ဖျက်ဆီး၍ ငွေကျပ် ၅၀၀,၀၀၀ အပြင် လက်ကိုင်ဖုန်းများ၊ ကွန်ပျူတာ၊ တန်ဖိုးကြီး လက်ဝတ်ရတနာများနှင့် သမီးအငယ်ဆုံး၏ နိုင်ငံကူးလက်မှတ်စာအုပ်တို့ကို လုယက်ယူဆောင်သွားပါသည်။ ဖမ်းဆီးချိန်၌ အပြင်းအထန်ရိုက်နှက်ခံရပြီး၊ ၂ နှစ်အရွယ်နှင့် ၇ လသားအရွယ် မြေး ၂ ဦးအပါအဝင် မိသားစုဝင်အားလုံးကို သေနတ်ဖြင့်ချိန်ထားခဲ့သည်။ အေအေပီပီက မေးမြန်းရာတွင် ၎င်းက အောက်ပါအတိုင်း ပြောပြပါသည်။

"ရဲတွေစစ်သားတွေက မီးဖိုချောင်ထဲမှာ ကျွန်တော့်ကိုရိုက်ကြတယ်၊ ကြမ်းပေါ်မှာ မှောက်ခိုင်းပြီး လက်ထိပ်ခတ်တယ်၊ စစ်ဖိနပ်တွေနဲ့ လည်းကန်တယ်…အိမ်နဲ့ မလှမ်းမကမ်းရောက်တော့ ကျွန်တော့်ကို အသေထပ်ပြီးရိုက်တယ်၊ သွားတွေတောင်ကျွတ်တယ်၊ ရိုက်လို့ ကျွန်တော်လဲကျသွားတဲ့အချိန် ကျောပေါ်ကို စစ်ဖိနပ်တွေနဲ့ တက်နင်းတယ်၊ ပြီးတော့ ကားပေါ်ကို ဒရွတ်တိုက်ဆွဲတင်ပြီး ခေါ်သွားတယ်၊ ကားပေါ် ရိုက်တော့ မျက်နှာကို အဝတ်အမဲအုပ်တယ်၊ ကားပေါ်မှာ စစ်ဖိနပ်နဲ့ ခေါင်းကို ထပ်ကန်ပြီးတော့ လှုပ်ရဲလှုပ်ကြည့် ခေါင်းကိုပစ်သတ်မယ်လို့ ခြိမ်းခြောက်တယ်။"

နောက်တစ်နေ့တွင် ၎င်း၏ ဇနီးဖြစ်သူက ရဲစခန်း၊ စစ်ကြောရေးနှင့် အင်းစိန်အကျဉ်းထောင်တို့သို့ သွားရောက်ခဲ့ပြီး ၎င်းအားမည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို သိရှိရန်ကြိုးပမ်းခဲ့သော်လည်း အချည်းအနှီးသာဖြစ်ပါသည်။ သူမအကောင်းဆုံးကြိုးစားခဲ့သော်လည်း ဝေဠု (အမည်လွှဲ)အား မည်သည့်နေရာတွင် ထိန်းသိမ်းထားသည်ကို နောက်ထပ် ၁၆ ရက်ကြာမှ သိခဲ့ရပါသည်။ အကျဉ်းထောင် ဝန်ထမ်းတစ်ဦးက ၎င်းအားမျက်နှာတွင်ဒဏ်ရာဗရပွဖြင့် အကျဉ်းထောင်သို့ ရောက်လာသည်ကိုတွေ့ရကြောင်း ပြောပြခဲ့ခြင်းဖြစ်ပါသည်။ ၎င်း၏ ရှေ့နေက မိသားစုအား ထောင်တွင်းသို့ ၎င်း၏အမည်ဖြင့် ပစ္စည်းပို့ရန်နှင့် ပို့သည့်ပစ္စည်းပြန်ရောက်မလာပါက ထောင်ထဲတွင်ရှိနေသည်မှာ သေချာကြောင်းပြောပြပါသည်။ ဤသည်မှာလုပ်ရိုးလုပ်စဉ်တစ်ခုဖြစ်သည်၊ အကျဉ်းထောင်ထဲတွင် ၎င်းအားပြင်ပလောကနှင့် လုံးဝအဆက်အသွယ်ဖြတ်တောက်ထားပြီး၊ ထောင်အတွင်းတွင် CDM ဆရာဝန်များက ၎င်းအားကုသပေးခဲ့ပါသည်။

**"ထောင်ဆရာဝန်နဲ့ပဲဆိုရင် ကျွန်တော်တို့သေတာကြာပြီ"**

ဝေဠု (အမည်လွှဲ)သည် ဉပဒေမဲ့ ဖမ်းဆီးအကျဉ်းချမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ အတင်းအဓမ္မပျောက်ဆုံးစေမှုနှင့် အကြမ်းဖက်ဖိနှိပ်ရက်စက်မှုတို့၏ သားကောင်တစ်ဦးဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် လူသားမျိုးနွယ် အပေါ်ကျူးလွန်သောရာဇဝတ်မှုများအား တစ်ခုချင်းစီ လေ့လာဆန်းစစ်သွားမည်ဖြစ်သော်လည်း၊ ယခုဖြစ်ရပ်ကဲ့သို့ပင် ဖြစ်စဉ်အများအပြားတွင် အကြမ်းဖက်စစ်အုပ်စု၏ ကျူးလွန်မှုများသည် ရာဇဝတ်မှုအသွင်သဏ္ဌာန်အမျိုးမျိုး ရောပြွမ်းပေါင်းဆုံနေပါသည်။

## ၄။ လေ့လာမှု၏ နယ်ပယ်နှင့် နည်းစနစ်

၁၂။ ယခုအစီရင်ခံစာသည် အသက်ရှင်ကျန်ရစ်သူများ၊ သက်သေများနှင့် ကျူးလွန်ခံရသူများ၏ မိသားစုများ ဆက်သွယ်မေးမြန်းမှုပေါင်း ၄၀ ဖြင့် အေအေပီပီ ဝန်ထမ်းများက မှတ်တမ်းတင်ထားသည့် (နောက်ဆက်တွဲ၊ ဇယား-၁ တွင်ကြည့်ပါ) အပြင် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၂ ခုနှစ်ဇန်နဝါရီ ၃၁ အတွင်း စုဆောင်းရရှိထားသော တရားရုံးမှတ်တမ်းများ၊ သေမှုသေခင်းမှတ်တမ်းများ၊ Video နှင့် ဓါတ်ပုံများအရ အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်ခဲ့သော တရားမဲ့ ရက်စက်သည့် လုပ်ရပ်များဆိုင်ရာ အထောက်အထားများအား လေ့လာဆန်းစစ် ဖော်ပြထားပါသည်။ ဤ အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုများ ဖြစ်ပွားခဲ့ခြင်းရှိ၊ မရှိ စုံစမ်းစစ်ဆေးရန် အေအေပီပီအပြင် အခြားယုံကြည်ရသည့် အရင်းအမြစ်များကမှတ်တမ်းတင်ထားသည့် အထောက်အထားများ ပါဝင်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အေအေပီပီ၏ အထောက်အထားများသည် တစ်စိတ်တစ်ပိုင်းသာဖြစ်ပြီး၊ ဆင့်ပွားရင်းမြစ်များကို ဖော်ပြထားပါသည်။ ၂၀၂၂ ခုနှစ် မေလ ၃၁ အထိ ဖမ်းဆီးမှု၊ သတ်ဖြတ်မှုများ၏ အရေအတွက်နှင့် အခြားလူ့အခွင့်အရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအား တင်ပြထားပါသည်။

၁၃။ မြန်မာ (ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ) သည် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ၏ ရောမစာချုပ်ကို လက်မှတ်ရေးထိုးမထားသော်လည်း၊ နိုင်ငံတိုင်း၊ လူပုဂ္ဂိုလ်တိုင်းသည် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေနှင့် မဖြစ်မနေ လိုက်နာရမည့်ဥပဒေ (မဖောက်ဖျက်နိုင်သော အခြေခံမှုများ)[2] အဖြစ် ပြဋ္ဌာန်းထားသော ယင်း၏ သတ်မှတ်ချက်များကို လိုက်နာရန် ဥပဒေကြောင်းအရ စည်းနှောင်မှုရှိနေဆဲဖြစ်ပါသည်။ သို့ဖြစ်ရာ လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုများအတွက် နိုင်ငံတကာရာဇဝတ်မှုဥပဒေဖြင့် တရားစွဲဆို အပြစ်ပေးရမည့် အကြမ်းဖက် စစ်ခေါင်းဆောင်များ၏ ပြစ်ဒဏ်မှ ကင်းလွတ်နေမှုကို တားဆီးရပ်တန့်နိုင်မည့် သက်သေအထောက်အထားများကို ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ကျူးလွန်သူများအား တာဝန်ခံမှုရှိစေခြင်းအားဖြင့် အခြားအရာများအပြင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုပျောက်သည့် အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်နေခြင်းအား တားဆီးနိုင်မည်ဆိုသည့် ယုံကြည်ချက်ကို အခြေခံသည့် တာဝန်ယူ၊ တာဝန်ခံမှု ယန္တရားရှိလာစေရေးအတွက် ဤအစီရင်ခံစာတွင် အဓိက အကြံပြုထားပါသည်။

၁၄။ ထို့အပြင် မြန်မာနိုင်ငံတွင်ကျူးလွန်သော ရက်စက်ကြမ်းကြုတ်မှုများကို ဖော်ထုတ်ခြင်းဖြင့် ဤအစီရင်ခံစာသည် ပြန်လည်ကုစားရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များကို အစပျိုးတင်ပြထားပါသည်။ အေအေပီပီ၏ မှတ်တမ်းဆောင်ရွက်ချက်များသည် တာဝန်ယူ၊ တာဝန်ခံမှုကို ဆောင်ကျဉ်းရန်နှင့် အကြမ်းဖက်စစ်အုပ်စု၏ ပြစ်ဒဏ်မှ ကင်းလွတ်နေမှုကို  အဆုံးသတ်ရန် ကြိုးပမ်းမှုသာမက၊ စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုအတွင်း ကျူးလွန်ခံရသူများနှင့် ကျဆုံးသွားသော တော်လှန်ရေးသူရဲကောင်းအပေါင်းအား အသိအမှတ်ပြု၊ လေးစားဂုဏ်ပြုရန်လည်းဖြစ်ပါသည်။ အေအေပီပီ မှ မေးမြန်းခဲ့သူတစ်ဦး ဖြစ်သော ကျော်ဝဏ္ဏ (အမည်လွှဲ) ၏ ဇနီးဖြစ်သူက "ဒီလူသတ်မှုကို အလဟဿ အဖြစ်မခံနိုင်ဘူး၊ တိုင်းပြည်တည်ငြိမ်တည်ငြိမ်တဲ့အချိန်ရောက်ရင် ဒီအမှုကို ကျမ ဆက်ပြီးဖော်ထုတ်မယ်၊ ဒီအမှုကို ပျောက်ပျက်မသွားအောင် ကျမ ဘာလုပ်ရမလဲ" ဟုပြောပါသည်။ သူမ၏ခင်ပွန်းသည် စစ်ကြောရေးစခန်းတစ်ခုတွင် သေဆုံးသည်အထိ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသည်။ သို့ဖြစ်ရာ ဤမှတ်တမ်းအစီရင်ခံစာသည် သူမခင်ပွန်းသေဆုံးမှုနှင့် အလားတူအဖြစ်ဆိုးကြုံတွေ့ခဲ့ရသော အခြားများစွာတို့၏ သေဆုံးမှုကို မေ့ပျောက်မသွားစေရန်ရည်ရွယ်ပါသည်။

[2] See: United Nations Human Rights Committee (1994), "General Comment No. 24: Issues Relating to Reservations Made upon Ratification or Accession to the Covenant or the Optional Protocols thereto, or in Relation to Declarations under Article 41 of the Covenant" (CCPR/C/21/Rev.1/Add.6), paragraph 08; and "General Comment No. 29: Article 4: Derogations during a State of Emergency" (CCPR/C/21/Rev.1/Add.11), paragraph 11, in: UN Human Rights Council (2018), cited above.

## ၅။ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများဆိုင်ရာ အခြင်းအရာများ

၁၅။ ရောမစာချုပ် ပုဒ်မ ၇(၁)တွင် လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုများကို ဤသို့ အဓိပ္ပါယ် ဖွင့်ဆိုထားပါသည်။

- (က) လူသတ်မှု
- (ခ) အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်မှု
- (ဂ) ကျွန်ပြုမှု
- (ဃ) နိုင်ငံအတွင်းမှ နှင်ထုတ်မှု (ဝါ) လူအများအပြားအား အတင်းအဓမ္မနေရပ်စွန့်ခွာစေမှု
- (င) ဖမ်းဆီးအကျဉ်းချမှု (ဝါ) နိုင်ငံတကာဥပဒေ၏ အခြေခံစည်းမျဉ်းများကို ချိုးဖောက်၍ ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်ခွင့်ကို အခြား ဆိုးရွားစွာ ကန့်သတ်ပိတ်ပင်မှု
- (စ) ညှဉ်းပန်းနှိပ်စက်မှု
- (ဆ) မုဒိမ်းမှု၊ လိင်ကျွန်ပြုမှု၊ အတင်းအဓမ္မပြည့်တန်ဆာအဖြစ်စေခိုင်းမှု၊ အတင်းအဓမ္မ ကိုယ်ဝန်ရစေမှု၊ အတင်းအဓမ္မ သားကြော ဖြတ်မှု (ဝါ) အလားတူဆိုးရွားသော အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပုံသဏ္ဍာန် အားလုံး
- (ဇ) သီးခြားဝိသေသရှိသော အစုအဖွဲ့ (ဝါ) လူတိုင်းအပေါ် နိုင်ငံရေး၊ လူမျိုးရေး၊ နိုင်ငံသား၊ တိုင်းရင်းသား၊ ယဉ်ကျေးမှု၊ ကိုးကွယ် ယုံကြည်မှု လိင်စသည့် စာပုဒ် (၃) တွင်ဖော်ပြထားသော (ဝါ) ဤစာပုဒ်တွင် ညွှန်းဆိုသော မည်သည့်လုပ်ရပ်မဆို (ဝါ) ခုံရုံး၏ စီရင် ပိုင်ခွင့်အတွင်းရှိသော မည်သည့်ပြစ်မှုမဆိုနှင့် ဆက်စပ်သော နိုင်ငံတကာဥပဒေအရ ခွင့်မပြုဟု အားလုံးက လက်ခံအသိအမှတ် ပြု ထားသော အခြားအကြောင်းတရားများကို အခြေခံ၍ အကြမ်းဖက်ဖိနှိပ်ရက်စက်မှု
- (ဈ) အတင်းအဓမ္မပျောက်ဆုံးစေမှု
- (ည) အသားအရောင်ခွဲခြားခြင်းပြစ်မှု
- (ဋ) ရည်ရွယ်ချက်ရှိရှိ ပြင်းထန်စွာနာကျင်စေမှု (ဝါ) ခန္ဓာကိုယ်၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အပြင်းအထန် ထိခိုက် ဒဏ်ရာရစေမှုနှင့် အလားတူအခြားလူမဆန်သည့် ဖိနှိပ်ရက်စက်မှုများ
  - ၁။ " တိုက်ခိုက်မှုဆိုသည်ကို သိလျှက်နှင့် အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသော ကျယ်ပြန့်၍ စနစ်တကျ ဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်သောအခါ"

### 'ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သော (ဝါ) စနစ်တကျဖြစ်သောတိုက်ခိုက်မှု'

၁၆။ "ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သော" ဆိုသည်မှာ "ကျယ်ပြန့်သောနယ်ပယ်အပေါ် လုပ်ဆောင်သော တိုက်ခိုက်မှု (ဝါ) သေးငယ်သော နေရာ ဒေသဖြစ်သည့်တိုင် အရပ်သားပြည်သူ အများအပြားအား ရည်ရွည်ပစ်မှတ်ထားသည့် တိုက်ခိုက်မှု"[3] ဖြစ်သည်။ ကျယ်ကျယ်ပြန့်ပြန် ဖြစ် သောတိုက်ခိုက်မှုများသည် "ပိုမိုကျယ်ပြန့်သော စစ်ဆင်ရေးနောက်ခံအခြေအနေတွင် အရပ်သားပြည်သူများစွာအပေါ် ကျူးလွန်ခြင်း"[4] ဖြစ် သည်။


၁၇။ စစ်အာဏာသိမ်းပြီး မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်သော တိုက်ခိုက်မှုများသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သည်ဟု ယုံကြည်နိုင်သည့် အကြောင်းတရားများစွာရှိပါသည်။ အေအေပီပီ ၏ မှတ်တမ်းများအရ၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းချိန်မှ စ၍ နေရာဒေသအနှံ့အပြားတွင် အကြမ်းဖက်ဖိနှိပ်မှု ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် စစ်အုပ်စု၏ လက်နက်ကိုင်တပ်ဖွဲ့များက အနည်းဆုံးအရပ်သား ပြည်သူ ၁၈၇၅ ဦး ကို ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး၊ ၁၃၉၀၂ ဦးထက်မနည်း ဖမ်းဆီးခံခဲ့ရပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင်း အခြေအနေသည် ကင်ညာသမ္မတနိုင်ငံ၏ အခြေအနေအမှုဖြစ်စဉ်နှင့် တူနေပြီး၊ ယင်းတွင် ရွေးကောက်ပွဲအလွန် ကင်ညာနိုင်ငံအတွင်း တိုက်ခိုက်မှုများသည် "ကျယ်ပြန့်ပြင်းထန်၍ မကြာခဏဖြစ်ပြီး၊ အတော်အသင့်ပြင်းထန်လေးနက်မှုနှင့် အားလုံးအပေါ်ကျူးလွန်ခြင်းဖြစ်သည့်အပြင်၊ အရပ်သား

[3] International Criminal Court (2014), Prosecutor vs Katanga (Judgment), Trial Chamber II, Case No ICC-01/04-01/07.

[4] International Criminal Court (2012), Prosecutor vs Ntaganda (Decision on the Prosecutor's Application under Article 58), Pre-Trial Chamber II, Case No ICC-01/04-02/06, p. 19

ပြည်သူများကို ရည်ရွယ်ပစ်မှတ်ထားခြင်းဖြစ်သည်”[5] ဟု တရားခွင်မတိုင်မီ ကြိုတင်ကြားနာမှုတွင်တွေ့ရှိခဲ့သည်။ Rift Valley ပြည်နယ်၏ ခရိုင် ၂ ခု (Uasin Gishu နှင့် Nandi) အတွင်း[6] မတူညီသည့် နေရာ ၄ ခုကို လွှမ်းခြုံသည့် တိုက်ခိုက်မှု၏ နေရာဒေသအကျယ်အဝန်းက ကျယ်ကျယ်ပြန့်ပြန့်ဖြစ်မှုအခြင်းအရာကို ဖော်ပြနေပါသည်။

၁၈။ အလားတူပင် အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုများမှ ရရှိသော အထောက်အထားများတွင် အကြမ်းဖက်စစ်အုပ်စုက မကြာခဏ ကျူးလွန်နေ သော မြန်မာနိုင်ငံနေရာအနှံ့အပြား တိုက်ခိုက်မှုများတွင် အရပ်သားပြည်သူအများအပြား သားကောင်ဖြစ်ခဲ့ရသည်ကို ညွှန်ပြနေသည်၊ ယင်းတို့တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်က မန္တလေးမြို့ ၃၅ လမ်း၊ ၇၄လမ်း၊ ၇၆လမ်း၊ ၇၇ လမ်းနှင့် အမှတ် ၃ ကျောင်းတို့တွင် ပစ်ခတ် တိုက်ခိုက်စီးနင်းမှုများ၊ စမ်းချောင်းမြို့နယ်အတွင်း ဖေဖော်ဝါရီလနှင့် မတ်လများတွင် အကြမ်းဖက်စစ်အုပ်စု၏ ဖိနှိပ်ရက်စက်မှုများ၊ ၂၀၂၁ ခုနှစ် မတ်လ ၁ ရက်နှင့် ၃ ရက်နေ့များတွင် ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ လှိုင်မြို့နယ်၊ တာမွေမြို့နယ်နှင့် ဗဟန်းမြို့နယ်တို့တွင် ဆန္ဒပြပြည်သူများအား ဖမ်းဆီးပစ်ခတ်မှုများ၊ ၂၀၂၁ခုနှစ် မတ်လ ၁၃ ရက်က မန္တလေးမြို့ မြတောင်ကျောင်းနှင့် စိန်ပန်းရပ်ကွက်တို့တွင် ဆန္ဒပြ ပြည်သူများအား ရိုက်နှက်ဖမ်းဆီးမှုများ၊ ၂၀၂၁ ခုနှစ် ဧပြီ ၉ ရက်နေ့က ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ပဲခူး မော်ကန် ၂၁ လမ်း၊ ဆိုရှယ် လစ် ၉ လမ်းနှင့် မဂ္ဂတစ်လမ်းမတို့တွင် အစုလိုက်အပြုံလိုက် ပစ်ခတ်မှုများ[7]၊ ရိုက်နှက်မှုနှင့် ဝင်ရောက်စီးနင်း၍ ပြည်သူပိုင် အဆောက် အအုံများအား ဖျက်ဆီးခြင်းများ၊ ကနီမြို့နယ်တွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများနှင့် ဇူလိုင် ၁ ရက်မှ စ၍ ကနီမြို့နယ်၊ ရှစ်ခိုးထပ်၊ ထူး၊ ကြိုးပင်စာနှင့် ယင်းကျေးရွာစသည့် နယ်မြေများအတွင်း အပြစ်မဲ့အရပ်သားပြည်သူများအား ရိုက်နှက်ဖမ်းဆီးမှုများပါဝင်ပါသည်။



[5] International Criminal Court (2010), Prosecutor vs William Samoei Ruto, Henry Kiprono Kosgey and Joshua Arap Sang (Judgment), Pre-Trial Chamber II, Case No ICC-01/09, [94], n. 58

[6] *Ibid*.

[7] AAPP (2021), “Daily Briefing in Relation to the Military Coup”, Assistance Association for Political Prisoners (online), Available at: aappb.org/?p=14215

၁၉။ ဆက်သွယ်မေးမြန်းမှုတွင်ပါဝင်ဖြေကြားသူအားလုံးသည် အကြမ်းဖက်စစ်အုပ်စုကကျူးလွန်သည့် သတ်ဖြတ်မှု၊ ပစ်ခတ်မှု၊ ရိုက်နှက်ဖမ်းဆီးမှု အများအပြားကို ကိုယ်တိုင်မြင်တွေ့သည်၊ သို့မဟုတ် သိသည်ဟုပြောဆိုကြပါသည်။ လူမဆန်ရက်စက်သည့် လုပ်ရပ်အများအပြားကို အကြမ်းဖက်စစ်အုပ်စု၏ လက်အောက်ခံတပ်ဖွဲ့ များက ထပ်ခါထပ်ခါ ကျူးလွန်လေ့ရှိကြသည်ကိုလည်း ဆက်စပ်တွေ့ရှိရပြီး၊ အထူးသဖြင့် တပ်မ ၇၇ ဖြစ်ပါသည်။ သို့ဖြစ်ရာ အရပ်သားပြည်သူ အများအပြားကို ပစ်မှတ်ထား၍ ဖိနှိပ်ရက်စက်ရန် ရည်ရွယ်သော အကြမ်းဖက် စစ်အုပ်စု၏ ပိုမိုကျယ်ပြန့်သော စစ်ဆင်ရေးအတွင်း ထိုသို့သောကျူးလွန်မှုများဖြစ်ပွားသည်ဟု ကောက်ချက်ချနိုင်ပါသည်။ ထို့ကြောင့် သတ်မှတ်ချက်နှင့်ကိုက်ညီပြီး၊ အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်သည့်တိုက်ခိုက်မှုများသည် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်မှုဆိုသည့် အခြင်းအရာနှင့်လည်း ကိုက်ညီသည်ဟုလည်း ဆိုနိုင်ပါသည်။

၂၀။ "စနစ်တကျဖြစ်သော" ဆိုသည်မှာ "ကြိုတင်ပြင်ဆင်ထားသော သဘောသဘာဝရှိသည့် အကြမ်းဖက် လုပ်ရပ်များဖြစ်ပြီး အမှုမဲ့ အမှတ်မဲ့မဟုတ်ခြင်း"[8] ဖြစ်ပါသည်။ ထို့အပြင် "ရှင်းလင်းတိကျစွာ ကြိုတင်စီစဉ်ထားပြီး၊ ရှင်းလင်းသည့် ပုံစံပေါ်လွင်သော အကြမ်းဖက်လုပ်ရပ်များနှင့် ပေါင်းစပ်ထားသည့် တိုက်ခိုက်မှုတိုင်းသည် စနစ်တကျဖြစ်သည်"[9] ကိုတွေ့နိုင်ပါသည်။ အကြမ်းဖက်စစ်အုပ်စု၏ လုပ်ရပ်များသည် ကြိုတင်စီစဉ်ထားပြီး၊ ညွှန်ကြားထားသည့်အတိုင်း၊ သို့မဟုတ် စေ့စပ်သေချာစွာကြိုတင်ပြင်ဆင်ထားရမည့်အပြင် အကြမ်းဖက်စစ်အုပ်စုက အတိအလင်းထုတ်ဖော်မပြောသော်လည်း "အများပြည်သူနှင့် ပုဂ္ဂလိကပိုင် အရင်းအမြစ်များနှင့်သက်ဆိုင်သော ယေဘုယျ မူဝါဒတစ်ခုကို ပုံမှန်အားဖြင့် လုပ်ဆောင်ခြင်း"[10] ဖြစ်ပါသည်။ ခြုံငုံရလျှင်၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီအတွင်း အကြမ်းဖက် စစ်အုပ်စုက ကျူးလွန်ခဲ့သော ဖိနှိပ်ရက်စက်မှု လုပ်ရပ်များသည် စနစ်တကျဖြင့် ကြိုတင်စီစဉ်ပြီး ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ကြောင်း အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုများက ဖော်ပြနေပါသည်။

၂၁။ အရပ်သားပြည်သူများ၏ ဆန္ဒပြမှုများကိုတုံ့ပြန်ရာတွင် တစ်စုံတရာ အသိရှိရှိ၊ အစီအစဉ်တကျရှိသည့်အတွက် စနစ်တကျဖြစ်သည်ဟု ယူဆနိုင်ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် အကြမ်းဖက်စစ်အုပ်စုက "ဆန္ဒပြသူများသည် အထူးသဖြင့် ခံစားထိခိုက်လွယ်သော ဆယ်ကျော်သက်များနှင့် လူငယ်များအား အသက်အန္တရာယ်ဖြစ်စေမည့် ထိပ်တိုက်ရင်ဆိုင်ရေးလမ်းကြောင်းပေါ်သို့ ရောက်အောင် သွေးထိုးမြှောက်ပင့်ပေးနေကြောင်း"[11] ပြောကြားခဲ့ပါသည်။ ထို့နောက် မများမကြာမီ ဖေဖော်ဝါရီ၂၈ တွင် အကြမ်းဖက်စစ်အုပ်စု၏ တပ်ဖွဲ့ဝင်များသည် ကြိုတင်ပြင်ဆင်ထားသည့် ပူးပေါင်းစစ်ဆင်ရေးဖြင့် မန္တလေးမြို့ ၃၅ (အေ) လမ်းသို့ဝင်ရောက်ပြီး ဆန္ဒပြသူအများအပြားကို ပစ်ခတ်သတ်ဖြတ်ကာ အမှတ် ၃ ကျောင်းကိုလည်းဝင်ရောက်စီးနင်းခဲ့ကြောင်း မွန်ခမ်း (အမည်လွှဲ) ၏ ညီမဖြစ်သူကပြောပြပါသည်။ ဖေဖော်ရီလအတွင်း စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြသူများအား ပစ်မှတ်ထားဖြိုခွင်းရန် အကြမ်းဖက်စစ်အုပ်စုက တပ်ရင်းတပ်ဖွဲ့အချို့အား တာဝန်ပေးစေခိုင်းခဲ့ကြောင်း ဤဖြစ်စဉ်က ပြသနေပါသည်။ အဆိုပါတပ်ရင်းတပ်ဖွဲ့များအား အရပ်သားပြည်သူများ၊ ဆန္ဒပြသူများနှင့် လူငယ်များအား တိုက်ခိုက်ရန် မြန်မာနိုင်ငံတစ်ဝန်း သတ်မှတ်နေရာများသို့ အမိန့်ပေးမစေလွှတ်မီကတည်းက လက်နက်နှင့် အဆိုပါနေရာများ၏ မြေပုံညွှန်းများကို ဖြန့်ဝေပေးထားပြီးဖြစ်ပါသည်။ (ထို့ကြောင့်ပင် အမှတ် ၃ ကျောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပါသည်။) ဆန့်ကျင်သူဟု ယူဆသူများအား ပုံမှန်ရှာဖွေဖော်ထုတ်ခြင်း၊ ခြေရာခံခြင်း၊ နေရပ်လိပ်စာရှာဖွေခြင်း၊ ဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းစသည့် အကြမ်းဖက်စစ်အုပ်စု၏ အဆိုပါစစ်ဆင်ရေးသည် တရားစွဲအဖွဲ့နှင့် Al-Tuhamy Mohamed Khaled ၏ အမှုဖြစ်စဉ်[12] တွင် တရားခွင်မတိုင်မီကြိုတင်ကြားနာရေးအဖွဲ့၏ ဆုံးဖြတ်ချက်အရ စနစ်တကျဖြစ်သော စစ်ဆင်ရေးဟု မြင်တွေ့နိုင်ပါသည်။

၂၂။ ၂၀၂၁ ခုနှစ် မတ်လ ၃ ရက်တွင် မြထွေး (အမည်လွှဲ)၊ သူဇာလွင် (အမည်လွှဲ)၊ ထွန်းဝင်း (အမည်လွှဲ)၊ ညိမ်းညိမ်းထွန်း (အမည်လွှဲ)နှင့် တင့်တင့်ကြူ (အမည်လွှဲ)တို့သည် ဝတ်ထားသောယူနီဖောင်းများ၊ လက်မောင်းတံဆိပ် များအရ တပ်မ ၇၇ ဟု သိနိုင်သောတပ်ဖွဲ့များက

---

[8] International Criminal Court (2007), Prosecutor vs Ahmad Muhammad Harun (Decision on the Prosecution Application under Article 58(7) of the Statute, Pre -Trial Chamber I, Case No ICC-02/05-01/07, 27, [62]

[9] International Criminal Court (2014), Prosecutor vs Gbagbo (Decision on the Confirmation of Charges against Laurent Gbagbo), Pre -Trial Chamber II, Case No ICC-02/11-01/11, p. 225

[10] International Criminal Court (2014), *Prosecutor vs Katanga*, cited above.

[11] *State Administrative Council (2021), "*Public Announcement of 21st of February 2021"*, The Global New Light of Myanmar [military junta outlet] (online), Available at:* www.gnlm.com.mm/public-announcement-21-2-2021/

[12] International Criminal Court (2013), *Prosecutor vs Al-Tuhamy Mohamed Khaled* (Warrant of Arrest for Al-Tuhamy Mohamed Khaled with under seal and ex parte Annex), Pre-Trial Chamber I, Case No ICC-01/11-01/13, [5].

ငြိမ်းချမ်းစွာဆန္ဒပြသူများအား စနစ်တကျစီစဉ် တိုက်ခိုက်မှုကို ကိုယ်တွေ့မြင်ခဲ့ကြရသည်။ Muthaural Kenyatta နှင့် Ali တို့၏ တရားခွင်မတိုင်ခင် ကြိုတင်ကြားနာမှုအရ သိရှိရသည့် အချက်နှင့် ဆက်စပ်သည်မှာ တိုက်ခိုက်သူများအား ယူနီဖောင်းနှင့် လက်နက်များပေးအပ်ခြင်းက အဆိုပါတိုက်ခိုက်မှုသည် "ရုတ်ချည်းအလိုအလျောက် တုံ့ပြန်မှုကြောင့်ဖြစ်သော အကြမ်းဖက်မှုမဟုတ်ဘဲ၊ ကြိုတင်စီစဉ်ထားသော၊ စနစ်တကျဖြစ်သော တိုက်ခိုက်မှု"[13] ဖြစ်သည်ဆိုသည့်လျှောက်လှဲချက်ကို အထောက်အပံ့ဖြစ်စေရန် အားဖြည့်ပေးပါသည်။ စနစ်တကျ ဆန္ဒပြနေသည့်နေရာတွင် တပ်မ ၇၇ နှင့် အခြားလုံခြုံရေး တပ်ဖွဲ့များရှိနေခြင်းကလည်း အဆိုပါတပ်ဖွဲ့များသည် အကြမ်းမဖက်အာဏာ ဖီဆန်ရေးလှုပ်ရှားမှု (CDM)ကို အကြမ်းဖက်နှိမ်နှင်းရန် စစ်အုပ်စုက တာဝန်ပေးထားသော ပို၍ကြီးမားသော စစ်အင်အား၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်ကို ညွှန်ပြနေပါသည်။ ထို့အပြင် ထိုနေ့ကရှိနေသောတပ်ဖွဲ့များသည် တပ်မ ၇၇ ၏ အမိန့်ပေးမှုအောက်တွင် ဖြစ်သောကြောင့် ရှင်းလင်းတိကျသော အထက်အောက်အဆင့်ဆင့် အမိန့်ပေးမှုစနစ်ကို တွေ့ရှိနိုင်ပါသည်။ အရပ်သားပြည်သူများအား တိုက်ခိုက်မှုများသည် "စနစ်တကျ သဘောသဘာဝရှိသည်ဆိုသည့်"[14] အချက်ကိုဖော်ပြရန် ကင်ညာသမ္မတနိုင်ငံအခြေအနေဆိုင်ရာ တရားခွင်မတိုင်မီ ကြိုတင်ကြားနာမှုတွင် အဆိုပါအခြင်းအရာများ အားလုံးကို ထည့်သွင်းစဉ်းစားခဲ့သည်ကို တွေ့ရပါသည်။

၂၃။ ၂၀၂၁ခုနှစ် မတ်လ ၃ ရက်တွင် တပ်မ ၇၇ နှင့် ယင်း၏ လက်အောက်ခံအခြားလုံခြုံရေးတပ်ဖွဲ့များသည် ဆန္ဒပြသူများအား နောက်ဖက်မှဝိုင်းရံပိတ်ဆို့ပြီး မျက်ရည်ယိုဗုံးများသုံးခဲ့ပါသည်။ တပ်မ ၇၇ သည် အနီးဝန်းကျင်ကို ဝင်ရောက်စီးနင်းပြီး၊ လမ်းပေါ်တွင် လူတစ်ယောက်မှ မကျန်တော့သည့်အချိန်အထိ အရပ်သားပြည်သူများအား ဖမ်းဆီးရိုက်နှက်ခဲ့သည်ဟု မြထွေး (အမည်လွှဲ) ကပြောပါသည်။ တပ်မ ၇၇ က ဆန္ဒပြသူများအား ဖမ်းမမိပါက ဒဏ်ရာရသူများအား ကုသပေးသည့် ရွှေ့လျားဆေးအဖွဲ့များအား ပစ်မှတ်ထားဖမ်းဆီးရန် ထိုနေရာတွင်ရှိနေသော အခြားလုံခြုံရေးတပ်ဖွဲ့များအား ညွှန်ကြားခဲ့ကြောင်းလည်း သူမက ပြောပါသည်။ အဆိုပါဒဏ်ရာရနေသည့် ဆန္ဒပြသူများနှင့် ဆေးအဖွဲ့ဝင်တို့အား မဖမ်းမီတွင် တပ်မ ၇၇ နှင့်အခြားတပ်ဖွဲ့များကဝိုင်း၍ ရိုက်နှက်ကြပါသည်။ အင်းစိန်ထောင်သို့မပို့မီ ပြည့်သိပ်ကျပ်နေသော ဘတ်စ်ကားများနှင့် စစ်ကားများပေါ်တွင် တနေကုန်စောင့်ခဲ့ကြရပြီး၊ ထောင်တွင် ၂၂ ရက်ကြာထိန်းသိမ်းခံခဲ့ရပါသည်။ ထိုတိုက်ခိုက်မှုအဆင့်အားလုံးသည် စနစ်တကျ ကြိုတင်စီစဉ်ထားသည့် သဘောသဘာဝကို ညွှန်ပြနေပြီး၊ အထူးသဖြင့် ဖမ်းဆီးခံရသူများအား အင်းစိန်ထောင်သို့ ပို့ဆောင်ရန် ဘတ်စ်ကားနှင့် စစ်ကားများအသင့် စောင့်နေခြင်းဖြစ်ပါသည်။ ဆန္ဒပြသူများနှင့် ၎င်းတို့အားထောက်ခံသူများကို ဖမ်းနိုင်သမျှ များများဖမ်းဆီးရန် ယင်းတပ်ဖွဲ့များအားညွှန်ကြားထားခြင်းဖြစ်သည်မှာ ထင်ရှားပါသည်။

၂၄။ ၂၀၂၁ခုနှစ် မတ်လ ၂၆ တွင် နိုင်ငံပိုင်သတင်းဌာနက ဆန္ဒပြသူများအနေဖြင့် "ဦးခေါင်းနှင့်နောက်ကျောတို့တွင် ပစ်ခတ်ခံရနိုင်သည့် အန္တရာယ်ရှိသည်ကို အစောပိုင်းတွင် အကျည်းတန်စွာ သေဆုံးခဲ့သည့် ဖြစ်စဉ်များမှ သင်ခန်းစာယူသင့်ကြောင်း" ကြေညာသွားခဲ့ပြီး "မိဘများအနေဖြင့်လည်း မိမိတို့၏ သားသမီးများကို (ဆန္ဒပြမှုများတွင်) ဝင်မပါအောင် ဆုံးမသင့်ကြောင်း၊ ဘာမဟုတ်သည့်အတွက်နှင့် အသက်အသေမခံကြရန်"[15] သတိပေးထုတ်ပြန်ခဲ့ပါသည်။ အဆိုပါပြောကြားချက်များအရ မည်သည့်ဆန္ဒပြမှုမျိုးကိုမဆို စစ်အုပ်စုက အကြမ်းဖက်ဖိနှိပ်၍ ရက်ရက်စက်စက်တုံ့ပြန်ရန် စနစ်တကျ စီစဉ်ထားကြောင်း  ကောက်ယူနိုင်ပါသည်။ ထို့ကြောင့် ရည်ရွယ်ချက်ရှိရှိဖြင့် ကြိုတင်စီစဉ်ထားသည်ကို မြင်နိုင်သည်ဖြစ်ရာ၊ တိုက်ခိုက်မှုကို စနစ်တကျ သဘောသဘာဝဖြင့် ကျူးလွန်ခြင်းဖြစ်ပါသည်။

၂၅။ နောက်ထပ်ရက်အနည်းငယ်အကြာ၊ ၂၀၂၁ခုနှစ် ဧပြီ ၉ ရက်က ပဲခူးနှင့်အခြားဒေသများတွင် ဆန္ဒပြသူများအား အကြမ်းဖက်စစ်အုပ်စုက အစုလိုက်အပြုံလိုက် ပစ်ခတ်မှုများ ထပ်မံဖြစ်ပွားခဲ့ပါသည်။ မိုးရွှေ (အမည်လွှဲ) သည် ၂၀၂၁ ခုနှစ်ဧပြီ ၉ ရက်က အကြမ်းဖက်စစ်အုပ်စု၏ လက်အောက်ခံတပ်ဖွဲ့ဝင်များက ပစ်ခတ်မှုများနှင့် လူနေ အိမ်များကို ပိုက်စိပ်တိုက်ရှာဖွေခြင်း၊ အရပ်သားပြည်သူများအား ပစ်ခတ်ခြင်းများကို ကိုယ်တွေ့ကြုံခဲ့ရပါသည်။ အဆိုပါလုပ်ရပ်များသည် စစ်တပ်မှဘက်ပြောင်းခိုလှုံလာသူတစ်ဦး၏ ထွက်ဆိုချက်များနှင့် ကိုက်ညီနေပြီး၊ အကြမ်းဖက်စစ်အုပ်စု၏ တပ်ဖွဲ့ဝင်များအား ညစဉ် "ကျည် ၂ ကတ်၊ တိုက်ခိုက်ရေးရိုင်ဖယ်များ၊ သက်ဆိုင်ရာနယ်မြေ၏ အသေးစိတ် မြေပုံ

[13] International Criminal Court (2012), *Prosecutor vs Muthaura* (Decision on the Confirmation of Charges pursuant to Article 61(7)(a) and (b) of the Rome Statute), Pre-Trial Chamber II, Case No ICC-01/09-02/11, 71

[14] International Criminal Court (2010), *Prosecutor vs William Samoei Ruto, Henry Kiprono Kosgey and Joshua Arap Sang* (Judgment), Pre-Trial Chamber II, Case No ICC-01/09, [94], n. 58

[15] Statement on military-controlled state media Myanmar Radio and Television (MRTV) on May 27, 2021.

ညွန်းမှုများနှင့် သတင်းပေးများထံမှ ရရှိသော ဆန္ဒပြခေါင်းဆောင်များ၏ အမည်များ”[16] ကိုပေး၍ တာဝန်ပေးစေခိုင်းသည်ဟု ၎င်းက ပြောပါသည်။ “အိမ်ကိုဝင်ဖမ်းလို့ ကိုယ်လိုချင်တဲ့လူထွက်ပြေးရင် ပစ်ဖို့အမိန့်ပေးထားတယ်၊[17] ပြတင်းပေါက်ကနေထွက်ကြည့်တာတို့၊ ညဖက်အပြင်ထွက်တဲ့လူတို့၊ တပ်ဖွဲ့ဝင်တွေကိုပြန်ခံပြောတဲ့လူတွေဆို ရိုက်နှက်ခံကြရတယ်”[18] ဟု၎င်းကဆက်ပြောပါသည်။ တိုက်ခိုက်မှု တစ်ခုချင်းစီသည် ကြိုတင်ပြင်ဆင်ထားသည့် သဘောသဘာဝရှိပြီး၊ အရပ်သားပြည်သူများအားပစ်မှတ်ထားခြင်း၊ ဆန္ဒပြခေါင်းဆောင်များအားရှာဖွေဖမ်းဆီးခြင်း၊ မြေပုံများ၊ လက်နက်များဖြင့် လူနေရပ်ကွက်များအတွင်းဝင်ရောက်စီးနင်းခြင်းနှင့် ၎င်းတို့နှင့် ကြုံတွေ့ရသည့် အရပ်သားပြည်သူတစ်ဦးချင်းအပေါ် အလွန်အမင်းဖိနှိပ်ရက်စက်ခြင်းတို့သည် အခြေအနေအသီးသီးတွင် အကြမ်းဖက်စစ်အုပ်စု၏ တပ်ဖွဲ့ဝင်များကထုတ်ဖော်ပြသနေသော အမူအကျင့်ပုံစံများဖြစ်ကြောင်း ဤအချက်အလက်များအားလုံးက ညွှန်ပြနေပါသည်။ ကင်ညာသမ္မတ နိုင်ငံအခြေအနေဆိုင်ရာ တရားခွင်မတိုင်မီ ကြိုတင်ကြားနာမှုများအရ၊ “နိုင်ငံရေးအရဆန့်ကျင်သူများဟု ယူဆသူအရပ်သားပြည်သူ အများစုနေထိုင်သည့် နယ်မြေဒေသကို အသေးစိတ်ဖော်ပြသည့် မြေပုံများရေးဆွဲခြင်း၊ ဆန္ဒပြခေါင်းဆောင်များ ပိုင်ဆိုင်သည့်နေအိမ်များကို ရှာဖွေဖော်ထုတ်ခြင်းတို့အပြင်၊ ထိုပစ်မှတ်ထားသည့်နေရာများသို့ ကျူးလွန်သူများအား သယ်ယူပို့ဆောင်ပေးခြင်း” စသည့် အချက်အလက်များအားလုံးက တိုက်ခိုက်မှုများ၏ စနစ်တကျဖြစ်သော သဘောသဘာဝကို သက်သေပြရာတွင် အကျုံးဝင်ပါသည်။[19] Muthaura တရားခွင်မတိုင်မီ ကြိုတင်ကြားနာမှုတွင် တွေ့ရှိခဲ့သော တိုက်ခိုက်မှုများမပြုလုပ်မီ ပစ်မှတ်များအား တိတိကျကျကြိုတင်သတ်မှတ် ဖော်ထုတ်ခြင်းက ထိုတိုက်ခိုက်မှုသည် ကြိုတင်ပြင်ဆင်၍ စနစ်တကျဖြစ်သည်[20] ကို သက်သေပြရာတွင် အရေးကြီးပါသည်။

၂၆။ အကြမ်းဖက်စစ်အုပ်စု၏ လုပ်ရပ်များတွင် စနစ်တကျသဘောသဘာဝရှိသည့် နောက်ထပ်သာဓကတစ်ခုမှာ သေဆုံးသူများ၏ ရုပ်အလောင်းများကို မိသားစုများထံလွှဲမပေးဘဲ သိမ်းယူသွားခြင်းဖြစ်ပြီး၊ အဖြစ်နိုင်ဆုံးမှာ သေဆုံးသူအား ၎င်းတို့၏ ညှဉ်းပန်းနှိပ်စက်မှုနှင့် လူသတ်မှုသက်သေအထောက်အထားကို ဖျောက်ဖျက်ရန်ဖြစ်ပါသည်။ သေဆုံးသူများ၏ ရုပ်အလောင်းများကို မိသားစုဝင်များကြည့်ခွင့်ရသည့်အခါ အများအပြားတွင် ရိုက်နှက်ထားသည့် ဒဏ်ရာများနှင့် ဦးခေါင်း၊ သို့မဟုတ် နောက်ကျောတွင် ကျည်ဖောက်ဝင်ဒဏ်ရာများကို တွေ့ရပါသည်။ အေအေပီပီက မေးမြန်းခဲ့သူများအနက် အနည်းဆုံးသက်သေ ၇ ဦး၏ ပြောကြားချက်အရ အကြမ်းဖက်စစ်တပ်က သတ်ဖြတ်ထားသူများ၏ ရုပ်အလောင်းများကိုရယူရန် ဆေးရုံများတွင် စနစ်တကျကျူးလွန်တိုက်ခိုက်မှုများ ရှိပါသည်။ သေဆုံးသူ အေးစန်း (အမည်လွှဲ) ၏ မိသားစုက မတ်လ ၃ ရက်ညပိုင်းတွင် အေးစန်း(အမည်လွှဲ)၏ ရုပ်အလောင်းထားသည့်ဆေးရုံကို အကြမ်းဖက်စစ်အုပ်စုက ဝင် ရောက်စီးနင်းပြီး ရုပ်အလောင်းများကို ရှာဖွေကြသည်ဟု ပြောပါသည်။ သေဆုံးသူ မွန်ခမ်း(အမည်လွှဲ)၏ မိသားစုက အကြမ်းဖက်စစ်တပ်၏ ခွင့်ပြုချက်လက်မှတ်မပါလျှင် အလောင်းကို သင်္ဂြိုလ်ခွင့်မရကြောင်းပြောပါသည်။ သေဆုံးသူများ၏ ရုပ်အလောင်းများကို ၎င်းတို့က သိမ်းဆည်းသွားခြင်းသည် ဆွေးမျိုးသားခြင်းများက တရားရုံးတွင်အမှုစွဲမတင်နိုင်စေရန်ဖြစ်မည်ဟု သူမကယူဆပါသည်။ ရုပ်အလောင်းကိုမြင်တွေ့သူများက ဗွီဒီယို၊ ဓါတ်ပုံ ရိုက်ပြီး လူမှုမီဒီယာတွင် ဖော်ပြခဲ့လျှင်ပင်၊ ယင်းတို့ကို အကြမ်းဖက်စစ်အုပ်စုက ဖြုတ်ချပစ်သည်၊ ပိတ်ပစ်သည်ဟု ချစ် (အမည်လွှဲ) ကပြောပါသည်။

၂၇။ ဆက်သွယ်မေးမြန်းမှုတွင် ပါဝင်ဖြေဆိုကြသူ အများအပြားက အရပ်သားပြည်သူများအား ပြစ်ချက်စွဲတင်ရန်၊ ပြစ်ဒဏ်ချရန်၊ ညှဉ်းပန်းနှိပ်စက်ရန်နှင့် သတ်ဖြတ်ရန် အကြမ်းဖက်စစ်အုပ်စုက သက်သေအထောက်အထားများကို စနစ်တကျ လုပ်ကြံဖန်တီးလေ့ရှိကြောင်း အလေးထား ပြောဆိုကြပါသည်။ အာကာလတ် (အမည်လွှဲ) အားအကြမ်းဖက်သမား ဟု စွပ်စွဲကာ သတ်ဖြတ်ခဲ့ပါသည်။ ကျော်ဝဏ္ဏ (အမည်လွှဲ) အားလည်း ဖောက်ခွဲရေးပစ္စည်းများနှင့် ဆက်စပ်ကာ အကြမ်းဖက်သမားဟု စွပ်စွဲခဲ့ပါသည်။ အခြားသူများအားလည်း ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် ဖမ်းဆီးနိုင်ရန် အမှုဆင်ခဲ့သည့် အထောက်အထားများရှိပါသည်။ သတင်းထောက် ရာဂိုလင်း(အမည်လွှဲ) အားလည်း သတင်းမှားများ ဖြန့်ချိသည်ဟု အမှုဆင်စွပ်စွဲခဲ့ပါသည်။

---

16 Regan, H. et al. (2021), “Myanmar protesters describe torture they suffered in detention at the hands of the military”, *CNN* (online), Available at: edition.cnn.com/2021/04/27/asia/myanmar-coup-detainees-torture-intl-hnk/index.html

17 *Ibid*.

18 *Ibid.*

19 International Criminal Court (2010), *Prosecutor vs William Samoei Ruto, Henry Kiprono Kosgey and Joshua Arap Sang* (Judgment), Pre-Trial Chamber II, Case No ICC-01/09, p. 60

20 International Criminal Court (2012), *Prosecutor vs Muthaura* (Decision on the Confirmation of Charges pursuant to Article 61(7)(a) and (b) of the Rome Statute), Pre-Trial Chamber II, Case No ICC-01/09-02/11, p. 71

၂၈။ ဤအကြောင်းခြင်းရာများအားလုံးအရ မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်အုပ်စု၏ တိုက်ခိုက်မှုများသည် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျဖြစ်သည့် သဘောသဘာဝရှိကြောင်း ဤအစီရင်ခံစာတွင် ထောက်ပြထားပါသည်။

**‘အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသော’**

၂၉။ ရောမစာချုပ်၏ ပုဒ်မ ၂ (က) အရ “အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသော တိုက်ခိုက်မှုဆိုသည်မှာ စာပုဒ် ၁ တွင်ညွှန်းဆိုထားသော ထိုသို့သော တိုက်ခိုက်မှုကိုကျူးလွန်ရန် နိုင်ငံ (ဝါ) အဖွဲ့အစည်းတစ်ခုက ချမှတ်ထားသော မူဝါဒကိုလိုက်နာကျင့်သုံးခြင်း (ဝါ) အားဖြည့်ကူညီခြင်းဖြင့် မည်သည့် အရပ်သားပြည်သူကိုမဆို ကျူးလွန်သည့် လုပ်ရပ်ပုံစံအမျိုးမျိုးပါဝင်သော လုပ်ဆောင်ချက်”[21] ဖြစ်ပါသည်။ ပြည်သူဆိုသည်ကို အရပ်သားပြည်သူအများစုဖြင့် စုဖွဲ့မှုဖြစ်နေသ၍ “အရပ်သားပြည်သူလူထု” ဟု သတ်မှတ်ပြီး၊ လက်နက်ကိုင်တပ်ဖွဲ့ တစ်ခုခု၏ အဖွဲ့ဝင်မဟုတ်သော၊ သို့မဟုတ် မဟုတ်တော့သော မည်သူမဆိုသည် အရပ်သားပြည်သူဖြစ်ပါသည်။[22] ဆန္ဒပြမှုများတွင် ပါဝင်ခြင်းအားဖြင့် အကြမ်းဖက်စစ်အုပ်စုကို ဆန့်ကျင်သည့် နိုင်ငံရေးယုံကြည်ချက်ရှိသည်ဟု ယူဆကာ ပစ်မှတ်ထားတိုက်ခိုက်ခံရသူများရှိနေသည့် မြန်မာနိုင်ငံနှင့် ဤအချက်က အထူးသက်ဆိုင်ပါသည်။ အေအေပီပီက မေးမြန်းခဲ့သည့် ကျူးလွန်ခံရသူအားလုံးသည် စစ်သား၊ ရဲနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်ခံရချိန်တွင် လက်နက်ကိုင်ဆောင်ထားခြင်းမရှိပါ။ အများစုသည် အရပ်သားပြည်သူများဖြစ်ပြီး ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီမှ မေလအတွင်း ဆန္ဒပြပွဲများတွင်သွားရောက်ပါဝင်ကြသူများဖြစ်ပါသည်။ “ပြည်သူလူထုမှာ ဘာလက်နက်မှ မပါဘူး” ဟု ချစ်(အမည်လွှဲ) က အေအေပီပီ ကိုပြောပြပါသည်။ သို့ဖြစ်ရာ ဤသည်မှာ ရာဇဝတ်မှု၏ အခြင်းအရာနှင့် ပြည့်စုံသည်ဟု ဆိုနိုင်ပါသည်။

**‘တိုက်ခိုက်မှုဆိုသည်ကို သိလျှက်နှင့်’**

၃၀။ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများအတွက် စိတ်ပိုင်းဆိုင်ရာအခြင်းအရာမှာ “ထိုလုပ်ရပ်သည် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျဖြစ်၍ အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသောလုပ်ရပ် (ဝါ) ထိုသို့ဖြစ်စေရန် ရည်စူးသော လုပ်ရပ်ဖြစ်သည်ကို ကျူးလွန်သူက သိရှိထားခြင်း”[23] ဖြစ်ပါသည်။ ရောမစာချုပ်၏ ပုဒ်မ ၃၀(၁) တွင် “သိရှိခြင်း” ဆိုသည်မှာ “အခြေအနေတစ်ရပ်တွင် (ဝါ) ပုံမှန်အနေအထားတွင် အကျိုးဆက်သက်ရောက်မှု ဖြစ်စေမည်ကို သိရှိခြင်း”[24] ဟု အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ Gbagbo အမှုဖြစ်စဉ်အရ၊ လုပ်ရပ်တစ်ခုချင်းစီအတွက် “ကျူးလွန်သူ၏ သိရှိမှုကို တည်ဆောက်ရာတွင် (၁) အရပ်သားပြည်သူအပေါ်တိုက်ခိုက်ခြင်းနှင့် (၂) ကျူးလွန်သူ၏ လုပ်ရပ်သည် အဆိုပါတိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ခြင်း”[25] တို့ လိုအပ်ပါမည်။ Omar Al-Bashir အမှုဖြစ်စဉ်တွင် “အဆိုပါ သိရှိခြင်းကို ကျူးလွန်သူအနေဖြင့် တိုက်ခိုက်မှု၏ ဝိသေသလက္ခဏာအားလုံး (ဝါ) နိုင်ငံ၊ သို့မဟုတ် အဖွဲ့အစည်း၏ အစီအစဉ်၊ သို့မဟုတ် မူဝါဒဆိုင်ရာ အသေးစိတ်အချက်အလက်များကို တိတိကျကျသိရှိခြင်းတို့အတွက် လိုအပ်သည့် သက်သေပြချက်အဖြစ် အဓိပ္ပါယ်ဖွင့်ဆိုရန် မသင့်ကြောင်း”[26] ဆုံးဖြတ်ခဲ့ပါသည်။ လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုတစ်ခုစီကို တည်ဆောက်နိုင်ရန် သိရှိခြင်းဆိုင်ရာ အဆိုပါ စံနှုန်း သတ်မှတ်ချက်ကို ထူထောင်ရမည် ဖြစ်ပါသည်။

၃၁။ ဆက်သွယ်မေးမြန်းမှုများအပါအဝင် အေအေပီပီက စုဆောင်းရရှိသည့် အထောက်အထားများမှတစ်ဆင့် ဤအချက်ကို ရရှိပါသည်။ Katanga အမှု ဖြစ်စဉ်တွင် စစ်တပ်၏ အင်္ဂါစဉ်အရ ရှိသော ကျူးလွန်သူ၏ ရာထူးအဆင့်အပါအဝင် အသေးစိတ်အထောက်အထားများနှင့် ပြစ်မှုကျူးလွန် သည့်နေရာတွင် ၎င်းတို့ရှိနေခြင်းက သိရှိခြင်းဆိုသည့် အခြင်းအရာကို သက်သေပြရန်ဆက်စပ်နေသည်ကို တွေ့ရပါသည်။[27] အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုများတွင် တိုက်ခိုက်မှုဖြစ်ပွားသည့် နေရာအသီးသီး၌ တပ်မ ၇၇ မှ တပ်ဖွဲ့ဝင်များရှိနေပြီး ဖမ်းဆီးရမိသူများအား အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ရန် ဘတ်စ်ကားများလည်းရှိနေပါသည်။ ထိုနည်းတူပင် ကျူးလွန်မှုများတွင် ၎င်းတို့၏ ပါဝင်

---

[21] Rome Statute, art 2(a).

[22] CC Trial Chamber III (March 21,2016), *Situation in the Central African Republic, in the case of the prosecutor v. Jean-Pierre Bemba Gombo* [ICC-01/05-01/08], Available at: https://www.icccpi.int/sites/

[23] Rome Statute, cited above

[24] Rome Statute, cited above, art 30(1).

[25] International Criminal Court (2014), *Prosecutor vs Gbagbo* (Decision on the Confirmation of Charges against Laurent Gbagbo), Pre -Trial Chamber II, Case No ICC-02/11-01/11, p. 114.

[26] International Criminal Court (2009), *Prosecutor vs Omar Hassan Ahmad Al Bashir* (Decision on the Prosecution's Application for a Warrant of Arrest against Omar Hassan Ahmad Al Bashir), Pre-Trial Chamber I, Case No ICC-02/05-01/09, p. 88

[27] International Criminal Court (2014), *Prosecutor vs Katanga*, cited above, p. 402

မှုကို ဖော်ပြသည့်မှတ်တမ်း အများအပြား အွန်လိုင်းပေါ်တွင်တွေ့ရပါသည်။[28] သို့ဖြစ်ရာ Katanga ဖြစ်ရပ်မှ သင်ခန်းစာကို အခြေခံ၍ တိုက်ခိုက်မှုများတွင် အကြမ်းဖက် စစ်အုပ်စုတပ်ဖွဲ့များရှိနေခြင်းသည် အရပ်သားပြည်သူများအားတိုက်ခိုက်မည်၊ ယင်းတွင်၎င်းတို့ပါဝင်မည်၊ ထို့အပြင် အဆိုပါတိုက်ခိုက်ခိုက်မှုများနှင့် အကျုံးဝင်သော လုပ်ဆောင်ချက်များအား ၎င်းတို့ကကြိုးကြပ်ကွပ်ကဲရမည်ဆိုသည်ကို သိရှိပြီးဖြစ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။

၃၂။ အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုများအပြင် အခြားရရှိသော အထောက်အထားများအရလည်း သိရှိခြင်းဆိုသည့် အခြင်းအရာကို ပေါ်လွင်စေပါသည်။ ဥပမာ - အကြမ်းဖက်စစ်အုပ်စု၏ တပ်ဖွဲ့များ၊ လုံခြုံရေးတပ်ဖွဲ့များမှ ဘက်ပြောင်းခိုလှုံလာသူများထံမှ ရရှိသော အသေးစိတ် အထောက်အထားများက ၎င်းတို့ကျူးလွန်သည့် လုပ်ရပ်များသည် အရပ်သားပြည်သူများအပေါ် ပိုမိုကျယ်ပြန့်သည့် တိုက်ခိုက်မှုများ၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်ကို ၎င်းတို့သိရှိကြောင်း ညွှန်ပြနေပါသည်။ တပ်ဖွဲ့ဝင်ဟောင်းတစ်ဦးက "သူတို့သတ်ချင်ရင် ဘယ်သူ့ကိုမဆို သတ်မှာပဲ၊ ကျွန်တော်သိတယ်"[29] ဟု ပြောပြပါသည်။ အဆိုပါ ပြောကြားချက်များအရ အရပ်သားပြည်သူများနှင့် လက်နက်မဲ့သူများအပေါ် ကျယ်ပြန့်သည့် စနစ်တကျတိုက်ခိုက်မှုမြောက်စေသော လုပ်ရပ်များကို အကြမ်းဖက်စစ်အုပ်စုကလုပ်ဆောင်နေသည်မှာ ထင်ရှားပါသည်။

၃၃။ ထို့အပြင် လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ (HRW)၊ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် (ဝ) ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီး စသည့် နိုင်ငံတကာအဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များအနေဖြင့် အဆိုပါတိုက်ခိုက်မှုများ၏ ကျယ်ပြန့်၍ စနစ်တကျ သဘောသဘာဝ ဆိုင်ရာ အထောက်အထားများကို ရရှိထားပြီး ဖြစ်ပါသည်။[30] အဆိုပါအထောက်အထားများကို ကမ္ဘာတစ်ဝန်း ထုတ်ဝေဖြန့်ချိသည့် အစီရင်ခံစာနှင့် ဆောင်းပါးများတွင် ထည့်သွင်းဖော်ပြသည်ဖြစ်ရာ၊ ယင်းတို့ကို လုပ်ဆောင်နေသည့် အကြမ်းဖက်စစ်အုပ်စုထံသို့လည်း ရောက်ရှိပါလိမ့်မည်။ ဖော်ပြပါအကြောင်းတရားများကို ကြည့်ခြင်းအားဖြင့် ရာဇဝတ်မှု တစ်ခုချင်းစီအတွက် သိရှိခြင်းဆိုသည့် အခြင်းအရာကို ဖော်လွင်စေသည့် အထောက်အထားများရှိနေပါ သည်။ Al-Bashir အမှုဖြစ်စဉ်တွင် ကုလသမဂ္ဂအစီရင်ခံစာများ၊ အမျိုးမျိုးသော လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များ၊ ကုလသမဂ္ဂ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာများ၌ ဒါဖူးမြို့တွင် အရပ်သားပြည်သူများအား ဆူဒန်အစိုးရတပ်ဖွဲ့များက ကျယ်ပြန့်၍ စနစ်တကျဖြစ်သော အထက်ဖော်ပြပါတိုက်ခိုက်မှုရှိကြောင်း ရည်ညွှန်းဖော်ပြခဲ့ပြီး၊ ထိုတိုက်ခိုက်မှုဖြစ်ပွားစဉ် ကာလအတွင်း ထုတ်ပြန်ခဲ့ရာ ကျယ်ကျယ်ပြန့်ပြန့် လူသိထင်ရှားဖြစ်ခဲ့ပါသည်။[31]

၃၄။ နောက်ဆုံးအနေဖြင့် "ဆန္ဒပြမှုများတွင်ပါဝင်လျှင် သေချာပေါက် ပစ်ခတ်သတ်ဖြတ်ခံရမည်" ဟု အရပ်သားပြည်သူများအား " ခြိမ်းခြောက်သည့်" အထက်တွင်ဖော်ပြခဲ့သော ပြောကြားချက်များ ( ဥပမာ- ဖေဖော်ဝါရီ ၂၁၊ သူတို့တွေ အသက်ဆုံးရှုံးရလိမ့်မယ်)[32] က ဆန္ဒပြပွဲများအားရပ်တန့်ရန် ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များ ကျူးလွန်သည်ကို ရှင်းရှင်းလင်းလင်းသိရှိကြောင်း ဖော်ပြနေပါသည်။

၃၅။ Bemba အမှုဖြစ်စဉ်တွင်[33]် တိုက်ခိုက်မှုဆိုသည်ကို သိလျှက်နှင့် ကျူးလွန်ခြင်းဖြစ်ကြောင့် သတ်မှတ်နိုင်ရန် အဆိုပါ အခြင်းအရာများက လုံလောက်သည်ဟု ICC က ဆုံးဖြတ်ခဲ့ပါသည်။ အမှန်တကယ်တွင် ရုံးချိန်းအမှတ်စဉ် ၆၉၁ တွင် ရာဇဝတ်မှုများသည် ကျယ်ပြန့်သော ပထဝီဒေသအတိုင်းအတာဖြင့် ဖြစ်ပွားခဲ့လျှင်၊ ပို၍ကျယ်ပြန့်သော စစ်ဆင်ရေးနည်းလမ်း၏ တစ်စိတ်တစ်ပိုင်းဖြစ်လျှင်၊ ထို့အပြင် ပြည်တွင်း

---

28 Videos and photographs on file with author, num. #1 – 7. See also: www.youtube.com/watch?v=P5Y8AuIeAZw ; www.youtube.com/watch?v=LygNkC7T0tQ

29 Regan, H. et al. (2021), "Myanmar protesters describe torture they suffered in detention at the hands of the military", *CNN* (online), Available at: edition.cnn.com/2021/04/27/asia/myanmar-coup-detainees-torture-intl-hnk/index.html

30 OHCHR (2022), "Situation of human rights in Myanmar since 1 February 2021 – 15 March", *United Nations* (online); Andrews, T. H. (2021), "Report of the Special Rapporteur on the situation of human rights in Myanmar – 2 September", United Nations (online); Human Rights Watch (2021), "Myanmar: Coup Leads to Crimes Against Humanity", *Human Rights Watch* (online), Available at: www.ecoi.net/en/document/2056889.html

31 International Criminal Court (2009), *Prosecutor vs Omar Hassan Ahmad Al Bashir* (Decision on the Prosecution's Application for a Warrant of Arrest against Omar Hassan Ahmad Al Bashir), Pre-Trial Chamber I, Case No ICC-02/05-01/09, pp. 88-89

32 *State Administrative Council (2021), "*Public Announcement of 21st of February 2021"*, The Global New Light of Myanmar [military junta outlet](online), Available at:* www.gnlm.com.mm/public-announcement-21-2-2021/

33 ICC Trial Chamber III (March 21,2016), *Situation in the Central African Republic, in the case of the prosecutor v. Jean-Pierre Bemba Gombo* [ICC-01/05-01/08], Available at: https://www.icccpi.int/sites/

နှင့် နိုင်ငံတကာမီဒီယာများ၏ အာရုံစိုက်မှုကိုရရှိလျှင်၊ ကြားနာမှုအဖွဲ့အနေဖြင့် ကျိုးကြောင်းဆီလျော်မှု သံသယကိုကျော်လွန်၍ ကျူးလွန်သူများသည် တိုက်ခိုက်မှုကို သိလျှက်နှင့်ကျူးလွန်ကြောင်း၊ ၎င်းတို့၏ လုပ်ရပ်(ဝါ) ထိုလုပ်ရပ်ကိုဖြစ်စေရန် ရည်ရွယ်သည်၊ အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသည့် ကျယ်ပြန့်သောတိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်ကို သိရှိကြောင်း ခိုင်လုံစွာ တွေ့ရှိသည်ဟု ခုံရုံးက ကြေညာခဲ့ပါသည်။ ဤအစီရင်ခံစာ တစ်ခုလုံးတွင် အဆိုပါစံသတ်မှတ်ချက်များနှင့် ကိုက်ညီပြည့်စုံကြောင်း ဆက်လက်ထုတ်နှုတ်ဖော်ပြပါမည်။ သို့ရာတွင် ကျူးလွန်သူများ၏ နောက်ခံနှင့် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ ကြီးမားကျယ်ပြန့်သည့် ပုံစံများကို လျစ်လျူရှုထားရန် မဖြစ်နိုင်ရာ၊ ကျူးလွန်သော ရာဇဝတ်မှုများ၏ ပြင်းထန်မှုနှင့် အကြိမ်အရေအတွက်တို့ကို ကြည့်ရုံမျှဖြင့် သိလျှက်နှင့် ကျူးလွန်သည်ဆိုသည့် အခြင်းအရာကို တည်ဆောက်ရန် ခိုင်လုံသည်ကို တွေ့ရှိရပါသည်။

၃၆။ ပုဒ်မ ၇(၁) တွင် ပါရှိသော လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်များတွင်အကျုံးဝင်သည့် ပြစ်မှု ၁၁ ခုအနက် ၉ ခုဖြစ်သော လူသတ်မှု၊ အစုလိုက်အပြုံလိုက် သုတ်သင် သတ်ဖြတ်မှု၊ နိုင်ငံအတွင်းမှ နှင်ထုတ်မှု၊ ဖမ်းဆီးအကျဉ်းချမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အတင်းအဓမ္မ ပျောက်ဆုံးစေမှု၊ အကြမ်းဖက် ဖိနှိပ်ရက်စက်မှုနှင့် အလားတူ အခြားလူမဆန်သည့် ဖိနှိပ်ရက်စက်မှုများကို အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်လျှက်ရှိပြီး မြန်မာနိုင်ငံတွင် ထိုရာဇတ်မှုများအမှန်တကယ်ရှိနေကြောင်း ငြင်းဆိုမရနိုင်သည့် အထောက်အထားများကို ဤအစီရင်ခံစာတွင် ဖော်ပြထားပါသည်။ ယခုမှစ၍ အဆိုပါရာဇဝတ်မှုတစ်ခုစီကို ရှင်းလင်းဖော်ပြပြီး ယင်းတို့နှင့်စပ်လျဉ်းသည့် အထောက်အထားများကို တင်ပြထားပါသည်။

**လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများတွင် အကျုံးဝင်သော ပြစ်မှုများ**

**ပုဒ်မ ၇ (၁) (က) လူသတ်မှု**

၃၇။ ရာဇဝတ်မှုဆိုင်ရာ အခြင်းအရာများအရ၊ လူသတ်မှုဆိုင်ရာ အခြင်းအရာများသည် -

- (က) ကျူးလွန်သူက ကျူးလွန်ခံရသူအား သတ်ဖြတ်ခြင်း (ဝါ) သေဆုံးစေခြင်း[34]
- (ခ) တင်ကူးကြံရည်ရွယ်ချက်နှင့် သိလျှက်နှင့်[35]

၃၈။ ထို့အပြင် ဤလုပ်ရပ်သည် ကျယ်ပြန့်၍ စနစ်တကျဖြစ်ပြီး အရပ်သားပြည်သူကို ရည်ရွယ်ပစ်မှတ်ထားသော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ရမည့်အပြင်၊ ဤလုပ်ရပ်သည် ထိုကဲ့သို့ ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ကို ကျူးလွန်သူက သိလျှက်နှင့် လုပ်ဆောင်ခြင်းဖြစ်ရမည်။

၃၉။ ပထမအချက်အနေဖြင့် "စွပ်စွဲခံရသူက ကျူးလွန်ခံရသူအားသတ်ဖြတ်သည်(ဝါ) သေဆုံးစေသည်" ဆိုရာတွင် သေဆုံးမှုနှင့် ကျူးလွန်သူ၏ လုပ်ရပ်တို့အကြား ကြောင်းကျိုးဆက်စပ်မှုကို တည်ဆောက်ရမည်ဖြစ်သည်။ အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုများမှ ရရှိသော အထောက် အထားများအရ လူသတ်မှုဖြစ်စဉ်တစ်ခုချင်းစီတွင် အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့ဝင်များက သေဆုံးသူများရှိနေသည့် နေရာကို တိုက်ခိုက် ကြကြောင်းနှင့် ရုပ်အလောင်းများကို မြင်တွေ့ရသည်။ ဒဏ်ရာရရှိသည့်နေရာများကို ပြောနိုင်ကြောင်း မိသားစုဝင်များက ထွက်ဆိုခဲ့ကြပါ သည်။ အေးစန်း(အမည်လွှဲ)သည် ၂၀၂၁ ခုနှစ် မတ်လ ၃ ရက်က မြောက်ဥက္ကလာပတွင် လေယာဉ်ပေါ်မှ မျက်ရည်ယိုဗုံးများ ကြဲချပြီးသည့်အချိန် အကြမ်းဖက် စစ်အုပ်စုတပ်ဖွဲ့များ၏ ပစ်ခတ်သတ်ဖြတ်မှုကို ခံခဲ့ရပါသည်။ " တစ်ရပ်ကွက်လုံး အိမ်ထဲမှာ ဘယ်လိုမှ ဆက်နေလို့မရလို့ လမ်းပေါ်ကို ထွက်ကြရတယ်" ဟု သူ၏ ဆွေမျိုးတစ်ဦးက ရှင်းပြပါသည်။ အေးစန်း (အမည်လွှဲ) သည် ဘတ်စ်ကားမှတ်တိုင်အနီးတွင် အခြားဒဏ်ရာရသူများကို ကြိုးစားကယ်ဆယ်နေချိန်တွင် သေနတ်မှန်သွားသည်ကို ၎င်း၏ သူငယ်ချင်းများက မြင်တွေ့ခဲ့ပါသည်။ ၎င်းသေနတ်မှန်သွား ကြောင်း မိသားစုကသိရှိပြီးနောက် အေးစန်း(အမည်လွှဲ) ၏အလောင်းကိုဆေးရုံတွင်သွားကြည့်ခဲ့ပါသည်။ ရင်ဘတ်တွင် သေနတ်မှန်ခြင်းဖြစ်ပြီး၊ ကျည်ဆန်က နှလုံးထဲတွင်စိုက်နေပါသည်။ ဆေးရုံကြီးတွင် ရင်ဘတ်ကို ကျည်ထိမှန်သေဆုံးသည့် အခြား ရုပ်အလောင်း ၃ လောင်းရှိနေပါသည်။ သေဆုံးသူများ၏ ရုပ်အလောင်းများကို  လာရောက်ယူဆောင်သည့် အကြမ်းဖက်စစ်အုပ်စု

[34] International Criminal Court (2011), *Elements of Crimes*, The Hague: International Criminal Court, p. 05
[35] Rome Statute, art 30(1).

တပ်ဖွဲ့ဝင်များအား တာဝန်ကျဆရာဝန်တစ်ဦးက ဦးခေါင်းကျည်ထိမှန်သော အရေအတွက်မသိရသည့် သေဆုံး၊ ဒဏ်ရာရသူများအား အထွေထွေ ဆေးရုံကြီးသို့သယ်သွားကြောင်း ရှင်းပြပါသည်။

၄၀။ မင်းသန်း(အမည်လွှဲ)၏ မိသားစုက ၂၀၂၁ ခုနှစ် ဧပြီ ၉ ရက် ပဲခူးမြို့ဆန္ဒပြမှုတွင် အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့များက ၎င်းအားမည်သို့ ပစ်ခတ်သတ်ဖြတ်ခဲ့သည်ကို ပြောပြပါသည်။ ထိုနေရာတွင် တပ်မ ၇၇ ရှိနေပါသည်။ “သူ့ကို ကျည်ထိသွားတော့ သူက ဟဲလ်မက်ဆောင်းထားတာ၊ ကျည်က ခေါင်းကိုတော့ ဖောက်မထွက်ဘူး၊ လည်ဂုတ်မှာ အပေါက်ကြီး ဖြစ်သွားတယ်” ဟု ဆွေမျိုးတစ်ဦးကရှင်းပြပါသည်။ အကြမ်းဖက်စစ်အုပ်စုက တစ်စုံတစ်ဦးထိမှန်သွားသည်ကိုသိရှိပြီး မင်းသန်း (အမည်လွှဲ)၏ ရုပ်အလောင်းကို ရှာဖွေခဲ့ကြသည်ဟု သူမက ဆက်ပြောပါသည်။ အလားတူပင် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၂၈ က မွန်ခမ်း (အမည်လွှဲ) သည်မန္တလေးမြို့ လမ်းမပေါ်တွင် ပစ်ခတ်သတ်ဖြတ်ခံခဲ့ရပါသည်။ “သူကလေ အမြဲရှေ့ဆုံးကနေသွားတာ (ဆန္ဒပြမှုများတွင်)၊ ဒါကြောင့် ပစ်ခံရတာထင်တယ်” ဟု ဆွေမျိုးဖြစ်သူကပြောပါသည်။ အောင်ပြည့် (အမည်လွှဲ) သည်လည်း ၂၀၂၁ခုနှစ် မတ်လ ၁၃ ရက်က မန္တလေးဆန္ဒပြမှုများအတွင်း အတားအဆီးများလုပ်ထားသည့် နေရာအနီးတွင် လက်မောင်း ၂ ဘက်လုံး ကျည်ထိမှန်ခဲ့ပြီး၊ မကြာမီပင် သေဆုံးသွားခဲ့ပါသည်။ ထိုနည်းတူတွင် အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့ဝင်များက ထိုက် (အမည်လွှဲ) အား နေအိမ်တွင်သွားရောက်ရှာဖွေရာမတွေ့ခဲ့ပါ ။ နောက်တစ်နေ့တွင် ရပ်ကွက် (မုံရွာမြို့နယ်) တွင် ရဲများက လူငယ်တစ်ဦးအားဖမ်းဆီး၍ လက်ထိပ်ခတ်ခေါ်ဆောင်သွားသည်ဟု သူ့မိသားစုကသတင်းကြားပြီးနောက်၊ နေ့လည် ၂ နာရီခန့်တွင် အလောင်းလာကြည့်ရန် ၎င်းတို့အားဆက်သွယ်အကြောင်းကြားခဲ့ပါသည်။ “ခေါင်းတစ်ခြမ်းက ပျော့စိနေတာ၊ တစ်ကိုယ်လုံး စီးကရက်မီးနဲ့ ထိုးထားတဲ့ ဒဏ်ရာတွေလည်းတွေ့တယ်။ နားထဲကလည်း သွေးတွေထွက်လို့ နားထင်မှာလဲ အညိုအမဲစွဲနေတယ်။ လက်ကိုကြိုးတုပ်ထားတဲ့ အရာတွေလည်းတွေ့တယ်” ဟု မျက်မြင်သက်သေက ပြောပါသည်။ တာဝန်ရှိသူ များက COVID- 19 ရောဂါဖြင့် သေဆုံးသည်ဟု ဆိုပါသည်။

၄၁။ ဒီမိုကရေစီရေးလှုပ်ရှားမှုကိုထောက်ခံသူများအား ဆန္ဒပြမှုများအတွင်း လမ်းပေါ်၌သာ ပစ်မှတ်ထားသည် မဟုတ်ပါ။ ဝင်းဇော် (အမည်လွှဲ) သည် ၂၀၂၁ခုနှစ် ဧပြီ ၉ ရက်က ပဲခူးမြို့တွင် သူ၏နေအိမ်ခြံဝင်းအတွင်းမှာပင် ၃ ချက်ပစ်ခတ်ခံခဲ့ရသည်။ အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့များက ၎င်းတို့၏ လမ်းအတွင်းဝင်ရောက်စီးနင်းပြီး စက်သေနတ်များဖြင့် မြင်မြင်သမျှလူနေအိမ်များအား ရမ်းသမ်းပစ်ခတ်ရာတွင် ၎င်းအား တစ်ကြိမ်ထိမှန်ခဲ့သည်။ “အဲဒီမှာ သူကပေါင်ကိုထိသွားပြီလို့ အော်ပြောတယ်၊ စစ်တပ်က ပိတ်ထားတဲ့ ခြံဝင်းတံခါးကို ဆောင့်ကန်ဖွင့်ပြီး ကျမ မောင်လေးကို ထပ်ပစ်တယ်၊ ဒုတိယတစ်ချက်၊ တတိယတစ်ချက် ထပ်ပစ်ခံရတော့ သေသွားတယ်” ဟု မျက်မြင်သက်သေကပြောပြပါသည်။ အလားတူပင် အသက် ၁၇ နှစ်အရွယ် စုစု(အမည်လွှဲ)သည် ကျေးရွာရှိ (မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ်) နေအိမ်တွင်ပင် ပစ်ခတ်ခံခဲ့ရပြီး တောင်ပေါ် ရှိစစ်သားများက ၎င်းတို့ထံ ရွာသားအချို့ ချဉ်းကပ်လာသည်ဟု စွပ်စွဲကာတားဆီးရန် ရမ်းသမ်းပစ်ခတ်ရာတွင် ထိမှန်ခဲ့ခြင်းဖြစ်သည်ဟု သူမ၏ ဆွေမျိုးတစ်ဦးက ပြောပြပါသည်။ ထိုနေ့ ၂၀၂၁ ခုနှစ်မတ်လ ၁၅ ရက် တစ်နေ့တည်းတွင်ပင် နေအိမ်အတွင်း ပုန်းအောင်းနေသည့် ကလေး ၈ ဦးခန့် ကျည်ထိမှန်ခဲ့ပါသည်။ “စစ်တပ်ကရွာထဲကို အချက် ၄၀၀ ကျော်လောက်ပစ်တာ၊ ကလေးတွေကို ဆေးရုံပို့တော့ ဆေးရုံကိုလည်း လာပြီးပစ်တယ်။” ဟု သူက ပြောပါသည်။ အရပ်သားပြည်သူ ၃ ဦး သေဆုံးခဲ့ပါသည်။ စုစု (အမည်လွှဲ) ၏ မိသားစုကို တပ်ရင်းမှ လျော်ကြေးပေးမည်ဟုပြောသော်လည်း မိသားစုကလက်မခံပါ။ ဤဖြစ်စဉ် ၂ ခုလုံးတွင် အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့ဝင်များသည် ဒဏ်ရာရသူများကို တစ်ချက်တည်းမကဘဲ၊ သေ၊မသေ သေချာအောင် ၂ ချက်ပစ်ခတ်ခဲ့ပါသည်။

၄၂။ စစ်ကိုင်းတိုင်း ကနီမြို့နယ်တွင် ၂၀၂၁ခုနှစ် ဇူလိုင် ၁ ရက်၌ အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်ခဲ့သော အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ၄ ခုအနက် တစ်ခုကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရသူများကလည်း ဤကြောင်းကျိုးဆက်စပ်မှုကိုသက်သေပြနိုင်သည့် အချက်အလက်များကို ပြောပြပါသည်။ ထိုနေ့တွင် တောထဲ၌ အလုပ်လုပ်နေကြသော အရပ်သားပြည်သူ ၄ ဦးဖြစ်သည့် စံမင်းနိုင် (၂၁ နှစ်)၊ ဝင်းရွှေ (ခ) ဦးသက်ရှည် (၅၆နှစ်)၊ ဇေယျာထွန်း (၂၃နှစ်) နှင့် ထွန်းရွှေ (၃၄နှစ်) တို့ကို အကြမ်းဖက်စစ်အုပ်စုကဖမ်းဆီးသွားပြီး၊ ၃ ရက်အကြာတွင် ၎င်းတို့အား သေဆုံးလျက်တွေ့ ရပါသည်။[36] “အလောင်းတွေအားလုံးက ခေါင်းမှာ ဒဏ်ရာတွေနဲ့၊ ခေါင်းခွံတွေလည်းကွဲနေတယ်” ဟု ဆက်သွယ်မေးမြန်းမှုတွင် ပါဝင်ဖြေကြားသူ သက်သေများက ထွက်ဆိုကြသည်ဖြစ်ရာ အကြမ်းဖက်စစ်အုပ်စုက ၎င်းတို့အား ဦးခေါင်းကိုပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြနေပါသည်။[37]

---

[36] AAPP (August 18, 2021), “Massacres in Kani Township, Yinmabin District, Sagaing Region”, Available at https://aappb.org/?p=17120
[37] *Ibid.*

၄၃။ ဖော်ပြခဲ့သည့် အထောက်အထားများအရ၊ လူသတ်မှု၏ ပထမအခြင်းအရာနှင့် ကိုက်ညီသည်ဟု ဆိုနိုင်ပါသည်။ ဒုတိယအချက် အနေဖြင့် စွပ်စွဲခံရသူသည် “ ကျူးလွန်ခံရသူများအား သတ်ဖြတ်ရန် တင်ကူးကြံရွယ်ချက်” ရှိခဲ့ပါလိမ့်မည်။ “ထိုလုပ်ရပ်တွင်ပါဝင်လျှင် (ဝါ) ထိုအကျိုးဆက်ကိုဖြစ်စေလျှင် (ဆိုလိုသည်မှာ- ကျူးလွန်ခံရသူများ သေဆုံးခြင်း) (ဝါ) ပုံမှန်အခြေအနေတွင် ထိုအကျိုးဆက်ဖြစ်လာမည်ကို သိရှိလျှင်”[38] ကျူးလွန်သူသည် လူသတ်မှုကို တင်ကူးကြံရွယ်သည်ဟု မှတ်ယူသည်။ အေးစန်း (အမည်လွှဲ)၊ မင်းသန်း (အမည်လွှဲ)၊ အောင်ပြည့် (အမည်လွှဲ) နှင့် မွန်ခမ်း (အမည်လွှဲ) တို့၏ သေဆုံးမှုဖြစ်စဉ်တွင် အကြမ်းဖက်စစ်အုပ်စု၏ လုပ်ရပ်သည် ဆန္ဒပြလူအုပ်အတွင်းသို့ ပစ်ခတ်ခြင်း ဖြစ်သည်၊ သို့ဖြစ်ရာ နေရာငယ်တစ်ခုအတွင်း များပြားသောလူအုပ်အတွင်းသို့ ချိန်ရွယ်ပစ်ခတ်ခြင်းသည် ပုံမှန်အခြေအနေတွင် အခြားရလဒ် ဖြစ်ပေါ်စရာအကြောင်း တစ်စုံတစ်ရာမရှိသည့်အတွက် အရပ်သားပြည်သူများကို အကြမ်းဖက်စစ်အုပ်စုက တင်ကူးကြံရွယ် ချက်ဖြင့် ပစ်ခတ်သတ်ဖြတ်ခြင်းကို သက်သေပြရန်မခက်ခဲပါ။ ဝင်းဇော် (အမည်လွှဲ) ၏ ဖြစ်စဉ်တွင်ကဲ့သို့ လူနေရပ်ကွက်များအတွင်း စက်သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းသည် ပုံမှန်အခြေအနေတွင်ပင် သေကြေပျက်စီးမှုရလဒ်ကိုသာ ရရှိစေမည်ဖြစ်ပါသည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့များက ၎င်း၏နေအိမ်ခြံဝင်းအတွင်းသို့ထပ်မံဝင်ရောက်ပြီး၊ ၎င်းအားနောက်ထပ် ၂ ကြိမ်ထပ်မံပစ်ခတ်ခဲ့သည်။ စုစု (အမည်လွှဲ) သေဆုံးမှုဖြစ်စဉ်တွင် ဒဏ်ရာရသူများအားပို့ဆောင်ပေးသည့် ဆေးရုံကို ဝင်ရောက်စီးနင်းပစ်ခတ်ခြင်းသည်လည်း လူသတ်မှုကို တင်ကူးကြံရွယ်ထားကြောင်းသက်သေဖြစ်ပါသည်။ ထိုနည်းတူပင် ၂၀၂၁ ဇူလိုင် ၁ ရက်နေ့က ကနီမြို့နယ်တွင် ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတွင် ဦးခေါင်းသေနတ်ဒဏ်ရာများကြောင့် ကျူးလွန်ခံရသူများ သေဆုံးခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ အရပ်သားပြည်သူများအား ဦးခေါင်းကိုချိန်ရွယ်ပစ်ခတ်ခြင်းဖြင့် အကြမ်းဖက်စစ်အုပ်စုသည် ၎င်းတို့အားသတ်ဖြတ်ရန် ရည်ရွယ်ခဲ့သည့်အပြင်၊ ပုံမှန်အခြေအနေတွင် အကျိုးဆက်ဖြစ်လာမည်ကို သိရှိပြီးဖြစ်ပါသည်။ သာမန်ပြည်သူတစ်ဦးအနေဖြင့် လူတစ်ဦးအား ဦးခေါင်းကို ချိန်ရွယ်ပစ်ခတ်ခြင်းသည် ထိုသူကိုသတ်ဖြတ်ရန်ဖြစ်ကြောင်း သိရမည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျူးလွန်သူများတွင် တင်ကူးကြံရွယ်ချက် မုချရှိပါသည်။

၄၄။ တတိယအချက်အနေဖြင့်၊ လူသတ်မှုသည် ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်၍ အရပ်သားပြည်သူလူထုအပေါ်ရည်ရွယ်ပစ်မှတ်ထားခဲ့လိမ့်မည်။ ယခင်က ဆွေးနွေးခဲ့သည့်အတိုင်း၊ အရပ်သားပြည်သူလူထုဆိုသည်မှာ ပြည်သူ အများစုပါဝင်ဖွဲ့စည်းထားသော စုဖွဲ့မှုဖြစ်ပါသည်။ အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုများအရ သေဆုံးသူများသည် အကြမ်းဖက်စစ်အုပ်စု၏ တိုက်ခိုက်ခံရချိန်တွင် လက်နက်ကိုင်ဆောင်မထားပါ။ ကျဆုံးသွားကြသူအများစုသည် စစ်အာဏာသိမ်းပြီး နောက်ပိုင်း အကြမ်းဖက်စစ်အုပ်စုကို နိုင်ငံရေးအရ ဆန့်ကျင်သူများဖြစ်ကြပါသည်။ အေးစန်း (အမည်လွှဲ)၊ မင်းသန်း (အမည်လွှဲ)၊ အောင်ပြည့် (အမည်လွှဲ) နှင့် မွန်ခမ်း (အမည်လွှဲ) တို့သည် စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုကို ဆန့်ကျင်သည့် ဆန္ဒပြမှုများတွင် ပါဝင်နေစဉ် ပစ်ခတ်သတ်ဖြတ်ခံကြရခြင်း ဖြစ်ပါသည်၊ ဝင်းဇော် (အမည်လွှဲ) နှင့် ထိုက် (အမည်လွှဲ) တို့သည် ပစ်ခတ်သတ်ဖြတ်ခံရချိန်၌ ဆန္ဒပြမှုများတွင် ပါဝင်နေခြင်း မဟုတ်သော်လည်း၊ စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် နိုင်ငံရေးခံယူချက်ရှိသည်ဟု အကြမ်းဖက်စစ်အုပ်စုက ယူဆသည့်အတွက် ၎င်းတို့ ၂ ဦးစလုံးကို ထင်ကြေးဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ပြီး၊ ၎င်း၏ဆွေမျိုးတော်စပ်သူတစ်ဦး၏ ပြောကြားချက်အရ ဝင်းဇော် (အမည်လွှဲ) သည် အဖြူရောင် တီရှပ်ကို ဝတ်ထားသည့်အတွက် ဆန္ဒပြသူများနှင့် အဆက်အစပ်ရှိသူဟု ယူဆ၍ ပစ်သတ်ခံရခြင်းဖြစ်ကြောင်းနှင့် ထိုက် (အမည်လွှဲ) ၏ ဆွေမျိုးတော်စပ်သူတစ်ဦးကလည်း သူမ၏ သားဖြစ်သူသည် နေရာအများအပြားတွင် အစားအသောက်နှင့် အခြေခံလိုအပ်သည့်ပစ္စည်းအများအပြားကို သွားရောက်လှူဒါန်းခဲ့ဘူးကြောင်း ရှင်းပြပါသည်။ လူသတ်မှုများသည် (လက်နက်မဲ့) နိုင်ငံရေးအရ ဆန့်ကျင်သူများအား ရည်ရွယ်ပစ်မှတ်ထားသည်ကို ဒီအချက်ကညွှန်ပြနေခြင်းကြောင့် “အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားခြင်း” ဆိုသည့် အခြင်းအရာနှင့် ကိုက်ညီပါသည်။

၄၅။ ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီလမှ စတင်ကာ အရပ်သားပြည်သူ ၁၈၇၅ ဦးထက်မနည်း သတ်ဖြတ်ခံခဲ့ရသည်ဖြစ်ရာ မြန်မာနိုင်ငံအတွင်း အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်သော အရပ်သားပြည်သူလူထုအားသတ်ဖြတ်ခြင်းအား ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သည်ဟုလည်း ဆိုရပါမည်။ အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုများကို ထည့်သွင်းစဉ်းစားလျှင် အရပ်သားပြည်သူများအား သတ်ဖြတ်မှုသည် ကနီမြို့နယ် (စစ်ကိုင်းတိုင်း)၊ ပဲခူးမြို့ (ပဲခူးတိုင်း)၊ လှိုင်မြို့နယ် (ရန်ကုန်တိုင်း)၊ တိုက်ကြီးမြို့နယ် (ရန်ကုန်တိုင်း)၊ မန္တလေးမြို့ (မန္တလေးတိုင်း)၊ နေပြည်တော်၊

[38] Rome Statute, art 30(2).

မုံရွာမြို့နယ် (စစ်ကိုင်းတိုင်း)၊ ဖရူဆိုမြို့နယ် (ကရင်နီပြည်နယ်)၊ သပိတ်ကျင်းမြို့နယ် (မန္တလေးတိုင်း)၊ မော်လမြိုင် (မွန်ပြည်နယ်) နှင့် မြိတ်မြို့နယ် (တနင်္သာရီတိုင်း) စသည့် နိုင်ငံတစ်ဝန်း နေရာဒေသအများအပြားတွင် ဖြစ်ပါသည်။ အေအေပီပီ၏ အချက်အလက်မှတ်တမ်းများအရ နိုင်ငံတစ်ဝန်းတွင် သတ်ဖြတ်မှုများရှိခဲ့သည်မှာ အထင်အရှားဖြစ်ပြီး၊ စစ်ကိုင်းတိုင်း(၃၃.၂၁%)၊ ပဲခူးတိုင်း(၇.၈၉%)၊ မကွေးတိုင်း (၉.၁၂%)၊ မန္တလေးတိုင်း (၁၅.၀၃%)၊ ကချင်ပြည်နယ် (၁.၈၇%) ရှမ်းပြည်နယ် (၃.၅၂%)၊ ကရင်နီပြည်နယ်(၄.၃၇%)၊ ကရင်ပြည်နယ် (၀.၇၅%)၊ မွန်ပြည်နယ် (၁.၄၉%)၊ တနင်္သာရီတိုင်း (၃.၃၆%)၊ ရန်ကုန်တိုင်း (၁၅.၀၉%)၊ ဧရာဝတီတိုင်း (၁.၄၄%)၊ ရခိုင်ပြည်နယ် (၀.၀၅%)၊ ချင်းပြည်နယ် (၂.၃၅%)နှင့် နေပြည်တော် (၀.၄၈%) တို့ဖြစ်ပါသည်။ ကင်ညာ သမ္မတနိုင်ငံဆိုင်ရာ အခြေအနေ အမှုဖြစ်စဉ်အရကြည့်လျှင် ကျယ်ကျယ်ပြန့်ပြန့် ဆိုသည့် အခြင်းအရာကို ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းရန်ကြိုးပန်းချိန်မှစ၍ သည်းမခံနိုင်စရာ သတ်ဖြတ်မှု အများအပြားအားဖြင့် သာမက၊ “နေရာဒေသအနှံ့အပြားကို လွှမ်းခြုံသော တိုက်ခိုက်မှု၏ ပထဝီဒေသအတိုင်းအတာ”[39] အားဖြင့်ပါ ထင်ရှားစွာတွေ့ရပါသည်။

၄၆။ နောက်ဆုံးအချက်အနေဖြင့် ထိုလုပ်ရပ်သည် အရပ်သားပြည်သူအပေါ်ရည်ရွယ်ပစ်မှတ်ထားသော ကျယ်ပြန့်၍ စနစ်တကျဖြစ်သည့် လုပ်ရပ် (ဝါ) ထိုသို့ဖြစ်စေရန် ရည်စူးသော လုပ်ရပ် ဖြစ်သည်ကို အကြမ်းဖက်စစ်အုပ်စုက “ သိရှိရမည်” ဖြစ်ပါသည်။[40] ရောမစာချုပ်၏ ပုဒ်မ ၃၀(၁) တွင် “အခြေအနေတစ်ရပ်ရှိသည် (ဝါ) ပုံမှန်အခြေအနေတွင် အကျိုးဆက်သက်ရောက်မှုဖြစ်စေမည်ကို သိရှိလျှင်၊ ကျူးလွန်သူသည် ထိုလုပ်ရပ်ကို သိရှိခြင်းဖြစ်သည်”[41] ဟု ဖော်ပြထားပါသည်။ လူသတ်မှုမြောက်စေသော ဝိသေသလက္ခဏာအားလုံးကို အကြမ်းဖက်စစ်အုပ်စုခေါင်းဆောင်များက သိရှိထားပြီးဖြစ်ကြောင်း သက်သေပြစရာမလိုအပ်တော့ပါ။[42] Omar Al-Bashir ၏ ဒါဖူးအမှုဖြစ်စဉ်နှင့် အလားတူပင် မြန်မာနိုင်ငံတွင် နိုင်ငံနေရာအနှံ့အပြားရှိ အရပ်သားပြည်သူ အများအပြားအပေါ် တိုက်ခိုက်မှုများရှိခဲ့ပြီး၊ ထိုတိုက်ခိုက်မှုများသည် ကျယ်ပြန့်၍ စနစ်တကျဖြစ်သည်ကို အထောက်အထားများဖြင့် ဖော်ပြထားသည့် အစီရင်ခံစာ၊ မှတ်တမ်းများ ကမ္ဘာအနှံ့ထုတ်ဝေဖြန့်ချိထားပြီးဖြစ်ပါသည်။[43] ထို့အပြင် တပ်မ ၇၇ နှင့် တပ်မ ၄၄ တို့သည် ထိုတိုက်ခိုက်မှုဖြစ်စဉ်များတွင် ရှိနေကြောင်း၊ သို့မဟုတ် ရန်ကုန်တိုင်း မြောက်ဥက္ကလာပတွင် အေးစန်း (အမည်လွှဲ) အား သတ်ဖြတ်မှုနှင့် ၂၀၂၁ခုနှစ် ဇူလိုင် ၁ ရက်က ကနီမြို့နယ်တွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု စသည်တို့ကို ကိုယ်တိုင်ကျူးလွန်ကြောင်းကိုလည်း ဆက်သွယ်မေးမြန်းမှုများအရ သိရပါသည်။ အဆိုပါလုပ်ရပ်များကို လုပ်ဆောင်ရာတွင် ရှိနေခြင်းနှင့် ကိုယ်တိုင်ပါဝင်ခြင်းတို့က ၎င်းတို့၏ လုပ်ရပ်သည် ကျယ်ပြန့်သော (ဝါ) စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်း ဖြစ်သည်ကို အကြမ်းဖက်စစ်အုပ်စုက မလွဲမသွေသိရှိထားပြီးဖြစ်ခြင်းကို လုံးဝ သံသယဖြစ်စရာမလိုပါ။ စုစု (အမည်လွှဲ) သေဆုံးမှုဖြစ်စဉ်တွင် တပ်ရင်းမှူးကနောက်ပိုင်းတွင် သူမ၏ မိသားစုကို ဆက်သွယ်ခဲ့ပါသည်။ သို့ဖြစ်ရာ သိလျှက်နှင့် ကျူးလွန်ခြင်းဆိုသည့် အခြင်းအရာကို ဤဖြစ်စဉ်တွင်လည်း သက်သေပြနိုင်ပါသည်။

၄၇။ နိဂုံးချုပ်အနေဖြင့်မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်သောလူသတ်မှုများသည် ရောမစာချုပ်ပါ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများတွင် ရှင်းရှင်းလင်းလင်း အကျုံးဝင်နေပါသည်။ အေးစန်း (အမည်လွှဲ)၊ မင်းသန်း (အမည်လွှဲ)၊ ဝင်းဇော် (အမည်လွှဲ)၊ မွန်ခမ်း (အမည်လွှဲ)၊ အောင်ပြည့် (အမည်လွှဲ)၊ ထိုက် (အမည်လွှဲ)၊ စုစု (အမည်လွှဲ)နှင့် ကနီတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရသူများ၏ ဆွေမျိုးသားချင်းများနှင့် အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုများအရ လူသတ်မှုပေါ်ပေါက်ခဲ့ကြောင်း ညွှန်ပြနေပါသည်။

### ပုဒ်မ ၇ (၁) (ခ) အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်မှု

၄၈။ ရောမစာချုပ်၏ စာပုဒ် ၁ (ပုဒ်မ ၇) ၏ ဆိုလိုရင်းအရ “အစုလိုက်အပြုံလိုက်သုတ်သင်သတ်ဖြတ်မှု” သည် “အရပ်သား ပြည်သူလူထုတစ်စိတ်တစ်ပိုင်းအား ပျက်စီးဆုံးရှုံးမှုဖြစ်စေမည့် အကျိုးဆက်ကို သေချာသိလျှက်နှင့် အစားအစာနှင့် ဆေးဝါးရရှိပိုင်ခွင့်ကို တားမြစ်

[39] International Criminal Court (2010), *Prosecutor vs William Samoei Ruto, Henry Kiprono Kosgey and Joshua Arap Sang* (Judgment), Pre-Trial Chamber II, Case No ICC-01/09, p. 94

[40] International Criminal Court (2011), *Elements of Crimes*, The Hague: International Criminal Court, p. 05

[41] Rome Statute, art 30(1).

[42] International Criminal Court (2014), *Prosecutor vs Gbagbo* (Decision on the Confirmation of Charges against Laurent Gbagbo), Pre -Trial Chamber II, p. 214

[43] Andrews, T. H. (2021), Report of the Special Rapporteur, cited above; International Criminal Court (2009), *Prosecutor vs Omar Hassan Ahmad Al Bashir* (Decision on the Prosecution's Application for a Warrant of Arrest against Omar Hassan Ahmad Al Bashir), Pre-Trial Chamber I, Case No ICC-02/05-01/09

ပိတ်ပင်ခြင်းအပါအဝင် ရှင်သန်ရေးအတွက် မရှိမဖြစ်လိုအပ်သောအခြေအနေများအား တင်ကူးကြံရွယ်ချက်ဖြင့် ပျက်စီးထိခိုက်စေခြင်း" ဖြစ်ပါသည်။ အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်မှု၏ အခြင်းအရာများမှာ[44] -

- (က) အရပ်သားပြည်သူ လူထု တစ်စိတ်တစ်ပိုင်းအား သေကြေပျက်စီးစေမည့် အကျိုးဆက်ကို သေချာသိလျှက်နှင့် တင်ကူးကြံရွယ်ချက်မှာ ပျက်စီးထိခိုက်စေခြင်း အပါအဝင် ကျူးလွန်သူက အရပ်သားပြည်သူ တစ်ဦး၊ သို့မဟုတ် တစ်ဦးထက်ပို၍ သတ်ဖြတ်ခြင်း
- (ခ) အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ထိုလုပ်ရပ်တွင် အကျုံးဝင်သော (ဝါ) ဖြစ်ပွားသောနေရာ
- (ဂ) ကျူးလွန်သူက အစုလိုက်အပြုံလိုက်ပမာဏကို သတ်ဖြတ်ရန်ရည်ရွယ်ခဲ့သည် (ဝါ) အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် သတ်ဖြတ်ရန်ရည်ရွယ်ခြင်း
    - ၁။ ထို့အပြင် ထိုလုပ်ရပ်သည် အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသည့် ကျယ်ပြန့်၍ စနစ်တကျ ဖြစ်သော တိုက်ခိုက်မှုဖြစ်ပြီး၊ ထိုတိုက်ခိုက်မှုကို သိလျှက်နှင့် ကျူးလွန်ခြင်းဖြစ်ရမည်။

၄၉။ ICC အနေဖြင့် ယခုအချိန်အထိ အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်မှုများကို ရောမစာချုပ်အရ စွဲချက်တင်ခြင်း (ဝါ) တရားစွဲဆိုခြင်း မရှိသေးပါ။ ဆိုလိုသည်မှာ - အဆိုပါအချက်အလက်များအတွက် ရောမစာချုပ်ကို ကျင့်သုံးရန် ကူညီလမ်းညွှန်ပေးမည့် ICC ၏ ဥပဒေရေးရာ သဘောထားအမြင်ကို မရနိုင်ခြင်းဖြစ်ပါသည်။ သို့ရာတွင် ယူဂိုဆလားဗီးယား ပြည်ထောင်စုဟောင်းဆိုင်ရာ နိုင်ငံတကာ ရာဇဝတ်ခုံရုံး (ICTY) နှင့် ရဝမ်ဒါနိုင်ငံဆိုင်ရာ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICTR) တို့၏ ဥပဒေရေးရာသဘောထားအမြင်တွင် ရောမစာချုပ်ပါ အစုလိုက်အပြုံလိုက်သုတ်သင်သတ်ဖြတ်မှုနှင့် စပ်လျဉ်းသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ဆိုင်ရာ တိကျနက်ရှိုင်းသည့်အမြင်အချို့ကို ဖော်ပြထားပြီး၊ ယခုထိတိုင် ICTY နှင့် ICTR ဖွဲ့စည်းပုံဆိုင်ရာ သဘောတူစာချုပ်များအရ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ရောမစာချုပ်တို့တွင် ကွဲလွဲမှုများမပေါ်ပေါက်ခဲ့ပါ။

၅၀။ မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်အာဏာသိမ်းချိန်မှစ၍ အချက်အချာကျသည့်နေရာတစ်ခု၌ တစ်နေ့တည်းတွင် အခြေအနေတူ၊ ပုံစံတူသော လူသတ်မှုဖြစ်စဉ်အများအပြားရှိခဲ့ပါသည်။ အေအေပီပီက ပြုလုပ်ခဲ့သောဆက်သွယ်မေးမြန်းမှုများနှင့် အချက်အလက်များအရ အတည်ပြုနိုင်သော အဆိုပါဖြစ်စဉ်များတွင် မွန်ခမ်း(အမည်လွှဲ)၏ မိသားစုအားဆက်သွယ်မေးမြန်းမှုအရ အတည်ပြုနိုင်သော ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က မန္တလေးမြို့တွင် ပြည်သူ ၃ ဦးအား သတ်ဖြတ်မှု၊ အေးစန်း (အမည်လွှဲ) ၏ မိသားစုအား ဆက်သွယ်မေးမြန်းမှုအရ အတည်ပြုနိုင်သော ၂၀၂၁ခုနှစ် မတ်လ ၃ ရက်က မြောက်ဥက္ကလာပတွင် ပြည်သူ ၄ ဦးအားသတ်ဖြတ်မှု၊ မင်းသန်း (အမည်လွှဲ) နှင့် ဝင်းဇော် (အမည်လွှဲ) တို့၏ မိသားစုများအား ဆက်သွယ်မေးမြန်းမှုများအရ အတည်ပြုနိုင်သော ၂၀၂၁ခုနှစ် ဧပြီ ၉ ရက်က ပဲခူးမြို့တွင် အနည်းဆုံး ပြည်သူ ၈၂ ဦးအား သတ်ဖြတ်မှု တို့ပါဝင်ပါသည်။ ဤအစီရင်ခံစာတွင် ၂၀၂၁ ဧပြီ ၉ ရက်က ပဲခူးမြို့တွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ ၂၀၂၁ခုနှစ် ဇူလိုင် ၁ ရက်က ရှစ်ခိုးထပ်တောအုပ်၊ ၂၀၂၁ခုနှစ် ဇူလိုင် ၇ ရက်က ရင်းကျေးရွာအနီးဝန်းကျင်၊ (၂၀၂၁ ခုနှစ် ဇူလိုင် ၂၇ ရက်များက တောင်ပေါက် ကျေးရွာအုပ်စု) ကနီမြို့နယ်တွင် အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်ခဲ့သော အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့် ခရစ်စမတ်အကြိုနေ့တွင် ကရင်နီပြည်နယ်၌ ကျူးလွန်ခဲ့သော အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကို ရှင်းလင်းဖော်ပြသွားမည်ဖြစ်ပါသည်။

## ၂၀၂၁ခုနှစ်၊ ဧပြီ ၉ရက်- ပဲခူးမြို့ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု

၅၁။ ပထမအချက်အနေဖြင့် သေဆုံးသူများသည် ကျူးလွန်သူ၏ လုပ်ရပ်ကြောင့်သေဆုံးခြင်းဖြစ်ကြောင်း သက်သေပြနိုင်သည့် ရှင်းလင်းတိကျသော အထောက်အထားများရှိပါသည်။ ဆက်သွယ်မေးမြန်းမှုများအရ မင်းသန်း(အမည်လွှဲ) သည် အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့များ၏ ပစ်ခတ်မှုအတွင်းထွက်ပြေးစဉ် လည်ဂုတ်တွင် ပစ်ခတ်ခံခဲ့ရပါသည်။ ဝင်းဇော် (အမည်လွှဲ) သည် သူ၏ နေအိမ်ခြံဝင်းအတွင်းတွင် ၃ ချက် ပစ်ခတ်ခံခဲ့ရပြီး၊ ဒုတိယနှင့် တတိယအကြိမ်ပစ်ခတ်မှုကြောင့် နေရာတွင်ပင်သေဆုံးခဲ့ပါသည်။ အကြမ်းဖက်စစ်အုပ်စုသည် သံချပ်ကာကားများ၊ စက်သေနတ်ကဲ့သို့သော လက်နက်ကြီးများကို အသုံးပြုခဲ့သည်ဟုလည်း မီဒီယာများတွင် ဖော်ပြကြပါသည်။ ထိုနေ့ဖြစ်စဉ်နှင့် စပ်လျဉ်း၍ အေအေပီပီ၏ ကွန်ရက်များက ယုံကြည်စိတ်ချရသော ဒေသခံတစ်ဦးနှင့် ဆက်သွယ်ခဲ့သည်။ ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စုက

[44] International Criminal Court (2011), *Elements of Crimes*, The Hague: International Criminal Court, p. 06.

ဒီမိုကရေစီရေးဆန္ဒပြသူများအား အစုလိုက်အပြုံလိုက်ပစ်ခတ်သတ်ဖြတ်ခဲ့ သည့် မဂ္ဂတစ်လမ်းတွင်ရှိနေခဲ့ကြသည်။ လမ်းပေါ်တွင် ပြန့်ကျဲနေသောရုပ်အလောင်းများနှင့် အကြမ်းဖက်စစ်အုပ်စုက စုပုံ၍ အနီးရှိဘုန်းကြီးကျောင်းတစ်ကျောင်းသို့ သယ်ဆောင်သွားသည့် ရုပ်အလောင်းများအား လုံခြုံသည့်နေရာတစ်နေရာမှ ရေတွက်ခဲ့သည်။ ၎င်းထံမှရရှိသော အချက်အလက်များနှင့် အနီးရှိအိမ်များ၊ လမ်းသွယ်များအတွင်းရှိ အတည်ပြုနိုင်သော ရုပ်အလောင်းများကို စုပေါင်းတွက်ချက်ရာတွင် ၂၀၂၁ ခုနှစ်ဧပြီ ၉ ရက်က ပဲခူးမြို့ပစ်ခတ်ဖြိုခွင်းမှုတွင် အရပ်သားပြည်သူ အနည်းဆုံး **၈၂** ဦး သတ်ဖြတ်ခံခဲ့ရကြောင်း အတည်ပြုနိုင်ခဲ့ပါသည်။

၅၂။ ဒုတိယအချက်အနေဖြင့် သေဆုံးမှုများသည် အစုလိုက်အပြုံလိုက်ပမာဏဖြစ်သည်ဟုယူဆနိုင်သည့် ဆက်စပ်မှု တစ်စုံတရာရှိခဲ့ရမည်ဖြစ်ပါသည်။[45] "ပမာဏအများအပြားသေဆုံးမှုကို သက်သေပြရန်မှာ ကိန်းဂဏန်းအရေအတွက် သတ်မှတ်ချက်နှင့်ကိုက်ညီရန်မလိုဘဲ၊ ထိုလုပ်ရပ်၏ အခြေအနေများမှ လုပ်ဆောင်ချက်၏ သဘောသဘာဝနှင့် ပြင်းထန်မှုတို့ဖြင့် ဆုံးဖြတ်ရမည်"[46] ဟု ယခင်ယူဂိုဆလားဗီးယား ပြည်ထောင်စုဆိုင်ရာ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICTY) နှင့် ရဝမ်ဒါနိုင်ငံဆိုင်ရာ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICTR) တို့က အတည်ပြုထားပါသည်။ လုပ်ရပ်အားဖြင့် တစ်ဦးချင်းကို ရည်ရွယ်ပစ်မှတ်ထားခြင်းထက် အစုလိုက်အပြုံလိုက် သဘောသဘာဝဖြစ်ရမည့်အပြင် သီးခြားဖြစ်စဉ်များသည် ပုံသဏ္ဌာန်တူသော "လူသတ်စစ်ဆင်ရေး" တွင် အကျုံးဝင်လျှင်၊ ထိုသီးခြားဖြစ်စဉ်များကို စုပေါင်း၍ ထိုလုပ်ရပ်ကို တည်ဆောက်နိုင်ပါသည်။[47] အစုလိုက်အပြုံလိုက် ပမာဏဖြင့် များပြားသောသတ်ဖြတ်မှုများ ဖြစ်ခဲ့ကြောင်းဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်သည့် အခြင်းအရာများတွင် သတ်ဖြတ်မှုများဖြစ်ပွါးသည့် အချိန်နှင့်နေရာ၊ သေဆုံးသူများအားရွေးချယ်ခြင်းနှင့် ၎င်းတို့အားပစ်မှတ်ထားသတ်ဖြတ်သည့် ပုံသဏ္ဌာန်တို့အပြင် သတ်ဖြတ်ခြင်းများသည် သေဆုံးသူများအား တစ်ဦးချင်းချိန်ရွယ်ပစ်ခတ်ခြင်းထက် အစုလိုက်အပြုံလိုက်ချိန်ရွယ် ပစ်မှတ်ထားခြင်း[48] ဟုတ်၊ မဟုတ် စသည်တို့ ပါဝင်နိုင်ပါသည်။ ဤ အခြင်းအရာများအရကြည့်လျှင်၊ အနည်းဆုံးအရပ်သားပြည်သူ ၈၂ ဦး သေဆုံးခဲ့မှုသည် အမှန်တကယ်ပင် အစုလိုက်အပြုံလိုက်သေဆုံးမှုဟု ဆိုနိုင်ပါသည်။[49] သေဆုံးမှုများသည် တစ်နေ့တည်းတွင်ဖြစ်ခဲ့ပြီး၊ မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်အုပ်စု၏ အုပ်ချုပ်မှုကို ဆန့်ကျင်သည့် နိုင်ငံရေးအရ ဆန္ဒပြသူများအား ရည်ရွယ်ပစ်မှတ်ထားသော အကြမ်းဖက် လုပ်ရပ်ဖြစ်ကာ လက်နက်ကြီးများသုံး၍ ပုံစံတူကျူးလွန်မှုဖြစ်သည်သာမက အဆိုပါပစ်ခတ်သတ်ဖြတ်မှုများတွင် သေဆုံးသူများအား တစ်ဦးချင်းချိန်ရွယ် ပစ်ခတ်ခြင်းမဟုတ်ဘဲ အစုလိုက်အဖွဲ့လိုက်ဆန္ဒပြမှုတွင် ဆက်စပ်ပါဝင်ခြင်းကြောင့် အားလုံးကို အတူတူဟု သတ်မှတ်ပြီး အားလုံးကို ပစ်ခတ်ခြင်းဖြစ်ကြောင်း ထင်ရှားပါသည်။

၅၃။ ဝင်းဇော် (အမည်လွှဲ) သေဆုံးမှုသည် အစုလိုက်အပြုံလိုက်သုတ်သင်သတ်ဖြတ်မှုတွင် အကျုံးဝင်၊ မဝင် ဆက်စပ်ရန် ခက်ခဲနိုင်သော်လည်း ၎င်း၏ဆွေမျိုးအား မေးမြန်းရာတွင် သေဆုံးသူသည် အဖြူရောင်တီရှပ်ဝတ်ဆင်ထားခြင်းကြောင့် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်သည့် ကျောင်းသားတစ်ဦးဖြစ်သည်ဟု ယူဆပြီး ရည်ရွယ်ပစ်ခတ်ခြင်း ဖြစ်နိုင်သည်ဟုဆိုပါသည်။ ထိုနည်းတူပင် ၎င်းသေဆုံးခဲ့သည်မှာ ထိုနေ့က ဆန္ဒပြမှုတွင်ပါဝင်ခဲ့ပြီး သေဆုံးခဲ့သည့် မင်းသန်း (အမည်လွှဲ) ပစ်ခတ်ခံရသည့်နေရာနှင့် လမ်း ၁၂ လမ်းအကွာအဝေးတွင်ဖြစ်ပါသည်။ အကြမ်းဖက် စစ်အုပ်စုတပ်ဖွဲ့များသည် " အခြားရုပ်အလောင်းများ" ကို ဝင်းဇော် (အမည်လွှဲ) သေဆုံးခဲ့သည့် လူနေရပ်ကွက်အတွင်း ပစ်ထားခဲ့သည်ဟုလည်း ဆက်သွယ်မေးမြန်းမှုတွင် ပါဝင်ဖြေဆိုခဲ့သူက ပြောပြပါသည်။ သို့ဖြစ်ရာ ဝင်းဇော် (အမည်လွှဲ)နှင့် မင်းသန်း (အမည်လွှဲ) တို့ သေဆုံးမှုသည် အကြမ်းဖက် စစ်အုပ်စုတပ်ဖွဲ့များ၏ ပုံစံတူ လူသတ်စစ်ဆင်ရေး၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ဆက်စပ်ကြည့်နိုင်ပါသည်။

၅၄။ တတိယအချက်အနေဖြင့် ကျူးလွန်သူသည် အစုလိုက်အပြုံလိုက်ပမာဏဖြင့် လူသတ်မှုကို ကျူးလွန်ရန်ရည်ရွယ်ခဲ့ရမည်၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် သတ်ဖြတ်ရန်ရည်ရွယ်ခဲ့ရမည် (ဝါ) အစုအလိုက်အပြုံလိုက်သတ်ဖြတ်မှု၏ အကျိုးဆက်

[45] International Criminal Court (2011), *Elements of Crimes*, The Hague: International Criminal Court, p. 08, p. 06.

[46] International Criminal Tribunal for Rwanda (2004), *Prosecutor vs Ntakirutimana* (Appeal Judgment), Appeals Chamber, Case No ICTR-96-10-A, [516].

[47] International Criminal Tribunal for the Former Yugoslavia (2003), *Prosecutor vs Stakić* (Judgment), Trial Chamber II, Case No IT-97-24-T, [639], quoting Prosecutor vs Vasiljevic (Trial Judgment), Trial Chamber II, Case No IT-98-32-K, 29, p. 227; International Criminal Tribunal for the Former Yugoslavia (2015), *Prosecutor vs Tolimir* (Appeal Judgment, Appeals Chamber, Case No IT-05-88/2-A, p. 135

[48] International Criminal Tribunal for the Former Yugoslavia (2017), *Prosecutor vs Mladić* (Judgment), Trial Chamber I, Case No IT-09-92-T, p. 3067

[49] *Ibid*.

သည် ပုံမှန်အခြေအနေတွင် ဖြစ်လာမည်ကို သိခဲ့ပြီးဖြစ်ရမည်။[50] အကြမ်းဖက်စစ်အုပ်စု၏ တပ်ဖွဲ့များက စက်သေနတ်များဖြင့် လူနေရပ်ကွက်အတွင်း နေအိမ်များကို ပစ်ခတ်ခြင်းကြောင့် ဝင်းဇော် (အမည်လွှဲ)ကို ထိမှန်ခဲ့သည်။ အရပ်သားပြည်သူများ၏ နေအိမ်များကို လက်နက်ကြီးများ အသုံးပြုပစ်ခတ်ခြင်းက ပုံမှန်အခြေအနေတွင် မိမိတို့နေအိမ်အတွင်း ရှိနေကြသော အရပ်သားပြည်သူအများအပြားအား သေဆုံးခြင်းကိုသာ ဖြစ်စေမည်ဖြစ်ရာ၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို တင်ကူးကြံရွယ်ထားကြောင်း ပြသနေပါသည်။ ဆန္ဒပြသူ အစုအဖွဲ့ကို တိုက်ခိုက်ရေးရိုင်ဖယ်များ၊ လက်ပစ်ဗုံးများ (ဝါ) အာပီဂျီများစသည့် စစ်ဆင်ရေးသုံးလက်နက်များအသုံးပြုပစ်ခတ်ခြင်းက အစုလိုက်အပြုံလိုက်ပမာဏဖြင့် ပြည်သူအများအပြားအား ထိခိုက်နာကျင် (ဝါ) သေဆုံးစေလိုသည့် ရည်ရွယ်ချက်ဖြစ်ကြောင်း ထင်ရှားပါသည်။[51] ထို့အပြင် ၂၀၂၁ ခုနှစ်၊ ဧပြီ ၉ ရက် သတ်ဖြတ်မှုများမတိုင်မီ နှစ်ပတ်ခန့်အလိုတွင် အကြမ်းဖက်စစ်အုပ်စု၏ ရုပ်သံသတင်းမှ "မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေးကိုဆက်လက်ဆန့်ကျင် ဆန္ဒပြနေပါက ဆန္ဒပြသူများအား နောက်ကျော၊ ဦးခေါင်းတို့ကို ပစ်ခတ်မည်" ဟု ကြေညာခဲ့ပါသည်။[52] နောက်ကျော၊ ဦးခေါင်းတို့ကို ပစ်ခတ်ခြင်းသည် သေဆုံးခြင်းမှတပါး အခြားရလဒ်ဖြစ်နိုင်စရာ အကြောင်းမရှိသည့် အတွက်၊ အစုလိုက်အပြုံလိုက် သတ်ဖြတ်ရန် ကြိုတင်ကြံစည်ရည်ရွယ်ထားသည်ကို အဆိုပါသတိပေးချက်က ဖော်ပြနေပြီး၊ ဆန္ဒပြမှု များတွင် ပါဝင်သူအားလုံးကို ရည်ရွယ်ပစ်မှတ်ထားခြင်းဖြစ်ရာ ထိုသို့သောလုပ်ရပ်များကိုကျူးလွန်ရန် တင်ကူးကြံရွယ်ထားကြောင်း ထင်ရှားပါသည်။

၅၅။ စတုတ္ထအချက်အနေဖြင့် အရပ်သားပြည်သူလူထုအပေါ်ရည်ရွယ်ပစ်မှတ်ထားသည့် ရာဇဝတ်မှု ဖြစ်ရမည်။ ပဲခူးမြို့တွင် ဆန္ဒပြသူများသည် ဆန္ဒပြမှုနှင့် စစ်အာဏာရှင်ဆန့်ကျင်ရေးတွင် ပါဝင်သောကြောင့် ပစ်ခတ်ခံကြရခြင်းဖြစ်ပြီး၊ အရပ်သားပြည်သူလူထုအပေါ် ရည်ရွယ်ပစ်မှတ်ထားသည့် အခြင်းအရာနှင့် ကိုက်ညီကြောင်းကို သေဆုံးသူများက သက်သေခံနေပါသည်။[53] အရပ်သားပြည်သူများသည် ကားတာယာများစုပုံ၍ အရံအတား၊ အကာအကွယ်များပြုလုပ်ခြင်း၊ ဒိုင်းကာများအသုံးပြုခြင်း၊ အိမ်တွင်းဖြစ်မီးရှူးမီးပန်းများနှင့် အခြား အိမ်တွင်းဖြစ်လက်နက်ပစ္စည်းများကို အသုံးပြု၍ အကြမ်းဖက်စစ်အုပ်စု၏ တိုက်ခိုက်မှုများမှ မိမိကိုယ်ကိုယ် ကြိုးပမ်းကာကွယ်ကြခြင်းဖြစ်ပါသည်။[54] မည်သို့ပင်ဖြစ်စေ ၎င်းတို့သည် လက်နက်ကိုင်တပ်ဖွဲ့ (ဝါ) အခြားစုဖွဲ့ထားသည့် လက်နက်ကိုင်အစုအဖွဲ့ တစ်ခုခုတွင် ပါဝင်ခြင်းမရှိသည့်အတွက်[55] လူသားချင်းစာနာမှုဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေအရ အရပ်သားပြည်သူများသာ ဖြစ်ပါသည်။

၅၆။ နောက်ဆုံးအချက်အနေဖြင့် ကျူးလွန်သူများသည် ထိုလုပ်ရပ်ကို အရပ်သားပြည်သူလူထုအပေါ် ပစ်မှတ်ထားရည်ရွယ်သည့် ကျယ်ပြန့်၍စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ်ရော၊ တိုက်ခိုက်မှုဆိုသည်ကို သိလျက်နှင့်သာ ကျူးလွန်ခြင်းဖြစ်ဖွယ်ရှိပါသည်။ ပဲခူးမြို့လူသတ်ပွဲသည် အကြမ်းဖက်စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနှင့် ဆက်စပ်သည့် နိုင်ငံရေးအရ ဆန္ဒပြမှုများကို ရည်ရွယ်ခြင်းဖြစ်ပြီး၊ ယခင်လများအတွင်း ဖြစ်ပွားခဲ့သော အခြားအစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအသီးသီး၏ နောက်ဆက်တွဲဖြစ်သည့်အတွက် အခြေအနေအသီးသီးနှင့် နိုင်ငံနေရာအနှံ့အပြားတွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်စေခဲ့သည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ အဆိုပါသတ်ဖြတ်မှုအများအပြားတွင် တပ်မ ၇၇ ပါဝင်ခဲ့ပြီး၊ အေးစန်း (အမည်လွှဲ) နှင့် မင်းသန်း (အမည်လွှဲ) တို့၏ မိသားစုများနှင့် ဆက်သွယ်မေးမြန်းမှုအရ ၂၀၂၁ ခုနှစ်၊ မတ်လ ၃ ရက် မြောက်ဥက္ကလာပနှင့် ၂၀၂၁ ခုနှစ်၊ ဧပြီ ၉ ရက် ပဲခူးမြို့တို့၌အစုလိုက်အပြုံလိုက်

[50] Rome Statute, art 30(a), (b).

[51] Photographs of evidence on file with author, num. #8 – 11. See also: Radio Free Asia (2021), "သွေးတွေ သွေးမြေကျတဲ့နေ့ [The day of the bloodshed]", *RFA* (online), Available at: www.facebook.com/watch/?v=2970443163274949

[52] Statement on military-run MRTV, on March 26, 2021. See also: Myanmar Alinn Daily (2021), မြန်မာ့အလင်း - Saturday 27 March 2021", *Myanmar Alinn Daily* (online), p. 12, Available at: www.burmalibrary.org/sites/burmalibrary.org/files/obl/mal_27.3.21.pdf

[53] International Criminal Court (2012), *Prosecutor vs Muthaura* (Decision on the Confirmation of Charges pursuant to Article 61(7)(a) and (b) of the Rome Statute), Pre-Trial Chamber II, p. 18

[54] Evidence on file with author, num. #12 – 14. See also: Ministry of Home Affairs [military junta](2021), "ပဲခူးမြို့ပေါ်ရပ်ကွက်များအတွင်း ဆူပူအကြမ်းဖက်သူများ ပြုလုပ်ထားရှိသည့် အတားအဆီးများအား လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ရှင်းလင်းဖယ်ရှားစဉ် အကြမ်းဖက်ရန်ပြုမှုများအား ခြောက်လှန့်ပစ်ခတ် လူစုခွဲစဉ် လုံခြုံရေးတပ်ဖွဲ့ဝင် ၂ ဦး ဒဏ်ရာရ၊ အကြမ်းဖက်သူ အမျိုးသား ၁ ဦး သေဆုံး [Two members of the security forces were injured when they opened fire on a mob and cleared barricades erected by rioters in Bago]", *The Republic of the Union of Myanmar* [military junta] (online), Available at: myanmarmoha.org/index.php?option=com_content&view=article&id=9365:2021-04-12-09-13-32&catid=79&Itemid=555&lang=en

[55] International Committee of the Red Cross (2005), IHL database, customary IHL, Rule 5: definition of civilian, *Cambridge University Press*, Available at: https://ihl-databases.icrc.org/customary-ihl/eng/docs/v1_rul_rule5#refFn_4C716F6B_00005

သတ်ဖြတ် မှုများတွင် အနည်းဆုံးအားဖြင့် ၎င်းတို့ ရှိနေခဲ့ပါသည်။ သို့ဖြစ်ရာ ၂၀၂၁ ခုနှစ်၊ မေ ၉ ရက်က ပဲခူးမြို့တွင် ဆန္ဒပြသည့် အရပ်သားပြည်သူ များအား ပစ်ခတ်သတ်ဖြတ်ခြင်းနှင့် လူနေရပ်ကွက်များအတွင်း ပစ်ခတ်ခြင်းတို့ကို ပေါင်းစုကြည့်လျှင် အစုလိုက်အပြုံလိုက် သုတ်သင်သတ် ဖြတ်မှု ဖြစ်ကြောင်း ကောက်ချက်ချရမည် ဖြစ်ပါသည်။

## ၂၀၂၁ ခုနှစ်၊ ဇူလိုင် ၁ မှ ၃၁ - ကနီမြို့နယ်လူသတ်ပွဲ

၅၇။ ဇူလိုင်လအတွင်း ကနီမြို့နယ်၌ အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံရသည့် သီးခြားဖြစ်စဉ် ၄ ခု ပေါ်ပေါက်ခဲ့ပြီး၊ ၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်တွင် မုံးဦးကျေးရွာအနီး ပြည်သူ ၄ ဦး၊ ၂၀၂၁ ခုနှစ် ဇူလိုင် ၈ ရက်တွင် ရင်းကျေးရွာအနီး အနည်းဆုံး ပြည်သူ ၁၅ ဦး၊ ၂၀၂၁ ခုနှစ် ဇူလိုင် ၂၇ ရက်တွင် ဇီးပင်တွင်းကျေးရွာအနီး ပြည်သူ ၁၂ ဦး နှင့် ၂၀၂၁ ခုနှစ် ဇူလိုင် ၂၆၊ ၂၇ ရက်များတွင် ထူးကျေးရွာအနီး ပြည်သူ ၁၁ ဦးတို့ သတ်ဖြတ်ခံခဲ့ရပါသည်။[56] ဖြစ်စဉ်တစ်ခုချင်းကို အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်သည့် သီးခြားလုပ်ရပ်များအဖြစ် ယူဆနိုင်သော်လည်း၊ ရာဇဝတ်မှုများသည် လူသတ်စစ်ဆင်ရေး တစ်ခုတည်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း အထောက်အထားများက ဖော်ပြနေသည့်အတွက် ထိုဖြစ်စဉ် ၄ ခု ကို ကျူးလွန်မှု တစ်ခုတည်းအဖြစ် စုစည်းသတ်မှတ်နိုင်ပါသည်။[57] ၂၀၂၁ ခုနှစ် ဧပြီလ နှောင်းပိုင်းမှစ၍ ကနီမြို့နယ်တွင် အကြမ်းဖက် စစ်အုပ်စုတပ်များနှင့် PDF တပ်ဖွဲ့များအကြား တိုက်ပွဲများပြင်းထန်ခဲ့ပြီး၊ မေလအတွင်း ရွာသူ၊ ရွာသား ထောင်ပေါင်းများစွာ နေရပ်စွန့်ခွာခဲ့ရပါသည်။[58] ဇွန်လအတွင်း တော်လှန်ရေး အင်အားစုများက အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့ဝင် ၁၀ ဦးကို သတ်ဖြတ်ရှင်းလင်းခဲ့ပြီးနောက် အကျိုးဆက်အနေဖြင့် ဇွန်နှင့် ဇူလိုင်လများအတွင်း PDF တပ်ဖွဲ့ဝင်များကို ရှာဖွေရန် အကြမ်းဖက် စစ်အုပ်စုတပ်များက စစ်ကိုင်းတိုင်းအတွင်း ကျေးရွာများအား ဝင်ရောက်စီးနင်းတိုက်ခိုက်ခဲ့ပါသည်။ အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုနှင့် အချက်အလက်မှတ်တမ်းပြုစုခြင်းတို့အပြင် ပွင့်လင်းသော သတင်းအရင်းအမြစ်များက စုဆောင်းတင်ပြထားသော ဗီဒီယိုနှင့်ဓာတ်ပုံ အထောက်အထားများအားအောက်တွင် ဖော်ပြထားပါသည်။

၅၈။ ၂၀၂၁ခုနှစ်၊ ဇူလိုင် ၁ ရက်တွင် အကြမ်းဖက်စစ်အုပ်စုအင်အား ၁၀၀ခန့်သည် ၂ စုခွဲကာ စစ်ကိုင်းတိုင်း ကနီမြို့အတွင်းသို့ ခြေလျင်ဝင်ရောက်ခဲ့ပါသည်။ ရှစ်ခိုးထပ်တွင် စစ်အုပ်စုတပ်များနှင့် PDF များ ထိတွေ့ပစ်ခတ်မှု ဖြစ်ခဲ့ပါသည်။ အကြမ်းဖက်စစ်အုပ်စုတပ်များက လူနေအိမ်များ၊ ဈေးဆိုင်များအား လက်နက်ကြီးများဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ပါသည်။ အေအေပီပီကမေးမြန်းခဲ့သော ဒေသခံမျက်မြင်သက်သေများက ၎င်းတို့၏ နေအိမ်များတွင် ကျည်ဆန်ထိမှန်ထားသည်များကို အထောက်အထားပြခဲ့ကြပါသည်။ ကျော်နိုင်ဝင်း (အမည်လွှဲ) က " ဒီကောင်တွေက မရပ်မနား ပစ်တာ၊ ရွာထဲမြင်သမျှ၊တွေ့သမျှ အကုန်ပစ်တာဟု မျက်မြင်သက်သေတစ်ဦးကပြောကြောင်း ပြန်ပြောပြပါသည်။ တောင်းပေါက် ကျေးရွာအုပ်စု၊ ရှစ်ခိုးထပ်ကုန်းထက် တောအတွင်း ပစ်ခတ်မှုဖြစ်စဉ်တွင် ပြည်သူ ၄ ဦးအား ဖမ်းဆီးခေါ်ဆောင်သွားပြီး စံမင်းနိုင် (၂၁ နှစ်)၊ ဝင်းရွှေ (ခ) ဦးသက်ရှည် (၅၆နှစ်) ၊ ဇေယျာထွန်း (၂၃ နှစ်) နှင့် ထွန်းရွှေ (၃၄) နှစ်တို့ ဖြစ်ပါသည်။ ထို့နောက်တွင် ဖူးယောင်ဒဏ်ရာများ၊ ဓါးဒဏ်ရာများ၊ ခန္ဓာကိုယ်အနှံ့မီးလောင်ဒဏ်ရာများဖြင့် လက်ပြန်ကြိုးတုပ်လျှက် ဦးခေါင်းခွဲကွဲအက်ပြီး ၄ ဦးစလုံး သေဆုံးနေသည်ကို တွေ့ရပါသည်။

၅၉။ ၂၀၂၁ခုနှစ် ဇူလိုင် ၇ ရက်တွင် အကြမ်းဖက်စစ်အုပ်စုတပ်များ၏ ဝင်ရောက်စီးနင်းမှုကြောင့် ယင်းကျေးရွာမှ ထွက်ပြေးတိမ်းရှောင်လာသော မိသားစုများဖြစ်သည့် ပြည်သူ ၃၀ ဦးခန့် တောအုပ်အတွင်းပုန်းအောင်းနေစဉ် အကြမ်းဖက်စစ်အုပ်စုတပ်များက တွေ့ရှိသွားခဲ့သည်။ ၎င်းတို့က တောင်ကုန်းပေါ်မှစတင်ပစ်ခတ်၍ ရွာသူရွာသားများအား ၎င်းတို့ထံသို့လာကြရန်အမိန့်ပေးသည်။ စစ်သားတစ်ဦးက "မင်းတို့တွေဓာတ်လမ်းရှုပ်လို့ ငါတို့ဒီကိုလာခဲ့ရတာ" ဟု ပြောကြောင်း အသက်ရှင်ကျန်ရစ်သူတစ်ဦးကပြောပြပါသည်။ ၎င်းတို့က ရွာသားများကို ကြိုးတုပ်၍ သစ်ကိုင်းများဖြင့်ရိုက်နှက်ကြပါသည်။ အမျိုးသမီးများအားလွှတ်ပေးပြီး ၃ ရက်ကြာလျှင် ထိုတောင်ကုန်းသို့ပြန်လာရန် မှာလိုက်ပါသည်။ ၃ရက်ကြာသည့်အခါ ဒဏ်ရာများဖြင့် ညှဉ်းပန်းနှိပ်စက်ခံထားရသော ဖမ်းဆီးခံထားရသူများ၏ ရုပ်အလောင်းများကို တောင်ကြားတွင်ပြန့်ကျဲနေသည်ကို တွေ့ကြရပါသည်။ သေဆုံးသူအချို့၏ ကိုယ်ပေါ်တွင် အဝတ်အစားများမရှိဘဲ၊ ၎င်းတို့၏လိင်အင်္ဂါများအား လှီးဖြတ်

---

[56] AAPP (2021), "Massacres in Kani Township, Yinbin District, Sagaing Region", *Assistance Association for Political Prisoners* (online), Available at: aappb.org/?p=17120

[57] Following the procedures from: International Criminal Tribunal for the Former Yugoslavia (2015), *Prosecutor vs Tolimir* (Appeal Judgment), Appeals Chamber, p. 135

[58] Myanmar Now (2021), "Over 15,000 displaced as conflict in Sagaing's Kani Township heats up", *Myanmar Now* (online), Available at: www.myanmar-now.org/en/news/over-15000-displaced-as-conflict-in-sagaings-kani-township-heats-up

ထားပါသည်။ ရုပ်အလောင်း ၁၅ လောင်းထက်မနည်း တွေ့ရှိရပြီး အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုတွင် ခင်မြတ်စု (အမည်လွှဲ)က "ကျွန်မတို့မိသားစုထဲမှာ ယောကျ်ားသားတွေအားလုံး အသတ်ခံရတာ….ကျွန်မတူလေးဆို ၁၈ နှစ်တောင်မပြည့်သေးဘူး။" ဟု နာကျင်စွာ ပြောပြပါသည်။

၆၀။ ၂၀၂၁ခုနှစ် ဇူလိုင် ၂၆၊ ၂၇ ရက်များတွင် ကနီမြို့နယ် ထူးကျေးရွာအနီး အကြမ်းဖက် စစ်အုပ်စုတပ်များနှင့် ဒေသဆိုင်ရာ PDF တပ်ဖွဲ့တို့အကြား ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ ထို့နောက် စစ်အုပ်စုတပ်များက ခရီးဆက်သွားပြီး၊ ဇူလိုင် ၂၈ တွင် ကြက်ချောင်းရှိလယ်တဲတစ်ခု၌ ထမင်းစားနေကြသော လယ်သမား ၁၁ ဦးအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါသည်။ အဆိုပါလယ်သမားများသည် ယခင်ရက်များအတွင်း အစုအဖွဲ့အလိုက် ထိတွေ့တိုက်ပွဲများတွင်ပါဝင်ခဲ့ပြီး လူစုခွဲ ထွက်ပြေးလာကြသူများ ဖြစ်ပါသည်။ နောက်ပိုင်းတွင်ရုပ်အလောင်းများအား ပုံစံတူညှဉ်းပန်းနှိပ်စက်ထားသည့်ဒဏ်ရာများဖြင့် တွေ့ရှိရပြီး၊ " တပ်ကသတ်ထားတဲ့အလောင်းတွေပေါ်မှာ ရွာသားတွေရဲ့ မော်တော်ဆိုင်ကယ်တွေကိုတင်ပြီး မီးရှို့ပစ်တယ်" ဟု သေဆုံးခဲ့သူ တစ်ဦး၏ ဇနီးဖြစ်သူ ကြည်ကြည် (အမည်လွှဲ)ကပြောပြပါသည်။ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၁ ရက် ကနီမြို့တွင် စာသင်ကျောင်းအတွင်း ဝင်ရောက်ကြိုးပမ်းသည့် နောက်ထပ်ပြည်သူတစ်ဦးပစ်ခတ်သတ်ဖြတ်ခံရပါသည်။ ၎င်းသည်လည်း ထူးကျေးရွာအနီး ထိတွေ့တိုက်ပွဲမှ ထွက်ပြေးခဲ့ပြီး တောအုပ်အတွင်းပုန်းအောင်းနေခဲ့ကြောင်းမိသားစုဝင်တစ်ဦးကပြောပါသည်။

၆၁။ အကြမ်းဖက်စစ်အုပ်စုက ပြည်သူအများအပြားအားအမှန်တကယ် ပစ်ခတ်သတ်ဖြတ်ခဲ့သည်မှာ ထင်ရှားပါသည်။ မျက်မြင်သက်သေများအား ဆက်သွယ်မေးမြန်းမှုများအရ အသတ်မခံရမီ ရွာသားအမျိုးသားများအား ဖမ်းဆီးမှုကို တပ်မ ၄၄ က လုပ်ဆောင်ခဲ့သည်ဟု ဆိုပါသည်။ ကနီမြို့နယ်တွင် အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်ခဲ့သော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများတွင် သေဆုံးသူများ၏ ရုပ်အလောင်းများကို မတွေ့ရှိခင်၊ ပစ်ခတ်သံများကိုကြားခဲ့ရပါသည်။ ကနီဖြစ်စဉ်များအားလုံးတွင် ကျူးလွန်ခံရသူများသည် သေဆုံးသည်အထိ (ဝါ) အနိမ့်ဆုံးအားဖြင့် မသေဆုံးမီ၊ သေနတ်ဒင်များဖြင့် ကြမ်းတမ်းရက်စက်စွာရိုက်နှက်ခံရခြင်းအပါအဝင် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရကြောင်းနှင့် ထိုသို့ညှဉ်းပန်းနှိပ်စက် ခံရစဉ်အတွင်း ကျူးလွန်ခံရသူများအား လက်ပြန်ကြိုးတုပ်ထားသည်ဟု ဆိုပါသည်။

၆၂။ ဒုတိယအချက်အနေဖြင့် သတ်ဖြတ်မှုများအား အစုလိုက်အပြုံလိုက်ပမာဏဖြင့် ကျူးလွန်ခဲ့သည်ဟု မှတ်ယူရပါမည်။ ကနီလူသတ်မှုဖြစ်စဉ်များတွင် ကျူးလွန်ခံရသူများအား ပုံစံတူညှဉ်းပန်းနှိပ်စက်မှုများနှင့် ဖြစ်စဉ်အားလုံးအတွက် ကျူးလွန်သူသည် တပ်မ ၄၄ ဖြစ်နေခြင်းတို့က ထိုလုပ်ရပ်များအား တစ်ခုတည်းသော လူသတ်စစ်ဆင်ရေးအဖြစ်ပေါင်းစည်းရန် လုံလောက်သည့် အဆက်အစပ်ရှိစေပြီး တစ်ခုတည်းသော အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်မှုအဖြစ်ပေါ်လွင်စေပါသည်။

၆၃။ တတိယအချက်အနေဖြင့် အစုလိုက်အပြုံလိုက်ပမာဏအားဖြင့်သတ်ဖြတ်ရန် ရည်ရွယ်ချက် (ဝါ) အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် သတ်ဖြတ်ရန်ရည်ရွယ်ချက်ကိုလည်း ဤနေရာတွင် တွေ့နိုင်ပါသည်။ ကျူးလွန်ခံရသူများမသေဆုံးမီ ကြိုးတုပ်ဖမ်းဆီးခံကြရခြင်းနှင့် ရက်စက်ကြမ်းကြုတ်သော ညှဉ်းပန်းနှိပ်စက်မှု၏ သဘောသဘာဝ ၂ ခုစလုံးသည် ကျူးလွန်ခံရသူအား ကြီးမားစွာထိခိုက်နာကျင်မှုကိုဖြစ်စေရန် ရည်ရွယ်သော လက်တွေ့လုပ်ဆောင်ချက်ဖြစ်သည့်အတွက် လွန်စွာဆိုးရွားသည့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုကို ဖြစ်စေသော တင်ကူးရည်ရွယ်ချက်ကို ပြသနေပါသည်။ ထို့အပြင် ရက်စက်ကြမ်းကြုတ်စွာညှဉ်းပမ်းနှိပ်စက်စဉ်အတွင်း ကျူးလွန်ခံရသူ အများအပြားအား ကျူးလွန်သူများက ကိုယ်ထိလက်ရောက်ပြုမူခြင်း သဘောသဘာဝနှင့် အလွန်အမင်း ရိုက်နှက်ခံရခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကြောင့်ဖြစ်စေ၊ ဦးခေါင်းကိုပစ်ခတ်ခြင်းကြောင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၂ မျိုးလုံးကြောင့်ဖြစ်စေ ပြည်သူများစွာသတ်ဖြတ်ခံကြရသည့် နည်းလမ်းနှင့် ကျူးလွန်ခံရသူအများအပြားအား တစ်ပုံစံတည်းနှိပ်စက်ပြုမူသည့် နည်းလမ်းတို့ကလည်း အစုလိုက်အပြုံလိုက် ပမာဏအားဖြင့် သုတ်သင်သတ်ဖြတ်ရန် ပစ်မှတ်ထား၍ လက်တွေ့ရည်ရွယ်ရင်း ဖြစ်ကြောင်းဖော်ပြနေပါသည်။[59]

၆၄။ စတုတ္ထအချက်အနေဖြင့် အရပ်သားပြည်သူအပေါ်ပစ်မှတ်ထားသည့် ရာဇဝတ်မှုဖြစ်ရမည်။ ကျူးလွန်ခံရသူများသည် ၎င်းတို့ကိုယ်တိုင် PDF တပ်ဖွဲ့ဝင်များမဟုတ်ကြဘဲ၊ ဒေသတွင်း အကြမ်းဖက်စစ်အုပ်စု၏ တိုက်ခိုက်မှုများမှ တိမ်းရှောင်ထွက်ပြေးလာကြပြီး၊ တောထဲတွင် လုပ်ကိုင်ရှာဖွေ စားသောက်သူများနှင့် လယ်သမားများဖြစ်သည့်အတွက် အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှု မှတ်တမ်းအရ "အရပ်သားပြည်သူ" ဆိုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီပါသည်။

[59] International Criminal Tribunal for the Former Yugoslavia (2015), cited above.

၆၅။ နောက်ဆုံးအချက်အနေဖြင့် ကျူးလွန်သူများသည် ဤလုပ်ရပ်ကို ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခဲ့ရမည်။ မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းခဲ့သည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ နိုင်ငံရေးအရ သဘောထား ကွဲလွဲသူများနှင့် စစ်တပ်အုပ်ချုပ်မှုကို ဆန့်ကျင်သူများအားဖိနှိပ်ရန် ကျူးလွန်သည့် တိုက်ခိုက်မှုပုံစံဖြစ်ပါသည်။ ၂၀၂၁ခုနှစ် ဇူလိုင် ၇ ရက်က ယင်းကျေးရွာအနီးကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို တွေ့မြင်ခဲ့ရသူများ ပြောသည့် " မင်းတို့တွေဇာတ်လမ်းရှုပ်လို့ ငါတို့ဒီကို လာခဲ့ရတာ" ဆိုသည့် စစ်သားတစ်ယောက်၏ စကားအရ အဆိုပါလုပ်ရပ်များကို တပ်မ ၄၄ ကကျူးလွန်ခဲ့ကြောင်း၊ သို့ဖြစ်ရာ အကြမ်းဖက်စစ်အုပ်စု၏ လက်အောက်ခံတပ်ဖွဲ့ဖြစ်သည့် တပ်မ ၄၄ သည် အားလုံးလွှမ်းခြုံသော ကျယ်ပြန့်၍ စနစ်တကျဖြစ်သည့် တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် အဆိုပါလုပ်ရပ်များကို ကျူးလွန်ရာတွင် တင်ကူးကြံရွယ်ချက်ရှိကြောင်း အထောက်အထားများရှိပါသည်။ စစ်ကိုင်းတိုင်းကနီမြို့နယ်သည် တက်ကြွသော PDF တပ်ဖွဲ့များ၏ ခုခံမှုဖြင့် စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ရာတွင် ထင်ရှားသည့်ဒေသဖြစ်ပြီး၊ ထိုဒေသတွင် ၂၀၂၁ ခုနှစ် ဇွန်လအတွင်း အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့ဝင်များ သတ်ဖြတ်ခံခဲ့ရပြီး တိုက်ပွဲများပို၍ ပြင်းထန်လာသည့်အတွက်[60] အဆိုပါကျေးရွာများသို့ မသွားမီကတည်းက ယင်းဒေသရှိ အရပ်သားပြည်သူများအားဒဏ်ခတ်ရန် တင်ကူးကြံရွယ်ချက်ရှိကြောင်းကို ဤသည်က ပြသနေပါသည်။ အကြမ်းဖက်စစ်အုပ်စု၏ တုံ့ပြန်မှုသည် မြို့ပေါ်နှင့် ပတ်ဝန်းကျင်ကျေးရွာများအား ပစ်မှတ်ထားဖျက်ဆီးရန်ဖြစ်ပါသည်။ အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုများမှရရှိသော အထောက်အထားများတွင် ဇူလိုင် ၁ ရက် ရှစ်ခိုးထပ်တောအုပ်အတွင်း အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုနှင့် ဇူလိုင် ၂၆၊ ၂၇ ရက်များက တောင်ပေါက်ကျေးရွာအုပ်စုတွင် အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုတို့ကို မြင်တွေ့ခဲ့သူများ၏ ပြောကြားချက်များအရ အဆိုပါလုပ်ရပ်များကို ကျူးလွန်ရာတွင် PDF တပ်ဖွဲ့ဝင်များ၊ သို့မဟုတ် ၎င်းတို့အားထောက်ခံသူများကို ပစ်မှတ်ထားကြောင်းသိနိုင်ပါသည်။ ယေဘုယျ တိုက်ခိုက်မှုမှ ခွဲထွက်ပြီး ကျေးရွာများအတွင်းရှိ အရပ်သားပြည်သူများအား တိုက်ခိုက်ခြင်းသည် တပ်မ ၄၄ အနေဖြင့် ကနီမြို့နယ်နှင့်ပတ်ဝန်းကျင်ဒေသများအတွင်း ဒီမိုကရေစီလှုပ်ရှားမှုကို ထောက်ခံသူများအား ရည်ရွယ်ပစ်မှတ်ထားခြင်းထက် ကျော်လွန်သည်ကို တွေ့ရပါသည်။

၆၆။ ထို့အပြင် ရင်းကျေးရွာအနီးဇူလိုင် ၇ ရက်လူသတ်ပွဲကို မျက်မြင်ကြုံတွေ့ခဲ့ရသူများထဲမှ တစ်ဦးဖြစ်သူ ခင်မြတ်စု (အမည်လွှဲ) က "တစ်ယောက်ယောက်ကိုသတင်းပို့နေတာ (အခြေအနေနှင့် ၎င်းတို့၏ လုပ်ဆောင်ချက်) ကြားတယ်" ဟု ပြောပြပါသည်။ သို့ဖြစ်ရာ ထိုဒေသတွင်ကျူးလွန်ခဲ့သော လုပ်ရပ်များအား တပ်မ ၄၄ ၏ အဆင့်မြင့်အရာရှိကြီးများထံ သတင်းပို့တင်ပြခဲ့ခြင်းဖြစ်ပါသည်။ ကနီမြို့နယ် အတွင်း ဇူလိုင် ၁ ရက် လူသတ်ပွဲနှင့်စပ်လျဉ်း၍ မေးမြန်းခဲ့သူတစ်ဦးဖြစ်သည့် ကျော်နိုင်ဝင်း (အမည်လွှဲ) ကလည်း "တခြားရွာသားတွေ ကြောက်သွားအောင် ကျွန်တော့်အဖေကိုပစ်သတ်လိုက်တာ" ဟု ပြောပါသည်။

### ၂၀၂၁ခုနှစ်၊ ဒီဇင်ဘာ ၂၄၊ မိုဆိုကျေးရွာ၊ ခရစ်စမတ်အကြို လူသတ်ပွဲ

၆၇။ ၂၀၂၁ ခုနှစ်၊ ဒီဇင်လာ ၂၄ ရက်က ကရင်နီပြည်နယ်၊ ဖရူဆိုမြို့နယ်၊ မိုဆိုကျေးရွာအနီး အကြမ်းဖက်စစ်အုပ်စုတပ်များနှင့် ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) တို့အကြား တစ်နာရီခန့် ထိတွေ့ပစ်ခတ်မှုဖြစ်ပွားပြီးနောက်၊ အရပ်သားပြည်သူ ဒါဇင်ပေါင်းများစွာ မီးကျွမ်းသေဆုံးနေသည် ကိုတွေ့ရှိရပါ သည်။ အဆိုပါ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု ဖြစ်စဉ်တွင် သေဆုံးသူ ၃၅ ဦးကို အေအေပီပီက အတည်ပြုနိုင်ခဲ့ပြီး၊ သေဆုံးသူ စုစုပေါင်း ၄၉ ဦးအထိ ရှိနိုင်ပါသည်။[61] ခန္ဓာကိုယ်များ မီးလောင်ပျက်စီးမှုကြောင့် ရုပ်အလောင်းများအား ဆရာဝန်များက ရင်ခွဲစစ်ဆေးရာတွင် သေဆုံးသူများသည် မည်သူ မည်ဝါဖြစ်ကြောင်း တိကျစွာမဖော်ထုတ်နိုင်ခဲ့ပါ။ Save the Children အဖွဲ့မှ လူမှုကယ်ဆယ်ရေးဝန်ထမ်း ၂ ဦးလည်း သေဆုံးသူများထဲတွင်ပါဝင်ပါသည်။[62] သေဆုံးသူအများအပြားသည် နောက်ပြန်ကြိုးတုပ်၊ ပါးစပ်များပိတ်ဆို့ခံခဲ့ရပြီး (ဝါ) ၎င်းတို့၏ ရင်ဘတ်နှင့်အဆုတ်တို့တွင် အပေါက်များဖြစ်နေသည်ကို ရင်ခွဲစစ်ဆေးခဲ့သည့်ဆရာဝန်များက အတည်ပြုပြောကြားပါသည်။

---

[60] The Irrawaddy (June 23, 2021), ကနီနှင့် ယင်းမာပင်ဒေသတွင် တိုက်ပွဲများ ပိုပြင်းထန်လာ၊ စစ်သား ၂၀ ကျော် သေဆုံး, *The Irrawaddy* (online), Available at: https://burma.irrawaddy.com/news/2021/06/23/243311.html See also : Myanmar Now (June 23, 2021), ယင်းမာပင်တိုက်ပွဲတွင် စစ်တပ်ဘက်မှ ၂၀ ခန့် သေဆုံး, *Myanmar Now* (online), Available at: https://www.myanmar-now.org/mm/news/7206

[61] The Irrawaddy (2022), " ဖရူဆိုတွင် အစုလိုက်အပြုံလိုက် မီးရှို့အသတ်ခံရမှု ၄၉ ဦးခန့်ထိ ရှိလာနိုင် [Around 49 individuals would have been burnt in Hpruso Massacre]", *The Irrawaddy* (online), Available at: burma.irrawaddy.com/news/2022/01/04/248635.html

[62] Save the Children (2021), "Save the Children staff identified among the dead after burnt bodies found in Myanmar", *Save the Children* (online), Available at: www.savethechildren.net/news/save-children-staff-identified-among-dead-after-burnt-bodies-found-myanmar

၆၈။ ပထမအချက်အနေဖြင့် ဤဖြစ်စဉ်တွင် လူအများအပြားအားသတ်ဖြတ်ခဲ့ခြင်းကို ထင်ရှားစွာတွေ့နိုင်ပါသည်။ ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) ၏ အဆိုအရ မီးရှို့သတ်ဖြတ်မှုကို ပဲခူးတိုင်း၊ ပြည်မြို့နယ်၊ အင်းမအခြေစိုက် တပ်မ ၆၆ က ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး[63]၊ အနည်းဆုံး ၄၂ ဦးအားသတ်ဖြတ်၍မီးရှို့ခဲ့သည်ဟု ဆရာဝန်များက အတည်ပြုထားပါသည်။ "တချို့ကလေးတွေက သေနတ်သံတွေကြားတော့ ကျွန်မတို့ကိုလာပြေးခေါ်တယ်၊ ပြီးတော့ကားတွေကိုလည်း တားထားတယ်"[64] ဟု သေဆုံးသူတစ်ဦး၏ ဇနီးကပြောပြပါသည်။ ဒီဇင်ဘာ ၂၄၊ နံနက်ခင်းတွင် ထိုနေရာသို့ရောက်လာသည့် ကရင်နီနယ်ခြားစောင့်တပ် (BGF) မှ တပ်သား ၄ ဦးအား မော်တော်ယာဉ်များအားမီးရှို့ဖျက်ဆီးသည့်နေရာနှင့် ၅၄ မီတာခန့်အကွာတွင် ဖမ်းဆီးကွပ်မျက်ခဲ့သည်။ သွားရောက်ကြည့်ရှုသည့် ဒေသခံရွာသား ၂ ဦးအားလည်း မော်တော်ယာဉ်များနှင့် ၆၄ မီတာအကွာတွင် ပစ်ခတ်သတ်ဖြတ်ထားခဲ့ကြောင်း နောက်တွင် မိသားစုဝင်များက တွေ့ရှိခဲ့သည်။

၆၉။ ဒုတိယအချက်အနေဖြင့် သတ်ဖြတ်မှုများသည် အစုလိုက်အပြုံလိုက်ပမာဏဖြင့် ကျူးလွန်ခဲ့ခြင်းဖြစ်ရမည်။ သေဆုံးမှုများသည် တစ်ရက်အတွင်းဖြစ်ပွားခဲ့ပြီး၊ ထိုအကြမ်းဖက်လုပ်ရပ်သည် လမ်းပေါ်တွင်သွားလာနေသော မော်တော်ယာဉ်အသီးသီးပေါ်မှ အရပ်သားပြည်သူများအား ရည်ရွယ်ပစ်မှတ်ထားခဲ့ခြင်းဖြစ်သည်။ ကျူးလွန်ခံရသူများအား တစ်ဦးချင်းသီးသန့်အနေဖြင့် ပစ်မှတ်ထားခြင်းမဟုတ်ဘဲ၊ ထိုဒေသအတွင်းနိုင်ငံရေးအရ ဆန့်ကျင်မှုကို သိမ်းကြုံးဒဏ်ခတ်သည့် အကြမ်းဖက်လုပ်ရပ်ဖြစ်ပါသည်။ အရပ်သားပြည်သူများနေထိုင်ရာဒေသများကို ဗုံးကြဲတိုက်ခိုက်ခြင်းနှင့် လက်နက်ကြီးများအသုံးပြုခြင်း၊ မီးရှို့ဖျက်ဆီးခြင်းနှင့် အရပ်သားပစ်မှတ်များအား လေကြောင်းမှတိုက်ခိုက်ခြင်းစသည်ဖြင့် ၂၀၂၁ ခုနှစ်ဒီဇင်ဘာလတွင် အကြမ်းဖက်စစ်အုပ်စုက စစ်ရှိန်မြှင့်ခဲ့သည့် ကရင်နီပြည်နယ်တွင် ဤအစုလိုက်အပြုံလိုက်သတ်ဖြတ်မှုသည် အရပ်သားပြည်သူ လူထုအပေါ် အလုံးစုံတိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ပါသည်။ အကြမ်းဖက်စစ်တပ်နှင့် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများ (EROs) နှင့် PDF တပ်ဖွဲ့များအကြားဖြစ်ပွားနေသော ဒေသတွင်းလက်နက်ကိုင်ပဋိပက္ခကို လက်စားချေတုံ့ပြန်သည့်အနေဖြင့် အဆိုပါချိုးဖောက်မှုများကို ကျူးလွန်ခြင်းဖြစ်ပါသည်။

၇၀။ တတိယအချက်အနေဖြင့် ဤဖြစ်ရပ်တွင် အစုလိုက်အပြုံလိုက်ပမာဏအား သတ်ဖြတ်ရန် ရည်ရွယ်ချက်ကိုလည်း တွေ့နိုင်ပါသည်။ မော်တော်ယာဉ်များအား စစ်တပ်၏ စစ်ဆေးရေးဂိတ်တွင် ရပ်တန့်ခိုင်းခဲ့သည်။ သေဆုံးသူအများအပြားကို ကြိုးတုပ်ထားသည့်အတွက်၊ မသေဆုံးမီ ဖမ်းဆီးခံခဲ့ရပြီး ဦးခေါင်းနှင့် ရင်ဘတ်တို့တွင် ပစ်ခတ်ခံခဲ့ရသည်။ မော်တော်ယာဉ်များပေါ်တွင်ပင် အများအပြား မီးရှို့သတ်ဖြတ်ခံခဲ့ရသည့်အချက်ကလည်း သေဆုံးသူများအား အစုလိုက်အပြုံလိုက် သတ်ဖြတ်ရန် တင်ကူးကြံရွယ်ခဲ့ကြောင်းပြသနေပါသည်။ ထို့အပြင် မော်တော်ယာဉ်များအား ရည်ရွယ်ချက်ရှိရှိတစ်စီးနဲ့ တစ်စီး ဘေးချင်းယှဉ်ရပ်ထားခဲ့သည်ကို တွေ့ရပါသည်။

၇၁။ စတုတ္ထအချက်အနေဖြင့် အရပ်သားပြည်သူလူထုအပေါ် ပစ်မှတ်ထားသည့် ရာဇဝတ်မှုဖြစ်ရမည်။ "ရပ်တန့်ပေးခြင်းမရှိဘဲ၊ လုံခြုံရေးတပ်ဖွဲ့များအားစတင်ပစ်ခတ်သည်ဟု သံသယရှိသည့် မော်တော်ယာဉ် ၇ စီးကို ၎င်းတို့ကပြန်လည်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း"[65] အကြမ်းဖက်စစ်အုပ်စုက ထုတ်ပြန်သည့် ကြေညာချက်တွင် ငြင်းဆိုထားပါသည်။ မီးရှို့သတ်ဖြတ်ထားသည့်အထောက်အထားများနှင့်စပ်လျဉ်း၍ ဖြေကြားရန်ငြင်းဆိုခဲ့ပြီး၊ သေဆုံးသူများ၏ အမည်နှင့် အရေအတွက်ကိုလည်း လွဲမှားဖော်ပြခဲ့ပါသည်။[66] မည်သို့ပင်ဖြစ်စေ ထိုဖြစ်စဉ်ကို မြင်တွေ့သူများထံမှ ရရှိသော တိုက်ဆိုင်စစ်ဆေးထားသော အချက်အလက်များအရ ထရပ်ကား ၆ စီး၊ အိမ်စီးကား ၂ စီး၊ ထော်လာဂျီ ၂ စီးနှင့် မော်တော်ဆိုင်ကယ် ၆ စီးကို စုစုပေါင်း ပြည်သူ ၃၈ ဦးနှင့်အတူ အကြမ်းဖက်စစ်တပ်က မီးရှို့ခဲ့ကြောင်း အတည်ပြုထားပါသည်။ သေဆုံးသူတစ်ဦး၏ ဇနီးက သူမ၏ ခင်ပွန်းသည် ထော်လာဂျီမောင်း၍ "ဝါးသွားခုတ်ရန် ဓားတစ်ချောင်းသာပါသွားကြောင်း"[67] ပြောပြပါသည်။ သေဆုံးသူများထဲတွင် အမည်ဖော်ထုတ်နိုင်ခဲ့သည့် ခူးလီးရယ် (၂၇နှစ်) နှင့် ခူးလူပယ် (၂၈နှစ်) တို့သည် လမ်းပေါ်တွင်ပိတ်မိသွားသော အရပ်သားများ

[63] The Irrawaddy (2022), " ဖရူဆိုတွင် အစုလိုက်အပြုံလိုက် မီးရှို့အသတ်ခံရမှု ၄၉ ဦးခန့်ထိ ရှိလာနိုင် [Around 49 individuals would have been burnt in Hpruso Massacre]", *The Irrawaddy* (online), Available at: burma.irrawaddy.com/news/2022/01/04/248635.html

[64] Myanmar Now (2021), "မိုဆိုကျေးရွာတွင် စစ်ကောင်စီရဲ့ မီးရှို့အသတ်ခံရတဲ့ မိသားစုဝင်တွေက ဘာပြောလဲ [Interview with family members of victims burned to death by the military council in Moso village]", *Myanmar Now* (online), Available at: www.youtube.com/watch?v=jZRy85wL4DE

[65] Myanmar News Agency (January 18, 2022), "Records on 11th press conference held by Information Team of the State Administration Council on 14 January", *The Global New Light of Myanmar* (online), Available at https://www.gnlm.com.mm/records-on-11th-press-conference-held-by-information-team-of-the-state-administration-council-on-14-january/

[66] BBC Burmese (2021), စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းနဲ့ နဲ့ ဘီဘီစီ သီးသန့်အင်တာဗျူး, BBC (online), Available at: https://www.bbc.com/burmese/59326532

[67] 67 *Ibid*.

ဖြစ်ပါသည်။[68] ကျော်လွင်ထူးသည်လည်း သတ်ဖြတ်ခံရသူတစ်ဦးဖြစ်ပြီး၊ အခြားအလုပ်သမား ၇ ဦးနှင့်အတူ ထရပ်ကား ၃ စီးဖြင့် ဓါတ်ဆီနှင့် ဒီဇယ်တိုင်ကီများ ပို့ဆောင်နေစဉ်ဖြစ်ကြောင်း မိသားစုဝင်တစ်ဦးကပြောပါသည်။[69] အခြားအရပ်သား ၄ ဦးသည် တောင်ယာလုပ်ရန်သွားကြသည့် ဒေသခံရွာသားများဖြစ်ပါသည်။ သို့ဖြစ်ရာ အဆိုပါအရပ်သား ပြည်သူများက စစ်သားများကို ပစ်ခတ်ရန်ကြိုးပမ်းသည်ဆိုခြင်းမှာ မဖြစ်နိုင်ပါ။ အမည်ဖော်ထုတ်နိုင်သည့် ကလေးငယ်များနှင့် အနီးအနားကျေးရွာများတွင် လူသားချင်းစာနာမှုလုပ်ငန်းများဆောင်ရွက်ပြီး ရုံးသို့ပြန်လာကြသည့် လူမှုကယ်ဆယ်ရေးဝန်ထမ်း ၂ ဦးသည်လည်း အလားတူပင် ဖြစ်ပါသည်။[70] သေဆုံးသူများထဲတွင် ၄ ဦး သာလျှင် ကရင်နီနယ်ခြားစောင့်တပ်ဖွဲ့ (BGF) အသွင်ပြောင်း ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦးမှ တပ်ဖွဲ့ဝင်များဖြစ်ပါသည်။ ၎င်းတို့သည် ထိုနေရာသို့ လမ်းလျှောက်လာကြပြီး၊ အကြမ်းဖက်စစ်အုပ်စု က ဖမ်းဆီးထားသော အရပ်သားပြည်သူများအား ပြန်လွှတ်ပေးရန် လာရောက်ညှိနှိုင်းကြခြင်းဖြစ်ကြောင်း သိရပါသည်။ ကျူးလွန်ခံရသူအားလုံးအား မသတ်ခင်ဖမ်းဆီးပြီး မလှုပ်နိုင်အောင် တုပ်နှောင်ထားခဲ့ပါသည်။[71]

၇၂။ နောက်ဆုံးအချက်အနေဖြင့် ကျူးလွန်သူများသည် ဤလုပ်ရပ်ကို ကျယ်ပြန့်၍ စနစ်တကျဖြစ်သောတိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခဲ့ရမည်ဖြစ်ပြီး၊ ဤသည်မှာ ထိုသို့သောတိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်ကို သိရှိပြီးဖြစ်ရပါမည်။ ထိုရာဇဝတ်မှုသည် တပ်မ ၆၆ တပ်ဖွဲ့ဝင်များ စစ်ဆေးနေသည့် စစ်တပ်စစ်ဆေးရေး ဂိတ်တွင်ဖြစ်ပွားခဲ့ပါသည်၊ သို့ဖြစ်ရာ ၎င်းစစ်သားများက အထက်အမိန့်အတိုင်း စစ်ဆေးရေးဂိတ်ဖွင့်၍ ဖြတ်သန်းသွားလာသည့် အရပ်သားပြည်သူများအား ဖမ်းဆီးသတ်ဖြတ်ခြင်းဖြစ်ပါသည်။ ဗိုလ်ချုပ်ဇော်မင်းထွန်းက စစ်သားများအနေဖြင့် စစ်ဆင်ရေးတာဝန် ထမ်းဆောင်ရာတွင် စည်းမျဉ်းစည်းကမ်းများကို လိုက်နာသည်[72]ဟု အခိုင်အမာပြောကြားထားသည်ဖြစ်ရာ အကြမ်းဖက်စစ်အုပ်စုခေါင်းဆောင်များ၏ ထုတ်ပြန်ကြေညာချက်များကလည်း ကြိုတင်သိရှိထားကြောင်း ဖော်ပြနေပါသည်။ သတ်ဖြတ်ပြီးနောက်တွင် ရုပ်အလောင်းများအား ကရင်နီတပ်မတော် (KA) ယူနီဖောင်းများဝတ်ပေးထားခြင်းက အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို ဖုံးကွယ်ရန်နှင့် ထိုဖြစ်စဉ်ကို လက်နက်ကိုင်တိုက်ပွဲအဖြစ်ပုံဖော်ရန် ကြိုးပမ်းခြင်းဖြစ်ပါသည်။ ဤသည်မှာ အရပ်သားပြည်သူလူထု အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအား ဖုံးကွယ်ရန် အကြမ်းဖက်စစ်တပ်က သမိုင်းတစ်လျှောက် သုံးခဲ့သည့် နည်းလမ်းဖြစ်ပြီး၊ အဆိုပါ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို မကျူးလွန်မီ တစ်စုံတရာကြိုတင်ပြင်ဆင်ထားကြောင်း ဖော်ပြနေပါသည်။

### ပုဒ်မ ၇(၁) (ဃ) နိုင်ငံအတွင်းမှ နှင်ထုတ်မှု(ဝါ)လူအများအပြားအား အတင်းအဓမ္မနေရပ်စွန့်ခွာစေမှု

၇၃။ နိုင်ငံအတွင်းမှ နှင်ထုတ်မှုနှင့် လူအများအပြားအား အတင်းအဓမ္မနေရပ်စွန့်ခွာစေမှုတို့သည် မတူသောရာဇဝတ်မှုများဖြစ်ပြီး၊ နိုင်ငံအတွင်းမှ နှင်ထုတ်မှုဆိုသည်မှာ အခြားနိုင်ငံတစ်ခုသို့ ထွက်ခွာစေခြင်းဖြစ်၍၊ အတင်းအဓမ္မနေရပ်စွန့်ခွာစေမှုဆိုသည်မှာ နိုင်ငံအတွင်း ဖြစ်ပါသည်။[73] သို့ရာတွင် ၎င်းတို့၏ အခြေခံအရာများက အတူတူပင် ဖြစ်ပါသည်။

- (က) အစုလိုက်အပြုံလိုက်အတင်းအဓမ္မနေရပ်စွန့်ခွာစေမှု[74]
- (ခ) အတင်းအဓမ္မ (ဝါ) အတင်းအကျပ်ခြိမ်းခြောက်သည့် အခြားလုပ်ရပ်များအားဖြင့်
- (ဂ) ဥပဒေနှင့်အညီ နေထိုင်ရာ နေရာဒေသတစ်ခုမှ
- (ဃ) နိုင်ငံတကာဥပဒေအရ ခွင့်ပြုထားသော ခိုင်လုံသည့်အကြောင်းတစ်စုံတစ်ရာမရှိဘဲ

[68] Fortify Rights (2022), *Ongoing War Crimes in Karenni (Kayah) State: May 2021 to January 2022*, United States: Fortify Rights.

[69] 69 Myanmar Now (2021), "မိုဆိုကျေးရွာတွင် စစ်ကောင်စီရဲ့ မီးရှို့အသတ်ခံရတဲ့ မိသားစုဝင်တွေက ဘာပြောလဲ [Interview with family members of victims burned to death by the military council in Moso village]", *Myanmar Now* (online), Available at: www.youtube.com/watch?v=jZRy85wL4DE

[70] Save the Children (2021), "Save the Children staff identified among the dead after burnt bodies found in Myanmar", *Save the Children* (online), Available at: www.savethechildren.net/news/save-children-staff-identified-among-dead-after-burnt-bodies-found-myanmar

[71] Ministry of Human Rights (2022), "Statement on the Christmas Eve Massacre in Karenni State", *National Unity Government* (online), Available at: progressivevoicemyanmar.org/2022/01/05/statement-on-the-christmas-eve-massacre-in-karenni-state/

[72] Myanmar News Agency (January 18, 2022), "Records on 11th press conference held by Information Team of the State Administration Council on 14 January", *The Global New Light of Myanmar* (online), Available at https://www.gnlm.com.mm/records-on-11th-press-conference-held-by-information-team-of-the-state-administration-council-on-14-january/

[73] Decision Pursuant to Article 15 of the Rome Statute. See: International Criminal Court (2019), *Situation in the People's Republic of Bangladesh/Republic of the Union of Myanmar*, Pre-Trial Chamber III, Case No ICC-01/19, p. 53

[74] Rome Statute, art 7(2)(d).

- (င) ကျူးလွန်ခံရသူများသည် ထိုနေရာတွင် ဥပဒေနှင့်အညီနေခဲ့ကြသည်ဆိုသည့် ခိုင်လုံသောအခြေအနေများအား ကျူးလွန်သူက သိရှိခဲ့ပြီးဖြစ်ရမည်။[75]
- (စ) ထိုလုပ်ရပ်သည် ရည်ရွယ်ချက်ရှိရှိဖြစ်ရမည့်အပြင်၊ ကျူးလွန်သူသည် (၁) ထိုအကျိုးဆက်ကို ဖြစ်စေရန် ရည်ရွယ်ခဲ့သည်(ဝါ) (၂) ပုံမှန်အခြေအနေတွင် ထိုကဲ့သို့ဖြစ်လာမည်ကို သိရှိ ပြီးဖြစ်ရမည်။

၇၄။ ထိုလုပ်ရပ်သည် အမှန်တကယ်အင်အားသုံးစရာမလိုအပ်ဘဲ၊ ခြိမ်းခြောက်ခြင်း (ဝါ) အကျပ်ကိုင်ခြင်း၊ အတင်းအကျပ်ခိုင်းစေခြင်း (ဝါ) စိတ်ပိုင်းဆိုင်ရာဖိနှိပ်မှုတို့ ဖြစ်နိုင်ပါသည်။[76] ဒုက္ခသည်များနှင့် နိုင်ငံမဲ့များအပါအဝင် အရပ်သားပြည်သူများသည် ပြည်တွင်း (ဝါ) နိုင်ငံတကာ ဥပဒေကခွင့်ပြုလျှင် နေရာတစ်ခုတွင် ဥပဒေနှင့်အညီ နေထိုင်ခွင့်ရှိသည်။[77] ထို့အပြင် ထိုလုပ်ရပ်သည် အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသည့် ကျယ်ပြန့်၍ စနစ်တကျ ဖြစ်သော တိုက်ခိုက်မှုဖြစ်ပြီး၊ ထိုတိုက်ခိုက်မှုကို သိလျှက်နှင့် ကျူးလွန်ခြင်းဖြစ်ရပါမည်။

၇၅။ နိုင်ငံတစ်ဝန်းတွင် အစုလိုက်အပြုံလိုက် နေရပ်စွန့်ခွာရခြင်းများဖြစ်ခဲ့ပါသည်။ ဤအခန်းတွင် မင်းတပ်(ချင်းပြည်နယ်)[78]၊ လှိုင်သာယာ (ရန်ကုန်တိုင်း)နှင့် ကရင်နီပြည်နယ်တို့တွင်ဖြစ်ခဲ့သည့် ဤရာဇဝတ်မှုကို အထောက်အထားများဖြင့် အဓိကတင်ပြသွားမည် ဖြစ်ပါသည်။ မင်းတပ်မြို့နယ်တွင် စစ်အာဏာရှင်ဆန့်ကျင်ရေး ခုခံတွန်းလှန်စစ်ကို လက်တုံ့ပြန်သည့်အနေဖြင့် ၂၀၂၁ခုနှစ်၊ ဧပြီ ၂၄ မှစ၍ အကြမ်းဖက်စစ်အုပ်စုက မင်းတပ်မြို့ကို ဗုံးကျဲခြင်း၊ မော်တာ၊ အာပီဂျီများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းတို့ဖြင့် ဝေဟင်၊ မြေပြင်ထိုးစစ် စတင်ခဲ့ပါသည်။[79] ရလဒ်အဖြစ်ချင်းပြည်နယ်မှ အရပ်သားပြည်သူ ၅၀,၀၀၀ ကျော်ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ရပြီး၊ ဘေးကင်းရာအကာအကွယ်ရှာဖွေရင်း အနီးဝန်းကျင်ရှိ တောများ၊ တောင်များတွင် အများအပြားပုန်းအောင်း ခိုလှုံနေကြရပါသည်။[80] လုံခြုံရေးအန္တရာယ်အပြင် အကြမ်းဖက်စစ်အုပ်စုက လမ်းများကို ရည်ရွယ်ချက်ရှိရှိပိတ်ဆို့ထားသည့်အတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များအနေဖြင့် ထိုဒေသရှိ ပြည်တွင်းနေရပ် စွန့်ခွာရသူ (IDPs) များအား လက်လှမ်းမီရေးတွင် စိန်ခေါ်မှုများကြုံတွေ့နေရပါသည်။[81]

၇၆။ နေရာဒေသအများအပြားတွင် စစ်အုပ်ချုပ်ရေး (မာရှယ်လော) ဥပဒေထုတ်ပြန်ခြင်းက အရပ်သားပြည်သူများအား အစုလိုက် အပြုံလိုက် နေရပ်စွန့်ခွာခြင်းနှင့် နိုင်ငံအတွင်းမှ ထွက်ခွာခြင်းတို့ကို ဖြစ်စေသော အဆိုပါလူ့အခွင့်အရေးချိုး ဖောက်မှုအများအပြားကို ရေရှည်ဆက်လက်ဖြစ်ပွားဦးစေပါသည်။ ရန်ကုန်တိုင်း ၆ မြို့နယ်၊ မန္တလေးတိုင်း ၅ မြို့နယ်နှင့် နောက်ပိုင်းတွင် ချင်းပြည်နယ် ၁ မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (မာရှယ်လော) ဥပဒေထုတ်ပြန်ခြင်းက ရေရှည်တွင် အခြေအနေကို သိသိသာသာပိုမိုဆိုးရွားစေပါသည်။[82] မာရှယ်လော ဥပဒေအရ စစ်ခုံရုံးက အကြမ်းဖက်စစ်အုပ်စုကို ငြိမ်းချမ်းစွာဆန္ဒပြသူများအား နှစ်အကန့်အသတ်မရှိ ထောင်ဒဏ်များ၊ အလုပ်ကြမ်းနှင့် သေဒဏ်များချမှတ်နိုင်ပြီး သတ်မှတ်ထားသည့် ပြစ်မှု ၂၃ မျိုးထဲမှ တစ်ခုခုကို ကျူးလွန်ကြောင်းစွပ်စွဲခံရလျှင် အဆိုပါပြစ်ဒဏ်များ အတွက် အယူခံခွင့်မရှိပါ။[83] ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်တွင် ၂၀၂၁ခုနှစ် မတ်လလယ်က အနည်းဆုံး အရပ်သားပြည်သူ ၆၅ ဦး သေဆုံးခဲ့သော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုအပြီး မြို့နယ်တစ်ခုလုံးမာရှယ်လော ထုတ်ပြန်ကြေညာခဲ့ပါသည်။[84] ထိုလုပ်ရပ်က သိန်းနှင့်ချီသော ရွှေ့ပြောင်းအလုပ်သမားများအား ၎င်းတို့၏ မူလနေရပ်များသို့ အတင်းအဓမ္မပြန်လည် ပြောင်းရွှေ့စေခဲ့ပြီး၊ မြို့နယ်အတွင်းရှိ အရပ်သားပြည်သူများအား ရက်စက်ကြမ်းတမ်းစွာ ဥပဒေမဲ့ဖမ်းဆီးခြင်း၊ အသက်အန္တရာယ်ခြိမ်းခြောက်ခြင်းတို့ဖြင့် အကြမ်းဖက်စစ်အုပ်စုက အများ

[75] International Criminal Court (2011), *Elements of Crimes*, cited above, p. 6.

[76] IIMM (2021) "Message from the Head of the Mechanism", *Independent Investigative Mechanism for Myanmar* (online), Available at: iimm.un.org/wp-content/uploads/2021/10/2021-10-29-IIMM-Bulletin-October-2021-English-language.pdf

[77] *Ibid*.

[78] Chin State has been targeted because it is a stronghold of the People's Defence Force (PDF), an armed, pro-NUG group. As explained before, their members are legally still civilians. See: Report of the Special Rapporteur, cited above, paragraph 33.

[79] Report of the Special Rapporteur, cited above, paragraph 33.

[80] Video on file with author, num. #15 – 25. Also: Whong, E. (2021)

[81] Radio Free Asia (2021), "မင်းတပ်မြို့ကို စစ်ကောင်စီက ပိတ်ဆို့ပြီး စားနပ်ရိက္ခာ ဖြတ်တောက်ထား [The military council has cordoned Mindat and cut-off food supplies]", *RFA* (online), Available at: www.rfa.org/burmese/news/mindat-residents-flee-05182021071844.html

[82] OHCHR (2021), "Written updates of the Office of the United Nations High Commissioner for Human Rights on the Situation of human rights in Myanmar – September", *Human Rights Council* (online), A/HRC/48/67

[83] Htun, P. (2021), "Beyond the Coup in Myanmar: "In Accordance with the Law" – How the Military Perverts Rule of Law to Oppress Civilians", *Harvard Law* (online), Available at: hrp.law.harvard.edu/myanmar/beyond-the-coup-in-myanmar-in-accordance-with-the-law/

[84] AAPP (2021), "Daily Briefing in Relation to the Coup – Update March 15, 2021", *Assistance Association for Political Prisoners* (online), Available at: aappb.org/?p=13689

အပြား ခြိမ်းခြောက်ခဲ့ပါသည်။[85] ထို့အပြင် လှိုင်သာယာနှင့် ရွှေပြည်သာမြို့နယ်များရှိ စက်ရုံ၊ အလုပ်ရုံ ၆၀ % ခန့်ကို မာရှယ်လောဥပဒေဖြင့် ပိတ်ပစ်ခဲ့သည့်အတွက်၊ ရွှေ့ပြောင်းအလုပ်သမားများအား စက်ရုံ၊အလုပ်ရုံများမှ အတင်းအဓမ္မ စွန့်ခွာထွက်ပြေးစေခဲ့ပြီး ရှင်သန်နေထိုင်ရေးကိုပါ ပိတ်ပင်ကန့်သတ်ခဲ့ပါသည်။

၇၇။ ကရင်နီ(ကယား) ပြည်နယ်သည် ဆိုးရွားရက်စက်သော အကြမ်းဖက်မှုဒဏ်ကို ခံစားရသည့် နောက်ထပ်ဒေသတစ်ခုဖြစ်ပါသည်။ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အချက်အလက်များအရ အကြမ်းဖက် စစ်အာဏာသိမ်းကြိုးပမ်းမှုစတင်ချိန်မှ ဒေသတွင်းအကြမ်းဖက်မှုများကြောင့် ကရင်နီပြည်နယ်မှ ပြည်သူ ၉၃,၈၀၀ ကျော်နေရပ်စွန့်ခွာခဲ့ရပြီး၊ ၂၀၂၂ခုနှစ် မတ်လ ၁၄ ရက်အထိ ပုံစံတူ အကြိမ်ကြိမ် တိုက်ခိုက်မှုများကြောင့် နောက်ထပ်ပြည်သူ ၅၁,၅၀၀သည် နယ်နမိတ်ချင်း ထိစပ်နေသည့် ရှမ်းပြည်နယ် (တောင်ပိုင်း) သို့ ရွှေ့ပြောင်းခဲ့ကြရပါသည်။[86] ကရင်နီပြည်နယ်ရှိ အရပ်သားပြည်သူလူထုအပေါ် အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်သည့် လူမျိုးသုဉ်း သတ်ဖြတ်မှု၊ စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများတွင် လူသတ်မှု၊ အတင်းအဓမ္မနေရပ်စွန့်ခွာစေမှု၊ ကျေးရွာများအား ဗုံးကြဲ တိုက်ခိုက်မှု၊ လူသားဒိုင်းအသုံးပြုမှုနှင့် လူနေအိမ်၊ ဘုရားကျောင်းအပါအဝင် စစ်ရေးပစ်မှတ်မဟုတ်သော နေရာအများအပြားအား တိုက်ခိုက်ဖျက်ဆီးခြင်း[87]တို့ ပါဝင်ပါသည်။ ထို့အပြင် နေရပ်စွန့်ခွာရသော အရပ်သားပြည်သူများအား အသက်ကယ်ဆယ်ရေးအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများအား ပိတ်ဆို့တားဆီးခြင်း၊ ကယ်ဆယ်ရေးလုပ်သားများအား ဥပဒေမဲ့ဖမ်းဆီးခြင်းနှင့် စားနပ်ရိက္ခာများအား ဖျက်ဆီးခြင်းတို့ကို အကြမ်းဖက်စစ်အုပ်စုက ဆက်လက်ပြုလုပ်နေပါသည်။

၇၈။ အထက်တွင်ဖော်ပြခဲ့သောအထောက်အထားများက နိုင်ငံအတွင်းမှ နှင်ထုတ်မှုနှင့် အတင်းအဓမ္မ နေရပ်စွန့်ခွာစေမှု လုပ်ရပ်ဆိုင်ရာ အခြင်းအရာများနှင့် ကိုက်ညီပါသည်။ ပထမအချက်အနေဖြင့် နိုင်ငံတကာဥပဒေအရခွင့်ပြုထားသော ခိုင်လုံသည့်အကြောင်းတစ်စုံတရာ မရှိဘဲ၊ အကြမ်းဖက်စစ်အုပ်စု ခေါင်းဆောင်များသည် အရပ်သားပြည်သူများအား နိုင်ငံမှနှင်ထုတ်ခဲ့ခြင်း (ဝါ) အတင်းအဓမ္မ နေရပ်စွန့်ခွာစေခဲ့ခြင်းဖြစ်ရပါမည်။[88] ၂၀၂၂ ခုနှစ် မေလ ၄ ရက်အထိ စစ်အာဏာသိမ်းမှုအလွန် နိုင်ငံရေးအခြေအနေများကြောင့် မြန်မာနိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်သူ ခန့်မှန်းခြေ ၅၉,၀၀၀ ဦးရှိပါသည်။[89] အကြမ်းဖက်စစ်အာဏာသိမ်းမှုစတင်ချိန်မှ ၂၀၂၂ ခုနှစ်မေလအထိ မြန်မာနိုင်ငံတွင် ပြည်တွင်းနေရပ်စွန့်ခွာရသူ တပ်တိုးလူဦးရေ ခန့်မှန်းခြေ ၆၉,.၄၀၀ ဦးရှိပါသည်။ ၂၀၂၂ ခုနှစ် မေလ ၃၁ အထိ မြန်မာနိုင်ငံတွင် ပြည်တွင်းနေရပ်စွန့်ခွာရသူစုစုပေါင်း ၁,၀၀၀,၀၀၀ ကျော်ရှိနေပြီဖြစ်ပါသည်။[90] ဖေဖော်ဝါရီ ၁ ရက် အကြမ်းဖက် စစ်အာဏာ သိမ်းချိန်မှစ၍ အရေအတွက်အားဖြင့် ၃ ဆနီးပါးဖြစ်လာပါသည်။[91] လူ့အခွင့်အရေးဆုံးရှုံးရသော၊ ချိုးဖောက်ခံရသော အရပ်သားပြည်သူများ၏ ထင်ရှားများပြားသော နေရပ်စွန့်ခွာရမှုကို ဤသည်ကဖော်ပြနေပါသည်။

၇၉။ ဒုတိယအချက်အနေဖြင့် နေရပ်စွန့်ခွာရခြင်းသည် ကျူးလွန်သူ၏ ခြိမ်းခြောက် အကျပ်ကိုင်မှု (ဝါ) အင်အားသုံး ခြိမ်းခြောက်မှုကြောင့် ဖြစ်ရပါမည်။[92] မတူညီသောလုပ်ရပ်အသီးသီး၏ ပေါင်းစည်းမှုက လူအများအပြားအား အတင်းအဓမ္မနေရပ်စွန့်ခွာမှုကို ဖြစ်စေပါသည်။[93]

---

85 The Irrawaddy (2021), "စစ်တပ်အာဏာမြဲဖို့ အလုပ်လက်မဲ့ဘဝတွေ ဘယ်လောက်စတေးရဦးမလဲ [How much more unemployment will be needed to maintain the military power?], *The Irrawaddy* (online), Available at: burma.irrawaddy.com/article/2021/03/16/239506.html

86 UNHCR (2022), "Myanmar Emergency Overview Map – as of 14 March 2022", *UNHCR* (online), Available at: data2.unhcr.org/en/documents/download/91436

87 Mizzima TV (2022), "ကရင်နီပြည်နယ်က စစ်ဘေးရှောင်တွေ ဘယ်လို ဖြတ်သန်းနေရလဲ? [How are the refugees in Karenni State passing through?]", *Mizzima TV* (online), Available at: www.youtube.com/watch?v=EjBciO_qLOA ; Fortify Rights (2022), "Flash Report. Ongoing War Crimes in Karenni (Kayah) State, Myanmar: May 2021 to January 2022", *Fortify Rights* (online), Available at: www.fortifyrights.org/mya-inv-rep-2022-02-15/

88 International Criminal Court (2011), *Elements of Crimes*, cited above.

89 UNHCR (2022), "Myanmar Emergency Update – May 4, 2022", *United Nations* (online), Available at: https://reliefweb.int/attachments/13b3cd4a-ff2e-39c8-a428-2b18eae5dee3/Myanmar%20Emergency%20Update%20-%204%20May.pdf

90 OCHA (2022) Myanmar Humanitarian Update No.18. United Nations Office for the Coordination of Humanitarian Affairs (*Online*) Accessed at: https://reliefweb.int/attachments/dbdb592d-9f1f-4cef-ab8c-402e03e3df1c/OCHA%20Myanmar%20-%20Humanitarian%20Update%20No.18.pdf

91 In January 2021, number of IDPs was 336,000. See: OCHA (2021), "Humanitarian Needs Overview – Myanmar, January 2021", *United Nations* (online), Available at: reliefweb.int/report/myanmar/myanmar-2021-humanitarian-needs-overview-january-2021

92 International Criminal Court (2019), *Situation in the People's Republic of Bangladesh/Republic of the Union of Myanmar*, Pre-Trial Chamber III, Case No ICC-01/19, p. 61

93 International Criminal Court (2012), *Prosecutor vs Muthaura* (Decision on the Confirmation of Charges pursuant to Article 61(7)(a) and (b) of the Rome Statute), Pre-Trial Chamber II, Case No ICC-01/09-02/11, p. 244

လူအများကို နေရပ်စွန့်ခွာထွက်ပြေးစေသော အကြမ်းဖက်စစ်အုပ်စု၏လုပ်ရပ်သည် ဥပဒေပြင်ပသတ်ဖြတ်မှုများ၊ ကျေးရွာများအား သံချပ်က ကားများဖြင့် ပစ်ခတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အတင်းအဓမ္မပျောက်ဆုံးစေခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့ အပါ အဝင် အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပါသည်။ ICC ၏ တရားခွင်မတိုင်မီ ကြိုတင်ကြားနာမှုတွင် ခြိမ်းခြောက် အကြပ် ကိုင်မှုလုပ်ရပ်ဆိုသည်မှာ ကျူးလွန်သူများအနေဖြင့် အရပ်သားပြည်သူများ၏ နေအိမ်များကို ဖျက်ဆီးခြင်းထက်ပိုသော ဆက်လက်၍ ခြိမ်း ခြောက်နေခြင်းဖြစ်ရမည်[94]ဟု သတ်မှတ်ထားပါသည်။ မင်းတပ်ဖြစ်စဉ်သည် ဤအချက်နှင့်ကိုက်ညီသည်၊ အဘယ်ကြောင့်ဆိုသော် ဒေသခံ ပြည်သူများအနေနှင့် နေရပ်စွန့်ခွာပြီးထွက်မပြေးလျှင် ဗုံးဆံနှင့် မြေပြင်ထိုးစစ်ကြောင့် သေဆုံးရနိုင်ပါသည်။ အရပ်သားပြည်သူများအား နေရပ်စွန့်ခွာထွက်ပြေးအောင် အကြမ်းဖက်စစ်အုပ်စုက အကြပ်ကိုင်ခြိမ်းခြောက်ဖိအားပေးခြင်းကို ယင်းကညွှန်ပြနေပါသည်။ ကရင်နီ ပြည်နယ်တွင် လူနေအိမ်များ ဖျက်ဆီးခံရသည်သာမက အရပ်သားပြည်သူများနေရပ်ပြန်လျှင် ထိခိုက်သေဆုံးစေရန် မြေမြှုပ်မိုင်းများ ထောင်ထားခြင်းက ဆက်လက်၍ ခြိမ်းခြောက်ထားခြင်ဖြစ်ပါသည်။[95] လွိုင်သာယာတွင် ၂၀၂၂ခုနှစ် မတ်လ ၁၄ ရက် လူသတ်ပွဲနှင့် မာရှယ် လောဥပဒေထုတ်ပြန်ခြင်းတို့သည် မြို့နယ်အတွင်းနေထိုင်သူများအပေါ်အရေးပါသည့် ရေရှည်ခြိမ်းခြောက်မှုဖြစ်ပြီး၊ ထိုနေရာမှ ထွက်မပြေး လျှင်ဖမ်းဆီးခံရ (ဝါ) သတ်ဖြတ်ခံရနိုင်ပါသည်။ ယင်းခြိမ်းခြောက်မှုက ထောင်ပေါင်းများစွာအားမြို့နယ်မှ စွန့်ခွာရန် ဖိအားပေးခဲ့သည်။ ထို့အပြင် ၂၀၂၂ ခုနှစ် မတ်လ ၁၄ ရက် လွိုင်သာယာလူသတ်ပွဲနေ့တွင် အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့များက မည်သည့်အချိန်တွင် မည်သူများ အား ပစ်ခတ်မည်ဟု တိုင်ပင်နေကြပြီး၊ စစ်သားတစ်ဦးက "ခေါင်းကိုသာချိန်ပစ်ကွာ"[96] ဟု အော်ဟစ်ပြောဆိုနေသည်ကို အမိအရ ရိုက်ထား သော ဗီဒီယို မှတ်တမ်းအများအပြားကလည်း အဆိုပါခြိမ်းခြောက်မှု၏ ရက်စက်ကြမ်းကြုတ်မှုကို ဖော်ပြသည့်အထောက်အထား ဖြစ်ပါ သည်။ ဤအခြင်းအရာများကိုကြည့်ချင်းအားဖြင့် အကြမ်းဖက်စစ်အုပ်စုက ဒေသခံပြည်သူများအား နေရပ်စွန့်ခွာရန် ခြိမ်းခြောက် အကျပ် ကိုင်ခဲ့သည်မှာ ထင်ရှားပါသည်။

၈၀။ တတိယအချက်အနေဖြင့် ကျူးလွန်ခံရသူများသည် "၎င်းတို့မောင်းထုတ်ခံရသည့် နေရာဒေသတွင် ဥပဒေနှင့်အညီ နေထိုင်ခဲ့ခြင်း"[97] ဖြစ်ရပါမည်။ ဥပဒေနှင့် ညီခြင်းဆိုင်ရာ စံချိန်စံညွှန်းကို နိုင်ငံတကာဥပဒေတွင် သတ်မှတ်ထားပါသည်။[98] နိုင်ငံတကာဥပဒေ ပြဋ္ဌာန်းချက် များတွင် အရပ်သားပြည်သူတစ်ဦးသည် ၎င်းမွေးဖွားရာနိုင်ငံနယ်နမိတ်အတွင်း နေထိုင်ခွင့်ရှိသည်ဟု တစ်ညီတစ်ညွတ်တည်းသတ်မှတ်ထား ပါသည်။[99] နိုင်ငံရေးဒုက္ခသည်များ၊ ပြည်တွင်းနေရပ်စွန့် ခွာရသူများတွင် မြန်မာနိုင်ငံသားများပါဝင်နေသည်ဖြစ်ရာ "ဥပဒေနှင့် အညီ နေထိုင် ခြင်း" ဆိုသည့်သတ်မှတ်ချက်သည် ကျူးလွန်ခံရသူအနေဖြင့် "အဆိုပါနေရာဒေသတွင် တရားဝင်နေထိုင်သူ" ဖြစ်ရန်မလိုအပ်ဘဲ၊ "မည်သည့် အကြောင်းကြောင့်ဖြစ်စေ နေရာဒေသတစ်ခုခုတွင် လာရောက်နေထိုင်သူအားလုံးအကျုံးဝင်ပြီး၊ ၎င်းတို့၏ မူရင်းနေရပ်များမှ ဖယ်ရှား မောင်းထုတ်ခံရပြီးနောက် နေရာသစ်တစ်ခုတွင် ယာယီဆောက်လုပ်နေထိုင်သော ပြည်တွင်းနေရပ်စွန့်ခွာရသူများ"လည်း ဤအကာအကွယ် အောက်တွင် အကျုံးဝင်ပါသည်။[100] ကျူးလွန်ခံရသူအများစုသည် အရပ်သားပြည်သူများ၊ သို့မဟုတ် အခြားမှနေရပ်စွန့်ခွာရွှေ့ပြောင်းလာသူ များဖြစ်ဖွယ်ရှိရာ၊ ၎င်းတို့မွေးဖွားရာ နိုင်ငံနယ်နမိတ်အတွင်းတွင် တရားဝင်နေထိုင်ခွင့် အပြည့်အဝရှိပါသည်။ ထို့ကြောင့် ဤအခြင်းအရာ အပေါ် အငြင်းပွားစရာ မရှိပါ။

---

[94] International Criminal Court (2012), Prosecutor vs William Samoeiruto, Henry Kiprono Kosgey and Joshua Arap Sang (Decision on the Confirmation of Charges Pursuant to Article 61(7)(a) and (b) of the Rome Statute), Pre-Trial Chamber II, Case No ICC-01/09-01/11, pp. 248-251.

[95] Kantarawaddy Times (2022), "KnHRG Director Banyar: Military Is Committing Genocide In Karenni State", *Kantarawaddy Times* (online), Available at: ktnews.org/khrg-director-banyar-military-is-committing-genocide-in-karenni-state/

[96] Videos on file with author, num. #26 – 29. See also: www.facebook.com/watch/?v=252555126538237

[97] International Criminal Court (2011), *Elements of Crimes*, cited above, p. 6.

[98] International Criminal Court (2019), *Situation in the People's Republic of Bangladesh/Republic of the Union of Myanmar*, Pre-Trial Chamber III, Case No ICC-01/19, p. 53

[98] Rome Statute, art 7(2)(d), p. 99; Billah, M. (2021), "Prosecuting Crimes against Humanity and Genocide at the International Crimes Tribunal Bangladesh: An Approach to International Criminal Law Standards", *Laws*, vol. 10, no. 04, pp. 82- 83.

[99] See, for example: International Covenant on Civil and Political Rights, opened for signature 19 December 1996, 999 UNTS 171 (entered into force 23 March 1976) art 12(4); American Convention on Human Rights, opened for signature 22 November 1969, 1144 UNTS 123 (entered into force 18 July 1978) art 22(5). Though Myanmar is not signatory to these treaties, they represent the 'international law standard' for establishing lawfulness.

[100] International Criminal Court (2019), *Prosecutor vs Ntaganda* (Judgement) (International Criminal Court, Trial Chamber VI, Case No. ICC-01/04-02/06, p. 1069

၈၁။ စတုတ္ထအချက်အနေဖြင့် ၎င်းတို့၏ နေရပ်စွန့်ခွာရမှုအတွက် နိုင်ငံတကာဥပဒေအရ အကြောင်းတစ်စုံတရာ မရှိရပါ။[101] Muthaura အမှုဖြစ်စဉ်တွင် အကြမ်းဖက်ရက်စက်သည့် လုပ်ရပ်များဖြင့် နိုင်ငံမှ အရပ်သားပြည်သူလူထုအား အတင်းအဓမ္မနေရပ်စွန့်ခွာစေခြင်းအတွက် နိုင်ငံတကာဥပဒေတွင် အကြောင်းတစ်စုံတရာမရှိခဲ့ပါ။[102] ရရှိသော အထောက်အထားများအရ အရပ်သားပြည်သူများအား အကြမ်းဖက်ရက်စက်သည့် လုပ်ရပ်များဖြင့် ခြိမ်းခြောက်ခဲ့ကြောင်း ထင်ရှားပါသည်။ သို့ဖြစ်ရာ စစ်ရေးလှုပ်ရှားမှုများနှင့် အခြားသော အကျပ်ကိုင်ခြိမ်းခြောက်မှုများဖြင့် မြန်မာနိုင်ငံမှာ အရပ်သားပြည်သူများအား နေအိမ်များမှ စွန့်ခွာထွက်ပြေးရအောင် အတင်းအကျပ်ခြိမ်းခြောက်ခဲ့ခြင်းအတွက် အကြမ်းဖက်စစ်အုပ်စုတွင် နိုင်ငံတကာဥပဒေအရ အကြောင်းပြချက်တစ်စုံတရာမရှိကြောင်း အငြင်းပွားစရာမလိုပါ။

၈၂။ ပဉ္စမအချက်အနေဖြင့် ကျူးလွန်ခံရသူများ၏ မိမိတို့နိုင်ငံနယ်နမိတ်အတွင်းနေထိုင်မှုသည်  ဥပဒေနှင့်အညီဖြစ်ကြောင်းခိုင်လုံသည့် အခြေအနေများအား အကြမ်းဖက်စစ်အုပ်စုခေါင်းဆောင်များက သိရှိထားပြီးဖြစ်ရမည်။ အဆိုပါ စစ်ဆင်ရေးများသည် အရပ်သား ပြည်သူများ၊ ပြည်တွင်းနေရပ်စွန့်ခွာရသူများနှင့် ကျေးရွာနေပြည်သူများအား ထိခိုက်လျှက်ရှိကြောင်း အကြမ်းဖက်စစ်အုပ်စုခေါင်းဆောင်များ သိရှိကြသည်ကို ယင်းတိုက်ခိုက်မှုများအားဖော်ပြသည့် နိုင်ငံတကာနှင့် ပြည်တွင်းမီဒီယာသတင်းများကသက်သေခံနေပါသည်။ ထို့အပြင် အဆိုပါနေရာဒေသတွင် နေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံးကို ထိခိုက်စေမည်ကို သိလျှက်နှင့် ပျောက်ကြားစစ်လှုပ်ရှားမှုများကို ရင်ဆိုင်ရာတွင် အကြမ်းဖက်စစ်အုပ်စုသုံးလေ့ရှိသည့် စားနပ်ရိက္ခာ၊ ရံပုံငွေ၊ သတင်းနှင့် လူသစ်စုဆောင်းမှုတို့ကို ဖြတ်တောက်သည့် "ဖြတ် ၄ ဖြတ်" စစ်ရေးမဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အဆိုပါ ရက်စက်ကြမ်းကြုတ်သောလုပ်ရပ်များအား ကျူးလွန်ခြင်းဖြစ်ပါသည်။[103]

၈၃။ ဆဌမအချက်အနေနှင့် ကျူးလွန်သူ၏ လုပ်ရပ်သည် တမင်ရည်ရွယ်ရင်းဖြစ်ရမည့်အပြင်၊ ကျူးလွန်သူသည် (၁) ထိုအကျိုးဆက်ကို ဖြစ်စေရန်ရည်ရွယ်ခဲ့သည် (ဝါ) (၂) ပုံမှန်အခြေအနေတွင် ထိုကဲ့သို့ဖြစ်လာမည်ကို သိရှိပြီးဖြစ်ရမည်။ ထိုလုပ်ရပ်ကို တမင်ရည်ရွယ်သည်မှာ အငြင်းပွားစရာမရှိပါ။ ၎င်းတို့၏ ယခင်ဖြတ်လေးဖြတ်စစ်ရေးမဟာဗျူဟာအတိုင်း အကောင်အထည်ဖော်ခြင်းဖြစ်သည့်အတွက်၊ အကြမ်းဖက်စစ်အုပ်စုသည် တိုင်းရင်းသားဒေသများတွင် အရပ်သားပြည်သူများအား အတင်းအဓမ္မ နေရပ်စွန့်ခွာစေခြင်းနှင့် နိုင်ငံအတွင်းမှ နှင်ထုတ်ခြင်းတို့ကို မဟာဗျူဟာမြောက် လုပ်ဆောင်ခြင်းဖြစ်ပါသည်။ ဥပမာအားဖြင့် မင်းတပ်တိုက်ခိုက်မှုသည် စနစ်တကျဖြစ်ပြီး၊ ယင်းတွင် ဗုံးကြဲခြင်း၊ လက်ပစ်ဗုံး၊ လောင်ချာများဖြင့် တိုက်ခိုက်ခြင်းနှင့် မြို့အတွင်းသို့ စားနပ်ရိက္ခာနှင့် သောက်သုံးရေဖြတ်တောက်ခြင်း အပါအဝင် စစ်ဆင်ရေးအစိတ်အပိုင်းများစွာ ပါဝင်ပါသည်။[104] မင်းတပ်တွင်ဖြစ်ပွားသည့် နိုင်ငံရေးအရ ဆန့်ကျင်မှုကို  ပစ်မှတ်ထားတုံ့ပြန်ခြင်းဖြစ်သည် ဆိုသည့်အချက်နှင့်ပေါင်းစပ်ကြည့်လျှင် မင်းတပ်ရှိ အရပ်သားပြည်သူများကို သီးခြားရွေးချယ်၍ ပစ်မှတ်ထားကြောင်း ပေါ်လွင်သည့်အတွက် တမင်ရည်ရွယ်သည်ကို ညွှန်ပြနေပါသည်။ တိုင်းရင်းသားဒေသများ၏ဖြစ်စဉ်တွင် အကျိုးဆက်ဖြစ်စေရန် ရည်ရွယ်သည်မှာ ထင်ရှားပါသည်။

၈၄။ ဤအခြင်းအရာတစ်ခုတည်းအောက်တွင်ပင် နိုင်ငံအတွင်းမှ ထွက်ခွာရခြင်းနှင့် အတင်းအဓမ္မ နေရပ်စွန့်ခွာရခြင်းများဖြစ်စေလိမ့်မည်ကို ၎င်းတို့သိရှိထားပြီးဖြစ်ကြောင်း ထင်ရှားပါသည်။ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုအပြီး လှိုင်သာယာတွင်မာရှယ်လောဥပဒေ ကျင့်သုံးခြင်းဖြင့်  ထိုဒေသတွင် နေထိုင်ကြသော အရပ်သားပြည်သူလူထုအတွက် ကြိုတင်မမြင်နိုင်သော နောက်ဆက်တွဲ အကျိုးဆက်များရှိလာနိုင်ပြီး၊ ပြည်သူများအနေဖြင့် မာရှယ်လောထုတ်ပြန်မထားသော နေရာဒေသများသို့ပြောင်းရွှေ့ခြင်းက ပို၍ဘေးကင်းလုံခြုံသည်ဟု ယူဆကြမည်ကို အကြမ်းဖက်စစ်အုပ်စုက သိရှိထားပြီး ဖြစ်နိုင်ပါသည်။ ရန်ကုန်တိုင်းမြို့နယ်အချို့တွင် စစ်အုပ်ချုပ်ရေး(မာရှယ်လော) ဥပဒေကြောင့် လူအများအပြား နေရပ်စွန့်ခွာကြသည်ကို သိပြီးဖြစ်လျှက်နှင့် အခြားနေရာဒေသအများအပြားတွင်ပါ အကြမ်းဖက်စစ်အုပ်စုက မာရှယ်လောဥပဒေကို ဆက်လက်ကျင့်သုံးခြင်းသည် ဤအခြင်းအရာနှင့်ပို၍ ကိုက်ညီစေသည့် အထောက်အထားဖြစ်ပါသည်။ ထို့အပြင် မင်းတပ်တွင်စားနပ်ရိက္ခာနှင့်  သောက်သုံးရေဖြတ်တောက်ခြင်းသည်  ဒေသခံပြည်သူများ၏  အသက်ရှင်ရပ်တည်မှုကို  ခြိမ်းခြောက်ခြင်းဖြစ်ပြီး၊

---

[101] Rome Statute, art 7(2)(d).

[102] International Criminal Court (2012), *Prosecutor vs Muthaura* (Decision on the Confirmation of Charges pursuant to Article 61(7)(a) and (b) of the Rome Statute), Pre-Trial Chamber II, Case No ICC-01/09-02/11, p. 20

[103] OHCHR (2021), "Written updates of the Office of the United Nations High Commissioner for Human Rights on the Situation of human rights in Myanmar", *United Nations* (online), A/HRC/48/67

[104] The Irrawaddy (2021), "Chin Teenager Killed as Myanmar Regime Bombards Resistance Town", *Irrawaddy Times* (online), Available at: www.irrawaddy.com/news/burma/chinteenager-killed-as-myanmar-regime-bombards-resistance-town.html?__cf_chl_jschl_tk__=pmd_ACCeuwYz69e44mnN_IMAPjjMX.j1AOWwQlViPn_NHpc-1635921731-0-gqNtZGzNAnujcnBszQbR

ဒေသခံများအနေဖြင့် နေရပ်ကိုစွန့်ခွာ ထွက်ပြေးကာ စားနပ်ရိက္ခာနှင့် သောက်သုံးရေရရှိသော နေရာကို ရှာဖွေကြလိမ့်မည်ဖြစ်ကြောင်း ကျူးလွန်သူများက သိရှိထားပြီး ဖြစ်ပါလိမ့်မည်။[105] အမှန်တကယ်တွင် စားနပ်ရိက္ခာနှင့်သောက်သုံးရေဖြတ်တောက်ခြင်းအားဖြင့် ဤသို့ ဖြစ်လာမည့် အကျိုးဆက်ကို ရည်ရွယ်ခြင်းဖြစ်ပါသည်။ သို့ဖြစ်ရာ ဆဌမ အခြင်းအရာနှင့် ကိုက်ညီပါသည်။

၈၅။ သတ္တမအချက်အနေဖြင့် ထိုလုပ်ရပ်ကို ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခြင်း ဖြစ်ရမည်။[106] Katanga စီရင်ချက်အရ[107] စစ်အာဏာသိမ်းချိန်မှစ၍ အလွန်များပြားသော ဒုက္ခသည်နှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူ (IDPs) အရေအတွက်က ကျယ်ကျယ်ပြန့်ပြန့်ဆိုသည့်အခြင်းအရာကို ထင်ရှား စေပါသည်။ ဆိုခဲ့သည့်အတိုင်း စစ်အာဏာသိမ်းချိန်မှစ၍ ပြည်တွင်း နေရပ်စွန့်ခွာရသူအရေအတွက်က ၃ ဆနီးပါး ဖြစ်ပါသည်။ ထို့အပြင် မြန်မာနိုင်ငံတွင် ၂၀၂၁ ခုနှစ် ပထမ ခြောက်လအတွင်း နေရပ်စွန့်ခွာ ထွက်ပြေးရသူပေါင်း ၂၃၆,၀၀၀ ကျော် ရှိပါသည်။ ၂၀၂၀ ခုနှစ်တစ်နှစ်လုံးတွင် စုစုပေါင်း ၇၀,၀၀၀ ဖြစ်ရာ[108] ဤသို့သိသိသာသာများပြားလာခြင်းသည် စစ်အာဏာသိမ်းမှုနောက်ပိုင်း အခြေအနေအပြောင်းအလဲများ၏ ရလဒ်ဟု ယူဆနိုင်ပါသည်။ တိုက်ခိုက်မှုသည် ကြီးမားကျယ်ပြန့်သော အတိုင်းအတာရှိ၍၊ နိုင်ငံအတွင်းဒေသအားလုံးကို ထိခိုက်စေကြောင်း အဆိုပါကိန်းဂဏန်းအချက်အလက်များက ဖော်ပြနေပါသည်။ ယင်းသည် ပိုမိုကျယ်ပြန့်၍ စနစ်တကျဖြစ်သော စစ်ဆင်ရေးနောက်ခံအခြေအနေတွင် ဖြစ်ပွားခြင်းဖြစ်ပါသည်။ အထူးသဖြင့် ဒုက္ခသည်များ နေရပ်စွန့်ခွာထွက်ပြေးရခြင်းသည် ထိုတိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဖြစ်ပါသည်။ ဥပမာ- မင်းတပ်တွင် နေရပ်စွန့်ခွာရခြင်းသည် မြို့အတွင်းဖြစ်ပွားခဲ့သည့် အကြမ်းဖက်ရက်စက်မှုများ၏ ရလဒ်ဖြစ်ပြီး၊ တိတိကျကျဆိုရလျှင် လူနေရပ်ကွက်များအတွင်းသို့ ဗုံးသီး၊ ဗုံးဆံများ လမ်းကြောင်းလွဲထိမှန်နိုင်သောကြောင့် ဖြစ်သည့်အပြင်၊[109] မြို့ပေါ်တွင် ဘေးကင်းလုံခြုံစွာ ဆက်၍မနေနိုင်အောင်ဖြစ်စေသော ဗိုလ်မှူးသက်နောင်ထူးက သောက်သုံးရေနှင့် လျှပ်စစ်မီးဖြတ်တောက်ခြင်း[110]စသည့် အခြားသော လုပ်ဆောင်ချက်များကြောင့်လည်းဖြစ်ပါသည်။

၈၆။ နိုင်ငံရေးအရ ဆန့်ကျင်သူ လူအစုအဖွဲ့များနေထိုင်သည့်အတွက် မြို့ကိုပစ်မှတ်ထားတိုက်ခိုက်ခြင်း ဖြစ်သောကြောင့် မင်းတပ်၏ ဥပမာသည် အကြမ်းဖက်ရက်စက်မှု၏ သာဓကဖြစ်ပါသည်။ ကရင်နီပြည်နယ်၏ အခြေအနေသည်လည်း အလားတူဖြစ်ပါသည်။ သို့ဖြစ်ရာ ထိုလုပ်ရပ်ကို ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခြင်းဖြစ်ပါသည်။

၈၇။ အဌမအချက်အနေဖြင့် အရပ်သားပြည်သူလူထုကို ရည်ရွယ်ပစ်မှတ်ထားသောတိုက်ခိုက်မှုဖြစ်ရမည်။ ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများသည် အများအားဖြင့် အကြမ်းဖက်စစ်အုပ်စုကို နိုင်ငံရေးအရဆန့်ကျင်မှုကြောင့် လူ့အခွင့်အရေး ချိုးဖောက်ခံရမည်ကို ကြောက်ရွံ့ပြီး နေရပ်ကို စွန့်ခွာထွက်ပြေးကြခြင်းဖြစ်ပါသည်။ လှိုင်သာယာတွင် ပထမဆုံးဆန့်ကျင်ဆန္ဒပြမှုများတွင် ပါဝင်ခဲ့သော စက်မှုဇုန် အလုပ်သမားအများအပြားရှိနေပြီး[111] အကြမ်းဖက်အာဏာသိမ်းမှုကို ဆန့်ကျင်မှုများ အထူးအားကောင်းခဲ့ပါသည်။ စစ်အုပ်ချုပ်ရေး (မာရှယ်လော) ဥပဒေကြေညာပြီးချိန်မှစ၍ ပြည်သူအများအပြားက ကိုယ့်အိမ်ကိုယ်ပြန်ရန် ကြောက်ရွံ့နေခဲ့ရပါသည်။ ယင်းသည် အရပ်သား ပြည်သူလူထုဆိုသည်မှာ နိုင်ငံရေးယုံကြည်သက်ဝင်မှုရှိသော (ထင်မြင်ယူဆသော) လူအစုအဖွဲ့ဟု ဆိုထားသည့် Muthaura အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကိုက်ညီပါသည်။[112] ဤ အခန်းတွင်ထည့်သွင်းထားသော အမှုဖြစ်စဉ်များအားလုံးသည် အရပ်သားပြည်သူ လူထု၊ ရွာသူရွာသားများ၏ နေအိမ်များနှင့် ဘာသာရေးအဆောက်အအုံများအား တိုက်ခိုက်မှုဖြစ်ပါသည်။ ကျေးရွာများကို ရွာလုံးကျွတ် ဗုံးကြဲတိုက်ခိုက်ခြင်း

105 *Ibid*.

106 International Criminal Court (2011), *Elements of Crimes*, cited above, p. 06.

107 International Criminal Court (2014), *Prosecutor vs Katanga*, cited above.

108 OCHA (2020), “Myanmar Humanitarian, Update December 2020”, *United Nations* (online), Available at: reliefweb.int/report/myanmar/written-updates-office-united-nations-high-commissioner-human-rights-situation-human

109 Myanmar Now (June 14, 2021),”Mindat becomes a ghost town under military rule”, *Myanmar Now* (online), Available at: https://www.myanmar-now.org/en/news/home-of-myanmar-opposition-governments-defence-secretary-targeted-in-bomb-attack

110 Chin Human Rights Organization (March 16, 2022), “Collective Punishment: Implementation of “four cuts””p.7, (online), Available at: https://www.iwgia.org/es/documents-and-publications/documents/595-iwgia-chro-collective-punishment-implementation-of-four-cuts-en-2022/file.html

111 Frontier Myanmar (April 1, 2021), “Leaving Hlaingtharya: factory workers flee city for uncertain future”, *Frontier Myanmar* (online), Available at https://www.frontiermyanmar.net/en/leaving-hlaing-tharyar-factory-workers-flee-city-for-uncertain-future/

112 International Criminal Court (2012), *Prosecutor vs Muthaura* (Decision on the Confirmation of Charges pursuant to Article 61(7)(a) and (b) of the Rome Statute), Pre-Trial Chamber II, Case No ICC-01/09-02/11, p. 18

သည် နိုင်ငံရေးအရ ဆန့်ကျင်မှုအားကောင်းပြင်းထန်သည့် အဆိုပါနေရာဒေသများရှိ အရပ်သားပြည်သူများအား အကြမ်းဖက်စစ်အုပ်စုက စနစ်တကျဒဏ်ခတ်ရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

၈၈။ နဝမအချက်အနေဖြင့် အကြမ်းဖက်စစ်အုပ်စုခေါင်းဆောင်များအနေဖြင့် (၁) ထိုလုပ်ရပ်သည် ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏တစ်စိတ်တစ်ပိုင်းဖြစ်ခြင်းနှင့် (၂) အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသော တိုက်ခိုက်မှုဖြစ်သည်ကို သိရှိပြီးဖြစ်ရမည်။ နိုင်ငံအတွင်းမှ နှင်ထုတ်ခြင်းနှင့် အတင်းအဓမ္မနေရပ်စွန့်ခွာရခြင်းတို့ကို ဖြစ်စေသည့် တိုက်ခိုက်မှုများ၏ နောက်ကွယ်မှ ဆုံးဖြတ်ချက်ချမှတ်သည့် လုပ်ငန်းစဉ်ဆိုင်ရာ သတင်းအချက်အလက် မရနိုင်သလောက်နီးပါး ဖြစ်သည့်အတွက် ဤအခြင်းအရာကို သက်သေပြရန် ပိုမိုခက်ခဲပါသည်။ သို့ရာတွင် Omar Al- Bashir အမှုဖြစ်စဉ်နှင့် အလားတူ[113] အကြမ်းဖက်စစ်အုပ်စုခေါင်းဆောင်များအနေဖြင့် မင်းတပ်တိုက်ခိုက်မှုတွင် ဥပမာအားဖြင့် သာမန်အရပ်သားပြည်သူများနေထိုင်ရာ မြို့ကို ပစ်မှတ်ထားကြောင်းသိရှိပြီး ဖြစ်ပါလိမ့်မည်။ Omar Al-Bashir အမှုဖြစ်စဉ်တွင် ထိုသို့သိရှိမှုသည် ကျူးလွန်သူများက အရပ်သားပြည်သူအပေါ် တိုက်ခိုက်မှုတွင် သိလျက်နှင့်ပါဝင်ခဲ့ကြောင်း ယုံကြည်နိုင်လောက်သည့် ဆီလျော်သော အကြောင်းအရင်းများဖြစ်ပါသည်။[114] မြန်မာနိုင်ငံအတွင်းနှင့် အိမ်နီးချင်းနိုင်ငံများရှိ IDPsနှင့် ဒုက္ခသည်စခန်းများအပေါ် မီဒီယာနှင့် သံတမန်များက အများအပြား အာရုံစိုက်ခြင်းကလည်း လူ့အခွင့်အရေးချိုးဖောက်မှုများသည် အရပ်သားပြည်သူများအား နေရပ်စွန့်ခွာထွက်ပြေးစေသည်ကို အကြမ်းဖက်စစ်အုပ်စုက သိရှိကြောင်းညွှန်ပြနေသည့်အချက်ဖြစ်ပါသည်။[115]

၈၉။ သို့ဖြစ်ရာ နိုင်ငံအတွင်းမှ နှင်ထုတ်မှုနှင့် အတင်းအဓမ္မ နေရပ်စွန့်ခွာစေမှုတို့သည် မြန်မာနိုင်ငံတွင် အကြမ်းဖက် စစ်အုပ်စုကျူးလွန်သည့် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများအဖြစ် သတ်မှတ်နိုင်ပါသည်။

**ပုဒ်မ ၇ (၁) (င) ဖမ်းဆီးအကျဉ်းချမှု (ဝါ) ရုပ်ပိုင်းဆိုင်ရာလွတ်လပ်ခွင့်ကို အခြားဆိုးရွားစွာကန့်သတ်ပိတ်ပင်မှု**

၉၀။ ရာဇဝတ်မှုများ၏ အခြင်းအရာများနှင့်အညီ နိုင်ငံတကာရာဇဝတ်ခုံရုံးက အောက်ပါတို့ကို ရောမစာချုပ်၏ ပုဒ်မ ၇(၁) (င) နှင့် ကိုက်ညီသည်ဟု သတ်မှတ်မည်ဖြစ်ပါသည်။[116]

- (က)။ ကျူးလွန်သူက လူတစ်ဦး၊ သို့မဟုတ် တစ်ဦးထက်ပို၍ ထောင်သွင်းအကျဉ်းချထားခြင်း၊ (ဝါ) တစ်နည်းအားဖြင့် လူတစ်ဦး၊ သို့မဟုတ် လူအများ၏ ရုပ်ပိုင်းဆိုင်ရာလွတ်လပ်ခွင့်ကို ဆိုးရွားစွာ ကန့်သတ်ပိတ်ပင်လျှင်
- (ခ)။ ထိုလုပ်ရပ်၏ ပြင်းထန်မှုက နိုင်ငံတကာဥပဒေ၏ အခြေခံစည်းမျဉ်းများကို ချိုးဖောက်လျှင်
- (ဂ)။ ထိုလုပ်ရပ်၏ ပြင်းထန်မှုကိုဖြစ်စေသော ခိုင်လုံသည့်အခြေအနေများကို ကျူးလွန်သူက သိရှိပြီးဖြစ်လျှင်

ထို့အပြင် ထိုလုပ်ရပ်သည် အရပ်သားပြည်သူအပေါ်ရည်ရွယ်ပစ်မှတ်ထားသည့် ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှုဖြစ်ပြီး၊ ထိုတိုက်ခိုက်မှုကို သိလျှက်နှင့် ကျူးလွန်ခြင်းဖြစ်ရပါမည်။

၉၁။ မည်သူမဆို၊ မည်သည့်အကြောင်းကြောင့်ဖြစ်စေ လွတ်လပ်မှု၊ တရားမျှတမှု၊ တန်းတူညီမျှမှု၊ လူ့အခွင့်အရေးနှင့် တိုင်းရင်းသားအားလုံးပါဝင်သည့် နိုင်ငံသားအခွင့်အရေးတို့အတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လှုပ်ရှား ဆောင်ရွက်ခြင်း၊ အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ပါဝင်ခြင်း၊ ဆက်စပ်ပတ်သက်ခြင်းတို့ကြောင့် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ပြစ်မှုကြောင်းအရ ဖြစ်စေ၊ တရားမကြောင်းအရ ဖြစ်စေ၊ ဖမ်းဆီး၊ ထိန်းသိမ်း၊ ပြစ်ဒဏ်ချမှတ်ခံရသူများ အားလုံးကို နိုင်ငံရေးအကျဉ်းသားဟု အေအေပီပီက သတ်မှတ်ထားပါသည်။

---

113 International Criminal Court (2009), *Prosecutor vs Omar Hassan Ahmad Al Bashir* (Decision on the Prosecution's Application for a Warrant of Arrest against Omar Hassan Ahmad Al Bashir), Pre-Trial Chamber I, Case No ICC-02/05-01/09, p. 11

114 *Ibid*.

115 For example, UNHCR (February 7, 2022), “Myanmar Emergency Update”, *ReliefWeb* (online), Available at https://reliefweb.int/report/myanmar/myanmar-emergency-update-1-february-2022 ; Security council of the United Nations (February 2, 2022), “Security Council press statement on the situation in Myanmar” (SC/14785) (online), Available at: https://www.un.org/press/en/2022/sc14785.doc.htm ; U.S Mission Burma (March 28, 2022), “Joint Statement on Armed Forces Day” US Embassy in Burma (online), Available at: https://mm.usembassy.gov/joint-statement-on-armed-forces-day/

116 International Criminal Court (2011), Elements of Crimes, cited above, p. 13.

၉၂။ ဤအခန်းတွင် စစ်အာဏာသိမ်းရန်ကြိုးပမ်းချိန်ကစ၍ နိုင်ငံရေးအကျဉ်းသားဖြစ်နေသော (ဝါ) ဖြစ်ခဲ့သော အရပ်သားပြည်သူများ အကြောင်းကိုသာ အဓိက တင်ပြသွားမည် ဖြစ်ပါသည်။ အကြမ်းဖက်စစ်အာဏာသိမ်းချိန်မှစ၍ ၂၀၂၂ ခုနှစ် မေ ၃၁ အထိ ဖမ်းဆီးထိန်းသိမ်း ခံရသော နိုင်ငံရေးအကျဉ်းသား ၁၃၉၀၂ ဦးရှိပြီး၊ ၁၀၈၄၇ ဦး ဆက်လက်ထိန်းသိမ်းခံထားရဆဲဖြစ်ပါသည်။

၉၃။ နိုင်ငံတကာရာဇဝတ်ခုံရုံး၏ ကျင့်ထုံးဥပဒေကို လေ့လာရာတွင် ဖမ်းဆီးချုပ်နှောင်ခြင်း၏ တရားဝင်မှုကို စံနှုန်းနှစ်ခုဖြင့် သတ်မှတ်ကြောင်းတွေ့ရပါသည်။ ပို၍တိတိကျကျဆိုရလျှင်၊ Kordic နှင့် Cerkez တို့၏[117] အမှုဆိုင်ရာ ICTY ဆုံးဖြတ်ချက်တွင် အဆိုပါ စံနှုန်းများက လွန်စွာရှင်းလင်းပါသည်။ ပထမအချက်အနေဖြင့် ဖမ်းဆီးခြင်း အကြောင်းခံသည် ဥပဒေနှင့် အညီဖြစ်ရမည်၊ ဒုတိယအချက်အနေနှင့် ဖမ်းဆီးခြင်းသည် အမှန်တကယ်ဥပဒေနှင့်အညီ ဖြစ်သည့်တိုင်၊ ဖမ်းဆီးချုပ်နှောင်ခံရသူများသည် ၎င်းတို့၏ ချုပ်နှောင်ခံရမှုကို ထိန်းညှိပေးသော လုပ်ထုံးလုပ်နည်း အကာအကွယ်များကို ရပိုင်ခွင့်ရှိမှသာလျှင် ထောင်သွင်းအကျဉ်းချထားခြင်းသည် ဥပဒေနှင့် ညီညွတ်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ဖမ်းဆီးမှု၏ ဥပဒေနှင့်ညီညွတ်ခြင်းနှင့် လုပ်ထုံးလုပ်နည်းများအား လေးစားလိုက်နာခြင်း နှစ်ခုစလုံးသည် ဖမ်းဆီးချုပ်နှောင်ခြင်း၏ တရားဝင်မှုအတွက် မရှိမဖြစ်လိုအပ်သည့် အခြေအနေများဖြစ်ပြီး၊ ယင်းအခြေအနေ နှစ်ခုအနက် တစ်ခုခုနှင့် မကိုက်ညီလျှင်ဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာလွတ်လပ်ခွင့်ကို ထိုသို့ ဆိုးရွားစွာကန့်သတ်ပိတ်ပင်ခြင်းသည် စနစ်တကျဖြင့်၊ ကျယ်ကျယ်ပြန့်ပြန့်ပုံစံဖြင့်ဖြစ်နေခဲ့လျှင်ဖြစ်စေ ယင်းသို့ဖမ်းဆီးချုပ်နှောင်ထားခြင်းကို လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုဟု သတ်မှတ်နိုင်ပါသည်။

၉၄။ စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုအပြီး နှစ်ပတ်အတွင်းမှာပင် ရာဇသတ်ကြီးဥပဒေတွင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံရေးကိုကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေနှင့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေတို့ကို ပြင်ဆင်ကြောင်း အကြမ်းဖက်စစ်အုပ်စုကကြေညာခဲ့ပါသည်။ ၂၀၂၁ ခုနှစ်ဖေဖော်ဝါရီ ၁၄ရက် တွင် ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ကို ပုဒ်မခွဲ ၃ ခု ဖြစ်သည့် (က) ကြောက်စိတ်ကိုဖြစ်စေသော၊(ခ) သတင်းမှားဖြန့်ဖြူးခြင်း၊ (ဂ) နိုင်ငံဝန်ထမ်းတစ်ဦးဦးအားရန်ပြုတိုက်ခိုက်ရန် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ လှုံ့ဆော်ခြင်း စသည့် အပြောအဆိုများကို ပြစ်မှုအဖြစ်သတ်မှတ်၍ ၊ ယင်းကိုဖောက်ဖျက်ကျူးလွန်ပါက အမြင့်ဆုံး ထောင်ဒဏ် ၃ နှစ်အထိ ပြစ်ဒဏ်ကျခံရမည်ဟု ပြင်ဆင်ခဲ့ပါသည်။[118] Krnojelac အမှုဖြစ်စဉ်တွင်[119]စီရင်ပိုင်ခွင့်အဖြစ် နိုင်ငံဥပဒေကို အဓိကသုံးလျှင် သက်ဆိုင်ရာပြဋ္ဌာန်းချက်များသည် နိုင်ငံတကာဥပဒေကိုချိုးဖောက်ခြင်းမရှိစေရန်ဟု ICTY က ဖော်ပြပါသည်။ ပုဒ်မ ၅၀၅-က ပြင်ဆင်ချက်သည် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေအရ အကာအကွယ်ပေးထားသော အခြေခံအကျဆုံးနှင့် မည်သို့မှဖောက်ဖျက်မရနိုင်သော လူ့အခွင့် အရေးကိုချိုးဖောက်ခြင်းဖြစ်ပြီး၊ ဥပဒေစာသားဖော်ပြချက်သည် တိကျမှုမရှိဘဲ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ပြင်းပြင်းထန်ထန်ဖိနှိပ်ရန်ဖြစ်ပါသည်။ ဤသို့ဆိုလျှင် ထိုဥပဒေအခြေခံဖြင့် ဖမ်းဆီးမှုမှန်သမျှသည် ပင်ကိုယ်အားဖြင့် ဥပဒေနှင့်မညီပါ။ နောက်ထပ်ပြစ်မှုစွဲရန် ဝန်ခံချက်မရသည့်အခါတွင် အကြမ်းဖက်စစ်အုပ်စုက ပုဒ်မ ၅၀၅-က ကို "ကြမ်းခင်း" ပြစ်မှုတစ်ခုအဖြစ် ကျယ်ကျယ်ပြန့်ပြန့် အသုံးချနေပါသည်။[120] ပုဒ်မ ၅၀၅-က ကိုပြင်ဆင်ခြင်းသည် နိုင်ငံ၏ ဥပဒေများကို အကြီးစား ပြန်လည်ပြင်ဆင်ခြင်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး နိုင်ငံရေးအရဆန့်ကျင်သူမှန်သမျှကို ဖမ်းဆီးနိုင်ရေး အတွက် အကြမ်းဖက်စစ်အုပ်စုက ရည်ရွယ်ချက်ရှိရှိ၊ သတိကြီးကြီးဖြင့် တရားဥပဒေစိုးမိုးမှုကို ဖျက်ဆီးလိုခြင်းဖြစ်ကြောင်း ပြသနေပါသည်။

၉၅။ သတင်းထောက် ရာဂိုလင်း (အမည်လွှဲ)သည် မည်သည့်အကြောင်းကြောင့် (ဝါ) မည်၍မည်မျှကြာမည်ကို မသိရဘဲ ဖမ်းဆီးအကျဉ်းချခံရပါသည်။ အေအေပီပီက မေးမြန်းခဲ့သည့် အခြားနိုင်ငံရေးအကျဉ်းသားများ အားလုံးနည်းတူပင်၊ အကျဉ်းချခံရစဉ်အတွင်း ၎င်းအားထောင်မှ (ဝါ) ချုပ်နှောင်ထားသည့်နေရာမှ ထွက်ခွာခွင့်မပြုခဲ့ပါ၊ ထောင်တိုက်ခန်းထဲမှာ အပြင်သို့ပင်ပေးမထွက်ပါ။ နိုင်ငံရေးအရ ဖမ်းဆီးထိန်းသိမ်းခံရသူများအားလုံးသည် ဖမ်းဆီးချုပ်နှောင်ခံရစဉ်အတွင်း ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာလွတ်လပ်ခွင့်ကို ဆိုးရွားစွာကန့်သတ် ပိတ်ပင်ခံကြရပါသည်။

117 International Criminal Tribunal for the former Yugoslavia (February 26, 2001) *Prosecutor v. Dario Kordic & Mario Cerkez* (IT-95-14/2-T), §279, Available at https://www.icty.org/x/cases/kordic_cerkez/tjug/en/kor-tj010226e.pdf

118 Min Aung Hlaing (2021), "State Administration Council Law No (5/2021) Law Amending the Penal Code", *The Global New Light of Myanmar* [military junta outlet](online), Available at: cdn.myanmarseo.com/file/client-cdn/gnlm/wp-content/uploads/2021/02/15_Feb_21_gnlm_1.pdf

119 ICTY trial chamber (March 15, 2002), Prosecutor v. Krnojelac (IT-95-25-T), §113-114, Available at https://www.icty.org/x/cases/krnojelac/acjug/en/krn-aj030917e.pdf

120 Free expression Myanmar (January 31, 2022), "505A Act of revenge", p.23 (online), Available at: https://freeexpressionmyanmar.org/wp-content/uploads/2022/01/505a-act-of-revenge-1.pdf

၉၆။ အေအေပီပီ၏ မူရင်းသတင်းအချက်အလက်များအရ အများအပြားသည် နေအိမ်များတွင်ပင် ဖမ်းဝရမ်းမပါဘဲ ဖမ်းဆီးခံရပါသည်။ ထို့အပြင် ဖမ်းဆီးရသည့်အကြောင်းအရင်းကို ဖမ်းဆီးခံရသူများအား အသိမပေးဘဲ စနစ်တကျထိမ်ချန်ထားသည့်အပြင်၊ ၎င်းတို့အား မည်သည့်စွဲချက်များဖြင့် တရားစွဲမည်ကိုလည်း နိုင်ငံရေးအရ ဖမ်းဆီးထိန်းသိမ်းထားသူများအား အသိမပေးပါ။ ဥပမာ- ၂၀၂၁ မတ် ၇ ရက်တွင် ဝေဠု (အမည်လွှဲ) အား ကျောင်းသားအစုအဖွဲ့များနှင့် ယခင်က နီးစပ်ပတ်သက်ခဲ့မှုကြောင့် သီးခြားပစ်မှတ်ထားကာ ဖမ်းဆီး ထိန်းသိမ်းခဲ့ပါသည်။ ၂၀၂၁ မေ ၂ ရက်တွင် ထွေးမောင် (အမည်လွှဲ) အား (တက်ကြွလှုပ်ရှားသူ အခြား ၉ ဦးနှင့်အတူ) နေအိမ်တွင်ဖမ်းဆီးခဲ့ပြီး၊ ၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက်က နုနုသန်း (အမည်လွှဲ) ဖမ်းဆီးခံရသည့်နည်းတူဖြစ်ပါသည်။ ထောင်ဇာ (အမည်လွှဲ) သည် ၂၀၂၁ ခုနှစ်မေလ ၂ ရက်က လှိုင်မြို့နယ်အတွင်း ပြောက်ကျားဆန္ဒပြလှုပ်ရှားမှုများတွင် ပါဝင်စဉ်ဖမ်းဆီးခံခဲ့ရပါသည်။ ၎င်းတို့နှစ်ဦးစလုံးအား စစ်ကြောရေးနှင့် ထိန်းသိမ်းရေးစခန်းများသို့ခေါ်ဆောင်သွားပြီး၊ မည်သည့်အတွက် ဖမ်းဆီးသည်၊ မည်သည့်အချိန်တွင်ပြန်လည်လွှတ်ပေးမည်ကိုလုံးဝမသိရဘဲ ရက်ပေါင်းများစွာ ထိန်းသိမ်းထားခဲ့ပါသည်။ ၂၀၂၁ ခုနှစ် မတ်လ ၃ရက်တွင် မြထွေး (အမည်လွှဲ)၊ ထွန်းဝင်း (အမည်လွှဲ)၊ သူဇာလွင် (အမည်လွှဲ)၊ တင့်တင့်ကြူ (အမည်လွှဲ)နှင့် ညိမ်းညိမ်းထွန်း (အမည်လွှဲ) တို့အားလုံးသည် ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပနှင့် လှိုင်မြို့နယ်တို့တွင် ငြိမ်းချမ်းစွာဆန္ဒပြနေစဉ် လက်မောင်းတံဆိပ်များအရ တပ်မ ၇၇ ဟုမှတ်မိသော စစ်သားများ၏ ဖမ်းဆီးခြင်းကို ခံကြရပါသည်။ အဖမ်းခံရသူတိုင်းသည် ဖမ်းဆီးခံရချိန်တွင် ၎င်းတို့ကိုယ်တိုင်ရိုက်နှက်ခံရသည်၊ သို့မဟုတ် အခြားသူများအား ရိုက်နှက်နေသည်ကို မြင်တွေ့ကြရပါသည်။ ၎င်းတို့အား ကားများပေါ်သို့ အတင်းဖမ်းဆီးတင်ဆောင်ပြီး၊ ဘာကြောင့်ဖမ်းဆီးသည်၊ မည်သည့်နေရာကိုခေါ်သွားမည်ကို မသိရဘဲ၊ ထိန်းသိမ်းရေးစခန်းများသို့ ပို့ဆောင်ခံခဲ့ရသည်ဟု ၎င်းတို့က ဆက်ပြောပါသည်။ အများစုကို အင်းစိန်အကျဉ်းထောင်သို့ပို့ဆောင်ခဲ့ပြီး အပြင်ထွက်ခွင့်မပေးဘဲ ထောင်တိုက်ခန်းထဲတွင် သီတင်းပတ်များစွာနေခဲ့ကြရပါသည်။ မြထွေး (အမည်လွှဲ) သည် မည်သည့်စွဲချက်၊ ထောင်ထဲတွင်မည်မျှနေရမည်ကို မသိဘဲ ၁၄ ရက်ကြာ၊ ညိမ်းညိမ်းထွန်း (အမည်လွှဲ)သည် ၂၁ ရက်ကြာ၊ ထွန်းဝင်း (အမည်လွှဲ)နှင့် အတူစုစုပေါင်း ၈၀ ဦးခန့်သည် သီတင်းတစ်ပတ်ကျော်ကြာ၊ သူဇာလွင် (အမည်လွှဲ)သည် မည်သည့်စွဲချက်ဖြင့် စွဲဆိုခံရသည်ကို မသိဘဲ ၁၇ ရက်ကြာ၊ တင့်တင့်ကြူ (အမည်လွှဲ)သည် ၂၁ ရက်ကြာ နေခဲ့ကြရပါသည်။ ၁၇ နှစ်အရွယ် ဧပရယ်ဖြူဖြူ (အမည်လွှဲ) သည်လည်း မတ်လ ၃ ရက်တွင် ဖမ်းဆီးခံခဲ့ရပြီး ၉ ရက်အကြာတွင် ပြန်လည်လွတ်မြောက်ခဲ့ပါသည်။ ဖမ်းဝရမ်းနှင့် ဖမ်းဆီးသည့်အကြောင်းကို ရှင်းပြရန် လိုအပ်ကြောင်း ICTY က ထပ်လောင်းအတည်ပြုထားပါသည်။[121] ယင်းတို့သည် ဘူရွန်ဒီနိုင်ငံအခြေအနေတွင်[122] ဖမ်းဆီးအကျဉ်းချထားခြင်း ကို လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုအဖြစ် သတ်မှတ်ရာ၌ ICC က ထည့်သွင်းစဉ်းစားခဲ့သည့် အခြင်းအရာများလည်း ဖြစ်ပါသည်။

၉၇။ ဖမ်းဆီးခံရသူတစ်စုံတစ်ဦးသည် နိုင်ငံလုံခြုံရေးအတွက် အန္တရာယ်ရှိကြောင်းခိုင်လုံပါက ဖမ်းဆီးမှုသည် ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်ပါသည်။ ဘူရွန်ဒီနိုင်ငံအခြေအနေတွင် ဆန္ဒပြစဉ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံးဖြင့် တိုက်ခိုက်ခြင်းအပါအဝင် မလိုလားအပ်သည့် အကြမ်းဖက်မှုကို လုပ်ဆောင်သူတစ်စုံတစ်ဦးအား ဖမ်းဆီးခြင်းသည် တရားဝင်သည်ဟု ICC ကယူဆပါသည်။ သို့ရာတွင် လက်နက်ကိုင်ခုခံသည့် ထိုသို့သောဖြစ်စဉ်များတွင်ပင် ဖမ်းဆီးမှု၏ အခြေခံအကြောင်းသည် ဥပဒေနှင့် အညီဖြစ်ပြီး၊ Kordic နှင့် Cerkez တို့၏ အမှုဖြစ်စဉ်တွင်[123] ICTY က ပြတ်ပြတ်သားသား ဆုံးဖြတ်ခဲ့သည့်အတိုင်း ဖမ်းဆီးအကျဉ်းချထားခြင်းသည် ဥပဒေနှင့်အညီဖြစ်စေရန် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအတိုင်း လေးစားလိုက်နာရမည်ဖြစ်ပါသည်။ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများဆိုင်ရာ စံချိန်စံညွှန်းကို အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဆိုင်ရာကြေညာစာတမ်း၏ အပိုဒ် ၉၊ ၁၀၊ ၁၁တို့တွင် "ဥပဒေအရမဟုတ်သော ဖမ်းဆီးခြင်းကိုဖြစ်စေ၊ ချုပ်နှောင်ခြင်းကိုဖြစ်စေ မခံစေရ....လူတိုင်းသည် လွတ်လပ်၍၊ ဘက်မလိုက်သော တရားရုံးတော်၏ လူအများ ရှေ့မှောက်တွင် မျှတစွာကြားနာစစ်ဆေးခြင်းကို တူညီစွာခံစားပိုင်ခွင့်ရှိသည်....လူအများရှေ့မှောက်၌ ဥပဒေအတိုင်းစစ်ဆေး၍ ပြစ်မှုကျူးလွန်သည်ဟု ထင်ရှားစီရင်ခြင်းခံရသည့်အချိန်အထိ၊ ပြစ်မှုနှင့်တရားစွဲဆိုခြင်းခံရသူတိုင်းသည် အပြစ်မဲ့သူဟူ၍ ယူဆခြင်းခံထိုက်သည့်အခွင့်အရေးရှိသည်၊ ကြားနာစစ်ဆေးရာဝယ် စွပ်စွဲခံရသည့်ပြစ်မှုအတွက် ခုခံချေပနိုင်ရန် လိုအပ်သောအခွင့်အရေးများကို ထိုသူအားပေးပြီးဖြစ်စေ

121 International Criminal Tribunal for the former Yugoslavia (February 26, 2001) *Prosecutor v. Dario Kordic & Mario Cerkez* (IT-95-14/2-T), §114, Available at https://www.icty.org/x/cases/kordic_cerkez/tjug/en/kor-tj010226e.pdf

122 ICC (November 9, 2017) Situation in the Republic of Burundi, Public Redacted Version of "Decision Pursuant to Article 15 of the Rome Statute" (ICC-01/17-X), §68, Available at https://www.icc-cpi.int/CourtRecords/CR2017_06720.PDF

123 International Criminal Tribunal for the former Yugoslavia (February 26, 2001) *Prosecutor v. Dario Kordic & Mario Cerkez* (IT-95-14/2-T), §279, Available at https://www.icty.org/x/cases/kordic_cerkez/tjug/en/kor-tj010226e.pdf

ရမည်”[124] ဟု ဖော်ပြထားပါသည်။ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများအား လေးစားလိုက်နာကြောင်း ဆုံးဖြတ်နိုင်ရန် ဘူရွန်ဒီနိုင်ငံ အခြေအနေဆိုင်ရာ ICC ၏ တရားခွင်မတိုင်မီ ကြိုတင်ကြားနာမှုတွင်[125] တရားမစွဲတင်မီ ချုပ်နှောင်ထားသည့် အချိန်ကာလအတိုင်းအတာနှင့် ဖမ်းဆီးခံထားရသူများ၏ လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများငြင်းပယ်ခံရခြင်း ရှိ၊ မရှိ၊ အကြံဉာဏ်ရယူခွင့်၊ ၎င်းတို့အားချုပ်နှောင်ထားမှုသည် ဥပဒေနှင့်အညီ ဖြစ်ကြောင်း ချက်ချင်းအဆုံးအဖြတ်ခံယူပိုင်ခွင့်၊ ၎င်းတို့အားစွဲဆိုထားသည့် စွဲဆိုချက်များအား သိရှိပိုင်ခွင့်နှင့် တရားသူကြီး၏ ရှေ့မှောက်တွင် ရောက်ရှိခွင့်တို့အပြင် မိသားစုနှင့်ဆက်သွယ်ခွင့်၊ ဆေးဝါးကုသမှုခံယူပိုင်ခွင့်စသည့် အခြေအနေများစွာကို ထည့်သွင်းစဉ်းစားခဲ့ပါသည်။

၉၈။ ဥပမာအားဖြင့် နေနိုင် (အမည်လွှဲ)နှင့် နေလင်းထက် (အမည်လွှဲ) တို့၏ ဖြစ်စဉ်တွင် မည်သည့်စွဲချက်များဖြင့် တရားစွဲတင်ထားကြောင်း အသိမပေးခဲ့သည့်အပြင်၊ ဖမ်းဆီးသည့်အကြောင်း၊ တရားရုံးတင်မည့်နေ့ရက်တို့ကိုလည်း မသိခဲ့ရဘဲ၊ ၎င်းတို့၏ရှေ့နေများနှင့်လည်း ဆက်သွယ်ခွင့်မရခဲ့သောကြောင့် သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများအား လေးစားလိုက်နာခြင်း မရှိခဲ့ပါ။ သက်သေအထောက်အထားတစ်စုံတစ်ရာမရှိဘဲ ၎င်းတို့အားပြစ်ဒဏ် ချမှတ်ခဲ့ပြီး ၎င်းတို့၏ရှေ့နေက စာရွက်စာတမ်း၊ ဓါတ်ပုံ၊ သို့မဟုတ် လုံခြုံရေးကင်မရာ မှတ်တမ်းများစသည့် အပြစ်မရှိကြောင်း အထောက်အထားများတင်ပြရန် ကြိုးပမ်းမှုကိုလည်း ပယ်ချခဲ့ပါသည်။ ဆက်သွယ်မေးမြန်းမှုကို ဖြေကြားခဲ့သူ မည်သူတစ်ဦးတစ်ယောက်မျှ လွတ်လပ်မျှတသော တရားစီရင်မှုကိုမရရှိခဲ့ပါ။ အမှန်တကယ်ပင် ၎င်းတို့၏ ရှေ့နေများ အနေဖြင့် တရားသူကြီးအား သက်သေခံအထောက်အထား တင်ပြခွင့်ရော၊ သက်သေများအား ပြန်လည်စစ်ဆေးမေးမြန်းခြင်းပါ ပြုလုပ်ခွင့်မရကြကြောင်း ဖြေဆိုသူအများအပြား၏ ပြောကြားချက်အရ သိရပါသည်။ ဖြစ်စဉ်အများအပြားတွင် တရားစွဲဆိုခံရသူအား စစ်သားများက ဖမ်းဆီးခြင်းဖြစ်သော်လည်း၊ ရဲများကဖမ်းဆီးမှု အသေးစိတ်ကို ထွက်ဆိုရသောကြောင့် တရားခွင်စစ်ဆေးမှုများတွင် ရဲအရာရှိများက ကျမ်းကျိန်၍ လိမ်ညာကြသည်ကိုလည်း မကြာခဏတွေ့ရပါသည်။ ထို့အပြင် နောက်ထပ်အများအပြားသည် လျှောက်လဲချက်ပင် လုံးဝ မပေးနိုင်ကြပါ။[126]

၉၉။ စစ်အုပ်ချုပ်ရေး (မာရှယ်လော) ဥပဒေထုတ်ထားသည့်နေရာဒေသများတွင် ပြစ်ဒဏ်ချခံရသူများသည် ရှေ့နေခေါ် ပိုင်ခွင့်မရှိပါ။ အခြားသူများ၏အခြေအနေသည်လည်း လွန်စွာရှုပ်ထွေးပြီး နိုင်ငံရေးအရ ဖမ်းဆီးထိန်းသိမ်းခံရသူများအတွက် ဥပဒေရေးရာအကျိုးဆောင်များသည်အကြမ်းဖက်စစ်အုပ်စု၏ ပစ်မှတ်ထားခံရသည့်အပြင်၊ အကြမ်းဖက်စစ်အာဏာသိမ်းချိန်မှစ၍ ရှေ့နေနှင့် အလုပ်သင်ရှေ့နေ ၃၂ ဦး ဖမ်းဆီးခံခဲ့ရပါသည်။ နေနိုင် (အမည်လွှဲ) နှင့် နေလင်းထက် (အမည်လွှဲ) တို့၏ရှေ့နေအား ဖမ်းဆီးမည်ဟု အကြိမ်ကြိမ်ခြိမ်းခြောက်ခံရပါသည်။ ၎င်းတို့အား နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ အကျဉ်းထောင်အတွင်း မဝင်နိုင်အောင်ဟန့်တားနှောက်ယှက်ခြင်းနှင့် အကြမ်းဖက်စစ်အုပ်စု၏သတင်းပေးများက ဓာတ်ပုံရိုက်ယူခြင်းများကိုကြုံတွေ့ကြရပါသည်။ သီဟ (အမည်လွှဲ) သည် ရှေ့နေငှားရမ်းရန် အခက်အခဲကြုံခဲ့ရပြီး၊ ရှေ့နေငှားရမ်းပြီးသည့်နောက်တွင် ၎င်းတို့အားခြိမ်းခြောက်သဖြင့် ကိုယ်တိုင်လျှောက်လဲရန်ပြောဆိုပြီး အမှုမှနောက်ဆုတ်သွားခဲ့ပါသည်။ အထူတရားရုံးနှင့် စစ်ခုံရုံးနှစ်ခုစလုံးကို အကြမ်းဖက်စစ်အုပ်စုက အသေအချာ ထိန်းချုပ်ထားသည့်အတွက် စစ်အာဏာသိမ်းပြီးချိန်မှစ၍ လွတ်လပ်မျှတစွာတရားရင်ဆိုင်ခွင့်လုံးဝပျောက်ဆုံးသွားခဲ့ပြီး၊ နိုင်ငံရေးအရဖမ်းဆီးထိန်းသိမ်းခံရသူများ ပြစ်ဒဏ်ချမှတ်ခံရခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်သာဖြစ်ပါသည်။

၁၀၀။ ထို့အပြင် နိုင်ငံရေးအရထိန်းသိမ်းခံရသူများနှင့် အကျဉ်းသားများ၏ထောင်ဝင်စာတွေ့ဆုံခွင့်ကိုလည်း စနစ်တကျပိတ်ပင်ထားပါသည်။ မိသားစုနှင့်ရော ပြင်ပလောကနှင့်ပါ အဆက်ဖြတ်ခံထားရပါသည်။ မိသားစုများနှင့် တွေ့ဆုံခွင့်နှင့် ဆေးကုသမှုခံယူပိုင်ခွင့် မရသလောက်နီးပါးဖြစ်ပါသည်။[127] ထောင်အတွင်းနှင့်အပြင် စာအပေးအယူမရှိသလောက်ဖြစ်ပြီး၊ ဖမ်းဆီးခံရချိန်မှ ပြန်လည်လွတ်မြောက်သည့် အချိန်အကြား မိသားစုဝင်များနှင့် တွေ့ဆုံခွင့်က ပို၍ပင်နည်းပါးပါသည်။ နွဲ့ရီ (အမည်လွှဲ) က ဖမ်းဆီးခံရချိန်မှစတင်၍ ဘာသတင်းမျှမကြားရသည့်

---

[124] United Nations (1948), *Universal Declaration of Human Rights*, GA Res 217A (III), UN GAOR, UN Doc A/810, art. 9, 10 and 11; Andrews, T. H. (2021), *Report of the Special Rapporteur*, cited above.

[125] ICC (November 9, 2017) Situation in the Republic of Burundi, Public Redacted Version of “Decision Pursuant to Article 15 of the Rome Statute” (ICC-01/17-X), §89, Available at https://www.icc-cpi.int/CourtRecords/CR2017_06720.PDF

[126] AAPP (March 23,2022), “Political Prisoners Experience in Interrogation, Judiciary, and Incarceration Since Burma’s Illegitimate Military Coup”, (online), Available at https://aappb.org/?p=20734

[127] AAPP (March 23,2022), “Political Prisoners Experience in Interrogation, Judiciary, and Incarceration Since Burma’s Illegitimate Military Coup”, (online), Available at https://aappb.org/?p=20734

အတွက် သူမ၏သား၊ သမီးများအား အလွန်အမင်းစိတ်ပူကြောင်း ပြောပြပါသည်။ ထောင်တိုက်ခန်း၏အပြင်ဘက်ပင်ထွက်ခွင့်မရသည့် ရာဂိုလင်း (အမည်လွှဲ) ကဲ့သို့ပင် တခြားထင်ရှားသည့် နိုင်ငံရေးအကျဉ်းသားအများအပြားကိုလည်း အကျဉ်းထောင်အတွင်းသီးသန့်ခွဲထားပါသည်။ ကာလကြာရှည် တစ်ဦးတည်းသီးသန့်ခွဲထားသည့် နည်းလမ်းကိုမကြာခဏအသုံးပြုကြပါသည်။

၁၀၁။ ထို့အပြင် နိုင်ငံရေးအကျဉ်းသားများအနေဖြင့် ဆေးကုသခွင့်လုံးဝမရှိခြင်းမဟုတ်လျှင်ပင် ယင်းကိုအလွန်အမင်း ကန့်သတ်ထားပါသည်။ အမှန်တကယ်ပင် မြစ်ကြီးနားအကျဉ်းထောင်တွင် အကျဉ်းသား ၁၂၀၀ အတွက် ဆရာဝန်တစ်ဦးနှင့် သူနာပြုတစ်ဦးသာရှိပါသည်။[128] အေအေပီပီကကောက်ယူရရှိသည့် သတင်းအချက်အလက်များအရ ယခင်ရှိသည့် ကျန်းမာရေးအခြေအနေကြောင့်ဖြစ်စေ၊ ဖမ်းဆီးချုပ်နှောင်ခံရစဉ်အတွင်း ညှဉ်းပန်းနှိပ်စက်ခံကြရ၍ဖြစ်စေ ဆေးကုသရန်လိုအပ်သည့်အကျဉ်းသားအများအပြားသည် ထိုသို့ဆေးကုသခွင့် မရကြပါ။ ခင်ကေခိုင် (အမည်လွှဲ) သည် အကြမ်းဖက်စစ်အုပ်စု၏ပစ်ခတ်ဖမ်းဆီးခံရပြီး ဝမ်းဗိုက်တွင်သေနတ်ဒဏ်ရာရရှိခဲ့ရာ အာထရာဆောင်း (Ultrasound) ရိုက်ရန်လိုအပ်သော်လည်း ရိုက်ခွင့်မပေးခဲ့ပါ။ ထားဝယ်အကျဉ်းထောင်တွင် ရှိနေစဉ် သူမ၏အခြေအနေ သိသိသာသာဆိုးရွားခဲ့ပါသည်။[129] ထိုအကျဉ်းထောင်တွင်ပင် လည်ပင်းအကျိတ်ဖြစ်သောအမျိုးသမီးတစ်ဦးသည် လိုအပ်သည့်အရေးပေါ် ခွဲစိတ်ကုသမှုမရရှိခဲ့ပါ။ ရိုက်နှက်ခံရပြီး ခေါင်းတွင်ဖူးယောင်၍နာကျင်ကိုက်ခဲနေသော်လည်း ချုပ်နှောင်ခံထားရစဉ်အတွင်း ဆေးကုသခွင့်မရခဲ့သည့် ကျော်ထူးအောင် (အမည်လွှဲ) က ဦးခေါင်းခွံကွဲအက်သွားသော်လည်း ဆေးကုသခွင့်မရသော ဘဝတူဖမ်းဆီးချုပ်နှောင်ခံရသည့် သက်ထွား (အမည်လွှဲ) ခံစားရသည့်ဝေဒနာကို ပြန်ပြောပြပါသည်။

၁၀၂။ ဥပဒေနှင့်မညီသောဖမ်းဆီးအကျဉ်းချထားမှုအား လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုမြောက်ကြောင်း သတ်မှတ်နိုင်ရန်မှာ ထိုလုပ်ရပ်သည် အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသည့် ကျယ်ပြန့်၍စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျူးလွန်ခြင်းဖြစ်ရပါမည်။ စစ်အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ နေရာဒေသအနှံ့အပြားတွင် အနည်းဆုံးအရပ်သားပြည်သူ ၁၃၉၀၂ ဦး ဖမ်းဆီးချုပ်နှောင်ခံရသည်ဖြစ်ရာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သော အခြင်းအရာကို သက်သေပြရန်လွယ်ကူပါသည်။ အကြမ်းဖက်စစ်တပ်သည် ငြိမ်းချမ်းစွာဆန္ဒပြသော နေရာများတွင် အမြဲအသင့်ရှိနေပြီး၊ အေအေပီပီ၏ဆက်သွယ်မေးမြန်းမှုကို ဖြေဆိုပေးကြသူ အများစုသည် ထိုနေမျာတွင်ဖမ်းဆီးခံကြရခြင်းဖြစ်၍ အချို့ကဆန္ဒပြမှုများပြုလုပ်မည့် အချိန်နှင့်နေရာကို ၎င်းတို့ကကြိုတင်သိရှိထားကြောင်းပြသနေရာ အဆိုပါတိုက်ခိုက်မှုများကိုလည်း စနစ်တကျကျူးလွန်ခြင်း ဖြစ်ပါသည်။ ဆန္ဒပြသူများ၊ ဆေးဘက်ဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားများ စသည်တို့ကို အကြမ်းဖက်ဖြိုခွင်းစဉ်အတွင်း သူမဖမ်းဆီးခံရခြင်းဖြစ်ကြောင်း မြထွေး (အမည်လွှဲ) က အသေးစိတ်ရှင်းပြပါသည်။ ထွန်းဝင်း (အမည်လွှဲ) ကလည်း တပ်မ ၇၇ က ဆန္ဒပြသူများအား ညှပ်ပူးညှပ်ပိတ် ပိတ်ဆို့ကာစနစ်တကျပြင်ဆင်၍ တုတ်များ၊ သေနတ်ဒင်များဖြင့် ရိုက်နှက်ဖမ်းဆီးသည်ကို မြင်တွေ့ခဲ့ရပါသည်။ သူမနည်းတူ အခြားဖမ်းဆီးခံရသူ ၈၀ ကျော်နှင့်အတူ အချုပ်ထောင်တွင် သူမနေခဲ့ရပါသည်။ ထောင်ဇာ (အမည်လွှဲ) က အရပ်သားပြည်သူ ၂၀၀ ခန့်အား ရိုက်နှက်ဖမ်းဆီးသည်ကို မြင်တွေ့ခဲ့ပြီး၊ ချမ်းကို (အမည်လွှဲ) က ပြည်သူ ၄၀၀ ကျော်နှင့် ညိမ်းညိမ်းထွန်း (အမည်လွှဲ) က မြောက်ဥက္ကလာပ အနီးတွင် စုစုပေါင်း ပြည်သူ ၂၇၅ ဦး ဖမ်းဆီးခံရသည်ဟု ပြောပါသည်။ ထို့အပြင် နိုင်ငံဥပဒေများကို ပြင်ဆင်ခြင်း၊ အထူးသဖြင့် ပုဒ်မ ၅၀၅-က ကိုပြင်ဆင်ခြင်းက ဥပဒေနှင့်မညီသော အစုလိုက်အပြုံလိုက်ဖမ်းဆီးမှုများလုပ်ဆောင်မည့်ရည်ရွယ်ချက်ကို ဖော်ပြနေပါသည်။ အခြားအများအပြားကဲ့သို့ပင် မြထွေး (အမည်လွှဲ)၊ ထွန်းဝင်း (အမည်လွှဲ)၊ သူဇာလွင် (အမည်လွှဲ)၊ တင့်တင့်ကြူ (အမည်လွှဲ)၊ ရာဂိုလင်း (အမည်လွှဲ) နှင့် ထွေးမောင် (အမည်လွှဲ) တို့အား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် တရားစွဲဆိုခဲ့ပါ သည်။ ဝေဠု (အမည်လွှဲ)သည် နိုင်ငံရေးအကျဉ်းသားဟောင်းတစ်ဦးဖြစ်ပြီး၊ ၂၀၀၇ ခုနှစ်မှစ၍ ထောင်ထဲတွင် ၄ နှစ် ကျော် ကြာနေခဲ့ရပါသည်။ အကြမ်းဖက်စစ်အုပ်စုသည် နိုင်ငံရေးယုံကြည်သက်ဝင်မှုရှိ၍ ပါဝင်ခဲ့ဖူးပြီး၊ ယခင်က ဖမ်းဆီးထိန်းသိမ်းခံရဖူးသူများအား ထပ်မံဖမ်းဆီးရန် အစီအစဉ်ဖြင့် ပစ်မှတ်ထားရှာဖွေခဲ့သည်ကို ယင်းကသက်သေပြနေပါသည်။[130] ဤအထောက်အထားများအားလုံးက အကြမ်းဖက်စစ်အုပ်စု၏ လုပ်ရပ်များသည် စနစ်တကျဖြစ်သည့် သဘောသဘာဝရှိကြောင်းညွှန်ပြနေပါသည်။ သို့ဖြစ်ရာ ဤအခြင်းအရာနှင့်ကိုက်ညီပါသည်။

---

[128] *Ibid.*

[129] *Ibid.*

[130] Bo Kyi (2021), "Myanmar Junta's Tactic of Re-Arresting Political Prisoners is Psychological Warfare", *The Irrawaddy* (online), Available at: www.irrawaddy.com/news/burma/myanmar-juntas-tactic-of-re-arresting-political-prisoners-is-psychological-warfare.html

၁၀၃။ နောက်ဆုံးအနေဖြင့် ထိုလုပ်ရပ်သည်ကျယ်ပြန့်၍စနစ်တကျဖြစ်ပြီး အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသော (ဝါ) ထိုသို့ဖြစ်စေရန်ရည်စူးသောလုပ်ရပ်ဖြစ်သည်ကို ကျူးလွန်သူက သိရှိပြီးဖြစ်ရပါမည်။ အခြေအနေတစ်ခုရှိသည် (ဝါ) ပုံမှန်အခြေအနေတွင် အကျိုးဆက်ဖြစ်လာမည်ကို သိခြင်းကို သိရှိခြင်းဟုသတ်မှတ်ပါသည်။ စစ်အာဏာသိမ်းချိန်မှစ၍ လပေါင်းများစွာကြာ ဆန္ဒပြသူများအားဖမ်းဆီးခြင်းကို ရုပ်သံတွင် တစ်နိုင်ငံလုံးသို့အသိပေးထုတ်ပြန်နေသည်ဖြစ်ရာ၊ ကျူးလွန်သူအများအပြားသည် ၎င်းတို့ကိုယ်တိုင် အရပ်သားပြည်သူများကိုပါဝင်ဖမ်းဆီးသည့်အခါ ထိုလုပ်ရပ်ကိုသိရှိပြီးဖြစ်နိုင်ပါသည်။ အခြားတပ်ဖွဲ့ဝင်များက သီးခြားလူပုဂ္ဂိုလ်များကို လိုက်လံရှာဖွေ ဖမ်းဆီးနေသည်ဖြစ်ရာ ကျယ်ပြန့်၍စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဖမ်းဆီးခြင်းကို ကြိုတင်သိလျှက်နှင့်ရည်ရွယ်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပေါ်လွင်ပါသည်။ စစ်တပ်က ၎င်း၏နေအိမ်သို့ရောက်လာချိန်တွင် 'ဝေဠု (အမည်လွှဲ) ဆိုတာမင်းလား' ဟု မေးမြန်းခဲ့ကြောင်း ဝေဠု (အမည်လွှဲ) ကပြောပါသည်။ မီမီညွန့် (အမည်လွှဲ) သည်လည်း တစ်ပုံစံတည်းဖြစ်ခဲ့ပါသည်။ အရပ်သားပြည်သူများကို ဖမ်းဆီးပြီးနောက် ချုပ်နှောင်ထားမည့်စခန်းများ၊ သို့မဟုတ် အင်းစိန်အကျဉ်းထောင်သို့ ၎င်းတို့အား ပို့ဆောင်ကြသည်ဖြစ်ရာ ဖမ်းဆီးခြင်း၏ အကျိုးဆက်သည် အဆိုပါအရပ်သားပြည်သူများအားဖမ်းဆီးချုပ်နှောင်ထားမည်ဆိုသည်ကို ကျူးလွန်သူများက သိရှိပြီး ဖြစ်ပါလိမ့်မည်။ မြထွေး (အမည်လွှဲ) က ၎င်းအားအင်းစိန်ထောင်သို့ပို့ရာတွင် သူမ၏လက်ကိုင်ဖုန်းကို သိမ်းဆည်း၍ စစ်သားနှစ်ဦးက သူမကိုဓါတ်ပုံရိုက်ကာဆန္ဒပြကြွေးကြော်သံများကိုကြွေးကြော်ပြီး သူမကိုလှောင်ပြောင်ခဲ့ကြသည်ဟု ပြောပါသည်။ သူမအားမဖမ်းဆီးမီ ရဲက 'နင်တို့ဆေးအဖွဲ့ကမဟုတ်လား' ဟုမေးကြောင်းလည်းပြောပါသည်။ ဖမ်းဆီးမှုများသည် ဆန္ဒပြမှုများနှင့် ကယ်ဆယ်ရေးလုပ်သားများအား အကြမ်းဖက်စစ်အုပ်စု၏ ရက်ရက်စက်စက်ဖြိုခွင်းနေမှုများနှင့် ဆက်စပ်နေသည်ကို တာဝန်ကျ အရာရှိများကသိရှိကြောင်း ထိုလုပ်ရပ်ကဖော်ပြနေပြီး အရပ်သားပြည်သူများအား ပစ်မှတ်ထားသည်ကိုသိရှိကြောင်းလည်း ပြသနေပါသည်။ နောက်ဆုံးအနေဖြင့် အရပ်သားပြည်သူများအား ပိုမိုလွယ်ကူစွာ ဖမ်းဆီးချုပ်နှောင်ထားနိုင်ရန် အကြမ်းဖက်စစ်အုပ်စုက ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က ကို ပြင်ဆင်သည့်အချက်ကလည်း ဤသို့ကျယ်ပြန့်၍စနစ်တကျဖြစ်သောတိုက်ခိုက်မှုကို ကျူးလွန်ရမည်ကို သိရှိကြောင်းနှင့် ရည်ရွယ်ချက်ရှိကြောင်းညွှန်ပြနေပါသည်။ ခြုံ၍ပြောရရင် သိလျှက်နှင့်ကျူးလွန်ခြင်းဆိုသည့် အခြင်းအရာကို ရာဇဝတ်မှုအဖြစ် သတ်မှတ်နိုင်ပါသည်။


၁၀၄။ ICTR တရားခွင် အမှတ် ၃ Ntagerura အမှုဖြစ်စဉ်[131]တွင် ဖမ်းဆီးချုပ်နှောင်ခြင်းဆိုင်ရာ ရာဇဝတ်မှု၏ နောက်ထပ်စံနှုန်းတစ်ခုဖြစ်သည့် ပြင်းထန်မှုနှင့် လေးနက်မှုတို့ကိုထပ်လောင်းဖြည့်စွက်ထားပါသည်။ ထိုသို့ ဥပဒေနှင့်မညီဘဲ ဖမ်းဆီးချုပ်နှောင်ခြင်းသည် အထူးသဖြင့် ကန့်သတ်ပိတ်ပင်ခြင်းဖြစ်ပြီး ကာလရှည်ကြာသည်သာမက ညှဉ်းပမ်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အတင်းအဓမ္မ ပျောက်ဆုံးစေမှုစသည့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုမြောက်စေသည့် အခြားချိုးဖောက်မှုအများအပြားရောပြွမ်းပေါင်းစုံနေသည့် ရာဇဝတ်မှုလည်း ဖြစ်ပါသည်။ ထို့ကြောင့် အရပ်သားပြည်သူများအား ဥပဒေနှင့်မညီသောဖမ်းဆီးချုပ်နှောင်မှုသည် ၎င်းတို့အပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခံရနိုင်ခြေကိုပိုမိုမြင့်မားစေပါသည်။

၁၀၅။ ထို့အပြင် မြန်မာနိုင်ငံရှိအကျဉ်းထောင်များသည် အကြမ်းဖက်မှုအခြေအနေများကြောင့် နာမည်ဆိုးဖြင့်ကျော်ကြားပါသည်။ အေအေပီပီ၏ မူရင်းရရှိသော သက်သေအထောက်အထားများနှင့် ပွင့်လင်းသော အရင်းအမြစ်များ၏ မှတ်တမ်းများအရ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဖမ်းဆီးချုပ်နှောင်ခံရသူအများအပြားသည် ဖမ်းဆီးထိန်းသိမ်းခံရစဉ်အတွင်း ရိုက်နှက်ခံရခြင်းနှင့် အခြေခံလိုအပ်ချက်များရပိုင်ခွင့်ကို ငြင်းပယ်ခံရခြင်းအပါအဝင် ရက်စက်ပြင်းထန်သောညှဉ်းပန်းနှိပ်စက်မှုကို ကိုယ်တိုင်ကြုံတွေ့ရသည်၊ သို့မဟုတ် အခြားသူများကြုံတွေ့သည်ကို မြင်တွေ့ကြပါသည်။ ဥပမာ- ထွေးမောင် (အမည်လွှဲ) သည် လေးရက်ကြာ အစားအစာနှင့်ရေအဖြတ်ခံရပြီး၊ အိမ်သာထဲမှရေကို အတင်းအဓမ္မသောက်ခိုင်းခံခဲ့ရပါသည်။ ထောင်ဇာ (အမည်လွှဲ) သည်လည်း အကျဉ်းထောင်ဝန်ထမ်းများက သေနတ်ပြခြိမ်းခြောက်ပြီး မိလ္လာသယ်ရခြင်းကဲ့သို့ သိက္ခာကျစေသည့်လုပ်ရပ်များကို စေခိုင်းခံခဲ့ရပါသည်။

၁၀၆။ ကလေးသူငယ်များအားဖမ်းဆီးချုပ်နှောင်ခြင်းနှင့် ယင်းတို့အားထည့်သွင်း၍ ညှဉ်းပန်းနှိပ်စက်ခြင်းသည်လည်း နိုင်ငံတကာဥပဒေနှင့်ဆန့်ကျင်ပါသည်။ ဖမ်းဆီးခံရချိန်တွင် အသက် ၁၇နှစ်သာရှိသေးသည့်အပြင် အကျဉ်းထောင်အာဏာပိုင်များ၏ ရိုက်နှက်မှုသားကောင်ဖြစ်ခဲ့သော ထွေးမောင် (အမည်လွှဲ) သည် ယင်းဖြစ်ရပ်တွင် အကျုံးဝင်ပါသည်။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၇ တွင် ဖမ်းဆီးခံရသူတစ်ဦး၏ နှစ်နှစ်အရွယ်သမီးဖြစ်သူ ရွှေယွန်းအိမ်သည် အကျဉ်းထောင်တွင်း အခြေအနေများကြောင့် ကျန်းမာရေးပိုမိုဆိုးရွားခဲ့ပြီး ၎င်း၏မိခင်နှင့်

131 International Criminal Tribunal for Rwanda, Trial Chamber III (February 25, 2004), Prosecutor v. André Ntagerura, Emmanuel Bagambiki and Samuel Imanishimwe, (ICTR-99-46-T)

အတူ ဖမ်းဆီးချုပ်နှောင်ခံထားရစဉ် သံတွဲအကျဉ်းထောင်အတွင်း သေဆုံးခဲ့ပါသည်။[132] ၂၀၂၂ ခုနှစ် မေလ ၃၁ အထိ ကလေးသူငယ် ၃၃၈ ဦး သည် ၂၄ နာရီထက်ပို၍ ဖမ်းဆီးချုပ်နှောင်ခံခဲ့ရပြီး ၎င်းတို့အနက် ၆၁ ဦးကို နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများအား ချိုးဖောက်ကာ ဓါးစာခံအဖြင့်ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း အေအေပီပီက မှတ်တမ်းပြုစုထားပါသည်။ သို့ဖြစ်ရာ ချိုးဖောက်မှုများ၏ ပြင်းထန်လေးနက်မှုကို ငြင်းချက်ထုတ်စရာမလိုဘဲ၊ မြန်မာနိုင်ငံတွင် ဖမ်းဆီးအကျဉ်းချထားခြင်းသည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုမြောက် ပါသည်။




**ပုဒ်မ ၇ (၁) (စ) ညှဉ်းပန်းနှိပ်စက်မှု**

၁၀၇။ ရောမစာချုပ် စာပိုဒ် ၁ (ပုဒ်မ ၇) ၏ ရည်ရွယ်ချက်အရ ညှဉ်းပန်းနှိပ်စက်မှုဆိုသည်မှာ -

- (က) ရုပ်ပိုင်းအရဖြစ်စေ၊ စိတ်ပိုင်းအရဖြစ်စေ ရည်ရွယ်ချက်ဖြင့် ပြင်းထန်သောနာကျဉ်မှု (ဝါ) ဝေဒနာကို ထိခိုက်ခံစားစေခြင်း။
- (ခ) ဖမ်းဆီးချုပ်နှောင်ခံထားရသူ (ဝါ) စွပ်စွဲခံရသူအဖြစ်ထိန်းသိမ်းခံထားရသူ လူတစ်ဦးတစ်ယောက်အပေါ်
- (ဂ) ဥပဒေနှင့်ညီသော ပြစ်ဒဏ်ပေးမှုများအရ အပ်နှင်းထားသော (ဝါ) ယင်းတို့၏အကျိုးဆက်ကြောင့်သာ ပေါ်ပေါက်သော ညှဉ်းပန်းနှိပ်စက်မှုဟူ၍ အကျုံးမဝင်သည့်နာကျဉ်မှု (ဝါ) ဝေဒနာမှတစ်ပါး

၁၀၈။ ထို့အပြင် ထိုလုပ်ရပ်သည် အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသည့် ကျယ်ပြန့်၍စနစ်တကျဖြစ်သော တိုက်ခိုက်မှုဖြစ်ပြီး၊ ထိုတိုက်ခိုက်မှုကိုသိလျက်နှင့် ကျူးလွန်ခြင်းဖြစ်ရပါမည်။

---

[132] Nan Oo Nway (2022), “Two-year-old daughter of female PDF suspect dies in Thandwe prison”, *Myanmar Now* (online), Available at: www.myanmar-now.org/en/news/two-year-old-daughter-of-female-pdf-suspect-dies-in-thandwe-prison

၁၀၉။ အကြမ်းဖက်စစ်အုပ်စုသည် ဖမ်းဆီးချုပ်နှောင်ခံထားရသူများပေါ် ဖမ်းဆီးသည့်အချိန်တွင်ဖြစ်စေ၊ စစ်ကြောရေးစခန်းများတွင်ဖြစ်စေ၊ အကျဉ်းထောင်တွင်ဖြစ်စေ ရိုက်နှက်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်မှုကို ကျူးလွန်နေပါသည်။ ဤသည်မှာ မြန်မာ စစ်တပ်က အစဉ်အဆက်သုံးခဲ့သော မူဝါဒဖြစ်၍ အကျဉ်းထောင်များ၊ စစ်ကြောရေးစခန်းများနှင့် တိုင်းရင်းသားဒေသများတွင် အဓိကကျူးလွန်လေ့ရှိပါသည်။[133] ၁၉၈၈ မှ ၂၀၁၀ ခုနှစ်အကြား သုံးခဲ့သည့် ညှဉ်းပန်းနှိပ်စက်မှုနည်းလမ်းအားလုံးကို အေအေပီပီက အထောက်အထားများဖြင့် အစီရင်ခံစာများထုတ်ဝေခဲ့ဘူးသည်ဖြစ်ရာ မြန်မာနိုင်ငံတွင် အစိုးရအဆက်ဆက်က ထိုသို့သောလုပ်ရပ်များကို ဆက်လက်ကျင့်သုံးနေသည်ကို ဖော်ပြပါသည်။ အလားတူပင် စစ်အာဏာသိမ်းရန်ကြိုးပမ်းချိန်မှစ၍ ၎င်းတို့အားနည်းမျိုးစုံဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့သည်ဟု အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုများကိုဖြေကြားသူများက ပြောပါသည်။ ယင်းသိုအနက်မှ အချို့ကို ဖမ်းဆီးခံရသည့်နေရာ၊ စစ်ကြောရေးစခန်းများ (ဝါ) အကျဉ်း ထောင်အတွင်းစသည်ဖြင့် အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်မှုကို ကျူးလွန်ခံရသည့် နေရာအလိုက်အမျိုးအစားခွဲခြား၍ အောက်တွင်ဖော်ပြ ထားပါသည်။

**ဖမ်းဆီးခံရသည့်နေရာတွင် အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်မှု**

၁၁၀။ အေအေပီပီက စုဆောင်းရရှိထားသော သတင်းအချက်အလက်များအရ နိုင်ငံရေးအရ ဖမ်းဆီးချုပ်နှောင်ခံရသူများအား ဖမ်းဆီးသည့်အချိန်မှစ၍ အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်ပါသည်။ လာရောက်ဖမ်းဆီးစဉ်တွင် အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်များ ကျင့်သုံးလေ့ရှိသော ထင်ရှားသည့် အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်ခြင်းနည်းလမ်း ဖြစ်ပါသည်။ ဆက်သွယ်မေးမြန်းမှုကို ပါဝင်ဖြေကြားသူအများအပြားက ၎င်းတို့ကိုယ်တိုင်ကြုံတွေ့ခံစားရသော (ဝါ) တွေ့မြင်ရသော နှိပ်စက်မှုများကိုပြောပြကြပါသည်။ ဥပမာ ၂၀၂၁ ခုနှစ် မတ်လ ၆ ရက်တွင် အကြမ်းဖက်စစ်အုပ်စုက NLD ပါတီဝင်ဖြစ်သူ ၎င်း၏ဖခင်အားမတွေ့သဖြင့် ပေါ်ဌေး (အမည်လွှဲ) အား မိခင်ဖြစ်သူ၏ နေအိမ်တွင် လာရောက်ဖမ်းဆီးခဲ့ပြီး ဓါးစာခံအဖြစ် ရွှေပြည်သာစစ်ကြောရေးသို့ခေါ်သွားခဲ့ပါသည်။ ဒုဗိုလ်မှူးကြီး မျိုးသက်မောင် ဦးဆောင်သည့်အဖွဲ့ဖြစ်ကြောင်း ၎င်းကပြန်ပြောပြပါသည်။ မင်္ဂလာဒုံမြို့နယ်ရှိ နေအိမ်တွင်လာရောက်ဖမ်းဆီးခဲ့ပြီး၊ မိခင်၏ ရှေ့မှောက်မှာတင် ၎င်းအား ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခဲ့ကြပြီး၊ ၎င်း၏သက်သေထွက်ဆိုချက်များတွင် ဒူးထောက်ခိုင်းထားစဉ် ဦးခေါင်းနှင့် နံရိုးများကို ရိုက်နှက်ခြင်းနှင့် ဇစ်ကြားတွင်လက်မများကိုထည့်၍ညှပ်ခြင်းတို့ပါဝင်ပါသည်။ ၂၀၂၁ ခုနှစ် ဇွန်လတွင် သီဟ (အမည်လွှဲ) ၏ ဆယ်ကျော်သက်အရွယ် သားဖြစ်သူအား ဓါးစားခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး၊ NLD ပါတီဝင်ဟောင်းဖြစ်သည့် သီဟ၏ဇနီး ရှိနေသည့် နေရာကိုသိရှိရန် ၅ကြိမ်၊ ၆ကြိမ်ထက်မနည်းရိုက်နှက်ခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဧပြီလ ၅ရက်တွင် ဇေယျာစိုး (အမည်လွှဲ) အား ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်ရှိလမ်းပေါ်တွင် တားဆီးကာ ကန်ကျောက်၍ သေနတ်သတ္တုဒင်နှင့် တုတ်များဖြင့်ရိုက်နှက်ခဲ့ပါသည်။ 'သူတို့ကိုစကားပြန်မပြောလို့ ခေါင်းမာတယ်ဆိုပြီး၊ ကျွန်တော်ကိုဝမ်းလျားမှောက်ခိုင်းပြီး၊ ခေါင်းကွဲအောင်ကိုရိုက်မယ်လို့ ဒီကောင်တွေကအော်ပြောတယ်' ဟု ၎င်းက ရှင်းပြပါသည်။ ဇေယျာစိုး (အမည်လွှဲ) သည် သတိမေ့ဟန်ဆောင်နေမှသာ ဆက်မရိုက်တော့ပါ။ ၎င်းတွင် နံရိုးများကျိုးခဲ့ရပြီး၊ ခန္ဓာကိုယ်နေရာအနှံ့အပြားနှင့် ဦးခေါင်းတွင် ဒဏ်ရာများရရှိခဲ့ပါသည်။ ညိမ်းညိမ်ထွန်း (အမည်လွှဲ) သည် မြောက်ဥက္ကလာပတွင် ၎င်းဖမ်းဆီးခံရသည့်နေ့တွင် ပြည်သူများအား အကြမ်းဖက်နှိပ်စက်သည့်ဖြစ်စဉ် ၃ခုကို မြင်တွေ့ခဲ့ရပါသည်။ ပထမဖြစ်စဉ်တွင် အသက် ၁၇ နှစ်အရွယ် ဆန္ဒပြသူလူငယ်တစ်ဦး လက်မြှောက်ထားပြီး ဈေးဆိုင်တစ်ဆိုင်အတွင်းရှိနေစဉ် မျက်နှာကိုရာဘာကျည်ဆံဖြင့် ပစ်ခတ်ခဲ့ခြင်းဖြစ်ပြီး၊ ၎င်းအောက်မေးရိုးနှင့် သွားများပြုတ်ထွက်သွားပါသည်။ စုတ်ပြတ်သွားသောမျက်နှာအရေပြားကို လက်ဖြင့်အုပ်၍ ပါးစပ်ကိုစေ့အောင်ထိန်းထားခဲ့ရပါသည်။ ဒုတိယဖြစ်စဉ်မှာ ၁၆နှစ်အရွယ်တစ်ဦး၏ ခြေထောက် ၂ ချောင်းစလုံး သေနတ်ထိမှန်ခြင်းဖြစ်ပြီး၊ အရိုးများ ငေါ်ထွက်နေပါသည်။ တတိယဖြစ်စဉ်တွင် အမျိုးသားတစ်ဦး နောက်ကျောတွင် ကျည်ဆံထိမှန်ခဲ့ပြီး၊ သူ၏ခါးကို ကုန်းသီးများဖြင့်ပစ်၍ ဖမ်းဆီးခဲ့ပါသည်။

၁၁၁။ ဤသည်မှာကျူးလွန်ခံရသူအတွက် ထိုအခိုက်အတန့်တွင်သာမက ကျန်ရှိခဲ့သော ဖူးယောင်စုတ်ပြဲဒဏ်ရာများနှင့် အနာတရဖြစ်မှုများကြောင့် ဆက်၍ပြင်းထန်သောနာကျင်ခံစားရမှုကို ဖြစ်စေသည့် လွန်စွာပြင်းထန်ရက်စက်သော အကြမ်းဖက်မှုသာဓကများဖြစ်ပါသည်။

133 Network for Human Rights Documentation (2012), *Extreme Measures: Torture and Ill Treatment in Burma Since the 2010 Elections*, Thailand: Network for Human Rights Documentation; AAPP (2005), *The Darkness We See: Torture in Burma's Interrogation Centers and Prisons*, Mae Sot: AAPP

ဆိုးရွားသောရုပ်ပိုင်းထိခိုက်နာကျင်စေမှု အခြင်းအရာရှိကြောင်းကို ယင်းကညွှန်ပြနေပါသည်။ ကျူးလွန်သူများက အကြမ်းဖက်မှုကို ရည်ရွယ် လုပ်ဆောင်ခြင်းဖြစ်သည်ဆိုသည့်အချက်က ကျူးလွန်သူများသည် ဒုက္ခပေးရန်ရည်ရွယ်ခဲ့သည်၊ ဒဏ်ခတ်သည့်နည်းလမ်းတစ်ခုအဖြစ် အကြမ်းဖက်မှုကို ရည်ရွယ်ခဲ့သည်ကို ညွှန်ပြနေသောကြောင့် "ရည်ရွယ်ချက်ဖြင့်ပြင်းထန်သောနာကျဉ်မှုကိုခံစားရစေခြင်း" ဆိုသည်နှင့် ကိုက်ညီပါသည်။ ထို့အပြင် အဆိုပါဖြစ်စဉ်များသည် Prosecutor နှင့် Dominic Ongwen ကျင့်ထုံးပါ ကြိမ်တုတ်များ၊ တုတ်များဖြင့် ရိုက်နှက်ခြင်းသည် ညှဉ်းပန်းနှိပ်စက်မှု၏ ပထမအခြင်းအရာနှင့် ကိုက်ညီသည်ဆိုသည့် အချက်နှင့်နှိုင်းရအားဖြင့် တူညီပါသည်။[134]

**စစ်ကြောရေးစခန်းတွင် အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်မှု**

၁၁၂။ သို့ရာတွင် အပြင်းထန်ဆုံးသောညှဉ်းပန်းနှိပ်စက်မှုဖြစ်စဉ်များသည် စစ်ကြောရေးစခန်းများတွင် ဖြစ်ပွားပါသည်။ ၂၀၂၁ ခုနှစ် ဧပြီ ၇ ရက်က မြိတ်မြို့တွင်ဖမ်းဆီးခံရသော ရှိန်းထူး (အမည်လွှဲ) က ၎င်းအားမည်သို့အတင်းအဓမ္မ ဒူးထောက်ခိုင်းသည်၊ ဗိုလ်ကြီးဝေဖြိုးအောင် အခန်းအတွင်းသို့ဝင်လာတိုင်း၊ ယင်းနှင့်အခြားတပည့် ၃ ဦးက မည်သို့ရိုက်နှက်ကြကြောင်း ပြောပြပါသည်။ တနင်္သာရီတိုင်းအတွင်းရှိ ထို စစ်ကြောရေးစခန်းတွင် ၎င်းအား ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ အိပ်စက်ခြင်းကိုကန့်သတ်ပိတ်ပင်မှုတို့ကို ညှဉ်းပန်းနှိပ်စက်သည့် နည်းစနစ်များအဖြစ် သုံးခဲ့ပြီး၊ ပါးရိုက်ခြင်း၊ လက်သီးဖြင့်ထိုးခြင်း၊ မျက်နှာကိုအိတ်ဖြင့်စွပ်ခြင်း၊ ကန်ကျောက်ခြင်းနှင့် လက်များကို ပိုက်ဖြင့် ရိုက်နှက်ခြင်း တို့ကို ပြုလုပ်ခဲ့ပါသည်။ ၎င်းအားအိမ်သာသုံးခွင့်မပေးခဲ့ပါ။ အခြားသူများအား အင္ဂေ့စုပ်လျှပ်စစ်အုပ်ဆောင်းများ အုပ်၍လည်းကောင်း၊ သေနတ်ဖြင့်ချိန်၍လည်းကောင်း စစ်ဆေးမေးမြန်းသည်ဟု ၎င်းကအတည်ပြုပြောကြားပါသည်။ ၎င်းတွင် အတွင်းဒဏ်ရာများရခဲ့ပြီး၊ အကျဉ်းထောင်ဆေးခန်းတွင် တစ်ကြိမ်သာကုသပေးခဲ့ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် သီဟ (အမည်လွှဲ) အား ဗိုလ်ကြီးဝေဖြိုးအောင် ဦးဆောင်သည့် တပ်ဖွဲ့ကဖမ်းဆီးခဲ့ပြီး၊ အခြားသူများကဲ့သို့ပင် "ထောင်ပုံစံ"[135] ထိုင်ခိုင်းပြီး၊ ခေါင်းကိုအိတ်ဖြင့်စွပ်ကာ ရိုက်နှက်၊ ကန်ကျောက်သည့်အပြင် လက်မောင်းတလျှောက်အား မီးခြစ်ဖြင့်ရှို့ခဲ့ပါသည်။

၁၁၃။ ၂၀၂၁ ခုနှစ် မတ်လ ၃ရက်တွင် ဇော်ကြည် (အမည်လွှဲ) အား ရန်ကုန်တိုင်း၊ တာမွေစခန်း ၄၀ တွင် ထိန်းသိမ်း၍ အကြမ်းဖက် စစ်အုပ်စုတပ်များက ရိုက်နှက်ခဲ့ပါသည်။ "ကျနော်တို့ကို စစ်ဖိနပ်တွေနဲ့ကန်တာ… တစ်ချက်က ဗိုက်ကိုထိတယ်၊ နောက်တစ်ချက်က ခေါင်းကို ထိတယ်" ဟု ၎င်းကပြောပါသည်။ အလားတူပင် ဖမ်းဆီးခံရသည့် နောက်တစ်ဦး၏ ဆိုင်ကယ်စီးဦးထုပ်ကို တုတ်ဖြင့်ရိုက်ရာ၊ ဦးထုပ်ကွဲသွားသည်ကို မြင်တွေ့ခဲ့ကြောင်းပြောပါသည်။ ဇော်ကြည် (အမည်လွှဲ) သည် ဝမ်းဗိုက်၊ နောက်ကျောနှင့် ပခုံးတို့တွင် အတွင်းဒဏ်ဖြစ်ကာ၊ တစ်လခန့် နာကျင်ခံစားခဲ့ရပါသည်။ လှုပ်လှုပ်ရှားရှားလုပ်လျှင် နောက်ကျောက ယခုထိနာနေဆဲဖြစ်ပါသည်။ ထိုနည်းတူပင် စစ်ကြောရေးစခန်း၌ ပေါ်ဌေး (အမည်လွှဲ) အား စစ်ဆေးမေးမြန်းနေစဉ် နောက်ပြန်လက်ထိပ်ခတ်၍၊ ဒူးထောက်ခိုင်းပြီး၊ ခြေထောက်နှင့် နောက်ကျောကို ဆူးချွန်ပါသောဝါးတုတ်များဖြင့်ရိုက်နှက်ခဲ့ပါသည်။ ရရှိသည့် ဒဏ်ရာကြောင့် ၎င်းမှာ မအိပ်နိုင်၊ မစားနိုင်ဖြစ်ခဲ့ပါသည်။

၁၁၄။ ၂၀၂၁ ခုနှစ် မေလအတွင်း ရန်ကုန်မြို့တွင် ဖမ်းဆီးခံရသော ထောင်ဇာ (အမည်လွှဲ) သည် ရွှေပြည်သာစစ်ကြောရေး စခန်းတွင် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရပြီး၊ စခန်းအတွင်းရှိသည့်ပစ္စည်းအမျိုးမျိုးကိုသုံး၍ ရိုက်နှက်ခြင်း၊ ပါးရိုက်ခြင်းတို့ကို ခံရပါသည်။ "ဒီကောင်တွေက ညဘက်မူးလာတဲ့အချိန်တိုင်းဝင်လာပြီး ရိုက်တာ၊ ကျနော့်လက်တွေယောင်ကိုင်ပြီး၊ သွေးတွေအရမ်းထွက်နေတာတောင် ဒဏ်ရာတွေကို လုံးဝကုမပေးဘူး" ဟု ၎င်းကပြောပါသည်။ အိမ်သာသုံးရေဖြင့် သွားတိုက်၊ မျက်နှာသစ်ခဲ့ရပြီး၊ အဝတ်များ၊ စောင်ဘာမှမပေးသည့်အပြင်၊ မသေရုံသာကျွေးသည်ဟုလည်း ထောင်ဇာ (အမည်လွှဲ) က ပြန်ပြောပြပါသည်။ ထို့အပြင် အသက်ကြီးဖြစ်နေပြီဖြစ်သော အချုပ်သား သက်ထွား (အမည်လွှဲ) သည် ညှဉ်းပန်းနှိပ်စက်ခံရခြင်းကြောင့် ရရှိသည့် ဦးခေါင်းဒဏ်ရာ၊ ဦးခေါင်းခွံကွဲအက်ခြင်း၊ သွေးထွက်လွန်ခြင်း၊ လက်များယောင်ကိုင်းခြင်း၊ မျက်လုံးသွေးဖုံးခြင်တို့ကို သွားရောက်ပြသခဲ့သော်လည်း လုံးဝကုသပေးခဲ့ဟု ၎င်းကပြောပါသည်။

၁၁၅။ ၂၀၂၁ ခုနှစ် စက်တင်ဘာ ၆ ရက်တွင် မီမီညွှန့် (အမည်လွှဲ) သည် မန္တလေးမြို့၌ရိုက်နှက်ဖမ်းဆီးခံရပြီး၊ စစ်ကြောရေးစခန်းတွင် တစ်ညလုံးဆက်၍ ရိုက်နှက်ခံခဲ့ရပါသည်။ သူမအား ဒူးထောက်ခိုင်းပြီး၊ နောက်ကျော၊ တင်ပါးနှင့် ခြေထောက်များအား ဝိုင်ယာကြိုးများဖြင့်

---

134 [134] International Criminal Court (2021), *Prosecutor vs Dominic Ongwen* (Trial Judgment Judgment), Trial Chamber IX, Case No ICC-02/04-01/15, p. 3028

135 A 'Poun-Zan' position includes squatting with hands on the head.

အပြင်းအထန်ရိုက်နှက်ကြပါသည်။ သူမ၏ လက်သည်းရှည်များအား ပလာယာဖြင့်ညှပ်၍လိမ်ပါသည်။ ခြေကျင်းဝတ်နှင့် ပေါင်များအား သေနတ်သတ္တုဒင်ဖြင့် ထုရိုက်ပါသည်။ ယခုထိ ခါးနာသည့်ဝေဒနာကို သူမခံစားနေရပါသည်။ ထို့နောက်တွင် မီမီညွန့် (အမည်လွှဲ) အား ရဲစခန်းတစ်ခုသို့ခေါ်သွားကာ၊ ဝမ်းဗိုက်တွင် ၂ချက်၊ ပခုံးတွင် ၂ချက်နှင့် ဒူးတွင်တစ်ချက် ချွန်ထက်သောအရာဖြင့် (ဓါးဖြင့်) ထိုးခဲ့ပါသည်။ ဆေးဝါးကုသခွင့်မရခဲ့ပါ။


၁၁၆။ အလားတူပင် ၁၇နှစ်အရွယ် ထွေးမောင် (အမည်လွှဲ) အား ၄ရက်ကြာ စစ်ဆေးမေးမြန်းမှုအတွင်း ထပ်ခါထပ်ခါ ညှဥ်းပန်း နှိပ်စက်ခဲ့ပါသည်။ ခေါင်းကို အကြိမ်ကြိမ်ရိုက်နှက်ခံခဲ့ရပြီး၊ ဘိနပ်ချုပ်သည့်အပ်ဖြင့် ဒဏ်ရာများကို ချုပ်ပေးခဲ့ပါသည်။ "တစ်ယောက်က အနာကိုချုပ်ပေးနေတုန်း၊ ဘေးကတစ်ယောက်က ထပ်ရိုက်တာ၊ ရှေ့က တစ်ယောက်ကမေးခွန်းမေးတယ်" ဟု ထွေးမောင် (အမည်လွှဲ) က ရှင်းပြပါသည်။ ထို ၄ရက်အတွင်း ၎င်းအား အစာလဲမကျွေး၊ ရေလည်းမတိုက်ပါ။ "ဒီကောင်တွေကို ကျနော်အိမ်သာသွားချင်တယ်လို့ လိမ်ပြောပြီး၊ ရေဆာလွန်းတော့ အိမ်သာထဲကရေကိုသောက်ရတယ်" ဟု သူကပြောပြပါသည်။ ထို့အပြင် "မေးခွန်းတစ်ခုမေးတိုင်း အထိုးခံရတာ ၇ချက်ထက်မနည်းဘူး၊ တုတ်နဲ့ရိုက်တယ်... ဒူးခေါင်းကို နာရီဝက်လောက် ဝါးလုံးနဲ့ကျိတ်တယ်၊ နေရောင်အောက်မှာ ရပ်ခိုင်းတယ်.... ကျနော့်ကို အဲဒီကို (တောအုပ်ကဲ့သို့နေရာ) ခေါ်သွားပြီး ကျင်းထဲထည့်တယ်၊ ပြီးတော့ ပုဆိုးနဲ့ခုတ်ပြီး သတ်ပစ်မယ်လို့ ကျနော့်ကိုခြိမ်းခြောက်တယ်၊ ကျင်းထဲကို မြေဖို့တယ်၊ ကျနော်တစ်ကိုယ်လုံးက မြေကြီးတွေနဲ့ဖုံးပြီး၊ ခေါင်းပဲပေါ်နေတာ" ဟု ထွေးမောင် (အမည်လွှဲ) က ဆက်၍ပြောပြပါသည်။ ထွေးမောင် (အမည်လွှဲ) ဦးဆောင်ခဲ့သည့် ဆန္ဒပြမှုနှင့် ဆက်စပ်သည့်မေးခွန်းများ မေးရန်ရှိနေသေးသည့်အတွက် ၎င်းတို့အထဲမှ တစ်ယောက်က ရပ်တန့်ခိုင်းသည့် အချိန်မှသာလျှင် စစ်သားများက ၎င်းအားညှဥ်းပန်းနှိပ်စက်နေခြင်းကို ရပ်တန့်ခဲ့ပါသည်။ "ကျနော်သေတော့မလို့... အဲ့တစ်ယောက်က ကျနော့်ကိုကျင်းထဲကထုတ်ပြီး.... စခန်းထဲပြန်ခေါ်သွားပြီး ထပ်စစ်တယ်" ဟု ပြောပါသည်။ ထို့နောက်တွင် ချုပ်ရိုးဖြေရန် ၃ရက်ကြာထပ်မံချုပ်နှောင်ထားပြီး၊ ၎င်းအားလူငယ်ထိန်းသိမ်းရေးစခန်းတစ်ခုသို့ ပို့ဆောင်ခဲ့သည်ဟု ၁၇ နှစ်အရွယ် လူငယ်ကပြောပြပါသည်။ ထိုနေရာတွင် သူ၏မျက်နှာနှင့် နားထင်တို့မှ ဒဏ်ရာများကို ထပ်မံချုပ်ခဲ့ရပါသည်။

၁၁၇။ ဤဖြစ်စဥ်များအရ ညှဥ်းပန်းနှိပ်စက်မှု၏ ပထမအခြင်းအရာကကိုက်ညီပါသည်။ အကြမ်းဖက်စစ်အုပ်စုနှင့် ၎င်း၏ လက်အောက်ခံတပ်ဖွဲ့များသည် ဖမ်းဆီးချုပ်နှောင်ခံထားရသည့် (ဝါ) ထိန်းသိမ်းခံထားရသည့် အရပ်သားပြည်သူများအပေါ် ရည်ရွယ်ချက်ရှိရှိပြင်းထန်သော ထိခိုက်နာကျင်မှုနှင့် ဝေဒနာကို ထိခိုက်ခံစားစေခြင်း ဖြစ်ပါသည်။ ထိုသို့သောလုပ်ရပ်များ (ဝါ) ညှဥ်းပန်းနှိပ်စက်မှုသည် ဥပဒေနှင့်ညီသော ပြစ်ဒဏ်ပေးမှု မူဘောင်အတွင်း ဖြစ်ပွားခြင်းမဟုတ်ပါ။ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၃၀ နှင့် ၃၃၁ တွင် ခြောက်လှန့်၍ ဖြောင့်ချက်ယူရန် ရည်ရွယ်ချက်ဖြင့် မိမိအလိုအလျောက် ထိခိုက်နာကျင်မှုဖြစ်စေခြင်းကိုတားမြစ်ထားပါသည်။[136] ထို့အပြင် နာကျင်မှုကိုထိခိုက်ခံစားစေခြင်းတွင် သိလျှက်နှင့်ထိမ်ချန်ခြင်းလည်းပါဝင်နိုင်ပါသည်။[137] မီမီညွန့် (အမည်လွှဲ) နှင့် သက်ထွား (အမည်လွှဲ) တို့ကဲ့သို့ ထိန်းသိမ်းရေးစခန်းများတွင် ဒဏ်ရာများအား ဆေးဝါးကုသခွင့်မရကြောင်း သက်သေအထောက်အထား အများအပြားက ဖော်ပြနေပါသည်။ ဒဏ်ရာများအား မလျော်ကန်သည့်နည်းဖြင့် ကုသခြင်းကလည်း နာကျင်မှုကိုထိခိုက်ခံစားစေခြင်း၏ သာဓကတစ်ခုဖြစ်ပြီး၊ ၎င်း၏ ဒဏ်ရာများကို ဘိနပ်ချုပ်သည့်အပ်ဖြင့် ချုပ်ပေးခံရသော ထွေးမောင် (အမည်လွှဲ) ကဲ့သို့ နိုင်ငံရေးအရဖမ်းဆီးထိန်းသိမ်းခံရသူများအား နာကျင်ခံစားရစေသည့် ဒဏ်ရာများကို ပို၍ဆိုးရွားသွားစေနိုင်ပါသည်။

---

136 Penal Code (Myanmar), art. 330.

137 International Criminal Court (2021), *Prosecutor vs Dominic Ongwen* (Trial Judgment Judgment), Trial Chamber IX, Case No ICC-02/04-01/15, p. 2700



**အကျဉ်းထောင်အတွင်း အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်မှု**

၁၁၈။ ထောင်ဇာ (အမည်လွှဲ) က အကျဉ်းထောင်သို့စရောက်သည်နှင့် မနက် ၅ နာရီမှ ၈ နာရီအထိ 'ပုံစံ' ထိုင်ရကြောင်း ပြောပါသည်။ ည ၉ နာရီကျော်လျှင် ခေါင်းမထောင်ရန်နှင့် ညဘက်တွင် အိမ်သာမသွားရန် စသည့်အကျဉ်းသားများအား လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသော အခြားစည်းကမ်းများကိုလည်းမိတ်ဆက်ပေးပြီး၊ ရေချိုးလျှင်ရေကို အကန့်အသတ်ဖြင့် သုံးရပါသည်။[138] ဇော်ကြည် (အမည်လွှဲ) က အကျဉ်းထောင်အတွင်းအလွန်ဆိုးရွားသော တစ်ကိုယ်ရည်သန့်ရှင်းမှု အခြေအနေများကိုပြောပြပါသည်။ အလားတူပင် ပေါ်ဌေး (အမည်လွှဲ) အား သုံးရက်အကြာ စစ်ဆေးမေးမြန်းပြီး အင်းစိန်အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့ပါသည်။ ထောင်တွင် သောက်ရေကမသန့်ရှင်းသည့်အပြင် အိမ်သာရေနှင့်ရေချိုးရကြောင်း ပြောပါသည်။ အဝတ်အစားနှင့် ရေချိုးခန်းသုံးပစ္စည်းတစ်စုံတရာမရရှိကြပါ။ ထောင်တွင်းအလုပ်များတွင် ဥယျာဉ်ခြံလုပ်ငန်းပါဝင်ပါသည်။ ရှိန်းထူး (အမည်လွှဲ) သည် မြိတ်အကျဉ်းထောင်တွင် အလုပ်နှင့်ထောင်ဒဏ် နှစ်နှစ်ကျခံရပါသည်။ ကြက်မွေးနုတ်၍ မျက်တောင်အတုလုပ်သောအလုပ်ကိုလုပ်ရပါသည်။ အားလပ်ရက်မရှိ၊ လစာလည်းမရရှိဘဲ တစ်နေကုန်အလုပ်သိမ်းသည့်အခါ မျက်လုံးများညောင်းကိုက် နာကျဉ်ခဲ့ရသည်ဟုပြောပါသည်။ ၎င်း၏ စားသောက်မှုလိုအပ်ချက်ကို ထည့်သွင်းမစဉ်းစားသည့်အတွက် အစားအသောက်လည်းခက်ခဲခဲ့ပါသည်။ အကျဉ်းထောင်ထဲတွင် ၇လ နေခဲ့ရပြီး၊ အောက်တိုဘာ ၁၈ရက် လွတ်ငြိမ်းကြေညာသည့်အချိန်တွင် ပြန်လည် လွတ်မြောက်ခဲ့ပါသည်။

၁၁၉။ အင်းစိန်ထောင်သို့ပို့သည့်လမ်းတွင် အခြားလူပေါင်း ၅၀ခန့်နှင့်အတူ မော်တော်ယာဉ်ဖြင့် ပြွတ်သိပ်တင်ပြီးပို့ဆောင်ခဲ့ရာ အသက်ရှူမွန်းကြပ်ပြီး အမျိုးသမီးငယ်နှစ်ဦး သတိလစ်မေ့မြောသွားခဲ့ကြောင်း ဇော်ကြည် (အမည်လွှဲ) က ပြန်ပြောပါသည်။ ၂၀၂၁ ခုနှစ် မတ်လတွင် ရန်ကုန်မြို့၌ ဖမ်းဆီးခံခဲ့ရသော နန္ဒာလှ (အမည်လွှဲ) ကလည်း ဖမ်းဆီးခံရသူများအားယာဉ်ပေါ်တွင် ပြည့်သိပ်ကျပ်နေအောင် တင်ဆောင်ထားသည့်အတွက် အရပ်သားပြည်သူအချို့သတိလစ်မေ့မြောခဲ့ကြောင်း အတည်ပြုပါသည်။

---

138 **Thaung Zar** [alias]: "I could only get 4 or 5 cups of water to shower and rub my body with soap. When they said, "Stop and leave," we had to go outside. If I didn't go out of the bathroom after they said so, they kicked and swore at us."

၁၂၀။ သီဟ (အမည်လွှဲ) က ဒုတိယထောင်တွင် ရုပ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်းမခံရသော်လည်း၊ "စိတ်ပိုင်းဆိုင်ရာ နှိပ်စက်မှုတွေ ကြုံရတယ်" ဟု ပြောပါသည်။ "တန်းစီး" ဟုခေါ်သည့် အခြားအကျဉ်းသားများအားအုပ်ချုပ်ရန် အကျဉ်းထောင်အာဏာပိုင်များက ခန့်ထားသည့် အကျဉ်းသားအရာရှိ၏ လူ့ဂုဏ်သိက္ခာကိုညှိုးနွမ်းစေသည့် ညှဉ်းပန်းနှိပ်စက်မှုများရှိကြောင်း ၎င်းက အထူးအလေးအထားပြောပါသည်။ အလားတူပင်၊ နန္ဒာလှ (အမည်လွှဲ) က အင်းစိန်သီးသန့်အကျဉ်းထောင်အတွင်း အမျိုးသမီးအကျဉ်းသူများအတွက် သန့်စင်ခန်းသုံးရာတွင်ဖြစ်စေ၊ ရေချိုးရာတွင်ဖြစ်စေ သက်သောင့်သက်သာမဖြစ်နေကြောင်းပြောပါသည်။ "ကျမတို့ သန့်စင်ခန်းမှာထိုင်လိုက်ရင် အပြင်ကလူတွေက ကျမတို့ မျက်နှာတွေကိုမြင်နေရတာ ။ ကျမတို့ကိုထောင်ကပေးတဲ့ လုံခြည်ကလည်းပါးတော့၊ ကျမတို့ရေချိုးရင် ကောင်လေးတွေက ဝိုင်းကြည့်ကြတယ်" ဟု ပြောပါသည်။ လိင်အင်္ဂါခွဲစိပ်ကုသမှု (သို့မဟုတ်၊ လိင်အင်္ဂါပြန်လည်ခွဲစိပ်ကုသခြင်း)နှင့် စပ်လျဉ်း၍၊ သူမ၏ ဆရာဝန်နှင့်အပြန်အလှန်ပြောထားသည်များကို သူမ၏ဖုန်းတွင်တွေ့ရှိသွားပြီး အကြမ်းဖက်စစ်အုပ်စုတပ်ဖွဲ့ဝင်များက လှောင်ပြောင်ခဲ့ကြောင်း မီမီညွန့် (အမည်လွှဲ) ကပြောပါသည်။ အဝတ်အစားများချွတ်၍ သူမ၏ခန္ဓာကိုယ်အားစစ်ဆေးစဉ် သူမအားလှောင်ပြောင်ကြပြီး၊ ၎င်းတို့၏ လိင်အင်္ဂါများအား ပြသခဲ့ပါသည်။ မီမီညွန့် (အမည်လွှဲ) အား အိုးဘိုထောင်သို့ပို့ဆောင်ပြီး၊ "အမျိုးသားအဝတ်အစားများ" ကို အတင်းအဓမ္မဝတ်ဆင်စေခဲ့ပါသည်။

၁၂၁။ ဤသည်တို့က ယခင်ဖော်ပြခဲ့ပြီးဖြစ်သည့် အကြောင်းအရာများအတွက် အထောက်အထားများကို ထပ်မံဖြည့်စွက်ပေးပါသည်။ ဖမ်းဆီးထိန်းသိမ်းခံရသူများအပေါ် လူမဆန်သောကျူးလွန်မှုများအား ICC က ရှုံ့ချထားသည်ဖြစ်ရာ၊ အကျဉ်းထောင်အတွင်း မတရားဖိနှိပ်၍ ပြုမူဆက်ဆံမှုများသည် အကြမ်းဖက်ညှဉ်းပန်းနှိပ်စက်မှုလုပ်ရပ်တွင် အကျုံးဝင်နိုင်ပါသည်။[139] ထို့အပြင် လတ်တလော COVID-19 ကပ်ရောဂါဖြစ်ပွားမှု၊ တစ်ကိုယ်ရည်သန့်ရှင်းမှု သတ်မှတ်ချက်များအား မလေးစား၊ မလိုက်နာခြင်းတို့က ကြီးစွာသောဝေဒနာနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေပြီး၊ ရည်ရွယ်ချက်ရှိရှိ၊ သို့မဟုတ် ထိမ်ချန်ခြင်း/မသိကျိုးကျွန်ပြုခြင်းအားဖြင့် နောက်ထပ်လူမဆန်သော လုပ်ရပ်အဖြစ်အကျုံးဝင်နိုင်ပါသည်။ အောက်တွင် နောက်ထပ်လေ့လာသုံးသပ်ပြထားပါသည်။

၁၂၂။ ပြန်လည်ဖမ်းဆီးခြင်းနည်းစနစ်သည် အကြမ်းဖက်စစ်အုပ်စုကျင့်သုံးသည့် စိတ်ပိုင်ဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုပုံစံတစ်ခု ဖြစ်သည်ဟု အေအေပီပီကဆိုထားသည်။[140] ပေါ်ဒွေး (အမည်လွှဲ) သည် လွှတ်ပေးပြီးပြီးချင်း အနည်းဆုံး ၂ဦး ပြန်လည်ဖမ်းဆီးခံရသည်ကို တွေ့ခဲ့ပါသည်။ "ကျမလွှတ်လွှတ်ချင်းပဲ ရှေ့နေကနေရာချက်ချင်းရွှေ့ဖို့ပြောတယ်၊ ထောင်က လွှတ်လာပြီးတဲ့လူတွေထဲက တချို့ပြန်အဖမ်းခံရတာ သူတို့ကြားလို့တဲ့၊ ရဲစခန်းကလဲ ကျမအိမ်ကိုဖုန်းဆက်ပြီး ကျမအကြောင်းမေးသေးတယ်" ဟု အကြမ်းဖက်စစ်အုပ်စုက လွှတ်ငြိမ်းကြေညာအပြီး အခြား ၈၄ဦး နှင့်အတူ ၂၀၂၁ ခုနှစ် အောက်တိုဘာ ၁၈တွင် အကျဉ်းထောင်တစ်ခုတည်းမှပြန်လည်လွတ်မြောက်လာခဲ့သူ မီမီညွန့် (အမည်လွှဲ) က ပြောပါသည်။ သီတင်းနှစ်ပတ်ကြာပြီးနောက် ပြန်လည်လွတ်မြောက်လာသည့် အရပ်သားပြည်သူ ၈၄ ဦးနှင့် ၃၀ ဦး ပြန်လည်ဖမ်းဆီးခံခဲ့ရပါသည်။ ရှိန်းထူး (အမည်လွှဲ) သည် ထွက်ပြေးတိမ်းရှောင်ခဲ့ပါသည်။ ဆက်သွယ်မေးမြန်းမှုတွင် ပါဝင်ဖြေဆိုကြသူအများအပြားက ဖမ်းဆီးခံရပြီးနောက် ၎င်းတို့၏ ပစ္စည်းများကို အကြမ်းဖက်စစ်အုပ်စုက ရဲစခန်းများတွင် အပ်ထားပြီး၊ ထိုပစ္စည်းများကိုပြန်သွားယူလျှင် ပြန်လည် ဖမ်းဆီးခံရမည်ကို သူတို့အားလုံးသိကြသည်ဟု ဆိုသည်။

၁၂၃။ သို့ဖြစ်ရာ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာနှစ်မျိုးလုံးဖြင့် အကြမ်းဖက်မှုလုပ်ရပ်သည် ဖမ်းဆီးခံရချိန်၊ စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်တို့တွင် ရှိနေသည်သာမက ဖမ်းဆီးထိန်းသိမ်းရာမှ ပြန်လည်လွတ်မြောက်သည်အထိ၊ သို့မဟုတ် အချို့သောဖြစ်စဉ်များတွင် ထိုထက်မကရှိနေနိုင်ပါသည်။

၁၂၄။ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်အဖြစ်အကျုံးဝင်ရန်၊ အဆိုပါအကြမ်းဖက်မှု လုပ်ရပ်များသည် ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ရပါမည်။ မီဒီယာသတင်းများနှင့် အေအေပီပီ၏ မှတ်တမ်းများအပါအဝင် များပြားစွာသော အထောက်အထားများက နိုင်ငံတစ်ဝန်းလုံးတွင် ညှဉ်းပန်းနှိပ်စက်မှုများအား အများအပြား ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်ခဲ့ကြောင်း ပြသ

139 International Criminal Court (2021), *Prosecutor vs Ali Muhammad Ali Abd-Alrhahman* (Decision on the confirmation of charges against Ali Muhammad Ali Abd-Al-Rahman), Pre-Trial Chamber II, Case No ICC-02/05-01/20, p. 100

140 AAPP (2021), "AAPP Statement on Re-Arrested Political Prisoners Since Junta Announced Amnesty", *Assistance Association for Political Prisoners* (online), Available at: aappb.org/?p=18311

နေပါသည်။[141] ထောင်ဇာ (အမည်လွှဲ) က ဖမ်းဆီးထားသူများအား စစ်ကြောရေးစခန်းသို့ပို့ဆောင်သည့် ထရပ်ကားသည် ခုံတန်းနှစ်ဘက်တွင်လူအပြည့်ပါသည်ဟု ပြောပါသည်။ "ထိုင်ခုံတွေအားလုံးပြည့်နေလို့ တချို့မှတ်တပ်ရပ်ပြီးလိုက်ရတယ်"၊ ထို့အပြင် စစ်ကြောရေးစခန်းတွင် လူ ၂၀၀ ကျော်ရှိနေပါသည်။ "ကျနော်တို့ကို တစ်ဖက်တစ်စုစီခွဲပြီး၊ တပြိုင်နက်တည်း မေးခွန်းတွေမေးတယ်၊ မေးနေတဲ့ တချိန်လုံး ရိုက်နေတာပဲ၊ အားလုံး (လူ ၂၀၀) က လူငယ်တွေချည်းပဲ" ဟု ပြောပြပါသည်။ ညိမ်းညိမ်းထွန်း (အမည်လွှဲ) က ၎င်းတို့ပြန်လည်လွတ်မြောက်ချိန်တွင် စစ်ကြောရေးစခန်း၌ လူ ၉၀ခန့်ရှိသည်ဟု ပြောပါသည်။ သူ၏ညီဖြစ်သူနှင့် နောက်ထပ်လူငယ်ခေါင်းဆောင်တစ်ဦးတို့လည်း ညှဉ်းပန်းနှိပ်စက်ခံကြရပြီး၊ ဒုတိယတစ်ဦးမှာ "ဆိုးရွားစွာ နှိပ်စက်ခံရသည်" ဟု ပေါ်ဌေး (အမည်လွှဲ) ကပြောပါသည်။ ဇော်ကြည် (အမည်လွှဲ) သည် အခြားဆန္ဒပြလူငယ် ၄ဦးနှင့်အတူ ဖမ်းဆီးခံရပြီး၊ အားလုံးအတူရိုက်နှက်ခံကြရပါသည်။ ရဲစခန်းတစ်ခုတည်းတွင် လူ ၃၀၀ခန့်ကို ဖမ်းဆီးထားပြီး အားလုံးကိုကျိုက်ကဆံကွင်းအတွင်းသို့ခေါ်သွားသည်ဟု ၎င်းကပြောပါသည်။ နန္ဒာလှ (အမည်လွှဲ)ကလည်း ၎င်းတို့နှင့်အတူ လူ ၄၀၀ ခန့်ဖမ်းဆီးခံရသည်ဟုဆိုပါသည်။ အင်းစိန်ထောင်သို့ရောက်သည့်အခါ "(ကျမတို့အဆောင်မှာ) လူပေါင်း ၈၀ကျော်လောက်ရှိတယ်၊ လူငယ်တွေကိုခေါ်ထုတ်ပြီးစစ်တယ်၊ ညဘက်ကျမှပြန်ပို့တယ်၊ ကျမမေးကြည့်တော့ သူတို့ကို လက်သုံးချောင်းထောင်ခိုင်းပြီးတော့ သွေးသစ္စာသီချင်းဆိုခိုင်းတယ်[142] လို့ပြောတယ်" ဟု သူမကပြောပါသည်။ ဖြေဆိုသူအချို့က အခြားအကျဉ်းသားများ နှိပ်စက်ခံရသည် ဆိုသည့် အထောက်အထားများကို မပြောနိုင်သော်လည်း၊ စစ်ကြောရေးစခန်းများတွင် ဖမ်းဆီးချုပ်နှောင်ခံရသူအားလုံးလိုလိုသည် ညှဉ်းပန်းနှိပ်စက်ခံကြရကြောင်း သတင်းများကအတည်ပြုပါသည်။[143] ဤမျှကျယ်ပြန့်များပြားသည့် ညှဉ်းပန်းနှိပ်စက်မှု အထောက်အထားများက "ကျယ်ကျယ်ပြန့်ပြန့်ဖြစ်သော" ဆိုသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့်ကိုက်ညီပါသည်။

၁၂၅။ ဤကျယ်ကျယ်ပြန့်ပြန့်ဖြစ်သော တိုက်ခိုက်မှုသည် စနစ်တကျလည်းဖြစ်ပါသည်။ ဥပမာ- ထောင်ဇာ (အမည်လွှဲ) က ရဲစခန်းများနှင့် သီးသန့်ပြင်ဆင်ထားသည့် စစ်ကြောရေးစခန်းများအကြား ဖမ်းဆီးခံရသူများအား ပို့ဆောင်သည့် နည်းလမ်းကို ပြောပြပါသည်။ ဖမ်းဆီးခံရသူများကို သယ်ယူပို့ဆောင်ရာစနစ်တစ်ရပ်ရှိနေပြီး၊ ရွှေပြည်သာစစ်ကြောရေးစခန်းကဲ့သို့ သီးသန့်ပြင်ဆင်ထားသည့် နေရာများလည်း ရှိကြောင်း ဤအချက်က ညွှန်ပြနေပါသည်။[144] တာဝန်ရှိသူများက ညှဉ်းပန်းနှိပ်စက်မှုများကို ကြိုတင်စီစဉ်ထားကြောင်း ဤအချက်အလက်များက ပြသသည့်အတွက် ယင်းတို့သည် စနစ်တကျဖြစ်သောတိုက်ခိုက်မှုဆိုသည်ကို ထပ်လောင်းအားဖြည့်ပေးပါသည်။ Al-Tuhamy Mohamed Khaled ၏ အမှုဖြစ်စဉ်တွင် "ကဒါဖီအစိုးရကိုဆန့်ကျင်သည်ဟု ထင်မြင်ယူဆသူများအား ပုံမှန်ရှာဖွေစုံစမ်းခြင်း၊ နောက်ယောင်ခံစောင့်ကြည့်ခြင်း၊ နေရပ်စုံစမ်းခြင်း၊ ဖမ်းဆီးခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့ကို ပုံစံတကျလုပ်ဆောင်ခြင်း" သည် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျဖြစ်သည်[145] ဆိုသည့်အချက်ကို ထပ်လောင်းအားဖြည့်ပေးပါသည်။ အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုတွင် ပါဝင်ဖြေဆိုကြသူများက အကြမ်းဖက်စစ်အုပ်စုသည် ထိုသို့သောစနစ်ယန္တရားရှိသည်ဟု ပြောပြကြရာ ယင်းသည် မြန်မာနိုင်ငံ အခြေအနေနှင့်လည်း နှိုင်းရအားဖြင့်တူညီပါသည်။ ဥပမာ- ထွေးမောင် (အမည်လွှဲ)၊ မီမီညွှန့် (အမည်လွှဲ)နှင့် ရှိန်းထူး (အမည်လွှဲ) တို့ ဖမ်းဆီးခံရသည့် အခြေအနေတွင် စစ်အုပ်စုတပ်ဖွဲ့များက ၎င်းတို့အား နေအိမ်များသို့ သီးခြားလာရောက်ဖမ်းဆီးခြင်းဖြစ်ရာ ကျူးလွန်ခံရသူများအား ရှာဖွေစုံစမ်းခြင်း၊ နောက်ယောင်ခံစောင့်ကြည့်ခြင်းနှင့် နေရပ်စုံစမ်းခြင်းစသည့် လုပ်ငန်းစဉ်ရှိနေကြောင်း ပြသနေပါသည်။

---

141 See, for example: Myanmar Now (2021), "လူမဆန်စွာနှိပ်စက်နေတဲ့ စစ်အာဏာရှင်ရဲ့စစ်ကြောရေးစခန်းများ [Interrogation camps of the military dictator who inhumanely tortured them]", *Myanmar Now* (online), Available at: www.youtube.com/watch?v=g_8IDMhTH20 ; Radio Free Asia (2021), "စစ်ကြောရေးမှာ နှိပ်စက်ခံခဲ့ရကြောင်း ထောင်ကလွတ်လာသူအချို့ပြော [Some released prisoners said they were tortured during interrogation]", *RFA* (online), Available at: www.rfa.org/burmese/news/release-prisoners-say-they-were-tortured-during-interrogation-10192021072526.html

142 Or 'Blood Oath', one of the protests' anthems of the Spring Revolution, written by Htoo Ein Thin, a former member of the 1988-era All Burma Students Democratic Front.

143 Milko, V. and Gelineau, K. (October 28, 2021), "Myanmar military uses systematic torture across country", *AP News* (online), Available at: https://apnews.com/article/myanmar-torture-military-prisons-insein-abuse-390fe5b49337be82ce91639e93e0192f

144 International Criminal Court (2013), *Prosecutor vs Al-Tuhamy Mohamed Khaled* (Warrant of Arrest for Al-Tuhamy Mohamed Khaled with under seal and ex parte Annex), Pre-Trial Chamber I, Case No ICC-01/11-01/13, p. 5

145 *Ibid*.

၁၂၆။ ထို့အပြင် ညှဥ်းပန်းနှိပ်စက်မှုများနှင့် အခြားသော ရာဇဝတ်မှုများ ပေါင်းစပ်ဖြစ်ပွားသည်ဆိုသည့် အထောက်အထားများလည်း ရှိသည်ဖြစ်ရာ ညှဥ်းပန်းနှိပ်စက်မှုသည် ထိုတိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်ပါသည်။ အထောက်အထားအများအပြားတွင် ဥပဒေနှင့် မညီဘဲ ဖမ်းဆီးချုပ်နှောင်ခံရသူများရော ညှဥ်းပန်းနှိပ်စက်မှုကျူးလွန်ခံရသူများပါ နှစ်မျိုးစလုံး ပါဝင်ပါသည်။ မီမီညွန့် (အမည်လွှဲ) အပေါ်ကျူးလွန်မှုကဲ့သို့ပင် အချို့တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပါ ပေါင်းစပ်ပါဝင်ပါသည်။ ထိုထက်ပို၍ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်အထိ စစ်ကြောရေးစခန်းများ၌ ဖမ်းဆီးခံ ပြည်သူ ၆၃ ဦးအား သေဆုံးသည်အထိ ညှဥ်းပန်းနှိပ်စက်ခဲ့ကြောင်း အေအေပီပီက မှတ်တမ်းပြုစုထားပါသည်။ ဆက်သွယ်မေးမြန်းမှုတွင်ပါဝင်ဖြေကြားသူ ၂ ဦးကလည်း ထိုလုပ်ရပ်ကို သက်သေထွက်ဆိုထားပါသည်။

၁၂၇။ ၂၀၂၁ ခုနှစ် မေလ ၈ရက်တွင် စစ်ကိုင်းတိုင်း၊ ရွှေဘိုမြို့၌ အာကာလတ် (အမည်လွှဲ) ဖမ်းဆီးခံခဲ့ရသည်။ နောက်တစ်နေ့တွင် ၎င်းသေဆုံးသွားပြီဖြစ်ကြောင်း၊ ဇနီးဖြစ်သူအားအကြောင်းကြား၍ မီးသဂြိုလ်ရန်သဘောတူကြောင်း လက်မှတ်ရေးထိုးခိုင်းခဲ့သည်။ သို့ရာတွင် သူမက ငြင်းပယ်ခဲ့ပြီး၊ သူမခင်ပွန်း၏ရုပ်အလောင်းအားပြန်ပေးရန် တောင်းပန်ခဲ့သည်။ စစ်တပ်အရာရှိများက အာကာလတ် (အမည်လွှဲ) သည် နှလုံးရောဂါဖြင့်သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ပြောသော်လည်း၊ ဖမ်းဆီးခံရချိန်မတိုင်မီအထိ သူသည်ကျန်းမာရေးကောင်းမွန်ကြောင်း သူမ ကောင်းစွာ သိရှိထားသည်။ နောက်ဆုံးတွင် ခင်ပွန်း၏အလောင်းကို ပြန်လည်ရယူနိုင်ခဲ့ပြီး၊ ဦးခေါင်းခွံကွဲကြေ၍၊ ဆံပင်များအောက်တွင် သွေးထွက်နေသော ဒဏ်ရာတစ်ခုကိုတွေ့ရှိခဲ့ပါသည်။ နဖူးနှင့် နှာခေါင်းတို့တွင် အညိုအမဲစွဲနေသည့်ဖူးယောင်ဒဏ်ရာများ ရှိနေပါသည်။ နံရိုးများတွင် ဒဏ်ရာအကြီးတစ်ခုတွေ့ရပြီး၊ ခန္ဓာကိုယ်တစ်ခုလုံးတွင် ချုပ်ရိုးများဖြင့်ဖြစ်ပါသည်။ ပေါင်နှင့် နောက်ကျောတွင်လည်း မီးလောင်ဒဏ်ရာများ တွေ့ရပါသည်။

၁၂၈။ အေအေပီပီကို ၎င်း၏ဇနီးဖြစ်သူပြောကြားသည့် သတင်းအချက်အလက်များအရ၊ ကျော်ဝဏ္ဏ (အမည်လွှဲ) သည်လည်း ရက်စက်ကြမ်းကြုတ်သော ညှဥ်းပန်းနှိပ်စက်မှုတွင် ရရှိသည့် ဒဏ်ရာများကြောင့် သေဆုံးခဲ့ခြင်းဖြစ်ပါသည်။ ကျော်ဝဏ္ဏ (အမည်လွှဲ) အား အကြမ်းဖက်မှုနှင့် ဖောက်ခွဲပစ္စည်းများ အသုံးပြုသည်ဟုစွပ်စွဲကာ ဗိုလ်မှူးကြီးမျိုးဆွေနှင့် အခြားစစ်တပ်အရာရှိ ၆ဦးက ပဲခူးမြို့တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပါသည်။ ၂၀၂၁ ခုနှစ် မေလ ၂၂ ရက်နေ့ ၎င်းအားလာရောက် ဖမ်းဆီးစဥ်တွင် ကျော်ဝဏ္ဏ (အမည်လွှဲ) သည် ထွက်ပြေးတိမ်းရှောင်ခြင်း၊ ပြန်လည်ခုခံခြင်းမပြုဘဲ၊ စစ်တပ်ကခေါ်ဆောင်ရာသို့ အေးအေးဆေးဆေးလိုက်သွားခဲ့ပါသည်။ ထို့ကြောင့် သူသေဆုံးခြင်းသည် ဖမ်းဆီးချုပ်နှောင်ခံထားရစဥ်အတွင်းဖြစ်ပါသည်။ "ကျမသိသလောက်တော့၊ ကျမယောကျ်ားကသွေးထွက်လွန်ပြီးသေတာ။" ဟု နီးစပ်သည့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များကပြောပြသည့်အတိုင်း သူမကပြောပြပါသည်။ "ခေါင်းကိုချည်းအသေထုတာ.... ခေါင်းမှာကလွဲရင် တခြားဒဏ်ရာဘာမှမတွေ့ဘူး"။

၁၂၉။ ဖော်ပြပါနှစ်ဦးစလုံးသည် အကြမ်းဖက်စစ်တပ်က အရှင်လတ်လတ်ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး၊ အချိန်တိုအတွင်း၊ ဖြစ်ရပ်နှစ်ခုစလုံးတွင် ခန့်မှန်းခြေအားဖြင့် ၁၀နာရီအတွင်း သေဆုံးခဲ့ကြပါသည်။ ဖမ်းဆီးမခံရမီ အမြင်အားဖြင့် ကျန်းမာသည်ဆိုသော်လည်း၊ ၎င်းတို့တွင် မည်သည့်ရောဂါအခံများရှိနေသည်ကို မသိရပါ။ မည်သို့ပင်ဖြစ်စေ၊ စစ်ဆေးမေးမြန်းနေစဥ်နှင့်/သို့မဟုတ် စစ်တပ်က ဖမ်းဆီးချုပ်နှောင်ထားစဥ်အတွင်း သေဆုံးခြင်းသည် သဘာဝအတိုင်းသေဆုံးခြင်းပင်ဖြစ်စေ လူသတ်မှုဖြစ်ပါသည်။ လူ့အခွင့်အရေးဆိုင်ရာ မူခင်းဆေးပညာနှင့် ရောဂါဗေဒပါရဂူဆရာဝန်ကြီး ဒေါက်တာ ကာရင်ကယ်လီက ယခုဖော်ပြသည့်ဒဏ်ရာများသည် သေစေလောက်သည့်ဒဏ်ရာများ ဖြစ်သည်[146] ဟု အတည်ပြုပြောကြားပါသည်။

၁၃၀။ ဤသို့ရက်စက်ကြမ်းကြုတ်သောနည်းလမ်းများက အကြမ်းဖက်စစ်သားများအတွက် လုပ်ရိုးလုပ်စဥ်ဖြစ်ပါသည်။ သူမ၏ခင်ပွန်း ဖမ်းဆီးခံရကြောင်း သူမ၏ဦးလေးဖြစ်သူက ဖုန်းဆက်ပြောခဲ့သည်ဟု ကျော်ဝဏ္ဏ (အမည်လွှဲ) ၏ ဇနီးက ပြောပါသည်။ "ပြီးတော့ တချို့တွေ အဖမ်းခံရပြီး စစ်ကြောရေးမှာသေတယ်ဆိုတာသိနေတော့ ကျမအမျိုးသားရဲ့ ဆွေမျိုးတွေကိုလည်း အကြောင်းကြားထားဖို့ ကျမကို မှာတယ်" ဟု ပြောပါသည်။ အလားတူပင် ကျော်ဝဏ္ဏ (အမည်လွှဲ) ကို သတ်ဖြတ်ပြီး အကြမ်းဖက်စစ်အုပ်စုက အလောင်းကိုဖျောက်ဖျက်ရန် ကြိုးစားခဲ့သည်ဟု အခြားမြင်တွေ့ကြသူများက သူမကိုပြောပြပါသည်။ သို့ဖြစ်ရာ အကြမ်းဖက်မှုသည် ကျယ်ပြန့်၍စနစ်တကျဖြစ်သော တိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း လုံလောက်သည့်သက်သေအထောက်အထားများရှိပါသည်။ ကျူးလွန်ခံရသူများအား ၎င်းတို့

[146] Video and document on file with author.

၏ နိုင်ငံရေးယုံကြည်သက်ဝင်မှုပေါ်အခြေခံ၍ ရှာဖွေစုံစမ်း ပစ်မှတ်ထားခြင်းဖြစ်သည့်အတွက် "အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားတိုက်ခိုက်ခြင်း" ဆိုသည့် သတ်မှတ်ချက်နှင့်လည်း ကိုက်ညီပါသည်။[147]

၁၃၁။ နောက်ဆုံးအနေဖြင့် အေအေပီပီ၏ဆက်သွယ်မေးမြန်းမှုကိုဖြေကြားသူများက ပြောကြားသည့် ဖမ်းဆီးချုပ်နှောင်ထားသူများအား နေရာပြောင်းရွှေ့ခြင်း လုပ်နည်းလုပ်ဟန်များအပါအဝင် စစ်ဆေးမေးမြန်းမှုများအား စနစ်တကျပုံစံဖြင့် လုပ်ဆောင်ခြင်းက ကျူးလွန်သူများသည် အရပ်သားပြည်သူများအား ညှဉ်းပန်းနှိပ်စက်ရန် ကြိုတင်စီစဉ်ထားကြောင်းပြသနေပြီး၊ ယင်းသည် အဓိကအားဖြင့် "ညှဉ်းပန်းနှိပ်စက်ခြင်း ဖြစ်စဉ်ကိုသိရှိခြင်း" နှင့် အကျုံးဝင်ပါသည်။ အထက်တွင်ဖော်ပြခဲ့သည့် စစ်ကြောရေးစခန်းများနှင့် အကျဉ်းထောင်များအကြား သယ်ယူပို့ ဆောင်ရေးစနစ်အပြင်၊ အကျဉ်းထောင်ကွန်ရက်အတွင်း စစ်ဆေးမေးမြန်းမှုများကို အထောက်အကူပြုစေရန် ပြုပြင်မွမ်းမံထားခြင်း စစ်အာဏာမသိမ်းမီ ရက်သတ္တပတ်အနီးငယ်ကြိုတင်၍ စစ်ကြောရေးစခန်းအသစ်များတည်ဆောက်ခြင်းစသည့် အခြားသော အထောက်အထားများကလည်း ထပ်မံအားဖြည့်ထားသည်ဖြစ်ရာ အဆင့်မြင့်အရာရှိကြီးများက ဤသည်တို့ကို ကြိုတင်စီစဉ်ထားကြောင်းနှင့် သိရှိကြောင်း သက်သေပြနေပါသည်။[148] ထို့အပြင် ထွေးမောင် (အမည်လွှဲ) ပြောပြသည့် "မိန်းကလေးတွေကို တခြားကိုခေါ်သွားတယ်" ဆိုသည့် ဖမ်းဆီးခံရသူများအား အမျိုးသား၊ အမျိုးသမီး သီးသန့်ခွဲထားခြင်းကလည်း ကြိုတင်သိထားမှသာ ပေါင်းစပ်ညှိနှိုင်းလုပ်ဆောင်နိုင်မည့်အဆင့်ဖြစ်ကြောင်း ပြသနေပါသည်။ ၎င်းကဆက်၍ အရပ်သားပြည်သူများအား နိုင်ငံရေးယုံကြည်မှုပေါ်အခြေခံ၍ ညှဉ်းပန်းနှိပ်စက်သည်ဟုသိရှိကြောင်းပြောပြရာ မည်သူ့ကိုညှဉ်းပန်းနှိပ်စက်မည်ဟု ရွေးချယ်မှု၏ နောက်ကွယ်တွင် ကြိုတင်ပြင်ဆင်မှုရှိကြောင်း ပြသနေပါသည်။ ထောင်ဇာ (အမည်လွှဲ) ၏ ပြောပြချက်အရ သက်ထွား (အမည်လွှဲ) အား လူမှုမီဒီယာတွင် သတင်းနှင့်ဓါတ်ပုံများတင်ခြင်းကြောင့် ညှဉ်းပန်းနှိပ်စက်ခြင်း ဖြစ်ပါသည်။ မည်သူများကို ရွေးချယ်နှိပ်စက်မည်ဆိုသည်နှင့် ညှဉ်းပန်းနှိပ်စက်မှုစနစ်တို့ကို ကြိုတင်စီစဉ်မှုတွင် ထိုလုပ်ရပ်များဖြစ်ပွားနေသည်ကို တစ်စုံတရာသိရှိထားရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ညှဉ်းပန်းနှိပ်စက်မှုများ ဖြစ်ပွားနေကြောင်းကိုလည်း နိုင်ငံတကာနှင့် ပြည်တွင်းမီဒီယာသတင်းများတွင် အများအပြားထုတ်လွှင့်နေပါသည်။ သို့ဖြစ်ရာ အကြမ်းဖက်စစ်အုပ်စုအနေဖြင့် ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာသတင်းများကို သိရှိပြီးဖြစ်ပါသည်။

၁၃၂။ ထို့အပြင် ဆက်သွယ်မေးမြန်းမှုတွင်ပါဝင်ဖြေကြားခဲ့သူ ၃ဦးက ၎င်းတို့အပေါ်ကျူးလွန်ခဲ့သည့် အကြမ်းဖက်စစ်အုပ်စု၏ အဆင့်မြင့်အရာရှိများ၏ အမည်ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။ ရှိန်းထူး (အမည်လွှဲ) နှင့် သီဟ (အမည်လွှဲ) တို့အား ညှဉ်းပန်းနှိပ်စက်ခဲ့သူမှာ မြိတ်မြို့နယ်မှ ဗိုလ်ကြီးဝေဖြိုးအောင်ဖြစ်ကြောင်း၊ ပေါ်ဌေး (အမည်လွှဲ) အား ညှဉ်းပန်းနှိပ်စက်ခဲ့သူမှာ မင်္ဂလာဒုံတပ်နယ်မှ စစ်ဦးစီး (ပထမတန်း) နှင့် ဗျူဟာမှူးဖြစ်သူ ဒုတိယဗိုလ်မှူးကြီးမျိုးသက်မောင်ဖြစ်ကြောင်းနှင့် သေဆုံးသည်အထိ ညှဉ်းပန်းနှိပ်စက်ခံခဲ့ရသော ကျော်ဝဏ္ဏ (အမည်လွှဲ) အား ဖမ်းဆီးသူမှာ ပဲခူးတိုင်း အမှတ် ၉၀၁ သံချပ်ကာယန္တရားတပ်မှ တပ်ရင်းမှူးဗိုလ်မှူးကြီးမျိုးဆွေဖြစ်ပါသည်။ သို့ဖြစ်ရာ "ကျူးလွန်သူက သိရှိပြီးဖြစ်သည်" ဆို သည့် သတ်မှတ်ချက်နှင့်လည်းကိုက်ညီပါသည်။

၁၃၃။ နိဂုံးချုပ်အားဖြင့် အချက်အလက်အထောက်အထားများအရ ညှဉ်းပန်းနှိပ်စက်မှု ရာဇဝတ်မှုသည် အမှန်တကယ်ရှိနေပါသည်။ ယုံကြည်ရသော အရင်းအမြစ်များစွာထဲမှာ ဇော်ကြည် (အမည်လွှဲ)၊ ရှိန်းထူး (အမည်လွှဲ)၊ ပေါ်ဌေး (အမည်လွှဲ)၊ ထောင်ဇာ (အမည်လွှဲ)၊ သက်ထွား (အမည်လွှဲ)၊ ဇေယျာစိုး (အမည်လွှဲ)၊ သီဟ (အမည်လွှဲ)၊ မီမီညွန့် (အမည်လွှဲ)၊ ထွေးမောင် (အမည်လွှဲ)၊ အာကာလတ် (အမည်လွှဲ)၏ မိသားစုနှင့် ကျော်ဝဏ္ဏ (အမည်လွှဲ) ၏မိသားစုတို့အား ဆက်သွယ်မေးမြန်းမှုများက ညှဉ်းပန်းနှိပ်စက်မှုဖြစ်ရပ်ကို ညွှန်ပြနေပါသည်။

**ပုဒ်မ ၇(၁) (ဆ) မုဒိမ်းမှုကျူးလွန်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ**

**မုဒိမ်းမှု**

၁၃၄။ ရာဇဝတ်မှုဆိုင်ရာအခြင်းအရာများအရ အောက်ပါအခြေအနေတွင်မုဒိမ်းမှုမြောက်သည်။

---

147 As argued in the Muthaura, Kenyatta and Ali Pre-Trial Chamber. See: International Criminal Court (2012), *Prosecutor vs Muthaura* (Decision on the Confirmation of Charges pursuant to Article 61(7)(a) and (b) of the Rome Statute), Pre-Trial Chamber II, p. 18

148 Al Jazeera (2021), "Myanmar: State of Fear - 101 East exposes a secret interrogation centre and claims of torture", *Al Jazeera* (online), Available at: www.youtube.com/watch?v=QUh9mMQQP0Q

- (က) ကျူးလွန်သူ၏ လိင်အင်္ဂါဖြင့်ဖြစ်စေ၊ မည်သည့်အရာဝတ္ထုပစ္စည်းဖြင့်မဆိုဖြစ်စေ၊ အခြားမည်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းဖြင့်ဖြစ်စေ ကျူးလွန်ခံရသူ၏ စအိုအတွင်းသို့ဖြစ်စေ၊ လိင်အင်္ဂါအတွင်းသို့ဖြစ်စေ၊ သို့တည်းမဟုတ် မည်သည့် ခန္ဓာကိုယ်အစိတ်အပိုင်းအတွင်းသို့မဆိုဖြစ်စေ ဝင်သည်ဆိုရုံမျှဖြစ်သော်ငြား သွင်းဝင်ခြင်းကိုပြီးမြောက်စေသောလုပ်ရပ်အားဖြင့် လူတစ်ဦး၏ ခန္ဓာကိုယ်အတွင်းသို့ သွင်းဝင်စေသည့် လုပ်ရပ်ဖြစ်သည်။[149]
- (ခ) ထိုသို့ သွင်းဝင်စေခြင်းကို အတင်းအဓမ္မဖြစ်စေ၊ အင်အားသုံးခြိမ်းခြောက်၍ (ဝါ) အကြပ်ကိုင်၍ဖြစ်စေ၊ ခြိမ်းခြောက် အကြပ်ကိုင်သော ဝန်းကျင်အခြေအနေကို အခွင့်ကောင်းယူ၍ဖြစ်စေ၊ ကျူးလွန်ခံရသူက ၎င်း၏သဘောတူခွင့်ပြုချက်ကို မပေးနိုင်စွမ်းသော အခြေအနေတွင်ဖြစ်စေ ကျူးလွန်ခြင်းဖြစ်သည်။[150]

ထို့အပြင် ထိုလုပ်ရပ်သည် အရပ်သားပြည်သူအပေါ်ရည်ရွယ်ပစ်မှတ်ထားသည့် ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှုဖြစ်ပြီး၊ ထိုတိုက်ခိုက်မှုကို သိလျက်နှင့်ကျူးလွန်ခြင်းဖြစ်ရမည်။

၁၃၅။ အထက်ဖော်ပြပါသတ်မှတ်ချက်များအရ ထိုရာဇဝတ်မှုသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ဖြစ်ကြောင်း ညွှန်ပြနေသော ယုံကြည်ရသည့်သတင်းအချက်အလက်များရှိနေပြီး၊ အထူးသဖြင့် ဖမ်းဆီးထိန်းသိမ်းခံ အမျိုးသမီးများအား စစ်ဆေးမေးမြန်းစဉ်အတွင်း ဖြစ်သော်လည်း လိင်အမျိုးအစားအားလုံးအပေါ် ထိခိုက်သက်ရောက်စေပါသည်။

၁၃၆။ ၂၀၂၁ ခုနှစ်၊ မေလ ၁၃ ချင်းပြည်နယ်၊ မင်းတပ်တွင် အကြမ်းဖက်စစ်အုပ်စုက စစ်အုပ်ချုပ်ရေး (မာရှယ်လော) ကြေညာသည့် အချိန်တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က အကြမ်းဖက်စစ်အုပ်စုတပ်များက အမျိုးသမီးတစ်ဦးအား မုဒိမ်းကျင့်ခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။[151] အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က အက်ခလွီးကျေးရွာမှ မီးဖွားပြီးစအမျိုးသမီးတစ်ဦးကို အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းအား ကန့်ကွက်ရှုံချကြောင်း ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလတွင် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။[152] အဆိုပါ ကြေညာချက်တွင် "သူမကို သေနတ်များဖြင့်ချိန်၍ သတ်ပစ်မည်ဟုခြိမ်းခြောက်ပြီး၊ သူမတောင်းပန်နေသည့်ကြားမှ အကြိမ်ကြိမ်မုဒိမ်းကျင့်ခဲ့သည်" ဟု ဖော်ပြထားပြီး အင်အားသုံး၍ အဓမ္မခြိမ်းခြောက်အကြပ်ကိုင်ခဲ့သည်မှာ လွန်စွာထင်ရှားပါသည်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ် (ABFSU) က ထုတ်ပြန်သည့်ကြေညာချက်တွင် စစ်ကြောရေးစခန်းများ၌ အမျိုးသားများလည်း လိင်ပိုင်း ဆိုင်ရာကျူးလွန်ခံရသည်၊ မုဒိမ်းကျင့်ခံရသည်ဟု ဖော်ပြပါသည်။ "ကျူးလွန်ခံရသူများ၏ စအိုအတွင်းသို့ ဝါးလုံးဖြင့်အတင်းအဓမ္မ ထိုးသွင်းခြင်းကဲ့သို့ လူမဆန်သည့်ရက်စက်ကြမ်းကြုတ်မှု"[153] ဟု ၎င်းတို့က သီးခြားထုတ်ပြန်ခဲ့ပါသည်။ စစ်ကြောရေးစခန်းများအတွင်း လွန်စွာသိသာထင်ရှားသည့် အကြမ်းဖက် ခြိမ်းခြောက်မှုဝန်းကျင် နောက်ခံအခြေအနေတွင်ဖြစ်သည့်အတွက် အဆိုပါလုပ်ရပ်များသည် မုဒိမ်းမှုတွင်အကျုံးဝင်ပါသည်။

၁၃၇။ မုဒိမ်းမှုရာဇဝတ်မှုများသည် အမှန်တကယ်ဖြစ်သော်လည်း သတင်းအချက်အလက်ရရှိမှု လွန်စွာနည်းပါးပြီး၊ အေအေပီပီ၏ မူရင်းအထောက်အထားများအရဖြစ်စေ၊ ပွင့်လင်းသောအရင်းအမြစ်များ၏ အချက်အလက်များအရဖြစ်စေ၊ အဆိုပါလုပ်ရပ်များ၏ ကျယ်ပြန့်၍ စနစ်တကျဖြစ်သည့်သဘောသဘာဝကို သက်သေပြရန်မလုံလောက်ပါ။ သို့ရာတွင် အကြမ်းဖက်အာဏာသိမ်း (ရန်ကြီးပမ်း) ချိန်မှစ၍ မုဒိမ်းမှုဆိုင်ရာတိကျသောသတင်းအချက်အလက်များရှိပါသည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စုသည် အစဉ်အလာအားဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ အထူးသဖြင့် မုဒိမ်းကျင့်ခြင်းကို ပဋိပက္ခများအတွင်း အကြောက်တရားလက်နက်တစ်ခုအဖြစ် တောက်လျှောက်သုံးခဲ့ပြီး လူ့အခွင့်အရေး လေ့လာစောင့်ကြည့်ရေးအဖွဲ့ (HRW) က "ယင်းသည် တိုင်းရင်းသားအင်အားစုများနှင့် ဆယ်စုနှစ်များစွာ ကြာမြင့်သည့်

[149] International Criminal Court (2011), *Elements of Crimes*, The Hague: International Criminal Court, p. 08
[150] *Ibid*.
[151] Andrews, T.H. (2021), *Report of the Special Rapporteur on the situation of human rights in Myanmar*, UN GAOR, UN DOC A/76/314, p. 09
[152] Women's league of Burma (November 19, 2021), "The Women's League of Burma Strongly Condemns the Rape of a Postpartum Woman by the Military Junta in Akllui village of Tedim township, Chin State", *Online Burma/Myanmar Library*, (online), Available at: https://www.burmalibrary.org/sites/burmalibrary.org/files/obl/2021-11-19-WLB-statement-condemning-the-gang-rape-and-assault-of-a-woman-in-Chin-State-tu-en.pdf
[153] All Burma Federation of Student Unions (2022), "Statement on the sexual abuses committed by the Junta troops led by Min Aung Hlaing upon the woman-comrade", *ABFSU* (online), Available at: progressivevoicemyanmar.org/2022/02/19/statement-on-the-sexual-abuses-committed-by-the-junta-troops-led-by-min-aung-hlaing-upon-the-woman-comrades/

မြန်မာနိုင်ငံ၏ပြည်တွင်းစစ်ကာလအတွင်း အကြမ်းဖက်မှုနှင့် ပြစ်ဒဏ်မှကင်းလွတ်ခွင့်ယဉ်ကျေးမှု၏ အမှတ်တံဆိပ်ဖြစ်သည်”[154] ဟုသတ်မှတ်ပါသည်။ သို့ဖြစ်ရာ နောက်ထပ်စုံစမ်းစစ်ဆေးမှုများပြုလုပ်နိုင်မည်ဆိုလျှင်၊ ထိုသို့သော နည်းနာများနှင့် မုဒိမ်းမှုရာဇဝတ်မှုများအား အကြမ်းဖက်စစ်အုပ်စုက အမှန်တကယ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ ကျူးလွန်နေကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

၁၃၈။ ထို့အပြင် လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုဖြစ်သည့် ညှဉ်းပန်းနှိပ်စက်မှုကို မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျကျူးလွန်နေကြောင်း ရှေ့တွင်သက်သေပြခဲ့ပြီး ဖြစ်သည့်အပြင်၊ ညှဉ်းပန်းနှိပ်စက်မှု လုပ်ရပ်များကဲ့သို့ပင် မုဒိမ်းမှုရာဇဝတ်မှုကိုလည်း ICTR[155] နှင့် ICTY[156] နှစ်ခုစလုံးက အလားတူသတ်မှတ်ပါသည်။ ညှဉ်းပန်းနှိပ်စက်မှုကို ရာဇဝတ်မှုအဖြစ်သတ်မှတ်သည့် အခြင်းအရာများနှင့် ကိုက်ညီသောကြောင့် အထက်တွင်ဖော်ပြခဲ့သော ဖြစ်စဉ်များကိုလည်း ထိုသို့သတ်မှတ်နိုင်ပါသည်။ မုဒိမ်းမှုရာဇဝတ်မှုသည် အမှန်တကယ်ပင် ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေး ဆိုင်ရာအရ ပင်ကိုယ်အားဖြင့် လွန်စွာပြင်းထန်ရက်စက်သည့် ရာဇဝတ်မှုဖြစ်ပြီး၊ ထည့်သွင်းစဉ်းစားထားသည့်ဖြစ်စဉ်များသည် စစ်သားများက အရပ်သားပြည်သူများအပေါ် ကျူးလွန်သည်ဖြစ်ရာ ကျူးလွန်သူက ကျူးလွန်ခံရသူအပေါ် သဘာဝအားဖြင့် ထိန်းချုပ်ထားနိုင်သည့် အခြေအနေဖြစ်ပါသည်။ ညှဉ်းပန်းနှိပ်စက်မှုဆိုင်ရာ ကုလသမဂ္ဂ၏ ဒုတိယမြောက် အထူးကိုယ်စားလှယ်ကလည်း မုဒိမ်းမှုဆိုင်ရာသတ်မှတ်ချက်သည် အထူးသဖြင့် ဖမ်းဆီးချုပ်နှောင်ခံရသည့် နောက်ခံအခြေအနေတွင် ညှဉ်းပန်းနှိပ်စက်မှုနှင့် အတူတူဖြစ်သည့်အပြင်၊ “ဖမ်းဆီးချုပ်နှောင်ခံထားရသော အမျိုးသမီးများအပေါ် မုဒိမ်းကျင့်ခြင်း၊ သို့မဟုတ် အခြားသော ပုံစံများဖြင့် လိင်ပိုင်းဆိုင်ရာကျူးလွန်မှုတို့သည် အထူးသဖြင့် မွေးရာပါလူ့ဂုဏ်သိက္ခာနှင့် လူသားတို့၏ရုပ်ပိုင်ဆိုင်ရာ ခုခံကာကွယ်ပိုင်ခွင့်ကို အရုပ်ဆိုးအကျည်းတန်စွာချိုးဖောက်ခြင်းဖြစ်သည်မှာ ထင်ရှားသောကြောင့် ယင်းတို့သည် ညှဉ်းပန်းနှိပ်စက်မှုလုပ်ရပ်နှင့်အလားတူ အကျုံးဝင်သည်”[157] ဟု ကာကွယ်ပြောကြားခဲ့ပါသည်။

**အလားတူပြင်းထန်လေးနက်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ရာဇဝတ်မှု**

၁၃၉။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ရာဇဝတ်မှုကို အောက်ပါအတိုင်းသတ်မှတ်သည်၊

- (က) ကျူးလွန်သူက အခြားသူတစ်ဦး/လူအများကို လိင်မှုကိစ္စတွင်ပါဝင်စေရန် ခြိမ်းခြောက်၍ဖြစ်စေ၊ အတင်းအဓမ္မ၊ သို့မဟုတ် အကြပ်ကိုင်၍ဖြစ်စေ လိုင်ပိုင်းဆိုင်ရာကျူးလွန်စော်ကားသည့်လုပ်ရပ်ကို ကျူးလွန်ခြင်းဖြစ်သည်။[158]
- (ခ) ထိုလုပ်ရပ်သည် ရောမစာချုပ်၏ ပုဒ်မ ၇ (၁) (ဆ)ပါ အခြားပြစ်မှုများနှင့်အလားတူ ပြင်းထန်လေးနက်ရမည်။[159]
- (ဂ) ထိုလုပ်ရပ်၏ပြင်းထန်မှုကိုပေါ်လွင်စေသော ခိုင်လုံသည့်အခြေအနေများကို ကျူးလွန်သူက သိရှိပြီးဖြစ်ရမည်။[160]

၁၄၀။ ပထမအခြင်းအရာအရ၊ ခြိမ်းခြောက်မှု၊ အဓမ္မဖိအားပေးမှု (ဝါ) အကြပ်ကိုင်ခြိမ်းခြောက်မှုတွင် “အကြမ်းဖက်ကျူးလွန်ခံရမည်၊ ဖမ်းဆီးချုပ်နှောင်ခံရမည်ဆိုသည့် ကြောက်စိတ်ကိုသွတ်သွင်းခြင်း၊ ထိခိုက်နာကျင်စေမည်ဟု ခြိမ်းခြောက်ခြင်း၊ လုပ်ပိုင်ခွင့်အာဏာကို

[154] Human Rights Watch (July 25, 2018), “Sexual Violence by the Burmese Military Against Ethnic Minorities, Testimony of Skye Wheeler at the Tom Lantos Human Rights Commission” (online), Available at: https://www.hrw.org/news/2018/07/25/sexual-violence-burmese-military-against-ethnic-minorities

[155] International Criminal Tribunal for Rwanda (September 2, 1998), The Prosecutor v. Jean-Pauli Akayesu (ICTR-96-4-T), §597: “Like torture, rape is used for such purposes as intimidation, degradation, humiliation, discrimination, punishment, control or destruction of a person. Like torture, rape is a violation of personal dignity, and rape in fact constitutes torture when inflicted by or at the instigation of or with the consent or acquiescence of a public official or other person acting in an official capacity.” (online) Available at: https://unictr.irmct.org/sites/unictr.org/files/case-documents/ictr-96-4/trial-judgements/en/980902.pdf

[156] International Criminal Tribunal for the former Yugoslavia (October 20, 1995) Review of the indictment, Prosecutor v. Dragan Nikolíc, §33, (online) Available at: https://www.icty.org/x/cases/dragan_nikolic/tord/en/951020.pdf. See also ICTY (November 16, 1998), Judgement, Prosecutor v. Music and Landžo, §495-496 (online), Available at: https://www.icty.org/x/cases/mucic/tjug/en/981116_judg_en.pdf

[157] Nigel Rodin (February 21, 1992), “Question of the human rights of all persons subjected to any form of detention or imprisonment, in particular: torture and other cruel, inhuman or degrading treatment or punishment”, oral introduction to 1992 report to the Commission on Human Rights (E/CN.4/1995/34), §35, (online) Available at: https://tind-customer-undl.s3.amazonaws.com/45a2c7f4-9003-4f33-response-content-disposition=attachmen4_1992_SR.21-EN.pdf

[158] Rome Statute; International Criminal Court (2011), Elements of Crimes, p 16

[159] *Ibid.*

[160] International Criminal Court (2011), *Elements of Crimes*, p. 16.

အလွဲသုံးစားပြုခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှပ်စက်မှုတို့”ပါဝင်ပါသည်။[161] ထို့အပြင် ထိုလုပ်ရပ်သည် အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသည့် ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှုဖြစ်ပြီး၊ ထိုတိုက်ခိုက်မှုကိုသိလျှက်နှင့် ကျူးလွန်ခြင်းဖြစ်ရပါမည်။

၁၄၁။ ကိုယ်တိုင်ကျူးလွန်ခံခဲ့ရသူ ၂ဦးနှင့်၊ မျက်မြင်သက်သေ ၂ဦးက လိင်ပိုင်းဆိုင်ရာနှင့် လိင်အခြေပြု အကြမ်းဖက်မှုများနှင့်စပ်လျဉ်းသည့် လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ဆက်ဆံမှုများအား အေအေပီပီသို့ ပြောပြခဲ့ပါသည်။ UNOCHA က လိင်ပိုင်းဆိုင်ရာနှင့် လိင်အခြေပြု အကြမ်းဖက်မှု (SGBV) သည် “တစ်ဦးတစ်ယောက်၏ အလိုဆန္ဒနှင့် ဆန့်ကျင်၍ကျူးလွန်သည့် လိင်ပိုင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်း၊ စိတ်ခါတ်ပိုင်းနှင့် ခံစားမှုပိုင်းဆိုင်ရာ ဘေးအန္တရာယ်ဖြစ်စေသော မည်သည့်အကြမ်းဖက်လုပ်ရပ်မဆိုကိုဆိုလိုသည်” ဟု ဖော်ပြထားပြီး၊ ယင်းသည်အမျိုးသားနှင့် အမျိုးသမီးအကြား လူမှုသတ်မှတ်ချက် (လိင်) မတူညီမှုအပေါ် အခြေခံခြင်းဖြစ်ပါသည်။[162] သို့ဖြစ်ရာ ရာဇဝတ်မှု၏ ပြင်းထန်လေးနက်မှုနှင့် သဘောသဘာဝသည် လူမှုသတ်မှတ်ချက်၊ လိင်နှင့် လိင်စိတ်ခံယူမှုအခြေခံတို့အပေါ်မူတည်ပါသည်။

၁၄၂။ ယခင်ကရှင်းပြခဲ့သည့်အတိုင်း မီမီညွန့် (အမည်လွှဲ) သည် မန္တလေးတွင်ဖမ်းဆီးခံခဲ့ရပြီး သူမ၏တင်ပါးနှင့် ပေါင်အပါအဝင် ခန္ဓာကိုယ် အနှံ့ကြိုးများဖြင့် အပြင်းအထန်ရိုက်နှက်နှိပ်စက်ခံခဲ့ရပါသည်။ လိင်အင်္ဂါခွဲစိတ်ကုသမှုနှင့် စပ်လျဉ်း၍ သူမ၏ဆရာဝန်နှင့် အပြန်အလှန် ပြောထားသည်များကို ဖုန်းတွင်တွေ့ရှိသွားပြီး အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့ဝင်များက သူမအားလှောင်ပြောင်ခဲ့ကြပါသည်။ အဝတ်အစားများချွတ်၍ သူမ၏ခန္ဓာကိုယ်အားစစ်ဆေးစဉ် စစ်သားများက လှောင်ပြောင်ရယ်မောခဲ့ကြပါသည်။ မီမီညွန် (အမည်လွှဲ) အား ၎င်းတို့၏လိင်အင်္ဂါများကိုပြသပြီး “နင်က လိင်ပြောင်းချင်နေတာဆိုတော့ ဒါတွေကြိုက်တယ်မဟုတ်လား၊ ဒါမျိုးလေ” ဟု ပြောခဲ့ပါသည်။ ယင်းတို့သည် မဖွယ်မရာလိင်အင်္ဂါကိုပြသခြင်း၊ အတင်းအဓမ္မဝတ်လစ်စလစ်ဖြစ်စေမှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှု၊ လိင်ပိုင်းဆိုင်ရာကျူးလွန်မှု၊ ပွတ်သပ်ခြင်း (ဝါ) အလိုမတူပဲ လိင်ပိုင်းဆိုင်ရာထိတွေ့ကိုင်တွယ်ခြင်းနှင့် ခံစားမှုနှင့် ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမြောက်သည့် ရာဇဝတ်မှုများဖြစ်ပြီး လိင်စိတ်ခံယူမှုနှင့် ကျူးလွန်ခံရသူ၏ ကိုယ်ပိုင်ပြဌာန်းခွင့်ကို မထီမဲ့မြင်ပြုခြင်းနှင့် နှောက်ယှက်ဖျက်ဆီးခြင်းဖြစ်ပါသည်။

၁၄၃။ ၂၀၂၁ ခုနှစ် မတ်လ ၃ရက်နေ့တွင် ဖမ်းဆီးခံရသော နန္ဒာလှ (အမည်လွှဲ) ကလည်း အင်းစိန်သီးသန့်အကျဉ်းထောင်အတွင်း အမျိုးသမီးအကျဉ်းသူများအား လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသော ဖြစ်ရပ်များအကြောင်း ပြောပြပါသည်။ အမျိုးသမီးအကျဉ်းသူများသန့်စင်ခန်းသုံးရာတွင် စိတ် သက်သောင့်သက်သာမရှိကြောင်း သူမက ရှင်းပြပါသည်။ “နံရံတွေကအရမ်းနိမ့်တော့ တစ်ယောက်နဲ့တစ်ယောက်မြင်နေရတယ် သန့်စင်ခန်းထိုင်ပြီဆိုရင် ကျွန်မတို့မျက်နှာတွေကို အပြင်ကမြင်နေရတယ်” အမျိုးသားအဆောင်များက ဝိုင်းကြည့်ကြသည်ဟု သူမကပြောပါသည်။ အလားတူပင် အမျိုးသမီးအကျဉ်းသူများ ရေချိုးသည့်အခါ အပြင်ဘက်အုတ်ကန်တွင် ချိုးကြရသည်။ “ထောင်ကပေးတဲ့လုံချည်က အရမ်းပါးတော့ ကျွန်မတို့ရေချိုးရင် ကောင်လေးတွေကဝိုင်းကြည့်ကြတယ်… အဆင်မပြေဘူးလေ… စိတ်မလုံဘူးပေါ့၊ တချို့ကျောင်းသူတွေဆို စိတ်မလုံတော့ ရေမချိုးကြဘူး။” ထိုသို့စိတ်မသက်မသာဖြစ်ခြင်းနှင့် မလုံခြုံခြင်းတို့သည် အင်းစိန်အကျဉ်းထောင်အတွင်း အမျိုးသမီးအကျဉ်းသူများအပေါ် လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ဖြစ်ရပ်များဖြစ်ပြီး၊ အမျိုးသားများကြုံတွေ့ရသည်နှင့်မတူကြောင်း ဇော်ကြည် (အမည်လွှဲ) ပြောပြသည့် အထောက်အထားများအရ သိရပါသည်။[163] နန္ဒာလှ (အမည်လွှဲ) က “အမျိုးသမီးတစ်ယောက်အနေနဲ့ ကျွန်မတို့ရဲ့ အခွင့်အရေးတွေ ချိုးဖောက်ခံရတယ်လို့ခံစားရတယ်၊ ရေချိုးရတာအဆင်မပြေ၊ အိမ်သာဝင်ရတာလည်းအဆင်မပြေ၊ ထောင်ထဲမှာ နေရတာလည်း အဆင်မပြေဘူး၊ ကျွန်မာစိတ်ပျက်တယ်၊ ထောင်ထဲမှာနေရတာကြောက်တယ်၊ မလုံခြုံဘူး” ဟု ပြောပါသည်။ ရက်စက်မိုက်မဲ၍ လူ့ဂုဏ်သိက္ခာကိုညှိုးနွမ်းစေသော ဤဖြစ်ရပ်သည် ရောမစာချုပ်တွင် သတ်မှတ်ထားသည့် သတ်မှတ်ချက်များနှင့် တိတိပပ မကိုက်ညီသော်လည်း၊ UNOCHA က ဖော်ပြထားသည့် လိင်ပိုင်းဆိုင်ရာနှင့် လိင်အခြေပြုအကြမ်းဖက်မှု (SGVB) များနှင့် ကိုက်ညီပါသည်။

၁၄၄။ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၇ရက် ကနီမြို့နယ် အစုလိုက်အပြုံလိုက်လူသတ်ပွဲတွင် အသက်ရှင်ကျန်ရစ်သူ မျက်မြင်သက်သေအနည်းဆုံး ၂ဦးက အေအေပီပီသို့ပြောပြရာတွင် ယင်းကျေးရွာအနီးတောင်ကြားတွင် ရုပ်အလောင်း အများအပြားကိုတွေ့ရှိရပြီး၊ မြင်သာထင်သာစွာပင် ၎င်းတို့အား အလွန်ရက်စက်ကြမ်းကြုတ်စွာ ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ရုံမက၊ အဝတ်အစားများချွတ်ထားကာ အမျိုးသားလိင်အင်္ဂါများကို လှီးဖြတ်ခဲ့ကြပါသည်။ အတင်းအဓမ္မဝတ်လစ်စလစ်ဖြစ်စေခြင်းနှင့် လိင်အင်္ဂါဟုသတ်မှတ်ထားသော ခန္ဓာကိုယ်အစိတ်အပိုင်းများအား

---

161 Rome Statute; International Criminal Court (2011), *Elements of Crimes*, p 16

162 OCHA (2019), “Sexual and gender-based violence: the time to act is now”, *United Nations* (online), Available at: www.unocha.org/story/sexual-and-gender-based-violence-time-act-now

163 **Zaw Kyi** [alias] explained: “I could say rules were not as strict regarding bathroom regulations, if compared with the girls’ ward. (…) If we wanted to take a bath, we were able to.”

ဖျက်ဆီးခြင်း/ ဖြတ်တောက်ခြင်းတို့သည် ညှဉ်းပန်းနှိပ်စက်မှုအတွင်း လိင်ပိုင်းဆိုင်ရာ ရာဇဝတ်မှုတွင်ပါအကျုံးဝင်ပါသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (သာလျှင်) ကို ညှဉ်းပန်းနှိပ်စက်မှုအဖြစ် အမျိုးအစားခွဲခြားသတ်မှတ်ခြင်းသည် အမျိုးသားများအပေါ်ကျူးလွန်ခြင်းဖြစ်လျှင် ရာဇဝတ်မှု၏ လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှုသဘောသဘာဝကို လျှော့နည်းအားပျော့စေပါသည်။[164]

၁၄၅။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် အမျိုးသားဖြစ်ခြင်းဆိုင်ရာယူဆချက်များအကြား အဆက်အစပ်ကို သုတေသန များတွင်ဖော်ပြထားပါသည်။[165] အသွင်ကူးပြောင်းရေးကာလတရားမျှတမှုဆိုင်ရာ လုပ်နည်းလုပ်ဟန်များ ပိုမိုကောင်းမွန်လာခြင်းက စစ်အတွင်းရာဇဝတ်မှုများအား ဖြေရှင်းဆောင်ရွက်ခြင်းအပြင်၊ ကျား၊မရေးရာ နှုန်းစံများအား အပြုသဘော ပြောင်းလဲလာစေနိုင်ပါသည်။ သို့ဖြစ်ရာ ဤအထောက်အထားအခြေပြု အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာ ကျူးလွန်မှု သဘောသဘာဝရှိသော ရာဇဝတ်မှုများအားလုံးကို အလေးအနက်ထားထည့်သွင်းစဉ်းစားသင့်ကြောင်း၊ ယခင် ယူဂိုဆလားဗီးယား ပြည်ထောင်စုဆိုင်ရာ နိုင်ငံတကာရာဇဝတ်ခုံရုံး[166]နှင့် ၂၀၀၀ခုနှစ် အစောပိုင်းကာလများတွင် ပီရူး၏ အမှန်တရားနှင့်ပြန်လည်သင့်မြတ်ရေးကော်မရှင်[167]များကဲ့သို့သော နိုင်ငံတကာတရားရုံးများ၏ စီရင်ပိုင်ခွင့်အတွင်း ယခင်ကရှိခဲ့ဘူးသော ပျော့ပြောင်းသည့် ပြစ်ဒဏ်များအား ပြင်ဆင်ရမည်ဖြစ်ကြောင်း အေအေပီပီက အခိုင်အမာ တိုက်တွန်းထားပါသည်။

၁၄၆။ ထို့အပြင် ဤရာဇဝတ်မှုသည် မြန်မာနိုင်ငံတွင်ဖြစ်ပွားနေကြောင်း အခြားအထောက်အထားများစွာ ရှိနေပါသည်။ အကြမ်းဖက် စစ်အုပ်စုသည် ဖမ်းဆီးထိန်းသိမ်းခံရသော အမျိုးသမီးများအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်ကြောင်းကို "အပြင်းအထန် ရိုက်နှက်ခြင်း၊ စစ်ဆေးမေးမြန်းစဉ် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ၊ အမျိုးသမီးမုန်းတီးရေးအခြေခံဖြင့် ကျူးလွန်စော်ကားမှုများနှင့် အသက်အန္တရာယ်ခြိမ်းခြောက်မှုများ"[168]ကို ခံခဲ့ရသူများက ပြောပြပါသည်။ အလားတူပင်၊ ၂၀၂၁ ခုနှစ် မတ်လ ၃ရက်တွင် ရန်ကုန်မြို့၌ သတင်းထောက် ဟံသာငြိမ်းအား မုဒိမ်းကျင့်မည်ဟုခြိမ်းခြောက်ခဲ့ပါသည်။[169] လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ (HRW) က ၂၀၂၁ ခုနှစ် ဧပြီလ ၁၇ ရက် ရန်ကုန်မြို့တွင် လုံခြုံရေးတပ်ဖွဲ့များအား ဗုံးခွဲတိုက်ခိုက်မှုတွင်ပါဝင်သည်ဟု မှားယွင်းစွပ်စွဲပြီးဖမ်းဆီးခံရသော အမျိုးသမီးတစ်ဦး၏ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးခဲ့ပါသည်။[170] ရဲစခန်းတွင် စစ်ဆေးမေးမြန်းစဉ်အတွင်း သူမ၏လိင်အင်္ဂါကို အပြင်းအထန် ရိုက်နှက်ခံရသည့်အတွက် မိန်းမအင်္ဂါတွင် သွေးအလွန်အကျွံထွက်စေခဲ့ပြီး၊ ရွှေပြည်သာစစ်ကြောရေးစခန်းတွင် ထပ်မံရိုက်နှက်ခံရပါသည်။ စမ်းချောင်းရဲစခန်းတွင် သူမအားစစ်ဆေးစဉ်အတွင်း သေနတ်ဖြင့်ချိန်၍ လိင်ပိုင်းဆိုင်ရာစော်ကားခြိမ်းခြောက်ခံရသည်ဟုလည်း သူမ၏ အခန်းဖော်က ဆိုသည်။[171] ရဲအရာရှိတစ်ဦးက မဖွယ်မရာပွတ်သပ်ကိုင်တွယ်ခဲ့သည်ဟုလည်း ပြောပါသည်။[172] အစောင့်တပ်သားများနှင့် စစ်သားများသည် စစ်ဆေးမေးမြန်းစဉ်အတွင်း ဖိနှိပ်ခြိမ်းခြောက်သည့်ဝန်းကျင်အခြေအနေကို အခွင့်ကောင်းယူ၍ အမျိုးသမီးအကျဉ်းသူများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုလုပ်ရပ်များကို ကျူးလွန်ကြောင်း ထင်ရှားနေသည်ဖြစ်ရာ ပထမအခြင်းအရာနှင့်ကိုက်ညီပါသည်။

၁၄၇။ အမျိုးသမီးများ၏လိင်အင်္ဂါကိုရိုက်နှက်ခြင်း၊ မိန်းမမုန်းတီးရေးအခြေခံဖြင့် ကျူးလွန်စော်ကားမှုများနှင့် မုဒိမ်းကျင့်မည်ဟု ခြိမ်းခြောက်ခြင်းများအပြင်၊ အမျိုးသမီးအကျဉ်းသူများအပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားခြိမ်းခြောက်ခြင်းများအားလုံးသည် ပြင်းထန်ဆိုးရွားသော လုပ်ရပ်များဖြစ်ပြီး၊ လိင်ပိုင်းဆိုင်ရာကျူးလွန်မှု သဘောသဘာဝရှိ၍ ကျူးလွန်ခံရသူများအဖို့ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ဒဏ်ရာနှစ်မျိုး

---

164 Manivannan, A. (2014), "Seeking justice for male victims of sexual violence in armed conflict", *International Law and Politics*, vol. 46, no. 02, p. 643

165 Baaz, M.E. and Stern, M. (2009), "Why Do Soldiers Rape? Masculinity, Violence, and Sexuality in the Armed Forces in the Congo (DRC)", vol. 53, *International Studies Quarterly*, pp. 495, 499

166 Campbell, K. (2007), "The Gender of Transitional Justice: Law, Sexual Violence and the International Criminal Tribunal for the Former Yugoslavia", *The International Journal of Transitional Justice*, p. 411, 428.

167 Cohen, D.K. et al. (2013), "Wartime Sexual Violence: Misconceptions, Implications, and Ways Forward", *United States Institute of Peace*, Special Report.

168 OMCT (2021), "Myanmar: the junta abuses and tortures detained women", *OMCT SOS-Torture Network* (online), Available at: www.omct.org/en/resources/statements/myanmar-the-junta-abuses-and-tortures-detained-women

169 Human Rights Watch (2021), "Myanmar: Coup Leads to Crimes Against Humanity", *HRW* (online), Available at: www.ecoi.net/en/document/2056889.html

170 *Ibid*.

171 *Ibid*.

172 The Straits Times (2021), "Myanmar Teen Describes Junta's Brutal Treatment of Detained Women", The Straits Times (online), Available at: www.straitstimes.com/asia/se-asia/myanmar-teen-describes-juntas-brutal-treatment-of-detained-women

စလုံးကို ဖြစ်ပေါ်စေသည့်အတွက် ဒုတိယအခြင်းအရာကိုသက်သေပြရန်မှာ အလားတူပင် အကြီးအကျယ်အငြင်းပွားဖွယ်မရှိပါ။ ယင်းတို့အပြင် အေအေပီပီမှရရှိသော သက်သေအထောက်အထားများဖြစ်သည့် အင်းစိန်အကျဉ်းထောင်အတွင်း အမျိုးသမီးအကျဉ်းသူများအား လူ့ဂုဏ်သိက္ခာညှိုးနွမ်းစေသောဖြစ်ရပ်များ၊ ဖမ်းဆီးချုပ်နှောင်ခံရသည့် အမျိုးသမီးများအား အတင်းအဓမ္မဝတ်လစ်စလစ်ဖြစ်စေခြင်းနှင့် မဖွယ်မရာလိင်အင်္ဂါကိုထုတ်ပြခြင်းအပါအဝင် စိတ်ခံစားမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၊ အမျိုးသားများ၏လိင်အင်္ဂါများအား ပျက်စီးထိခိုက်စေခြင်းတို့ကို လိင်ပိုင်ဆိုင်ရာကျူးလွန်စော်ကားမှု သဘောသဘာဝရှိသည့် "ဆိုးရွားရက်စက်သော" လုပ်ရပ်များ၏ အထောက်အထားဖြင့် ထပ်မံပေါင်းထည့်လျှင်အားလုံးသည် လိင်ပိုင်းဆိုင်ရာနှင့် လိင်အခြေပြုအကြမ်းဖက်မှု ရာဇဝတ်မှုများတွင် အကျုံးဝင်ပါသည်။

၁၄၈။ ကျူးလွန်သူများသည် ကျူးလွန်ခံရသူများအား ဆိုးရွားပြင်းထန်စွာ စိတ်ဒဏ်ရာရစေသည်ကို အလွယ်တကူ မြင်တွေ့နိုင်မည်ဖြစ်ရာ တတိယအခြင်းအရာသည်လည်း အငြင်းပွားဖွယ်မရှိပါ။ ချုပ်နှောင်ခံရပြီး မည်သို့မှ မလွတ်မြောက်နိုင်မှန်းသိနေသည့် ကျူးလွန်ခံရသူများအပေါ် အဆိုပါလုပ်ရပ်များကို ကျူးလွန်ခြင်းဖြစ်ပါသည်။ အဆိုပါ လုပ်ရပ်အများအပြားသည် ကျူးလွန်ခံရသူများအနေဖြင့် ခြိမ်းခြောက်အကြပ်ကိုင်ခံထားရပြီး၊ ကြောက်ရွံ့ထိတ်လန့် နေသည်ကို ကျူးလွန်သူများက သိရှိထားပြီးဖြစ်လျက်နှင့် ရက်စက်ပြင်းထန်သည့် စစ်ဆေးမေးမြန်းမှုများအတွင်း ဖြစ်ပွားခြင်းလည်း ဖြစ်ပါသည်။ ကျူးလွန်ခံရသူများအနေဖြင့် မိမိကိုယ်ကိုခုခံကာကွယ်ခွင့်မရနိုင်သည်ကို သိလျက်နှင့် ထိုသို့ခြိမ်းခြောက်အကြပ်ကိုင်သည့်ဝန်းကျင်အခြေအနေကို ကျူးလွန်သူများက ရည်ရွယ်ချက်ရှိရှိ အခွင့်ကောင်းယူခြင်း ဖြစ်ပါသည်။ သို့ဖြစ်ရာ ဤအခြင်းအရာကို သက်သေပြနိုင်ပါသည်။

၁၄၉။ စတုတ္ထအချက်အနေဖြင့် အာဏာသိမ်း (ရန်ကြိုးပမ်း) ချိန်မှစ၍ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှုန်း မြင့်မားလာပြီး၊ အကြမ်းဖက်စစ်အုပ်စုက မုဒိမ်းကျင့်ခြင်းကို စစ်ပွဲလက်နက်တစ်ခုအနေဖြင့်လည်းကောင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို စိတ်ဓါတ်စစ်ဆင်ရေး နည်းလမ်းတစ်ခုဖြစ်လည်းကောင်း အသုံးပြုနေသည်မှာ ထင်ရှားပါသည်။ ယင်းတို့၏ကျယ်ပြန့်မှုနှင့် စနစ်တကျဖြစ်မှုသဘောသဘာဝက ဤသည်မှာ ယန္တရားအဆင့်ဆင့်ဖြင့် ဆောင်ရွက်သည့်ပုံစံဖြစ်ကြောင်း ညွှန်ပြနေပါသည်။[173] သို့ဖြစ်ရာ ဤသို့အကြမ်းဖက်မှုသည် စစ်အုပ်စု၏ အဖွဲ့အစည်းဆိုင်ရာမူဝါဒများနှင့်ဆက်စပ်နေသည်မှာ ထင်ရှားပါသည်။ တိုင်းရင်းသားလူမျိုးများအပေါ် ဆယ်စုနှစ်ပေါင်းများစွာ လိင်ပိုင်းဆိုင်ရာနှင့် လိင်အခြေပြုအကြမ်းဖက်မှုများကို လက်နက်သဖွယ် မြန်မာစစ်တပ်ကသုံးခဲ့သည့် လုပ်နည်းလုပ်ဟန်ကို နိုင်ငံတကာ အသိုင်းအဝိုင်းက အမြဲတစေပြစ်တင်ရှုံ့ချခဲ့ပြီး၊ ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးမစ်ရှင်က ထိုလုပ်ရပ်အား အရပ်သားပြည်သူလူထုအပေါ် ခြိမ်းခြောက်အကြမ်းဖက် ပြစ်ဒဏ်ခတ်ရန် ရည်ရွယ်သော မဟာဗျူဟာဟု ကင်ပွန်းတပ်ခဲ့ပါသည်။[174] အာဏာသိမ်း (ရန်ကြိုးပမ်း) ပြီးအလွန် မြန်မာနိုင်ငံတွင် ထိုနည်းလမ်းအတိုင်းဆက်၍ အသုံးပြုနေဆဲဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် မေလ ၁၃ရက် အကြမ်းဖက်စစ်အုပ်စုက မင်းတပ်တွင် စစ်အုပ်ချုပ်ရေး (မာရှယ်လော) ကြေညာပြီးချိန်တွင် အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာစော်ကားကျူးလွန်မှုများ ရှိခဲ့သည်ကိုလည်း ကုလသမဂ္ဂက မီးမောင်းထိုးပြထားပါသည်။[175]

၁၅၀။ နောက်ဆုံးအချက်အနေဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်သည့် ရာဇဝတ်မှုအများစုသည် အရပ်သားပြည်သူများအား ဖမ်းဆီး ထိန်းသိမ်းထားစဉ်၊ အထူးသဖြင့် စစ်ဆေးမေးမြန်းစဉ်အတွင်း ဖြစ်ပွားသည်ဖြစ်ရာ သိရှိခြင်းဆိုသည့် အခြင်းအရာနှင့်ကိုက်ညီပါသည်။ အကြမ်းဖက်စစ်အာဏာသိမ်းမှု ဆန့်ကျင်ရေးဆန္ဒပြပွဲများတွင် ၎င်းတို့၏ပါဝင်မှုကို စစ်ဆေးမေးမြန်းခြင်းဆိုသည့်အချက်က ဤသည်မှာ မြန်မာနိုင်ငံပြည်သူများအပေါ် အကြမ်းဖက်စစ်အုပ်စု၏ ကျယ်ပြန့်၍စနစ်တကျဖြစ်သောတိုက်ခိုက်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပြည်သူများအား ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ကြောင်း ကျူးလွန်သူများအနေဖြင့် သိရှိသည်ကိုဖော်ပြနေပါသည်။ ရလဒ်အဖြစ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်သည့် ရာဇဝတ်မှုများ ဖြစ်ပွားသည်ဟု သက်သေပြနိုင်ပါသည်။

173 Women's League of Burma (2021), "Press Release: Women Leaders of Burma/Myanmar Disappointed with International Community", *APWLD* (online), Available at: apwld.org/press-release-women-leaders-of-burma-myanmar-disappointed-with-international-community/
174 Shubin, G. (2021), "Symposium on the Current Crisis in Myanmar: Untangling Myanmar's Credentials Battle and the Implications for International Justice", *Opinio Juris* (online), Available at: opiniojuris.org/2021/09/28/symposium-on-the-current-crisis-in-myanmar-untangling-myanmars-credentials-battle-and-the-implications-for-international-justice/
175 Andrews, T.H. (2021), *Report of the Special Rapporteur*, cited above, p. 09

**ပုဒ်မ ၇(၁) (ဇ) သီးခြားဝိသေသရှိသောအစုအဖွဲ့(ဝါ) အားလုံးအပေါ် နိုင်ငံရေး၊ လူမျိုးရေး၊ နိုင်ငံသား၊ တိုင်းရင်းသား၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ လိင်….(သို့မဟုတ်) အခြားသောအကြောင်းတရားများကို အခြေခံ၍ ဖိနှိပ်ရက်စက်မှု**

၁၅၁။ ရောမစာချုပ် စာပိုဒ် ၁ (ပုဒ်မ ၇) ၏ ဆိုလိုရင်းအရ "ဖိနှိပ်ရက်စက်ခြင်း"ဆိုသည်မှာ "အစုအဖွဲ့တစ်ခု (ဝါ) ထိုသူအားလုံး၏ သီးခြားဝိသေသလက္ခဏာကိုအကြောင်းပြု၍ နိုင်ငံတကာဥပဒေနှင့်ဆန့်ကျင်ကာ အခြေခံအခွင့်အရေးများအား ရည်ရွယ်ချက်ရှိရှိဆိုးရွားပြင်းထန်စွာ ကန့်သတ်ပိတ်ပင်ခြင်း" ဖြစ်ပါသည်။ ဖိနှိပ်ရက်စက်ခြင်း၏အခြင်းအရာများမှာ အောက်ပါတို့ဖြစ်သည်။[176]

- (က) နိုင်ငံတကာ ဥပဒေနှင့်ဆန့်ကျင်၍ လူတစ်ဦး၊ သို့မဟုတ် အများ၏ အခြေခံအခွင့်အရေးများအား ကျူးလွန်သူက ဆိုးရွားပြင်းထန်စွာ ကန့်သတ်ပိတ်ပင်သည်။
- (ခ) အစုအဖွဲ့တစ်ခု (ဝါ) ထိုသူအားလုံး၏ သီးခြားဝိသေတလက္ခဏာကိုအကြောင်းပြု၍ဖြစ်စေ၊ အစုအဖွဲ့တစ်ခု (ဝါ) ထိုသူအားလုံးအား ထိုကဲ့သို့ပစ်မှတ်ထား၍ဖြစ်စေ၊ ထိုလူပုဂ္ဂိုလ် (ဝါ) ထိုသူများအား ကျူးလွန်သူက ရည်ရွယ်ချက်ရှိရှိပစ်မှတ်ထားသည်။
- (ဂ) ထိုသို့ပစ်မှတ်ထားခြင်းသည် နိုင်ငံတကာဥပဒေကခွင့်မပြုဟု အားလုံးကသတ်မှတ်လက်ခံထားသော နိုင်ငံရေး၊ လူမျိုးရေး၊ နိုင်ငံသား၊ တိုင်းရင်းသား၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ လိင် သို့မဟုတ် အခြားသော အကြောင်းတရားများ အပေါ်အခြေခံသည်။
- (ဃ) ထိုလုပ်ရပ်ကို ပုဒ်မ ၇၊ စာပိုဒ် ၁ ပါ မည်သည့်လုပ်ရပ်နှင့်မဆို ချိတ်ဆက်ကျူးလွန်ခြင်းဖြစ်သည်။

ထို့အပြင် ထိုလုပ်ရပ်သည် အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသည့် ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှုဖြစ်ပြီး၊ ထိုလုပ်ရပ်ကို သိလျက်နှင့်ကျူးလွန်ခြင်းဖြစ်ရပါမည်။

၁၅၂။ ရရှိသောအထောက်အထားများအားထည့်သွင်းစဉ်းစားလျှင်၊ လူသတ်မှု၊ အစုလိုက်အပြုံလိုက် သုတ်သင်သတ်ဖြတ်မှု၊ ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်မှုနှင့် ညှဉ်းပန်းနှိပ်စက်မှုစသည့် ရာဇဝတ်မှုများအား ခွဲခြားဆက်ဆံခြင်း ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည်ဖြစ်ရာ ပုဒ်မ ၇ (၁) (ဇ) အရ ဖိနှိပ်ရက်စက်မှု ရာဇဝတ်မှုမြောက်စေပါသည်။

၁၅၃။ ပထမအချက်အနေဖြင့် "နိုင်ငံတကာဥပဒေနှင့်ဆန့်ကျင်၍ လူတစ်ဦး သို့မဟုတ် အများ၏အခြေခံအခွင့်အရေးများအား ကျူးလွန်သူက ဆိုးရွားပြင်းထန်စွာကန့်သတ်ပိတ်ပင်" ခဲ့ရမည်။ ယခုအချိန်ထိ ICC က ဤလုပ်ရပ်ကို ညှဉ်းပန်းနှိပ်စက်မှုနှင့် လူသတ်မှုတို့ကဲ့သို့ သီးခြားလူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုတို့အဖြစ် တရားစွဲဆိုနိုင်သောလုပ်ရပ်များတွင် ထည့်သွင်းကန့်သတ်ထားပါသည်။[177] လူတစ်ဦး၏ "အခြေခံအခွင့်အရေးများအား ဆိုးရွားပြင်းထန်စွာ ကန့်သတ်ပိတ်ပင်ခြင်းတွင် ရှင်သန်ခွင့်… ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်… ကျွန်ပြုခံရခြင်း (ဝါ) ကျွန်အဖြစ်မှကင်းလွတ်ခွင့်… ညှဉ်းပန်းနှိပ်စက်မှု (ဝါ) ရက်စက်ကြမ်းကြုတ်သော ပြုမူဆက်ဆံမှု… လူမဆန်သော (ဝါ) လူ့ဂုဏ်သိက္ခာကိုညှိုးနွမ်းစေသော ပြုမူဆက်ဆံမှုတို့မှ ကင်းလွတ်ခွင့်… သို့မဟုတ် ကိုယ်ပိုင်ဥစ္စာပစ္စည်းပိုင်ဆိုင်ခွင့်"ကို ချိုးဖောက်မှု စသည်တို့ပါဝင်သည်ဟု ICC က ထပ်လောင်းအတည်ပြုထားပါသည်။[178] ထို့အပြင် ထိုလုပ်ရပ်သည် ရောမစာချုပ် ပုဒ်မ ၇၊ စာပိုဒ် ၁ တွင်ဖော်ပြထားသော အခြားလုပ်ရပ်များထဲမှ တစ်ခုခုနှင့်လည်း ဆက်စပ်ရမည်ဖြစ်ပါသည်။ အဆိုပါရာဇဝတ်မှု ၄ ခုစလုံးသည် အထက်တွင် ဖော်ပြထားသည့်စာရင်းအရ အခြေခံလူ့အခွင့်အရေးများအား ဆိုးရွားပြင်းထန်စွာကန့်သတ်ပိတ်ပင်ခြင်းဟု ယူဆပါမည်။ ၎င်းတို့သည်ပင်လျှင် ပုဒ်မ ၇ (၁) (ဇ) ပါ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုများဖြစ်ရာ "အဆက်အစပ်ရှိခြင်း" ဆိုသည့်အခြင်းအရာနှင့် ကိုက်ညီပါသည်။[179]

၁၅၄။ ဒုတိယအချက်အနေဖြင့် နိုင်ငံရေး၊ လူမျိုးရေး၊ နိုင်ငံသား၊ တိုင်းရင်းသား၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်မှု၊ သို့မဟုတ် လိင်အရ အစုအဖွဲ့တစ်ခု (ဝါ) အားလုံးတွင် တစ်စိတ်တစ်ပိုင်းပါဝင်နေသည်ဆိုသည့် ဝိသေသလက္ခဏာကြောင့် ထိုသို့သောလူပုဂ္ဂိုလ် (ဝါ) လူအများအားပစ်မှတ်ထားခြင်းဖြစ်ရပါမည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်အုပ်စု၏ အရပ်သားပြည်သူအပေါ် ကျယ်ပြန့်၍စနစ်တကျဖြစ်သော တိုက်

[176] International Criminal Court (2011), *Elements of Crimes*, cited above, p. 10.

[177] International Criminal Court (2014), *Prosecutor vs Gbagbo*, Decision on the confirmation of charges against Laurent Gbagbo, Pre-Trial Chamber 1, Case No ICC-02/11-01/11-656-Red, p. 204

[178] International Criminal Court (2021), *Prosecutor vs Dominic Ongwen*, cited above, p. 2733

[179] Rome Statute, art 7(1)(h).

ခိုက်မှုတွင် ယခင်ဒီမိုကရေစီအစိုးရနှင့် ဒီမိုကရေစီအရေး ဖြစ်စဉ်ကို ထောက်ခံသော၊ စစ်အုပ်ချုပ်ရေးကို ပြောင်ကျကျဆန့်ကျင်သည်ဟု ယူဆသော လူပုဂ္ဂိုလ်များ (ဝါ) အစုအဖွဲ့များ အကြမ်းဖက်စစ်အုပ်စုက သီးခြားပစ်မှတ်ထားပါသည်။

၁၅၅။ လူသတ်မှုဖြစ်စဉ်များတွင် သတ်ဖြတ်ခံရသူအများစုသည်၊ အထူးသဖြင့် သေဆုံးချိန်၌ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး လှုပ်ရှားမှုများတွင် တစ်နည်းနည်းဖြင့် ဆက်စပ်ပါဝင်နေကြသူများဖြစ်ပါသည်။ မွန်ခမ်း (အမည်လွှဲ) သည် ပစ်ခတ်သတ်ဖြတ်ခံရသည့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်နေ့က ဆန္ဒပြမှုများတွင်ပါဝင်သည်ဟု ယူဆ၍လည်းကောင်း၊ အေးစန်း (အမည်လွှဲ) သည် ၂၀၂၁ ခုနှစ် မတ်လ ၃ ရက်နေ့က ဆန္ဒပြသူများအား ရေသန့်ဗူးများ ဝေခြင်းကြောင့်လည်းကောင်း၊ အောင်ပြည့် (အမည်လွှဲ) သည် ၂၀၂၁ ခုနှစ် မတ်လ ၁၃ ရက်နေ့က ရှေ့ဆုံးခုခံရေးစည်း တာဝန်ယူသည့်အဖွဲ့အနီးတွင် ဆန္ဒပြ၍လည်းကောင်း၊ မင်းသန့် (အမည်လွှဲ) သည် ၂၀၂၁ ခုနှစ် ဧပြီ ၉ ရက်နေ့က ဆန္ဒပြပြီးနောက် အကြမ်းဖက်စစ်အုပ်စု၏ ပစ်ခတ်မှုမှထွက်ပြေးစဉ်တွင်လည်းကောင်း၊ ပစ်ခတ်သတ်ဖြတ်ခံခဲ့ကြရပြီး ထိုက် (အမည်လွှဲ) သည် ဒီမိုကရေစီရေးလှုပ်ရှားသူများဟု ယူဆရသည့် အမည်မသိနေရာများသို့ စာနပ်ရိက္ခာများ ပို့ဆောင်ပေးခဲ့ခြင်းကြောင့် အကြမ်းဖက်စစ်အုပ်စု တပ်ဖွဲ့များက နေအိမ်တွင် ၎င်းအား သွားရောက်ရှာဖွေခဲ့ကြောင်းနှင့် ဝင်းဇော် (အမည်လွှဲ) သည် ၂၀၂၁ ခုနှစ် ဧပြီ ၉ ရက်နေ့က အဖြူရောင်အင်္ကျီဝတ်ထားသဖြင့် ကျောင်းသားတစ်ယောက်ဟုသတ်မှတ်ကာ ဒီမိုကရေစီရေးလှုပ်ရှားမှုကို ထောက်ခံသူဟု သံသယဖြင့် ပစ်ခတ်သတ်ဖြတ် ခံခဲ့ရပါသည်။ အကြမ်းဖက်စစ်အုပ်စုသည် ၎င်းတို့၏တိုက်ခိုက်မှုတွင် နိုင်ငံရေးအရဆန္ဒပြသူများအား သီးခြားပစ်မှတ်ထားကြောင်း ဤသည်က ဖော်ပြနေပြီး၊ ဖြစ်စဉ်အနည်းဆုံးတစ်ခုတွင် စစ်အာဏာရှင်ကိုဆန့်ကျင်သူများအား သတ်ဖြတ်ရန် ကြိုတင်ရည်ရွယ်ခဲ့ခြင်း ဖြစ်ပါသည်။

၁၅၆။ အစုလိုက်အပြုံလိုက်သုတ်သင်သတ်ဖြတ်ခြင်းများနှင့်စပ်လျဉ်း၍ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးလိုလားသော ပြည်သူများအား ခွဲခြားရည်ရွယ်၍ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများကို ကျူးလွန်ကြောင်း ဖော်ပြသည့် လုပ်ရပ်များစွာရှိပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၈၊ မတ်လ ၃ နှင့် ဧပြီ ၉ ရက်နေ့များက အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုများသည် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်အုပ်ချုပ်မှုကို ပြောင်ကျကျဆန့်ကျင်သည့် ဒီမိုကရေစီရေးဆန္ဒပြမှုများအတွင်း ကျူးလွန်ခြင်းဖြစ်ပါသည်။ ပစ်ခတ်သတ်ဖြတ်ခံရသူများသည် ကိုယ်တိုင် စစ်အာဏာရှင် အုပ်ချုပ်မှုကိုဆန့်ကျင်လိုသည့်အတွက် ထိုဆန္ဒပြမှုများသို့ သီးသန့်သွားရောက်ပါဝင်ကျခြင်းဖြစ်ပြီး၊ ဆန္ဒပြမှုများအတွင်း အများအပြားပစ်ခတ်သတ်ဖြတ်ခံရကြောင်း ဆက်သွယ်မေးမြန်းမှုတွင်ပါဝင်ဖြေကြားခဲ့သော ၎င်းတို့၏မိသားစုဝင်များက ပြောပါသည်။ အေးစန်း (အမည်လွှဲ)၊ မင်းသန်း (အမည်လွှဲ) နှင့် ဝင်းဇော် (အမည်လွှဲ) တို့အား အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဒီမိုကရေစီရေးလှုပ်ရှားမှုကို ထောက်ခံသူများဟုယူဆကာ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့ပြီးဖြစ်သည့် ၂၀၂၁ ခုနှစ် ဧပြီ ၉ ရက်နေ့က ရုပ်သံမှထုတ်လွှင့်သည့် သတိပေးချက်ကလည်း ဒီမိုကရေစီရေးထောက်ခံသူများအား ခွဲခြားရည်ရွယ်၍ ပစ်မှတ်ထားခြင်းကို ဖော်ပြနေပါသည်။

၁၅၇။ ဆက်သွယ်မေးမြန်းမှုတွင် ပါဝင်ဖြေကြားခဲ့သူများသည် ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသူများဖြစ်ပြီး၊ ဒီမိုကရေစီရေးဆန္ဒပြမှုများတွင် ပါဝင်မှု နှင့် အကြမ်းဖက်စစ်အုပ်စုကို နိုင်ငံရေးအရဆန့်ကျင်မှုတို့ကြောင့် ပစ်မှတ်ထားခံရခြင်းဖြစ်ပါသည်။ မြထွေး (အမည်လွှဲ)၊ ထွန်းဝင်း (အမည်လွှဲ)၊ သူဇာလွင် (အမည်လွှဲ) နှင့် တင့်တင့်ကြူ (အမည်လွှဲ) တို့အားလုံးသည် ဒီမိုကရေစီရေးဆန္ဒပြမှုများတွင်ပါဝင်ရင်း ဖမ်းဆီးခံကြရပါသည်။ မြထွေး (အမည်လွှဲ) အား ဆန္ဒပြမှုများတွင် သူမ၏ပါဝင်မှုကို ဆက်တိုက်စစ်ကြောမေးမြန်းရာတွင်၊ ဥပမာအားဖြင့် ဆန္ဒပြသူများအား ဆေးကုသမှုပေးခဲ့သလားဟု မေးမြန်းခြင်းတွင် "ဆန္ဒပြမှုစပ်လျဉ်းသည့်လုပ်ရပ်ကို အထူးသဖြင့် အလေးထားမေးမြန်းခဲ့သည်" ဟု သိရသည်။ ထွန်းဝင်း (အမည်လွှဲ) အား စစ်တပ်ကိုဆန့်ကျင်သည့် ဆန္ဒပြမှုများတွင် နောက်နောင်မပါဝင်တော့ပါဟု ဝန်ခံလက်မှတ်ရေးထိုးပြီးမှ ပြန်လွှတ်ပေးခဲ့ခြင်းဖြစ်ရာ၊ ထိုသို့သောဖမ်းဆီးချုပ်နှောင်မှုများသည် ဒီမိုကရေစီရေးထောက်ခံသူများအားပစ်မှတ်ထားကြောင်းနှင့် ပြန်လည်လွှတ်ပေးရာတွင် ထိုသို့သောလှုပ်ရှားမှုအစုအဖွဲ့များတွင် နောက်ထပ်မပါဝင်တော့ပါဟု ဝန်ခံကတိပြုရသည့် အခြေအနေဖြစ်ရာ ထိုသို့ ပစ်မှတ်ထားကြောင်း ဖော်ပြနေပါသည်။ ဝေဠု (အမည်လွှဲ) သည် ၂၀၀၇ ခုနှစ်က ပထမအကြိမ် အကျဉ်းထောင်အတွင်း လေးနှစ်ကျော် နေခဲ့ရပြီး၊ ၂၀၂၁ ခုနှစ် မတ်လ ၇ ရက်နေ့က ထပ်မံဖမ်းဆီးခံရပါသည်။ ဤအထောက်အထားအရ ကျူးလွန်သူများသည် ဒီမိုကရေစီရေး လိုလားသူများ၊ နိုင်ငံရေးအရ ဆန့်ကျင်သူများအား ခွဲခြားသတ်မှတ်၍ ထိုသို့သော ရာဇဝတ်မှုများကို ရည်ရွယ်ကျူးလွန်ခြင်းဖြစ်သည်မှာ ထင်ရှားပြီး၊

၎င်းတို့၏ ကနဦးစစ်ဆေးမေးမြန်းမှုပုံစံများတွင် စစ်အာဏာရှင် ဆန့်ကျင်ရေးစိတ်ဓါတ်၊ ဆန္ဒပြမှုနှင့် စပ်လျဥ်းသည့် သတင်း အချက်အလက်တို့ကို ရှာဖွေဖော်ထုတ်ခြင်းဖြစ်ကာ ၎င်းတို့အား ဆန့်ကျင်ခြင်းကြောင့် နိုင်ငံရေးအရဆန္ဒပြသူများအား ဒဏ်ခတ်အပြစ်ပေးခြင်းဖြစ်ပါသည်။

၁၅၈။ နောက်ဆုံးအနေဖြင့် ညှဥ်းပန်းနှိပ်စက်ခံရသူများသည်လည်း မြန်မာနိုင်ငံတွင် ဒီမိုကရေစီရေးလှုပ်ရှားမှုကို ထောက်ခံသည်ဟုယူဆသောကြောင့် ပစ်မှတ်ထားခံရခြင်းဖြစ်ပါသည်။ ထောင်ဇာ (အမည်လွှဲ)၊ ညိမ်းညိမ်းထွန်း (အမည်လွှဲ) နှင့် ထွေးမောင် (အမည်လွှဲ) တို့အားလုံးက ၎င်းတို့ကြုံတွေ့ရသည့် ညှဥ်းပန်းနှိပ်စက်မှုများသည် နိုင်ငံရေးအရ ဆန့်ကျင်မှုများ၌ ၎င်းတို့၏ပါဝင်ပတ်သတ်မှုကို စစ်ဆေးမေးမြန်းစဥ်အတွင်း ဖြစ်ပွားခဲ့ခြင်းဟု ပြောပါသည်။ ဆက်သွယ်မေးမြန်းမှုတွင် ပါဝင်ဖြေဆိုသူအများအပြားက ညှဥ်းပန်းနှိပ်စက်မှုလုပ်ရပ်များအား ပြောပြရာတွင် ၎င်းတို့သည် နိုင်ငံရေးဆန္ဒပြမှုများတွင် ပါဝင်နေစဥ် ဖမ်းဆီးခံရခြင်းဖြစ်ပြီး၊ ဖမ်းဆီးစဥ်နှင့် ချုပ်နှောင်ထားခံရစဥ်အတွင်း နောက်ဆက်တွဲ ဖိနှိပ်ရက်စက်ခံရခြင်းသည် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြခြင်းနှင့် နိုင်ငံရေးအရ ဆန့်ကျင်ခြင်းတို့နှင့် အများအားဖြင့် ဆက်စပ်နေကြောင်းတွေ့ရပါသည်။ သူမနှင့် တိုက်ဆောင်တစ်ခုတည်းတွင် အတူနေရသောလူငယ်များအား တော်လှန်ရေးကို ပျက်ရယ်ပြုသည့်အနေဖြင့် ညှဥ်းပန်းနှိပ်စက်စဥ်အတွင်း လက်သုံးချောင်းထောင်၍ သွေးသစ္စာသီချင်းဆိုခိုင်းခဲ့သည်ဟု နန္ဒာလှ (အမည်လွှဲ) က ပြောပါသည်။ နုနုသန်း (အမည်လွှဲ) အား နေအိမ်တွင်လာရောက်ဖမ်းဆီးပြီး လမ်းပေါ်တွင်ရိုက်နှက်ခဲ့ပါသည်။ "ကျွန်မကိုအတင်းဒူးထောက်ခိုင်းပြီး ဆိုင်းဘုတ်တစ်ခုကိုကိုင်ခိုင်းတယ်၊ ပြီးတော့ဓါတ်ပုံတွေရိုက်ပြီး မကြားဝံ့မနာသာဆဲကြတယ်၊" စစ်ဆေးမေးမြန်းစဥ်အတွင်း သူမပါဝင်ခဲ့သည့် ဆန္ဒပြမှုများအကြောင်းမေးမြန်း၍ "ကျွန်မဘယ်ပါတီကိုထောက်ခံလဲ၊ ဘယ်ပါတီကိုမဲပေးခဲ့လဲလို့မေးတယ်" ဟု ပြောပါသည်။ ပေါ်ဌေး (အမည်လွှဲ) ၏ ဖခင်သည် NLD ပါတီတွင် ခေါင်းဆောင်တစ်ဦးဖြစ်ပါသည်။ အကြမ်းဖက်စစ်အုပ်စုက ၎င်း၏ဖခင်ကို နေအိမ်တွင် လာရောက်ဖမ်းဆီးရာ မတွေ့သဖြင့် သားနှစ်ဦးအား ဓါးစာခံအဖြစ်ဖမ်းဆီးခဲ့ပါသည်။ "အဖေ့ကိုလာဖမ်းတာမတွေ့လို့ ကျွန်တော်တို့မှာအပြစ်ရှိတယ်ဆိုပြီး ဖမ်းတာ၊... ကျွန်တော်က CRPH ကို ထောက်ခံတယ်ဆိုတာလည်းသိသွားတယ်"[180] ဟု ၎င်းကပြောပါသည်။ ပေါ်ဌေး (အမည်လွှဲ) ၏ ညီဖြစ်သူနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ကိုလည်း "၎င်းတို့၏လက်ကိုင်ဖုန်းများတွင် တွေ့ရှိသည့်အကြောင်းအရာများကြောင့်" ဟုဆိုကာ ဖမ်းဆီးခဲ့ပါသည်။ စစ်ဆေးမေးမြန်းစဥ်အတွင်း "CRPH နှင့် ပတ်သတ်တာတွေမေးတာပေါ့ဗျာ၊ ကျွန်တော်အဖေနဲ့တွဲပြီး လုပ်တဲ့လူတွေနဲ့ မြို့နယ်လုပ်ငန်းကော်မတီမှာပါတဲ့လူတွေကို အဓိကမေးတာ" ဟု ၎င်းကပြောပါသည်။ သို့ဖြစ်၍ ၎င်းတို့အား ဖမ်းဆီးချုပ်နှောင်မှုနှင့် ညှဥ်းပန်း နှိပ်စက်မှုသည် စစ်အာဏာရှင်ဆန့်ကျင်ရေးလုပ်ဆောင်ချက်များနှင့် နိုင်ငံရေးအယူအဆတို့နှင့်ဆက်စပ်နေသည်မှာ ထင်ရှားပါသည်။

၁၅၉။ တတိယအချက်အနေဖြင့် ဖိနှိပ်ရက်စက်မှုသည် အရပ်သားပြည်သူအပေါ်ရည်ရွယ်ပစ်မှတ်ထားသည့် ကျယ်ပြန့်၍ စနစ်တကျ ဖြစ်သော တိုက်ခိုက်မှုဖြစ်ပြီး၊ ထိုလုပ်ရပ်ကို သိလျက်နှင့်ကျူးလွန်ခြင်းဖြစ်ရပါမည်။[181] ပစ်မှတ်ထားသူများအား ခွဲခြားရည်ရွယ်၍ ကျူးလွန်သူက ဖိနှိပ်ရက်စက်ခြင်းဖြစ်ပြီး၊ ကျူးလွန်ခံရသူများသည် သီးခြားအစုအဖွဲ့တစ်ခုတွင် အမှန်တကယ်ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ၊[182] ထိုသို့ပါဝင်သည်ဟု ထင်မြင်ယူဆသောကြောင့်ဖြစ်ကြောင်း ဤသိရှိခြင်းဆိုသည့် အခြင်းအရာတွင်သတ်မှတ်ထားပါသည်။ ကျူးလွန်သူ၏ ယေဘုယျအပြုအမူနှင့် ရာဇဝတ်မှုကျူးလွန်ခြင်းလုပ်ရပ်၏ ဝန်းကျင်အခြေအနေများအရ ထိုသို့ရည်ရွယ်သည်ဟု ကောက်ချက်ချနိုင်ပါသည်။[183] ဤသည်က အတိအလင်းကိုက်ညီပါသည်။ နိုင်ငံရေးအရဆန့်ကျင်သူများအား ပစ်မှတ်ထားခြင်းက မြန်မာနိုင်ငံတွင် အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသည့် ကျယ်ပြန့်၍စနစ်တကျဖြစ်သောတိုက်ခိုက်မှုဆိုသည်နှင့် တိုက်ရိုက်ဆက်စပ်နေပြီး၊ နိုင်ငံအတွင်း အကြမ်းဖက်စစ်အုပ်စု၏ အုပ်ချုပ်ရေးကိုခိုင်မာစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

၁၆၀။ ထို့အပြင် အဆိုပါရာဇဝတ်မှုများကို ကျူးလွန်ခံရသူများသည် နိုင်ငံရေးအရဆန့်ကျင်သူများဟု အကြမ်းဖက်စစ်အုပ်စုက ယူဆထားသူများဖြစ်ပြီး ထိုသို့နိုင်ငံရေးအစုများတွင် ပါဝင်သူများအား ပစ်မှတ်ထား၍ ပို၍ကျယ်ပြန့်သည့် တိုက်ခိုက်မှုများဖြင့် ဖိနှိပ်ရက်စက်ရန် ကြိုး

---

[180] The Committee Representing Pyidaungsu Hluttaw (CRPH) is a Burmese legislative body in exile, representing a group of National League for Democracy (NLD) lawmakers and members of parliament previous the attempted coup d'état.

[181] International Criminal Court (2011), *Elements of Crimes*, cited above p. 10.

[182] International Criminal Court (2021), *Prosecutor vs Dominic Ongwen*, cited above, p. 2736

[183] *Ibid*, p. 2739

ပမ်းခြင်းသည် ပုံမှန်အခြေအနေတွင်ပင် ကျယ်ပြန့်၍စနစ်တကျဖြစ်သော သီးသန့်တိုက်ခိုက်မှု၏ တစ်စိတ်တပိုင်းဖြစ်နေသောကြောင့် ကျူးလွန်သူများအနေဖြင့် ယင်းကိုသိရှိပြီးဖြစ်ပါမည်။

၁၆၁။ သို့ဖြစ်၍ (အနည်းဆုံးအားဖြင့်) လူသတ်မှု၊ အစုလိုက်အပြုံလိုက်သုတ်သင်သတ်ဖြတ်မှု၊ ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်မှု၊ ညှဉ်းပန်းနှိပ်စက်မှုတို့နှင့် ဆက်စပ်နေသော အကြမ်းဖက်စစ်အုပ်စု၏ ဖိနှိပ်ရက်စက်မှုသည် မြန်မာနိုင်ငံတွင် ရောမစာချုပ်၏ ပုဒ်မ ၇ (၁) (ဈ) ကို ဖောက်ဖျက်ကျူးလွန်ခြင်း ဖြစ်ပါသည်။

**ပုဒ်မ ၇(၁) (ဈ) အတင်းအဓမ္မပျောက်ဆုံးစေမှု**

၁၆၂။ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုအဖြစ် အတင်းအဓမ္မပျောက်ဆုံးစေမှု၏ အခြင်းအရာများမှာ အောက်ပါအတိုင်း ဖြစ်သည်။[184]

- (က) လူတစ်ဦး သို့မဟုတ် တစ်ဦးထက်ပို၍ ကျူးလွန်သူကဖမ်းဆီးသည်၊ ချုပ်နှောင်ထားသည် (ဝါ) ဖမ်းဆီးခေါ်ဆောင်သွားသည်၊ သို့မဟုတ် ထိုသို့ဖမ်းဆီးခြင်း၊ ချုပ်နှောင်ထားခြင်း၊ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ဝန်ခံပြောကြားရန်၊ သို့တည်းမဟုတ် ထိုသူ၊ သို့မဟုတ် ထိုလူအများ၏ကံကြမ္မာနှင့် ၎င်းတို့အား မည်သည့်နေရာတွင် ဖမ်းဆီးချုပ်နှောင်ထားသည်ဆိုသည့် သတင်းအချက် အလက်ကိုပြောကြားရန် ငြင်းဆိုသည်။
- (ခ) ဖမ်းဆီးချုပ်နှောင်ခြင်းတွင် လွတ်လပ်ခွင့်ကိုကန့်သတ်ပိတ်ပင်ခြင်းကို ဝန်ခံပြောကြားရန်၊ သို့တည်းမဟုတ် ထိုသူ၏ကံကြမ္မာကို သတင်းထုတ်ပြန်ရန်ငြင်းဆိုခြင်းတို့ပါဝင်သည်။
- (ဂ) ဖမ်းဆီးထိန်းသိမ်းပြီးနောက် လွတ်လပ်ခွင့်ကိုကန့်သတ်ပိတ်ပင်ခြင်းကို ဝန်ခံပြောကြားရန်၊ သို့တည်းမဟုတ် ထိုသူ၏ကံကြမ္မာနှင့် မည်သည့်နေရာတွင် ဖမ်းဆီးချုပ်နှောင်ထားသည်ဆိုသည့် သတင်းအချက်အလက်ကို ပြောကြားရန် ငြင်းဆန်ခြင်းတို့ကို ပုံမှန်အခြေအနေတွင်ပင် ဆက်လက်လုပ်ဆောင်ရမည်ကို ကျူးလွန်သူက သိရှိပြီးဖြစ်သည်။
- (ဃ) ဖမ်းဆီးချုပ်နှောင်ခြင်းကို နိုင်ငံတော်က ကိုယ်တိုင်ဖြစ်စေ၊ အမိန့်အာဏာပေး၍ဖြစ်စေ၊ အကူအညီဖြင့် (ဝါ) သိရှိ၍ဖြစ်စေ ဆောင်ရွက်သည်။
- (င) လွတ်လပ်ခွင့်ကို ကန့်သတ်ပိတ်ပင်ခြင်းကို ဝန်ခံပြောကြားရန်ငြင်းဆိုမှုကို နိုင်ငံတော် ကိုယ်တိုင်ဖြစ်စေ၊ အမိန်အာဏာဖြင့် (ဝါ) အကူအညီဖြင့်ဖြစ်စေ ဆောင်ရွက်သည်။
- (စ) ထိုသူ၊ သို့မဟုတ် ထိုလူအများအား ကျူးလွန်သူက ဥပဒေ၏အကာအကွယ်ကို ကာလကြာရှည်စွာရုပ်သိမ်းရန် ရည်ရွယ်သည်။

ထို့အပြင် ထိုလုပ်ရပ်သည် အရပ်သားပြည်သူအပေါ် ရည်ရွယ်ပစ်မှတ်ထားသည့် ကျယ်ပြန့်၍စနစ်တကျဖြစ်သော တိုက်ခိုက်မှုဖြစ်ပြီး၊ ထိုတိုက်ခိုက်မှုကိုသိလျက်နှင့် ကျူးလွန်ခြင်းဖြစ်ရမည်။

၁၆၃။ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်အထိ ဖမ်းဆီးချုပ်နှောင်ခံထားရသည့် အရပ်သား ၁၃၉၀၂ ဦးတို့ တစ်ဦးချင်းစီ၏ လွတ်လပ်ခွင့်ကို ကန့်သတ်ပိတ်ပင်ထားကြောင်း ဝန်ခံပြောကြားရန် အကြမ်းဖက်စစ်အုပ်စုကငြင်းဆိုခဲ့သည့်အပြင်၊ ယင်းတို့၏ကံကြမ္မာနှင့် မည်သည့် နေရာတွင် ဖမ်းဆီးထိန်းသိမ်းထားသည်ကိုလည်း ဖုံးကွယ်ထားပါသည်။ ထင်ရှားသော ဖြစ်စဉ်တစ်ခုမှာ ၁၉၈၉ မှ ၁၉၉၆ ခုနှစ်များအတွင်း နိုင်ငံရေးအကျဉ်းသားအဖြစ် ၈နှစ်ကြာ၊ ၂၀၀၇ မှ ၂၀၁၂ ခုနှစ်များအတွင်း နောက်ထပ် ၅နှစ်ကြာ နေခဲ့ရပြီး၊ ထပ်မံဖမ်းဆီးခံခဲ့ရသည့် ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် တစ်ဦးဖြစ်သူ မြအေး၏ သာဓကဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်က ဖမ်းဆီးခံခဲ့ရပြီး၊ ၎င်းအား မည်သည့်နေရာတွင်ချုပ်နှောင်ထားသည်ကို မိသားစုများကတိတိကျကျမသိရှိခဲ့ရဘဲ၊ နောက်ထပ် နှစ်လအကြာ ဧပြီ ၁ ရက်နေ့က အင်းစိန်ထောင်တွင် ပုဒ်မ ၅၀၅ (က) ဖြင့် ထောင်ဒဏ် ၂ နှစ် ကျခံရတော့မှ မိသားစုက သိရှိခဲ့ရပါသည်။ ၂၀၂၁ ခုနှစ် မတ်လ ၁၀ ရက်နေ့က အမေရိကန်ပြည်ထောင်စုအထက်လွှတ်တော်၊ နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် ၎င်း၏ သမီးဖြစ်သူက "ပြည်သူတွေ ဘယ်လောက်များများ

[184] International Criminal Court (2011), *Elements of Crimes*, The Hague: International Criminal Court, p. 11.

ပျောက်ဆုံးသွားခဲ့ရတယ်ဆိုတာ ကျွန်မတို့မသိပါဘူး၊ သူတို့ကိုဘယ်မှာ ဖမ်းဆီးချုပ်နှောင်ထားတယ်၊ သူတို့အခြေအနေ ဘယ်လိုရှိတယ် ဆိုတာ ကျွန်မတို့မသိရပါဘူး၊ ပြီးတော့ သူတို့အနေနဲ့ ရှေ့နေခေါ်ခွင့်လည်း မရကြဘူး"[185] ဟု ထည့်သွင်းပြောကြားခဲ့ပါသည်။

၁၆၄။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ဖမ်းဆီးခံရသော ဒီမိုကရေစီရေးလိုလားသူအများအပြားသည် အလားတူ ကံကြမ္မာနှင့် ကြုံတွေ့ကြရပါသည်။ အေအေပီပီက ရရှိသော အချက်အလက်များအားလုံးကို တိုက်ဆိုင်စစ်ဆေးကြည့်ရာတွင်၊ ဖေဖော်ဝါရီ ၁ ရက်က ဖမ်းဆီးခံရသော လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များနှင့် တက်ကြွလှုပ်ရှားသူ ၁၅၁ ဦးအနက် ၈၃ ဦးသည် မည်သည့်နေရာတွင် ရှိနေကြောင်း အေအေပီပီက ယခုထိ မသိရှိသေးပါ။ ၎င်းတို့အနက် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားသော မြန်မာနိုင်ငံ၏ သမ္မတကြီး ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ၂၉ ဦးအား ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့ပါသည်။ အကြမ်းဖက်စစ်အာဏာသိမ်းချိန်မှစ၍ ဖမ်းဆီးထိန်းသိမ်းခံရသူ ၁၃၉၀၂ ဦးအနက် ၁၀၈၇ ဦးသည် ထောင်ဒဏ်ချမှတ်ခံရပြီးဖြစ်သော်လည်း၊ ၂၀၂၂ ခုနှစ် မေ ၃၁ ရက်အထိ အေအေပီပီ၏ စာရင်းအရ ၃၇၀ ဦးသာ အကျဉ်းထောင်များတွင်ရှိသည်ဟုဆိုပါသည်။ အေအေပီပီ၏ မေးမြန်းမှုများတွင် ပါဝင်ဖြေကြားခဲ့သည့် အရပ်သားပြည်သူ ၂ ဦးထံမှရရှိသော အထောက်အထားများကလည်း ထိုရာဇဝတ်မှုကိုကျူးလွန်ကြောင်း အတည်ပြုထားပါသည်။

၁၆၅။ နုနုသန်း (အမည်လွှဲ) သည် ၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက်တွင် ဖမ်းဆီးခံခဲ့ရပါသည်။ ရိုက်နှက်ခံရပြီး၊ သူမအား တောင်ဥက္ကလာပ ရဲစခန်းသို့ ဦးစွာပို့ဆောင်ခဲ့ပါသည်။ စစ်ကြောရေးစခန်းတွင် သူမ၏နိုင်ငံရေးခံယူချက်၊ သို့မဟုတ် အိမ်ထောင်ရေးနှင့်စပ်လျဉ်းသောမေးခွန်းများ မေးမြန်းစဉ်အတွင်း ရုပ်ပိုင်းဆိုင်ရာညှဉ်းပန်းနှိပ်စက်ခံရပါသည်။ "လေးရက် ဖမ်းခံရပြီးတော့ ကျွန်မပြန်လွတ်တယ် မိသားစုက ကျွန်မကို ဘယ်မှာဖမ်းထားလဲမသိပါဘူး၊ သက်ဆိုင်ရာကိုမေးတော့လဲ မဖြေကြဘူးလေ၊ အိမ်ပြန်တဲ့လမ်းကြမှပဲ လမ်းမှာတွေ့တဲ့တစ်ယောက်ကို အကူအညီတောင်းပြီး မိသားစုကို ဖုန်းဆက်ပြောရတယ် အဲ့တော့မှ မိသားစုက ကျွန်မပြန်လွတ်လာမှန်းသိတာ" ဟု သူမကပြောပါသည်။ သူမပြောသည့်အတိုင်း ဖမ်းဆီးခံရသူများအား YBS ဘတ်စ်ကားများဖြစ်တင်ဆောင်၍၊ ရန်ကုန်ဘူတာကြီးရှေ့တွင် ချထားပေးခဲ့ကြောင်း သိရပါသည်။ သို့ဖြစ်၍ နုနုသန်း (အမည်လွှဲ) နှင့် သူမ၏မိသားစုသည် အကြမ်းဖက်စစ်အုပ်စုက ကျူးလွန်သော အတင်းအဓမ္မပျောက်ဆုံးစေခြင်း၏ သားကောင်းများဖြစ်ပါသည်။

၁၆၆။ ဝဏ္ဏခိုင် (အမည်လွှဲ) သည် နောက်ထပ်သားကောင်တစ်ဦးဖြစ်ပါသည်။ ၂၀၂၁ ခုနှစ် ဧပြီ ၉ ရက်နေ့က အကြမ်းဖက်စစ်တပ်၏ ပစ်ခတ်ခြင်းခံရပြီး ပျောက်ဆုံးသွားခြင်းဖြစ်ပါသည်။ သွေးအိုင်ထဲတွင် သွေးစွန်းနေသော သူ၏ ဘောင်းဘီနှင့် ရှူးဖိနပ်တို့ကိုသာမိသားစုတို့က တွေ့ခဲ့ပါသည်။ မိသားစုက စစ်ကြောရေးစခန်းရော၊ အင်းစိန်အကျဉ်းထောင် နှစ်ခုစလုံးတွင် သူ့ကိုသွားရောက်ရှာဖွေခဲ့ပါသည်။ "တူလေး အင်းစိန်ထောင်မှာရောက်နေပြီလို့ သူများတွေကပြောလို့... ထောင်ကိုရောက်သွားတော့ စစ်ကြောရေးမှာလို့ပြောတယ်၊" ကောင်းကောင်းမွန်မွန် နေထိုင်ရရန် ၎င်းအတွက် ကျပ်သုံးသိန်းတောင်းသည်ဟုလည်း မိသားစုကပြောပါသည်။ ရှေ့နေငှားရမ်းပြီးသည့်အခါ အင်းစိန်ထောင်တွင် အမှန်တကယ်ရှိမနေကြောင်းသိရပါသည်။ ထောင်မှူးဝတာဝန်ကျ အရာရှိတစ်ဦးက ထောင်အတွင်းသို့ပစ္စည်းများ ထပ်မပို့ရန်နှင့် ဝဏ္ဏခိုင် (အမည်လွှဲ) သည် အင်းစိန်ထောင်တွင်ရှိမနေကြောင်း သူမအားပြောပါသည်။ ထို့နောက်တွင် မိသားစုက ရွှေပြည်သာစစ်ကြောရေး စခန်းသို့ သွားခဲ့ပါသည်။ ယင်းတွင် အမှုစစ်ရဲအရာရှိက ၎င်းတို့၏စာရင်းတွင် ဝဏ္ဏခိုင် (အမည်လွှဲ) ရှိကြောင်းနှင့် နောက်နှစ်ရက်ကြာလျှင် ပြန်လာခဲ့ပါဟု ပြောခဲ့ပါသည်။ မိသားစုက နှစ်ကြိမ်သွားရောက်ခဲ့ပါသည် သို့ရာတွင် ၎င်း၏မိသားစုဝင်အား အေအေပီပီက ယခုမေးမြန်းသည့်အချိန်အထိ ၎င်းမည်သည့်နေရာတွင်ရှိကြောင်း မသိရသေးပါ။

၁၆၇။ အတင်းအဓမ္မပျောက်ဆုံးစေမှုသည် မြန်မာစစ်တပ်၏ အစဉ်အလာမူဝါဒတစ်ခုဖြစ်ပါသည်။ မြန်မာနိုင်ငံ လူ့အခွင့်ရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ ပြောကြားချက်အရ မြန်မာစစ်တပ်သည် နိုင်ငံတကာ တရားမျှတမှုခုံရုံး (ICJ) ၏ ယာယီလုပ်ဆောင်ချက်များဆိုင်ရာအမိန့်ကိုချိုးဖောက်၍ ရိုဟင်ဂျာများအား အတင်းအဓမ္မ ပျောက်ဆုံးစေမှုကို ကျူးလွန်ခဲ့ပါသည်။[186] ထိုနည်းတူပင် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ရခိုင်နှင့် ချင်းပြည်နယ်တို့၌ စတင်ခဲ့ပြီး၊ ၂၀၂၀ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲကာလအထိ အရှိန်မြင့်ခဲ့သော

---

[185] Burma Campaign UK (2021), "Wai Hnin Pwint Thon testimony to US Senate Committee", *Burma Campaign UK* (online), Available: burmacampaign.org.uk/wai-hnin-pwint-thon-testimony-to-us-senate-committee/

[186] OHCHR (2021), "Statement by Thomas H. Andrews,
UN Special Rapporteur on the Situation of Human Rights in Myanmar", *OHCHR* (online), Available at: www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=26884

နိုင်ငံတကာမပါဝင်သည့် လက်နက်ကိုင်ပဋိပက္ခ (ICRC ၏ အတည်ပြုချက်အတိုင်း) အတွင်း ရခိုင်ပြည်သူများအား အတင်းအဓမ္မပျောက်ဆုံးစေခဲ့သည့် တသမတ်တည်းဖြစ်သောပုံစံများကို တွေ့ရှိရပါသည်။[187] ဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်မှုအများစုတွင် လူမဆန်စွာရက်စက်သော ညှဉ်းပန်းနှိပ်စက်မှုအထောက်အထားမှတ်တမ်းများရှိပြီး၊ အထူးသဖြင့် ဖမ်းဆီးခံရသူများအား ရဲအချုပ်သို့မရွှေ့မီနှင့် ပြစ်မှုမစွဲတင်မီ ၎င်းတို့အား စစ်တပ်၏ဘားတိုက်များတွင် ချုပ်နှောင်ထားသည့်ကာလများတွင် ဖြစ်ပါသည်။[188] ၂၀၁၁ ခုနှစ်မှစ၍ အတင်းအဓမ္မပျောက်ဆုံးစေမှု ညှဉ်းပန်းနှိပ်စက်မှု၊ လူသတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် အဆိုပါရာဇဝတ်မှုများအား ကချင်နှင့် ရှမ်းပြည်နယ်များတွင်လည်း အကြမ်းဖက်စစ်တပ်က ကျူးလွန်ခဲ့ပါသည်။[189]

၁၆၈။ အကြမ်းဖက်စစ်အာဏာသိမ်းရန်ကြိုးပမ်းမှုနှင့်အတူ သတင်းထောက်များ၊ နိုင်ငံရေးအရ ထင်ရှားသူများ၊ ဆေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်များ၊ ဒီမိုကရေစီရေးထောက်ခံသူများနှင့် ဘေးမှရပ်ကြည့်သူများအပေါ် ယင်းပြစ်မှုကို အကြမ်းဖက်စစ်အုပ်စုက ထပ်မံကျူးလွန်ပြီး အတင်းအဓမ္မပျောက်ဆုံးစေခဲ့ပါသည်။ မြန်မာနိုင်ငံတွင် ထိုသို့ အတင်းအဓမ္မပျောက်ဆုံးစေမှု၏ သားကောင်များသည် ဥပဒေ၏အကာအကွယ်တွင် အကျုံးမဝင်ဘဲ၊ အေအေပီပီ၏ အထောက်အထားများအရ ညှဉ်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ဥပဒေပြင်ပသတ်ဖြတ်မှုတို့အပါအဝင် အကြမ်းဖက်စစ်အုပ်စုကကျူးလွန်သော နောက်ထပ်လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ခံရကြောင်း ဖော်ပြနေပါသည်။[190] တိုက်ဆိုင်စစ်ဆေးထားသည့် အေအေပီပီ၏အချက်အလက်များတွင် အကြမ်းဖက်စစ်အုပ်စု၏ ဖမ်းဆီးချုပ်နှောင်မှုအတွင်း အရှင်လတ်လတ်မီးရှို့သတ်ဖြတ်ခြင်းအပါအဝင် အရပ်သားပြည်သူ ၅၁၈ ဦး သတ်ဖြတ်ခံရကြောင်း မှတ်တမ်းတင်ထားပါသည်။ အထက်တွင် မြင်တွေ့ခဲ့ရပြီးသည့်အတိုင်း၊ ရုပ်အလောင်းများတွင် ညှဉ်းပန်းနှိပ်စက်မှုကြောင့်ရရှိသော ပြင်းထန်ဆိုးရွားသည့်ဒဏ်ရာဒဏ်ချက်များ ရှိနေသော်လည်း၊ မကျန်းမာ၍၊ သို့မဟုတ် အခြားလုပ်ကြံဖန်တီးထားသော အကြောင်းများကြောင့် သေဆုံးခြင်းဖြစ်သည်ဟု အကြမ်းဖက်စစ်အုပ်စုက သတင်းထုတ်ပြန်လေ့ရှိပါသည်။

၁၆၉။ နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံတွင် အတင်းအဓမ္မပျောက်ဆုံးစေမှု ရာဇဝတ်မှုကို အကြမ်းဖက်စစ်အုပ်စုက ကျယ်ပြန့်၍စနစ်တကျဖြစ်သောပုံစံဖြင့် ကျူးလွန်လျှက်ရှိကြောင်း အေအေပီပီက မှတ်တမ်းတင်ထားသည့် အထောက်အထားများအရ တွေ့ရပါသည်။ သိပြီး ဖြစ်သည့်အတိုင်း၊ ဖမ်းဆီးချုပ်နှောင်ခံရသူ၏ ကံကြမ္မာနှင့် မည်သည့်နေရာတွင်ရှိသည်ကို အကြမ်းဖက်စစ်အုပ်စုက သတင်းထုတ်ပြန်ရန် ငြင်းဆိုပါသည်။ အလားတူပင် ဖမ်းဆီးခံရသူများအား ခေါင်းတွင်အဝတ်အုပ်၍ စစ်ကြောရေးစခန်းများသို့ပို့ဆောင်ခြင်းအားဖြင့်၊ ထိုလူပုဂ္ဂိုလ် သို့မဟုတ် ထိုလူအများ၏ လွတ်လပ်ခွင့်ကို ကန့်သတ်ပိတ်ပင်ထားသည်ဟု ဝန်ခံပြောကြားရန်ဖြစ်စေ၊ ၎င်းတို့၏ကံကြမ္မာ၊ သို့တည်းမဟုတ် မည်သည့်နေရာတွင်ရှိနေသည်ကိုဖြစ်စေ ပြောကြားရန်ငြင်းဆိုခြင်းသည် ပုံမှန်အခြေအနေတွင်ပင် နောက်ဆက်တွဲအဖြစ် ဖြစ်လာမည်ကို စစ်သားများသိရှိပြီးဖြစ်ပါသည်။ ဖမ်းဆီးခံရသူများ၏ဦးခေါင်းကို အဝတ်ဖြင့် အုပ်ခြင်းကို မီမီညွန့် (အမည်လွှဲ)၊ သီဟ (အမည်လွှဲ)၊ ဝေဠု (အမည်လွှဲ) နှင့် ထွေးမောင် (အမည်လွှဲ) တို့၏ သက်သေခံချက်များအပါအဝင် အေအေပီပီကရရှိသော မှတ်တမ်းအထောက်အထားများတွင် တသမတ်တည်းတွေ့ရပါသည်။ အလားတူပင် စစ်ကြောရေးစခန်းများ၏ တည်နေအတိအကျကိုမသိရှိရခြင်း၊ ပြည်သူများအားဖုံးကွယ်ထားခြင်း၊ မိသားစုဝင်များအား သတင်းထုတ်ပြန်မပေးခြင်း၊ ဖမ်းဆီးခံရသူများ၏ အမည်စာရင်းအတိအကျကို အများပြည်သူအား မထုတ်ပြန်ခြင်းတို့အပြင် အထက်တွင် ထွေးမောင် (အမည်လွှဲ) ထွက်ဆိုခဲ့သည့်အတိုင်း လူသူလက်လှန်းမမီသည့်နေရာများတွင် ဆိုးရွားပြင်းထန်သော ညှဉ်းပန်းနှိပ်စက်မှုဖြစ်စဉ်များ ရှိနေခြင်းတို့က "ထိုသူ၊ သို့မဟုတ် ထိုလူများအား ကျူးလွန်သူက ကာလကြာရှည်စွာ ဥပဒေ၏အကာအကွယ်ကို ရုပ်သိမ်းရန် ရည်ရွယ်လုပ်ဆောင်ခြင်း ဖြစ်ပါသည်။

**ပုဒ်မ ၇(၁) (ဌ) ရည်ရွယ်ချက်ရှိရှိပြင်းထန်စွာနာကျင်စေမှု (ဝါ) ခန္ဓာကိုယ်၊ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အပြင်းအထန် ထိခိုက်ဒဏ်ရာရစေမှုနှင့် အလားတူအခြားလူမဆန်သည့် ဖိနှိပ်ရက်စက်မှုများ**

---

[187] UN General Assembly (2021), "Report of the Special Rapporteur on the situation of human rights in Myanmar, Thomas H. Andrews, March 2021, Advance Unedited Version", *United Nations* (online), Annex, p. 27, paragraph 35, Available at: www.ohchr.org/EN/HRBodies/HRC/RegularSessions/Session46/Documents/A_HRC_46_56.pdf

[188] UN General Assembly (2021), cited above, Annex, p. 27, paragraph 37.

[189] UN Human Rights Council (2018), "Report of the independent international fact-finding mission on Myanmar, Advance Edited Version", *United Nations* (online), p. 16, paragraph 88, Available at: www.ohchr.org/Documents/HRBodies/HRCouncil/FFM-Myanmar/A_HRC_39_64.docx

[190] See: AAPP's 2021 Coup Daily Briefings, at: aappb.org/?cat=109

၁၇၀။ ရောမစာချုပ်၏ ပုဒ်မ ၇ (၁) (ဍ) သည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုများသည် ပုဒ်မ ၇(၁) တွင် ဖော်ပြထားသည်မျှနှင့် မပြည့်စုံကြောင်း ရည်ရွယ်ဆိုလိုသော ကြွင်းကျန်ပြဋ္ဌာန်းချက်ဖြစ်ပါသည်။[191] စွပ်စွဲခံရသူသည် နောက်ထပ်လူမဆန်သောလုပ်ရပ်တစ်ခုခုကို ကျူးလွန်သည်ဟု သက်သေပြနိုင်ရန် အောက်ပါအခြင်းအရာများနှင့် ကိုက်ညီရပါမည်။

- (က) လူမဆန်သည့် လုပ်ရပ်တစ်ခုခုအားဖြင့် စွပ်စွဲခံရသူက ပြင်းထန်စွာနာကျင်စေခြင်း၊ သို့မဟုတ် ခန္ဓာကိုယ်၊ အစိတ်အပိုင်း (ဝါ) ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးတို့ကို အပြင်းအထန်ထိခိုက်ဒဏ်ရာဖြစ်စေသည်။[192]
- (ခ) ထိုလုပ်ရပ်သည် ပြင်းထန်မှုနှင့် သဘောသဘာဝအားဖြင့် ရောမစာချုပ်၏ ပုဒ်မ ၇ (၁) ပါ မည်သည့်လုပ်ရပ်တစ်ခုခုနှင့်မဆို ဝိသေသလက္ခဏာအားဖြင့်တူညီသည်။[193]

၁၇၁။ အခြားလူမဆန်သောလုပ်ရပ်များအား နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေနှင့် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ၏ နှုန်းစံများမှ ထုတ်နှုတ်ထားသော လူသားများနှင့်သက်ဆိုင်သည့် အခြေခံအခွင့်အရေးများအား ဆိုးရွားစွာချိုးဖောက်ခြင်းဟု ရှုမြင်ကြောင်း ICC က ထုတ်ဖော်ပြောကြားပါသည်။[194] အပြည်ပြည်ဆိုင်ရာလူ့အခွင့်ရေးကြေညာစာတမ်း အပိုဒ် ၂၅ နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (ICESCR) ၏ အပိုဒ် ၁၂ တွင် ရနိုင်သမျှအမြင့်ဆုံးသော ကျန်းမာရေးအဆင့်အတန်းကို လက်လှမ်းမီရပိုင်ခွင့်သည် လူသားတိုင်း၏အခြေခံအခွင့်အရေး ဖြစ်သည်ဟု အတိအလင်းဖော်ပြထားပါသည်။ ရနိုင်သမျှအမြင့်ဆုံးသော ကျန်းမာရေးအဆင့်အတန်းကို လက်လှမ်းမီရပိုင်ခွင့်သည် မြန်မာနိုင်ငံတွင် အများအားဖြင့် ငြင်းပယ်ခံကြရပါသည်။

၁၇၂။ ICESCR ၏ ယေဘုယျမှတ်ချက် အမှတ် ၁၄ တွင် ကျန်းမာရေးဆိုင်ရာအခွင့်အရေးသည် ကျန်းမာရေးဌာနအသီးသီး၊ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများနှင့် ရနိုင်သမျှအမြင့်ဆုံးသော ကျန်းမာရေးအဆင့်အတန်းကို လက်တွေ့ခံစားနိုင်စေရန် လိုအပ်သောအခြေအနေများအား ရရှိခံစားပိုင်ခွင့် အခွင့်အရေးဖြစ် နားလည်သဘောပေါက်ရမည်ဟု ဖော်ပြထားပါသည်။[195] ဆက်လက်၍ ကျန်းမာရေးဆိုင်ရာအခွင့်အရေးသည် ပိုမိုကျယ်ပြန့်သော... "ဘေးကင်း၍ အလွယ်တကူသယ်ယူနိုင်သော သောက်သုံးရေနှင့် လုံလောက်သောသန့်ရှင်းမှု၊ လုံလောက်၍ ဘေးကင်းသည့် စားနပ်ရိက္ခာထောက်ပံ့မှု၊ အဟာရနှင့် နေအိမ်ရရှိခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အလုပ်အကိုင်နှင့် ပတ်ဝန်းကျင်အခြေအနေများကဲ့သို့ ကျန်းမာရေးနှင့် ဆက်စပ်သည့် အကြောင်းအရင်းခံများအပြင် လိင်ပိုင်းဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးအပါအဝင် ကျန်းမာရေးနှင့် စပ်လျဉ်းသည့် ပညာရေးနှင့် သတင်းအချက်အလက်ရရှိပိုင်ခွင့်အထိ အားလုံးအကျုံးဝင်သော အခွင့်အရေးတစ်ခု"[196] ဖြစ်သည်ဟု ကော်မတီကအဓိပ္ပါယ်ဖွင့်ဆိုပါသည်။ နောက်ဆုံးအားဖြင့် "ကျန်းမာရေးဌာနများ၊ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများသည် ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ၊ လူတိုင်းလက်လှမ်းမီခွင့်ရှိရမည်" ဟုလည်း ရှင်းလင်းဖော်ပြထားပါသည်။ မြန်မာနိုင်ငံသည် ICESCR ကို ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့် အတွက် သဘောတူစာချုပ်ပါအတိုင်း "ရနိုင်သည့်အရင်းအမြစ်များဖြင့် အမြင့်မားဆုံးအကောင်အထည်ဖော်ရန်" အဆင့်လိုက် အဆင့်လိုက် လုပ်ဆောင်ရန်လိုအပ်ပါသည်။

၁၇၃။ ၂၀၂၁ ခုနှင့် ဇူလိုင် ၁၆ တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က "အကြမ်းဖက်စစ်အုပ်စုသည် ၎င်း၏နိုင်ငံရေးအကျိုးအမြတ်အတွက် ဒီမိုကရေစီးရေးလှုပ်ရှားမှုကို ချည့်နဲ့သွားစေရန်နှင့် ၎င်းအာဏာသိမ်းမှု ဖြစ်နေသည့်... တရားဝင်မှုနှင့် ထိန်းချုပ်မှုတို့ကိုရရှိရန် COVID-19 ကို လက်နက်အဖြစ် အသုံးပြုနေပြီး၊ လူသားခြင်းစာနာမှုဆိုင်ရာဘေးအဒုက္ခကို ရည်ရွယ်ချက်ရှိရှိ မီးထိုးပေးနေသည့်အပြင်၊ နိုင်ငံတကာ၏ တုန့်ပြန်မှုကိုလည်း လမ်းကြောင်းလွှဲခဲ့သည်"[197] ဟု သတိပေးပြောကြားခဲ့ပါသည်။ အထောက်အထား အခြေပြု

[191] International Criminal Court (2021), *Prosecutor vs Dominic Ongwen*, p. 2745

[192] International Criminal Court (2011), *Elements of Crimes*, cited above, p. 12

[193] *Ibid*.

[194] International Criminal Court (2014), *Prosecutor vs Katanga*, cited above, p. 448

[195] OHCHR (2000), *CESCR General Comment No. 14: The Right to the Highest Attainable Standard of Health* (Art. 12), paragraph 9.

[196] *Ibid*, paragraph 11.

[197] Special Advisory Council for Myanmar (2021), "The People of Myanmar Need Urgent Assistance as the Junta Weaponises the COVID-19 Crisis", *SAC-M* (online), Available at: specialadvisorycouncil.org/2021/07/the-people-of-myanmar-need-urgent-assistance-as-the-junta-weaponises-the-covid-19-crisis/

သည့် ဤအစီရင်ခံစာတွင် အကြမ်းဖက်စစ်အုပ်စုက လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ဤရာဇဝတ်မှုကို အောက်ပါအတိုင်း ကျူးလွန်နေကြောင်း ဖော်ပြထားပါသည်။

- (က) ရာဇဝတ်မှုမြောက်သော ပြည်တွင်းပိတ်ဆို့အရေးယူမှုများဖြင့် နိုင်ငံအတွင်း ဆေးနှင့် ဆေးပစ္စည်းများလက်လှမ်းမီခွင့်ကို ကန့်သတ်ပိတ်ပင်ခြင်း
- (ခ) ဆေးနှင့် ဆေးပစ္စည်းများရရှိရေးအတွက် ကြိုးပမ်းသောအရပ်သားပြည်သူများအား ရည်ရွယ်ချက်ရှိရှိ ဒုက္ခပေးခြင်း
- (ဂ) နိုင်ငံရေးဆန္ဒပြမှုများနှင့် ဆက်စပ်နေသူများအား ကူညီပေးသည့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ပစ်မှတ်ထားခြင်း

၁၇၄။ အရပ်သားပြည်သူများ၏ လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမီရရှိပိုင်ခွင့်ကို ချိုးဖောက်သည့် အကြမ်းဖက်စစ်အုပ်စု၏ ကြိုးပမ်းမှုတစ်စိတ်တစ်ပိုင်းအနေဖြင့်၊ သာမာန်အရပ်သားပြည်သူများအား ဆေးနှင့် ဆေးပစ္စည်းများ မရရှိအောင် အကြမ်းဖက်စစ်အုပ်စုက ရည်ရွယ်ချက်ရှိရှိ ကန့်သတ်ပိတ်ပင်ခဲ့ပါသည်။ ဆေးကုသပေးသည့် ဌာနများအား ဝင်ရောက်စီးနင်း၍ ဖျက်ဆီးခြင်း၊ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းများအား အဓမ္မသိမ်းယူခြင်းတို့ကို လုပ်ဆောင်နေသည့်အပြင်၊ ဤကဲ့သို့ ကန့်သတ်ပိတ်ပင်မှုများကို ရာဇဝတ်မှုမြောက်သော ပြည်တွင်းပိတ်ဆို့အရေးယူမှုများဖြင့် လုပ်ဆောင်နေခြင်းက COVID-19 ကို လက်နက်အဖြစ် စနစ်တကျအသုံးပြုနေခြင်းဖြစ်ပြီး၊ အရပ်သားပြည်သူများအနေဖြင့် အဆိုပါလိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများကို လက်လှမ်းမီနိုင်ရန် နေ့စဉ်ရုန်းကန်ကြရပါသည်။ နှာခေါင်းစည်း၊ လက်အိတ်၊ တစ်ကိုယ်ရည်ကာကွယ်ရေးဝတ်စုံ (PPE) များနှင့် အောက်စီဂျင်အိုးများအပါအဝင် COVID-19 ဆိုင်ရာ ဆေးပစ္စည်းများတင်သွင်းမှုကို ကန့်သတ်ပိတ်ပင်ခြင်းနှင့် ပုဂ္ဂလိက ကုမ္ပဏီများအား အောက်ဆီဂျင်အိုးများပြန်လည်ဖြည့်သွင်းခြင်းကို တားမြစ်သည့် ပြည်တွင်းဥပဒေများကို အကြမ်းဖက်စစ်အုပ်စုက ကျင့်သုံးခဲ့ကြောင်း[198] ၎င်းတို့၏အမိန့်နှင့် ညွှန်ကြားချက်များကပြသနေပါသည်။ "COVID လူနာတွေကို အခြေခံဆေးဝါးကုသမှုပေးတာက တရားမဝင်တဲ့လုပ်ရပ်ဖြစ်သွားတယ်"[199] ဟု ဒေါက်တာမင်းဟန်ကဆိုသည်။ နိုင်ငံပိုင်မီဒီယာမှတဆင့် ပြည်သူလူထုကမလိုအပ်ဘဲ အောက်ဆီဂျင်ဝယ်ယူစုဆောင်းနေခြင်းဖြစ်ကြောင်း စွပ်စွဲခဲ့ပြီး၊ "ကျွန်တော်တို့မှာ အောက်ဆီဂျင်အလုံအလောက်ရှိပါတယ်၊ လူတွေက စိုးရိမ်မှုလွန်ကဲပြီး ဝယ်နေကြတာ" ဟု ပြောကြားခဲ့ပါသည်။ အောက်ဆီဂျင်ရောင်းချမှုကို အကြမ်းဖက်စစ်အုပ်စုက တရားမဝင်ကန့်သတ်ခဲ့ပြီး နှစ်ရက်အကြာတွင်[200] ပြည်သူလူထုက ကြောက်လန့်တကြားဖြင့် အောက်ဆီဂျင်ဝယ်ယူစုဆောင်းနေကြသည်ဆိုသည့် အကြမ်းဖက်စစ်အုပ်စု၏ စွပ်စွဲချက်ထွက်ပေါ်လာခြင်းဖြစ်ပါသည်။

၁၇၅။ ထို့အပြင် ဇူလိုင် ၂၀ ရက်တွင် အကြမ်းဖက်စစ်အုပ်စုက ပြည်သူများအား အောက်ဆီဂျင်ဝယ်ယူခွင့် ထောက်ခံချက် ထုတ်ပေးရန် မြို့နယ်နှင့် ရပ်ကွက်အဆင့် "အောက်ဆီဂျင် ထောက်ပံ့ရေး ကော်မတီများ" ကို ဖွဲ့စည်းခဲ့ပြီး၊ အောက်ဆီဂျင် ဖြန့်ဖြူးမှုကိုထိန်းချုပ်ခဲ့ပါသည်။ ရပ်ကွက်၊ မြို့နယ် တာဝန်ရှိသူများ၏ ထောက်ခံချက်မပါလျှင် အောက်ဆီဂျင်အိုးများကို ပြန်လည်ဖြည့်၍မရပါ။ အကြမ်းဖက်စစ်အုပ်စုတပ်များက အရေးပေါ်အခြေအနေကြုံတွေ့နေရသူများထံမှ အောက်ဆီဂျင်အိုးများကို အဓမ္မသိမ်းယူခြင်းဖြင့် ပိတ်ဆို့အရေးယူကြပါသည်။ ပြန်ကြားရေး ဒု-ဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဤသို့ ကန့်သတ်ချက်များထုတ်ပြန်ရခြင်းသည် အင်တာနက်ပေါ်တွင် လိမ်လည်မှုများတွေ့ရခြင်းကြောင့် အဓိကဖြစ်သည်[201] ဟု အဆိုပါကန့်သတ်ချက်နှင့်စပ်လျဉ်း၍ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပါသည်။

၁၇၆။ နိုင်ငံတစ်ဝန်းရှိ ပုဂ္ဂလိကအရောင်းဆိုင်များသာမက စေတနာရှင်များအားလုံး၏ အောက်ဆီဂျင်စက်ရုံများအား အကြမ်းဖက်စစ်အုပ်စုက ကန့်သတ်ပိတ်ပင်ခဲ့ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများအား မတန်တဆဈေးတင်ရောင်းသည်ဟု စွပ်စွဲခဲ့ပါသည်။[202] အဆိုပါအရောင်းဆိုင်များနှင့် စေတနာရှင်ဝန်ထမ်းများအား ဆက်လက်ရောင်းချနေမည်ဆိုပါက ဖမ်းဆီးမည်ဟု ခြိမ်းခြောက်သည့်အတွက် အရပ်သားပြည်သူများအား အောက်ဆီဂျင်အကူအညီပေးရန် ကြောက်ရွံ့နေကြရပါသည်။ ဥပမာ - အိမ်နီးချင်း ထိုင်းနိုင်ငံမှ အောက်ဆီဂျင်တင်သွင်းသည့် စေတနာ

---

[198] See: twitter.com/YMM_yayyay/status/1414116690653192203?s=20

[199] New York Times (2021), "As Covid Rages in Myanmar, Army Hoards Oxygen, Doctors Say", *The New York Times* (online), Available at: www.nytimes.com/2021/07/15/world/asia/myanmar-covid-oxygen.html

[200] Frontier Myanmar (2021) "Junta tries –and fails– to use pandemic to tighten grip on power", *Frontier Myanmar* (online), Available at: www.frontiermyanmar.net/en/junta-tries-and-fails-to-use-pandemic-to-tighten-grip-on-power/. See: twitter.com/Chanapai247/status/1419125523511447553?s=20;twitter.com/ChimyoL/status/1414572063218540549?s=20

[201] Radio Free Asia (2021), "ကိုဗစ်လူနာတွေအတွက် အောက်ဆီဂျင်အခက်အခဲ ကြီးမားနေဆဲ", *RFA* (online), Available at: https://www.rfa.org/burmese/program_2/oxygen-shortage-in-myanmar-07192021045949.html

[202] New York Times (2021), cited above.

ရှင်လုပ်သားတစ်ဦးဖြစ်သူ ကိုနိုင်ဝင်းကို အရပ်သားပြည်သူများအား အောက်ဆီဂျင်ဆက်လက်ဖြန့်ဖြူးနေလျှင် ဖမ်းဆီးထောင်ချမည်ဟု ခြိမ်းခြောက်ခံခဲ့ရပါသည်။[203]

၁၇၇။ အဆိုပါကန့်သတ်ပိတ်ပင်မှုများသည် အမှန်တကယ်လိုအပ်သည့် အရပ်သားပြည်သူ အများအပြားအတွက် အသက်အန္တရာယ်ထိခိုက်စေသည့် အကျိုးဆက်များကိုဖြစ်စေကြောင်း အထင်အရှားပြသနေပါသည်။ ထို့အပြင် အကြမ်းဖက်စစ်အုပ်စုသည် ၎င်းတို့နှင့် ၎င်းတို့၏ မိသားစုဝင်များအား ဝန်ဆောင်မှုပေးရန် စစ်ဆေးရုံများတွင် ဆေးပစ္စည်းများ ကြိတ်၍စုဆောင်းနေသည်[204] ဟု ဆရာဝန်များက ထွက်ဆိုကြပါသည်။ အကြမ်းဖက်စစ်အုပ်စုသည် အောက်ဆီဂျင်နှင့် ဆက်စပ်ဆေးပစ္စည်းများအား ပြည်သူ့ဆေးရုံများအတွက် သိမ်းဆည်းထားသည်ဟုပြောသော်လည်း၊ ထိုဆေးရုံများတွင် သွားရောက်ကုသသူများသည် အောက်ဆီဂျင်ကို ကိုယ့်ပိုက်ဆံဖြင့် ဝယ်ယူရကြောင်း ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က အသိအမှတ်ပြုပြောကြားခဲ့ပါသည်။[205] ချင်း၊ ကရင်နှင့် ရန်ကုန်တွင် ကရင်ပြည်နယ်ရှိ လူမှုကယ်ဆယ်ရေးအဖွဲ့အစည်းများက ထိုင်းနိုင်ငံမှတင်သွင်းခဲ့သော အောက်ဆီဂျင်အိုး ၁၃၀ အပါအဝင် တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံ (PPE) များအား စစ်တပ်အတွက်သီးခြားသုံးရန် သိမ်းဆည်းသွားခဲ့ပြီး၊ ရန်ကုန်မြို့ရှိ အောက်ဆီဂျင် ထုတ်လုပ်ရေးစက်ရုံတစ်ရုံအားလည်း ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ဇူလိုင်လအထိ ပိတ်သိမ်းခဲ့ပါသည်။[206]

၁၇၈။ ရာဇဝတ်မှုမြောက်သော ပြည်တွင်းပိတ်ဆို့အရေးယူမှုများအပြင် တပ်စခန်းချခြင်း၊ ကျန်းမာရေးဌာနများအား ဝင်ရောက်စီးနင်းပစ်ခတ်ခြင်းတို့ဖြင့် ဆေးပစ္စည်းပြတ်လပ်မှုကို ပိုမိုဆိုးရွားစေခြင်း စသည့် ဆေးဝါးကုသပေးသည့်ဌာနများနှင့်စပ်လျဉ်း၍ အကြမ်းဖက်လုပ်ရပ်များကို စစ်အုပ်စုကကျူးလွန်ခဲ့ပါသည်။ အေးစန်း (အမည်လွှဲ) ၏ ရုပ်အလောင်းကိုပြန်ရပြီးနောက်၊ ဆေးရုံတွင်ရှိနေစဉ်ညက ဆေးရုံအားဝင်ရောက်စီးနင်းပြီး COVID-19 လူနာများအတွက် ဆောက်လုပ်ထားသည့် ယာယီ COVID-19 ကုသဆောင်ကို ဖျက်ဆီးခဲ့ကြောင်း ၎င်း၏မိသားစုက ပြောပါသည်။ မန္တလေးမှ နောက်ထပ်ဖြစ်စဉ်တစ်ခုတွင် COVID-19 စည်းမျဉ်းများအား ဖောက်ဖျက်သည်ဟုစွပ်စွဲကာ COVID-19 ကုသရေးဌာနတစ်ခုကို ဝင်ရောက်စီးနင်းပြီး ဆေးပစ္စည်းနှင့်ကရိယာများအား သိမ်းဆည်းသွားခဲ့ပါသည်။[207] ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုအပေါ်တိုက်ခိုက်မှုများအား လေ့လာစောင့်ကြည့်ရေးစနစ်၏ မှတ်တမ်းများအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာ ၃၀ အထိ ဆေးရုံများအား စီးနင်းတိုက်ခိုက်မှု ၈၇ ကြိမ် နှင့် ဆေးရုံများတွင် တပ်စခန်းချမှု ၅၆ ကြိမ်ရှိခဲ့ပါသည်။[208] အကြမ်းဖက်စစ်အာဏာသိမ်းချိန်မှစ၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၄ အထိ ဆေးကုသရေးဌာန ၁၀၈ ခုကို အကြမ်းဖက် စစ်အုပ်စုက တိုက်ခိုက်ခဲ့ပါသည်။

၁၇၉။ ဒုတိယအချက်အနေဖြင့် ဆေးပစ္စည်းများရရှိရန်ကြိုးပမ်းသော အရပ်သားပြည်သူများအား အကြမ်းဖက်စစ်အုပ်စုက ရည်ရွယ်ချက်ရှိရှိဒုက္ခပေးခဲ့ပါသည်။ ထိုသို့သောလုပ်ရပ်များကြောင့်ပင် စစ်အုပ်စုထိန်းချုပ်ထားသည့် ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကာကွယ်ဆေးထိုး အစီအစဉ်များအား အရပ်သားပြည်သူအများအပြားအား မယုံကြည်ကြဘဲ၊ အကြမ်းဖက်စစ်အုပ်စုကထိုးပေးသည့် COVID-19 ကာကွယ်ဆေးအပါအဝင်၊ ယင်းတို့၏ ကျန်းမာရေးဌာနများတွင် ဆေးဝါးကုသရန်ငြင်းဆန်ကြပါသည်။ ကာကွယ်ဆေးထိုးရန် အရပ်သားပြည်သူများအနေဖြင့် အမည်စာရင်းပေးကြရပြီး နောင်တွင် ယင်းကအန္တရာယ်ဖြစ်နိုင်ပါသည်။ အဆိုပါကျန်းမာရေးဌာနများသို့ သွားရောက်သူများအား တိုက်ခိုက်မှုများ ရှိခဲ့ပြီး၊ အကြမ်းဖက်စစ်အုပ်စုက ထိုနေရာများအား နိုင်ငံရေးအရဆန့်ကျင်သူများကို ခြိမ်းခြောက်အကြပ်ကိုင်ဖမ်းဆီးရန် အသုံးချနေပါသည်။ ဥပမာ - ၂၀၂၁ ခုနှစ် ဩဂုတ်လ ၄ ရက်က COVID-19 ကာကွယ်ဆေးထိုး စင်တာတစ်ခုတွင် ဒီမိုကရေစီအရေး ထောက်ခံသူ အမျိုးသားကြီးတစ်ဦး ဖမ်းဆီးခံရပါသည်။[209] အသက်အရွယ်ကြီးသည့်အတွက် ရောဂါကူးစက်နိုင်ခြေပိုများသောကြောင့်

---

203 New York Times (2021), cited above.

204 ABC News (2021), "Doctors accuse Myanmar's military junta of hoarding oxygen as COVID-19 crisis deepens", *ABC News* (online), Available at: www.abc.net.au/news/2021-07-18/myanmar-doctors-military-junta-hoarding-oxygen-coronavirus/100297282

205 Andrews, T.H. (2021), *Report of the Special Rapporteur on the situation of human rights in Myanmar*, UN GAOR, UN DOC A/76/314

206 Insecurity Insight (2021), "Violence Against or Obstruction of Health Care in Myanmar February-July 2021", *Insecurity Insight* (online), Available at: reliefweb.int/sites/reliefweb.int/files/resources/Violence-Against-Health-Care-in-Myanmar-February-September-2021-October-update.pdf

207 *Ibid.*

208 World Health Organization (2021), "Surveillance System for Attacks on Healthcare", *WHO* (online), Available at: extranet.who.int/ssa/Index.aspx

209 Insecurity Insight (2021), cited above.

ကာကွယ်ဆေးထိုးနိုင်သည့် စာရင်းတွင်ပါဝင်ကြောင်းနှင့် အဆိုပါကျန်းမာရေးဌာနသို့ လာရောက်ရန် ၎င်းအား ကြိုတင်ဖုန်းဆက်အကြောင်းကြားခဲ့ပါသည်။ ကာကွယ်ဆေးထိုးသည့်နေရာသို့ ရောက်ရောက်ချင်းမှာပင် ဖမ်းဆီးခံရပြီး၊ ရာဇသတ်ကြီး ပုဒ်မ ၅ဝ၅-က ဖြင့် တရားစွဲဆိုခံရပါသည်။ အရပ်သားပြည်သူလူထုအပေါ် COVID-19 ကပ်ရောဂါနှင့် လိုအပ်သည့်ကျန်းမာရေး စောင့်ရှောက်မှုကို အကြမ်းဖက်စစ်အုပ်စုက လက်နက်အဖြင့်အသုံးချခြင်းဖြစ်ကြောင်း ယင်းကသက်သေပြနေပါသည်။

၁၈ဝ။ COVID-19 လူနာများတင်ဆောင်လာသည့် လူနာတင်ယာဉ်တစ်စီးအား ရန်ကုန်ပြည်သူ့ဆေးရုံးကြီးအတွင်းသို့ ဝင်ခွင့်မပေးဘဲ၊ ဆေးရုံအတွင်းတပ်စွဲထားသည့် အကြမ်းဖက်စစ်ကောင်စီတပ်များက သေနတ်ဖြင့်ချိန်၍ အတင်းအဓမ္မပြန်ကွေ့ခိုင်းခဲ့ပါသည်။[210] ထို့အပြင် ၂ဝ၂၁ ခုနှစ် မတ်လ ၁၂ ရက်တွင် အကြမ်းဖက်စစ်အုပ်စုတပ်များက ဟားခါးမြို့နယ်ပြည်သူ့ဆေးရုံမှ လူနာများအားလုံးကို အတင်းအဓမ္မနေရာပြောင်းရွှေ့စေခဲ့ပြီး၊ CDM လှုပ်ရှားမှုနှင့် ဆက်စပ်သည့် ဆေးရုံဝန်ထမ်းများအားလုံးကို ဝန်ထမ်းအိမ်ရာမှ ထွက်ခွါသွားရန်အမိန့်ပေးခဲ့ပါသည်။ ထိုသို့နေရာရွှေ့ပြောင်းရာတွင် ရက်စက်ပြင်းထန်စွာအင်အားသုံးခြင်းကြောင့် အနည်းဆုံးလူနာတစ်ဦးအသက်ဆုံးရှုံးခဲ့ကြောင်း သိရပါသည်။ အဆိုပါ ဖြစ်စဉ်များက COVID-19 ရောဂါကုသမှုခံယူလိုသောပြည်သူများအား ဆေးရုံတက်ခွင့်မပြုသည့် အခြားကြားသိရသော ဖြစ်စဉ်များနှင့်လည်း တသမတ်တည်းပုံစံတူဖြစ်ပါသည်။ အကြမ်းဖက်စစ်အုပ်စုသည် အဆိုပါလူနာများအတွက် ကုသမှု လိုအပ်သည်ကိုသိလျက်နှင့် ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်မည်ဟုခြိမ်းခြောက်ကာ ထိုအခွင့်အရေးကို ပိတ်ဆို့ငြင်းပယ်ခြင်းဖြစ်ပါသည်။

၁၈၁။ အရပ်သားပြည်သူများသည် အောက်ဆီဂျင်အိုးများရှာဖွေစဉ်တွင် ဖမ်းဆီးသတ်ဖြတ်ခံရသည်ဟု အေအေပီပီ၏ မှတ်တမ်းများတွင် ဖော်ပြပါသည်။ ရန်ကုန်တိုင်း၊ သုံးခွမြို့နယ်အတွင်း COVID-19 ကုသရေးအတွက် အောက်ဆီဂျင်အိုး ရှာဖွေစဉ် ဇူလိုင် ၁ဝ ရက်နေ့က ဖမ်းဆီးခံရပြီး ရိုက်နှက်ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးခဲ့သည့် ဖိုးဆယ်၏ဖြစ်ရပ်ကို အေအေပီပီက မှတ်တမ်းတင်ထားပါသည်။ ထို့အပြင် စစ်တပ်အရာရှိများက အောက်ဆီဂျင်ဖြန့်ဖြူးမှုကို စုဆောင်းသိမ်းဆည်းပြီး၊ အောက်ဆီဂျင်ရရှိရေးအတွက် မျှော်လင့်ချက်ကြီးစွာဖြင့် တန်းစီစောင့်ဆိုင်းကြသူအများအပြားအား ပြည်သူလူထု၏ ဆေးနှင့် ဆေးပစ္စည်းလက်လှမ်းမီရပိုင်ခွင့် အခွင့်အရေးကို ချိုးဖောက်ကာ အကြမ်းဖက်ခြိမ်းခြောက်ခဲ့ပါသည်။ ၂ဝ၂၁ ခုနှစ် ဇူလိုင် ၁၃ တွင် အကြမ်းဖက်စစ်အုပ်စုတပ်များက ရန်ကုန်တိုင်း၊ တောင်ဒဂုံမြို့နယ်ရှိ စက်ရုံတစ်ခုတွင် အောက်ဆီဂျင်တန်းစီနေသူများအား ပစ်ခတ်လူစုခွဲခဲ့ပြီး၊ အရပ်သားပြည်သူများအား သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခဲ့ပါသည်။[211]

၁၈၂။ တတိယအချက်အနေဖြင့် နိုင်ငံရေးဆန္ဒပြမှုများနှင့် ဆက်စပ်သူများအား ကူညီကုသပေးသော ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအား အကြမ်းဖက်စစ်အုပ်စုက ပစ်မှတ်ထားပါသည်။ အေအေပီပီ၏ အထောက်အထားများတွင် မြထွေး (အမည်လွှဲ) က “ရွှေ့လျားဆေးအဖွဲ့တွေကို သူတို့ကပိုပြီးပစ်မှတ်ထားလာတယ်၊ (၂ဝ၂၁ ခုနှစ်၊ မတ်လ ၃ ရက်က မြောက်ဥက္ကလာပတွင်) ကျွန်မတွေ့တာတော့ အဖမ်းခံရတဲ့အများစုက လူနာတင်ကားမောင်းသူတွေနဲ့ ကျွန်မတို့ ဆေးအဖွဲ့ကလူတွေပဲ” ဟု ပြောပါသည်။ ဆရာဝန်များ၊ သူနာပြုများ၊ အရေးပေါ်ဆေးတပ်ဖွဲ့ဝင်များနှင့် ဆေးဘက်ဆိုင်ရာ စေတနာ့ဝန်ထမ်းများအပါအဝင် ကျန်းမာရေးလုပ်သားများအား တိုက်ခိုက်ခြင်းဖြစ်ပြီး၊ အကြမ်းဖက်စစ်အုပ်စုက ဥပဒေမဲ့ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခဲ့ပါသည်။ အဆိုပါကျန်းမာရေးလုပ်သား အများအပြားသည် CDM လှုပ်ရှားမှုတွင်ပါဝင်၍ ဆန္ဒပြမှုများတွင် ရှေ့ဆုံးမှချီတက်ကြသည့်အပြင်၊ ဆန္ဒပြမှုများအတွင်း ဆေးကုသမှုအကူအညီပေးသူများလည်း ဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် တိုက်ခိုက်မှုများအား လေ့လာစောင့်ကြည့်ရေးစနစ်၏ မှတ်တမ်းများအရ ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံသည် ယခုအခါ ကျန်းမာရေးလုပ်သားများ အသေအပျောက်အများဆုံးနေရာများထဲမှ တစ်ခုဖြစ်ပြီး၊ အဆိုပါလူပုဂ္ဂိုလ်များအား ကမ္ဘာတဝန်းတိုက်ခိုက်မှု စုစုပေါင်း၏ ၄ဝ% ရှိသည်ဟု ဆိုပါသည်။[212] ဆေးဘက်ဆိုင်ရာလူပုဂ္ဂိုလ်များအား ပစ်မှတ်ထားခြင်းတွင် CDM လှုပ်ရှားမှု၌ပါဝင်ပြီး၊ နိုင်ငံတဝန်းကာကွယ်ဆေးထိုးအစီအစဉ် အကောင်အထည်ဖော်ရေးတွင် အဓိကအခန်းကဏ္ဍမှပါဝင်ခဲ့သူ၊ အမျိုးသားကာကွယ်

---

210 Physicians for Human Rights (2022), “Our Health Care Workers Are Working in Fear’ Targeted Violence against Health Care One Year after Myanmar’s Military Coup”, *Physicians for Human Rights* (online) Available at: PHR_Report_Our-Health-Workers-Are-Working-in-Fear_One-year-anniversary-of-the-Myanmar-Coup_January-2022-Reduced.pdf

211 New York Times (2021), cited above; The Irrawaddy (2021), “Myanmar’s Shortage of Oxygen is the Biggest Killer in the Country”, *The Irrawaddy* (online) Available at: www.irrawaddy.com/photo-essay/myanmars-shortage-of-medical-oxygen-is-the-biggest-killer-in-the-country.html

212 World Health Organization (2021), “Surveillance System for Attacks on Healthcare”, cited above.

ဆေးထိုးအစီအစဉ် ညွှန်ကြားရေးမှူး ဒေါက်တာထားထားလင်းကို ဖမ်းဆီးမှုပါဝင်ပါသည်။[213] သူမအား သွေးထိုးလှုံ့ဆော်မှု၊ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုနှင့် မတရားအသင်းဥပဒေများဖြင့် တရားစွဲဆိုထားပါသည်။

၁၈၃။ ရန်ကုန်တွင် အကြမ်းဖက်စစ်အုပ်စုတပ်သားများက COVID-19 လူနာဟန်ဆောင်၍၊ နေအိမ်များသို့ ကိုယ်တိုင်သွားရောက်ကာ ကျန်းမာရေးစောင့်ရှောက်မှုပေးသော ကျန်းမာရေးလုပ်သား ၃ ဦးအား အကြမ်းဖက်ခြိမ်းခြောက် ဖမ်းဆီးခဲ့ပါသည်။[214] အဆိုပါဆရာဝန်များသည် မြောက်ဒဂုံမြို့နယ်ရှိ COVID-19 ကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုအဖွဲ့မှဖြစ်ပြီး၊ ၎င်းတို့အားဖမ်းဆီးပြီးနောက် ၎င်းတို့၏ရုံးခန်းအားဝင်ရောက်စီးနင်းကာ အွန်လိုင်းမှကျန်းမာရေးဝန်ဆောင်မှု ပေးနေသော နောက်ထပ်ဆရာဝန် ၂ ဦးကိုလည်း ဖမ်းဆီးခဲ့ပါသည်။ အောက်ဆီဂျင်အိုးများ တစ်ကိုယ်ရည် ကာကွယ်ရေးဝတ်စုံများအပါအဝင် ရုံးခန်းအတွင်းရှိ ဆေးနှင့် ဆေးပစ္စည်း ကျပ် ၃၂ သိန်းဖိုးကိုလည်း အကြမ်းဖက်စစ်အုပ်စုက သိမ်းဆည်းသွားပါသည်။

၁၈၄။ ဆေးဘက်ဆိုင်ရာ လူပုဂ္ဂိုလ်များအား အကြမ်းဖက်စစ်အုပ်စု၏ တိုက်ခိုက်မှုဖြစ်စဉ်များသည် ၎င်းတို့ချည်းသပ်သပ်မဟုတ်ပါ ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ရည်ရွယ်ချက်ရှိရှိ ဥပဒေမဲ့ဖမ်းဆီးခြင်းနှင့် ပစ်မှတ်ထားခြင်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ မူဝါဒအားနည်းခြင်းသက်သက်ထက်၊ ကျန်းမာရေးစောင့်ရှောက်မှုယန္တရား၏ ချည့်နဲ့အားနည်းမှုကို ပိုမိုဆိုးရွားစေရန် ရည်ရွယ်ကြောင်း ဖော်ပြနေပါသည်။ ၂၀၂၂ ခုနှစ် မေ ၃၁ အထိ ကျန်းမာရေးဝန်ထမ်း စုစုပေါင်း ၁၄၉ ဦး ဖမ်းဆီးခံရပါသည်။ အဆိုပါကိန်းဂဏန်းအရ ဆေးဘက်ဆိုင်ရာလူပုဂ္ဂိုလ်များသည် ဆန္ဒပြပွဲများ အတွင်းနှင့် ဆေးကုသရာရုံးခန်း၊ အဆောက်အဦများအား ဝင်ရောက်စီးနင်းစဉ်အတွင်း အစုလိုက်အပြုံလိုက် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်း ထင်ဟပ်နေပါသည်။ ထို့အပြင် ၂၀၂၂ ခုနှစ် မေ ၃၁ အထိ ဖမ်းဝရမ်းထုတ်ခံရသူ ၁၉၇၉ ဦးအနက် ၅၉၈ ဦးသည် ဆေးဘက်ဆိုင်ရာလူပုဂ္ဂိုလ်များဖြစ်ပါသည်။ ဤသည်မှာ အရေးကြီးသည့်အချက်ဖြစ်ပြီး၊ ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်စစ်အုပ်စုက ရည်ရွယ်ချက်ရှိရှိပစ်မှတ်ထားကြောင်းပြသနေပါသည်။ ဆရာဝန်နှင့် သူနာပြုများအပြင် နိုင်ငံတဝန်း ဒေသန္တရအဆင့်များ၌ အခြေခံကျန်းမာရေးဝန်ဆောင်မှုပေးနေသူများအပါအဝင် အခြားသောကျန်းမာရေးဝန်ထမ်းများအထိ ဖမ်းဆီးထိန်းသိမ်းမှုက ပို၍ကျယ်ပြန့်ခဲ့ပါသည်။

၁၈၅။ ၂၀၂၂ ခုနှစ် မေ ၃၁ အထိ အေအေပီပီ၏ မှတ်တမ်းများအရ အကြမ်းဖက်စစ်အုပ်စုက သတ်ဖြတ်ခဲ့သူ အများအပြားတွင် ဆေးဘက်ဆိုင်ရာလူပုဂ္ဂိုလ်များပါဝင်ပြီး၊ ၁၁ ဦး ပစ်ခတ်သတ်ဖြတ်ခံခဲ့ရပါသည်။ ဥပမာအားဖြင့် ၂၀၂၁ ခုနှစ် မတ်လ ၂၈ ရက်က အသက် ၂၀ အရွယ် သူနာပြုတက္ကသိုလ်ကျောင်းသူ သဥ္ဇာဟိန်းသည် စစ်ကိုင်းတိုင်း၊ မုံရွာမြို့တွင် ဒဏ်ရာရရှိသည့်ဆန္ဒပြသူများအား ကူညီပြုစုပေးနေစဉ် ပစ်ခတ်သတ်ဖြတ်ခံရပါသည်။ နောက်ထပ်ဖြစ်စဉ်တစ်ခုတွင် ဆေးဘက်ဆိုင်ရာအရာရှိတစ်ဦးကို အကြမ်းဖက်စစ်တပ်က ပတ်ခတ်သတ်ဖြတ်ခဲ့ပါသည်။ CDM လှုပ်ရှားမှုတွင်ပါဝင်မှုကြောင့် ဖမ်းဆီးစဉ် ထွက်ပြေးရန်ကြိုးစားခဲ့ခြင်းဖြစ်ပါသည်။

၁၈၆။ အဆိုပါ အချက် ၃ ချက်အပြင် အကြမ်းဖက်စစ်အုပ်စုက COVID-19 ကပ်ရောဂါကို မလျော်မကန်အသုံးချနေပါသည်။ နိုင်ငံရေးအရ ဆန့်ကျင်သူများ အကျဉ်းထောင်အတွင်းသေဆုံးသည့်အခါ COVID-19 ကပ်ရောဂါကြောင့် သေဆုံးခြင်းဖြစ်သည်ဟု မိသားစုများအား အကြောင်းကြားလေ့ရှိပါသည်။[215] ဖြစ်စဉ်အများအပြားတွင် ဖမ်းဆီးချုပ်နှောင်မခံရမီ ကျန်းမာရေးကောင်းမွန်သူများသည် ဖမ်းဆီးခံရပြီး ပထမ ၇၂ နာရီအတွင်း သေဆုံးခဲ့ခြင်းဖြစ်ရာ၊ အမှန်တကယ်မှာ စစ်ဆေးမေးမြန်းစဉ်အတွင်း ညှဉ်းပန်းနှိပ်စက်မှုကြောင့် သေဆုံးခြင်း ဖြစ်သည်ကိုဖော်ပြနေပါသည်။ ထိုသို့ ပကတိအားဖြင့် စစ်ဆေးမေးမြန်းစဉ်အတွင်း ညှဉ်းပန်းနှိပ်စက်မှုသည် သေဆုံးရသည့် အကြောင်းရင်းမှန်ဖြစ်သည်ကို ဖုံးကွယ်ရန်အတွက် COVID-19 ကာကွယ်တားဆီးရေး အခြေခံစည်းမျဉ်းများဖြင့် အရပ်သားဆရာဝန်များက သေဆုံးသူများကို ရင်ခွဲစစ်ဆေးသည့် လုပ်ထုံးလုပ်နည်းများကိုလည်း အကြမ်းဖက်စစ်ကောင်စီက တားမြစ်ခဲ့ပါသည်။[216] အမှန်တကယ် သေဆုံးခြင်းမှာ

---

[213] The Irrawaddy (2021), "Myanmar Junta Charges Two Leading Medics With Corruption", *The Irrawaddy* (online), Available at: www.irrawaddy.com/news/burma/myanmar-junta-charges-two-leading-medics-with-corruption.html

[214] Insecurity Insight (2021), "Violence Against or Obstruction of Health Care in Myanmar February-July 2021", *Insecurity Insight* (online), cited above. See also: Myanmar Now (2021), "Junta lures, arrests community doctors by posing as Covid-19 patients", *Myanmar Now* (online), Available at: www.myanmar-now.org/en/news/junta-lures-arrests-community-doctors-by-posing-as-covid-19-patients

[215] Myanmar Doctors for Human Rights Network (2021), "Short Situational Report of Healthcare in Myanmar: The Most Dangerous Place in the World for Healthcare Professionals (9 Month Review), *Myanmar Doctors for Human Rights Network* (online), Available at: drive.google.com/file/d/1YQeByyukaelIWS5qmaIAc3VT1qWOkJ1F/view

[216] *Ibid.*

ထိုသို့မဟုတ်ဘဲ၊ COVID-19 ကြောင့် သေဆုံးသည်ဟု အကြမ်းဖက်စစ်အုပ်စုက အကြောင်းပြချက်ပေးသော ဖြစ်စဉ် ၁၆ ခုရှိကြောင်း အေအေပီပီက မှတ်တမ်းပြုထားပါသည်။ အလားတူပင် ဖမ်းဆီးချုပ်နှောင်ထားစဉ်အတွင်း ရှေ့နေနှင့်တွေ့ဆုံခွင့်၊ မိသားစုနှင့်တွေ့ဆုံခွင့်များကို ငြင်းပယ်ရာတွင်လည်း COVID-19 ကူးစက်မှု အန္တရာယ်ကို ဆင်ခြေတစ်ခုအဖြင့်သုံးခဲ့ကြောင်း ပေါ်ဒွေး (အမည်လွှဲ) က အေအေပီပီသို့ ပြောပြပါသည်။

၁၈၇။ ထို့အပြင် အကျဉ်းထောင်များအတွင်း COVID-19 ကူးစက်မှုမြင့်မားလာခြင်းသည် စီမံခန့်ခွဲမှုအလွဲများကြောင့်ဆိုသည်မှာ ထင်ရှားပါသည်။ အကျဉ်းထောင်အရာရှိများနှင့် အကြမ်းဖက်စစ်အုပ်စုသည် ကူးစက်မှုပိုမိုများပြားလာသည်ကို သိသော်လည်း၊ ရောဂါကူးစက်ပြန့်ပွားမှုကို လျှော့ချနိုင်မည့် မူဝါဒများ ချမှတ်ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပါ။ ဖမ်းဆီးထိန်းသိမ်းမှုမှ ပြန်လည်လွတ်မြောက်လာသူ ဒန်နီဖန်စတာ (Danny Fenster) က "ဟုတ်… ရီတော့ရီရတယ်၊ COVID-19 ကာကွယ်ရေးဆိုပြီး ကြိုတင်ကာကွယ်မှုတွေတော့ တချို့လုပ်ကြတယ်၊ ဒါပေမယ့် အစားအသောက်ထည့်တဲ့ ပုံးတွေကြတော့ လက်တွေနဲ့ပဲဝိုင်းပြီးနှိုက်ကြတာပဲ"[217] ဟု ပြောပါသည်။ ဖမ်းဆီးခံရသူများအား မော်တော်ယာဉ်များပေါ်တွင် အပြည့်အသိပ်တင်ဆောင်၍ စစ်ကြောရေးစခန်းများနှင့် ထောင်သို့ပို့ဆောင်ခဲ့ကြောင်း ဇော်ကြည် (အမည်လွှဲ) နှင့် ထောင်ဇာ (အမည်လွှဲ) တို့ကဲ့သို့ အေအေပီပီ၏ ဆက်သွယ်မေးမြန်းမှုကို ဖြေကြားခဲ့ကြသူများကပြောပါသည်။ ၎င်းတို့ နှစ်ဦးအပြင် မီမီညွန့် (အမည်လွှဲ) ကလည်း အကျဉ်းထောင်အတွင်း တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်များမပေးဘဲ၊ ကျန်းမာရေးနှင့် လုံးဝမညီညွတ်သော အခြေအနေများရှိကြောင်းပြောပါသည်။

၁၈၈။ ရောမစာချုပ်တွင်ပါရှိသည့် လူသားမျိုးနွယ်ပေါ်ကျူးလွန်သောရာဇဝတ်မှုအဖြစ် အကျုံးဝင်ရန် လုပ်ရပ်တစ်ခုသည် "ပြင်းထန်မှုနှင့် သဘောသဘာဝအားဖြင့်" ရောမစာချုပ်၏ ပုဒ်မ ၇(၁) ပါ တခြားမည်သည့်လုပ်ရပ်များနှင့်မဆို ဝိသေသ လက္ခဏာအားဖြင့်တူညီရမည်၊ တနည်းအားဖြင့် အခြင်းအရာများအားလုံးနှင့်ကိုက်ညီရမည်ဖြစ်ပါသည်။ COVID-19 ကပ်ရောဂါနှင့်စပ်လျဉ်း၍ ရည်ရွယ်ချက်ရှိရှိဖြင့် လွဲမှားစွာစီမံခန့်ခွဲခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု မရရှိခြင်းတို့ကြောင့် အကြမ်းဖက်စစ်အုပ်စုတို့၏ ကိန်းဂဏန်းများအရ ပြည်သူသောင်းချီ သေဆုံးခဲ့ရပါသည်။ အမှန်တကယ် သေဆုံးမှုသည် သိန်းဂဏန်းထက် မပိုလျှင်တောင်၊ ထိုမျှနီးပါး ရှိနိုင်ပါသည်။[218] ဖမ်းဆီးအကျဉ်းချခြင်း၊ ထိခိုက်ဒဏ်ရာရစေခြင်းနှင့် ခြိမ်းခြောက်ခြင်း နောက်ထပ်ပြည်သူအများအပြားအား ကူးစက်စေခြင်းတို့သည်လည်း ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ဆေးပစ္စည်းရရှိရေးအတွက် ကြိုးပမ်းကြသော အရပ်သားပြည်သူများအား ပစ်မှတ်ထားခြင်းတို့ကဲ့သို့ပင် အလေးထားစဉ်းစားသင့်သည့် အခြင်းအရာဖြစ်ပါသည်။ ၂၀၂၂ ခုနှစ် မေလ ၃၁ အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ စာရင်းအရ စစ်အာဏာသိမ်းချိန်မှစ၍ ဆေးဘက်ဆိုင်ရာလူပုဂ္ဂိုလ်များအား တိုက်ခိုက်မှု ၂၉၉ ကြိမ်[219] ရှိခဲ့ပြီး၊ အေအေပီပီ၏ မှတ်တမ်းများအရ ဆေးဘက်ဆိုင်ရာ လူပုဂ္ဂိုလ် ၁၁ ဦး သတ်ဖြတ်ခံခဲ့ရပါသည်။ ဤသည်မှာ ဆေးဘက်ဆိုင်ရာဝန်ထမ်းများအပေါ် ပြင်းထန်စွာထိခိုက်နာကျင်စေခြင်းဖြစ်သည်သာမက၊ လူနာများကို ကုသပေးမည့် ယုံကြည်အားကိုးရသော ဆေးဘက်ဆိုင်ရာလူပုဂ္ဂိုလ်များမရှိသည့်အတွက် အရပ်သားပြည်သူလူထုတစ်ရပ်လုံးအပေါ်တွင်လည်း ထိခိုက်မှု၊ သေဆုံးမှု၊ ထိခိုက်ဒဏ်ရာနှင့် ထိခိုက်ဒဏ်ရာရစေမည်ဟုခြိမ်းခြောက်မှုများကို ဖြစ်စေပါသည်။

၁၈၉။ COVID-19 ကပ်ရောဂါကို လက်နက်အဖြစ် အသုံးပြုခြင်းဖြင့် အကြမ်းဖက်စစ်အုပ်စုသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော အခြားရာဇဝတ်မှုများတွင် အကျုံးဝင်သည့် ရာဇဝတ်မှုအများအပြားကို ကျူးလွန်နေပြီး ထိုလုပ်ရပ်တွင် ဖမ်းဆီးအကျဉ်းချမှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် လူသတ်မှုတို့ အကျုံးဝင်ပါသည်။ COVID-19 ကပ်ရောဂါကို လက်နက်အဖြစ် အသုံးချသည့် ၎င်းတို့၏အစီအစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် အကြမ်းဖက်စစ်အုပ်စုသည် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအား ပစ်မှတ်ထားခဲ့ခြင်းဖြစ်ပြီး၊ အဆိုပါ ပြည်သူအစုအဖွဲ့အား သတ်ဖြတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းတို့ကို ဖြစ်စေခဲ့ပါသည်။ ရာဇဝတ်မှုမြောက်သော ပြည်တွင်းပိတ်ဆို့အရေးယူမှုများဖြင့် ဆေးနှင့်ဆေးပစ္စည်းများအား ကန့်သတ်ပိတ်ပင်ခြင်း၊ ဆေးနှင့် ဆေးပစ္စည်းရရှိရန်ကြိုးပမ်းသည့် အရပ်သားပြည်သူများအားတိုက်ခိုက်ခြင်း၊

---

[217] Deadline Detroit (2021), "Video: Freed Metro Detroit Journalist Danny Fenster On Prison, Hopelessness And His Joyful Homecoming", *Deadline Detroit* (online), Available at: www.deadlinedetroit.com/articles/29313/video_freed_metro_detroit_journalist_danny_fenster_on_prison_hopelessness_and_his_joyful_flight_home?fbclid=IwAR1Re3Zr7ZG_9McD26zYU4j7EhicJCh0LTcQslDlP1AQroCW6uFrv1rP7WY

[218] Frontier Myanmar (2022), "COVID cover up: third wave death toll may be in hundreds of thousands", *Frontier Myanmar* (online), Available at: https://www.frontiermyanmar.net/en/covid-cover-up-third-wave-death-toll-may-be-in-hundreds-of-thousands/

[219] WHO (2022) Surveillance System For Attacks On Health Care (SSA). World Health Organization (*Online*), Available at: https://extranet.who.int/ssa/Index.aspx

ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများအားတိုက်ခိုက်ခြင်းတို့သာမက အဆိုပါအခြင်းအရာများအားလုံး လွှမ်းခြုံပါဝင်သည့် ရောဂါကူးစက်မှုကို ပိုမိုဆိုးရွားစေခဲ့ခြင်းက အကြမ်းဖက်စစ်အုပ်စုသည် နောက်ထပ်အရပ်သားပြည်သူအများအပြား သေဆုံးခြင်းကိုဖြစ်စေခဲ့ပါသည်။ ထို့အပြင် အခြားသောပြစ်မှုများနှင့် အလားတူပြင်းထန်မှုဖြင့် အဆိုပါလုပ်ရပ်များအား ကျယ်ကျယ်ပြန့်ပြန့်အတိုင်းအတာဖြင့် ကျူးလွန်ခြင်းဖြစ်ကြောင်း နောက်ထပ်အခြင်းအရာတွင်ဖော်ပြထားပါသည်။

၁၉၀။ ရှင်းပြခဲ့ပြီးသော အကြောင်းအခြင်းအရာ ၃ ခုတွင် မြင်တွေ့ခဲ့ပြီးသည့်အတိုင်း၊ COVID-19 ကပ်ရောဂါကို လက်နက်အဖြစ် အသုံးပြု၍ ကျူးလွန်ခြင်းသည် ကျယ်ပြန့်၍စနစ်တကျဖြစ်ပါသည်။ ပထမဦးစွာ အကြမ်းဖက်စစ်အုပ်စု၏ မူဝါဒချမှတ်ခြင်းသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု ယန္တရားကို ရည်ရွယ်ချက်ရှိရှိပစ်မှတ်ထားခြင်းဖြစ်ပြီး၊ အရပ်သားပြည်သူများအား ကျယ်ကျယ်ပြန့်ပြန့် ထိခိုက်ခံစားစေခဲ့ကြောင်း ဖော်ပြနေပါသည်။ ထို့အပြင် ရာဇဝတ်မှုမြောက်သော ပြည်တွင်းပိတ်ဆို့အရေးယူမှုများဖြင့် ဆေးနှင့် ဆေးပစ္စည်းများအား ကန့်သတ်ပိတ်ပင်ခြင်းက ဤရာဇဝတ်မှုသည် စနစ်တကျဖြစ်သည်ဆိုသည့် အခြင်းအရာနှင့် ကိုက်ညီပါသည်။ အဆိုပါ ရာဇဝတ်မှုမြောက်သော ပိတ်ဆို့အရေးယူမှုများကြောင့် အရေးကြီးသည့်ဆေးပစ္စည်းများ လိုအပ်သူများထံမရောက်ဘဲ၊ လမ်းလွဲသွားခြင်းသည် အမှုမဲ့အမှတ်မဲ့လုပ်ရပ်မဟုတ်ပါ။ အဆိုပါ အကြမ်းဖက်ပိတ်ဆို့မှုများသည် အခြေအနေကို တဖြေးဖြေးပိုမိုဆိုရွားလာစေပြီး၊ COVID-19 ကပ်ရောဂါအား လက်နက်အဖြစ်အသုံးချခြင်းကို အထွတ်အထိပ် ရောက်သွားစေပါသည်။ ဆေးပစ္စည်းများအား စနစ်တကျလမ်းကြောင်းလွှဲခြင်းသည် အရပ်သားပြည်သူများ၏အသက်ထက်၊ အကြမ်းဖက်စစ်အုပ်စုနှင့် ၎င်းတို့ကို ထောက်ခံသူများ၏အသက်ကို ပို၍ဦးစားပေးကြောင်းပြသနေပြီး၊ အကျိုးဆက်အားဖြင့် COVID-19 ကြောင့် သေဆုံးမှု မြင့်မားလာစေသည့်အပြင် နိုင်ငံအတွင်း ဘေးဒုက္ခကို ဆက်လက်ဖြစ်စေခဲ့ပါသည်။

၁၉၁။ ဆေးဘက်ဆိုင်ရာလူပုဂ္ဂိုလ်များအားတိုက်ခိုက်ခြင်း၏ သဘောသဘာဝနှင့် အတိုင်းအတာသည် အကြမ်းဖက်စစ်အုပ်စုအနေဖြင့် ၎င်းတို့၏ အစီအစဉ်တစ်စိတ်တစ်ပိုင်းဖြစ်သည့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု ယန္တရားကိုအားနည်းသွားစေရန်နှင့် ရလဒ်အဖြစ် COVID-19 ကပ်ရောဂါနှင့်စပ်လျဥ်း၍ အရပ်သားပြည်သူများ ပိုမိုခံစားရစေရန် ရည်ရွယ်ချက်ဖြင့် ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ရည်ရွယ်ချက်ရှိရှိဒုက္ခပေးခြင်းဖြစ်ပါသည်။

၁၉၂။ ဤရာဇဝတ်မှုသည် အရပ်သားပြည်သူအပေါ် ကျူးလွန်နေခြင်းဖြစ်ပါသည်။ ရာဇဝတ်မှုမြောက်သော ပြည်တွင်းပိတ်ဆို့အရေးယူမှုများကို ကျင့်သုံးခြင်းသည် ဆေးပစ္စည်းရရှိရန်ကြိုးပမ်းသည့် အရပ်သားပြည်သူအပေါ် ပစ်မှတ်ထားသည်မှာ ထင်ရှားပါသည်။ အဆိုပါ ဆေးပစ္စည်းများအား စစ်ဆေးရုံများသို့ ရွှေ့ပြောင်းခြင်းသည် အကြမ်းဖက်စစ်အုပ်စုက အရပ်သားပြည်သူပေါ် ပစ်မှတ်ထားခြင်းဖြစ်ပါသည်။ ဆေးပစ္စည်းရရှိရန် ကြိုးပမ်းသူများအား ပစ်မှတ်ထားရာတွင်လည်း ၎င်းတို့သည် အရပ်သားပြည်သူဖြစ်သည်ဟု ယူဆနိုင်ပါသည်။ အဆိုပါ ဖြစ်စဉ်များတွင် ကျူးလွန်ခံရသူများသည် အကြမ်းဖက်စစ်အုပ်စုကို ဆန့်ကျင်သည်ဟုယူဆသည့်အတွက် ပစ်မှတ်ထားတိုက်ခိုက်ခံရခြင်းဖြစ်ပြီး၊ အများအပြားသည် ပုဒ်မ ၅၀၅-က ဖြင့် ဖမ်းဆီးခံကြရပါသည်။ ထိုနည်းတူပင် နိုင်ငံရေးအရဆန္ဒပြသူများအား ကူညီပေးသည့် အရပ်သားပြည်သူများတွင်းပါဝင်သော ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ပစ်မှတ်ထားခြင်းသည်လည်း ဤအခြင်းအရာနှင့် ကိုက်ညီပါသည်။ ဆန္ဒပြမှုများအတွင်း ထိခိုက်ဒဏ်ရာရသူများအား အရေးပေါ်ကုသမှုပေးခြင်းအားဖြင့် ကျန်းမာရေးဝန်ထမ်းများသည် အကြမ်းဖက်စစ်အုပ်စုကိုဆန့်ကျင်သည့် နိုင်ငံရေးယုံကြည်ချက်ရှိသည်ဟု ထင်မြင်ယူဆ ခြင်း ဖြစ်ပါသည်။ အထူးသဖြင့် အဆိုပါဆေးဘက်ဆိုင်ရာဝန်ထမ်းများသည် အကြမ်းမဖက်အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) တွင် ပါဝင်လာကြရာ၊ ၎င်းတို့သည် အကြမ်းဖက်စစ်အုပ်စုအားနိုင်ငံရေးအရ ပို၍ဆန့်ကျင်သူများဖြစ်လာပြီး၊ ဆေးဘက်ဆိုင်ရာဝန်ထမ်း ၅၉၈ ဦးသည် ဖမ်းဆီးမိန့်ထုတ်ပြန်ခံခဲ့ရသည်ကိုတွေ့ရပါသည်။ ဖော်ပြထားသည့် အထောက်အထားအားလုံးအရ အဆိုပါဆေးဘက်ဆိုင်ရာလူပုဂ္ဂိုလ်များသည် တိုက်ခိုက်ခံရချိန်တွင် လက်နက်ကိုင်ဆောင်မထားကြောင်း ဖော်ပြနေပါသည်။ ဥပမာ - သဥ္ဇာဟိန်းသည် ဆန္ဒပြသူတစ်ဦးအား ကူညီကုသပေးနေစဉ် ပစ်ခတ်သတ်ဖြတ်ခံရခြင်းဖြစ်ပြီး၊ သူမအား ပစ်ခတ်ချိန်တွင် သူမတွင်မည်သည့်လက်နက်မျှ ကိုင်ဆောင်မထားကြောင်းထင်ရှားပါသည်။ မြထွေး (အမည်လွှဲ) သည်လည်း အလားတူဖြစ်ပါသည်။

၁၉၃။ ထို့အပြင် ဆေးဘက်ဆိုင်ရာလူပုဂ္ဂိုလ်များအား ကျယ်ကျယ်ပြန့်ပြန့်တိုက်ခိုက်ခြင်းသည် ဆေးဘက်ဆိုင်ရာ လူပုဂ္ဂိုလ်များအပေါ်သာ ကျူးလွန်သည့် ရာဇဝတ်မှုသက်သက်မဟုတ်ဘဲ၊ ကျန်းမာရေးဝန်ထမ်းများအား အကြမ်းဖက်ဖိနှိပ်ရက်စက်ခြင်းနှင့် COVID-19 လူနာများ

အတွက် ထိရောက်သောကုသရေးဝန်ဆောင်မှုများပေးရန် အကန့်အသတ်ရှိနေခြင်းတို့၏ အကျိုးဆက်အဖြစ် ကျန်းမာရေးဝန်ဆောင်မှုနှင့် ယုံကြည်စိတ်ချရသော ကုသရေးဝန်ဆောင်မှု အကန့်အသတ်များနှင့် ရင်ဆိုင်နေရသော အရပ်သားပြည်သူတစ်ရပ်လုံးအပေါ် ကျူးလွန်သည့် ရာဇဝတ်မှုလည်းဖြစ်ပါသည်။

၁၉၄။ ဤလုပ်ရပ်ကိုကျူးလွန်ရန် တင်ကူးကြံရွယ်ချက်ရှိရမည်၊ သို့မဟုတ် ပုံမှန်အခြေအနေတွင်ပင် ဤသို့ဖြစ်မည်ကို သိရှိရမည် ဖြစ်ပါသည်။ ဆေးဘက်ဆိုင်ရာဝန်ထမ်းများအား ရည်ရွယ်ချက်ရှိရှိ ဥပဒေမဲ့ဖမ်းဆီးခြင်းနှင့် ပစ်မှတ်ထားခြင်းတို့သည် အကြမ်းဖက်စစ်အုပ်စု၏ မူဝါဒအားနည်းခြင်း သက်သက်သာမက ကျန်းမာရေးစောင့်ရှောက်မှု ယန္တရား ချည့်နဲ့အားနည်းမှုကို ပိုမိုဆိုးရွားစေရန် ရည်ရွယ်ကြောင်း ဖော်ပြနေပါသည်။ ဖမ်းဆီးခံရချိန် (ဝါ) ပစ်ခတ်သတ်ဖြတ်ခံရချိန်တွင် လုပ်ဆောင်နေသည့်လုပ်ရပ်များအရ အဆိုပါလူပုဂ္ဂိုလ်များသည် မည်သည့်အလုပ်ကို လုပ်ကိုင်ကြောင်း အကြမ်းဖက်စစ်အုပ်စုကသိရှိပြီးဖြစ်ဖွယ်ရှိပါသည်။ ဥပမာ - သဉ္ဇာဟိန်းသည် စစ်ကိုင်းတိုင်း၊ မုံရွာမြို့တွင် ပစ်ခတ်သတ်ဖြတ်ခံရချိန်၌ ထိခိုက်ဒဏ်ရာရသော ဆန္ဒပြသူများအား ကူညီကုသပေးနေသည်မှာ အထင်အရှားဖြစ်ပြီး၊ အေအေပီပီကလည်း ထိုသို့ပင်မှတ်တမ်းတင်ထားပါသည်။ ဖမ်းဆီးမိန့်ထုတ်ပြန်ခံရသူ ၅၉၈ ဦး ရှိခြင်းက အကြမ်းဖက်စစ်အုပ်စုသည် နိုင်ငံရေးအရ ဆန့်ကျင်သူများအား ကူညီပေးနေသူများကို ရှာဖွေဖမ်းဆီးသည်ဆိုသည့် ရည်ရွယ်ချက်ကို သက်သေပြပါသည်။

၁၉၅။ ထို့အပြင် အကျဉ်းထောင်အတွင်း တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရမည်ဆို့သည့် စည်းမျဉ်းကို မကျင့်သုံးခြင်းကလည်း အကျဉ်းထောင်အတွင်း ဖမ်းဆီးထိန်းသိမ်းထားသူများအပေါ် ကျယ်ပြန့်၍ စနစ်တကျဖြစ်သော တိုက်ခိုက်မှုဖြစ်သည်ကို အကြမ်းဖက်စစ်အုပ်စုက သိရှိကြောင်း ထည့်သွင်းစဉ်းစားစရာဖြစ်နိုင်ပါသည်။ မူဝါဒရေးရာအားနည်းချက်ဟု ယူဆကောင်း ယူဆနိုင်သည့်တိုင်၊ အကျဉ်းထောင်များတွင် COVID-19 ကူးစက်ပျံ့နှံ့မှုကိုသိလျှက်နှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရမည် ဆိုသည့် စည်းမျဉ်းကိုကျင့်သုံးရန် ပျက်ကွက်ခြင်းက ဤအခြင်းအရာနှင့် ကိုက်ညီစေနိုင်ပါသည်။ အကြမ်းဖက်စစ်အုပ်စုအနေဖြင့် လူဦးရေအဆမတန်များပြားနေပြီး စနစ်တကျကုသမှု အခြေအနေလုံးဝမရှိသော အကျဉ်းထောင်တွင်း အခြေအနေများကို လမ်းကြောင်းလွှဲရန် အခြားအကြောင်းများကြောင့် သေဆုံးသည်ဟု ပြောသော်လည်း၊ ဖမ်းဆီးထိန်းသိမ်းခံရစဉ်တွင်း COVID-19 ကြောင့် သေဆုံးသည့် အရပ်သားပြည်သူ အနည်းဆုံး ၉ ဦးရှိကြောင်း အေအေပီပီက မှတ်တမ်းရရှိပါသည်။

၁၉၆။ အကြမ်းဖက်စစ်အုပ်စုသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုယန္တရားကို ရည်ရွယ်ချက်ရှိရှိ အားနည်းချည့်နဲ့စေသည့်အပြင်၊ COVID-19 ကပ်ရောဂါကို လက်နက်အဖြစ် အသုံးချကာ၊ ဆေးဘက်ဆိုင်ရာလူပုဂ္ဂိုလ်များအပါအဝင် ကျန်အရပ်သားပြည်သူလူထု တစ်ရပ်လုံးကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်ခဲ့ခြင်းဖြစ်ရာ ရောမစာချုပ်၏ ပုဒ်မ ၇ (၁) (ဠ) ပါ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုဖြစ်ပါသည်။

## ၆။ အကြံပြုတိုက်တွန်းချက်များ

### နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) မှ တစ်ဆင့် တာဝန်ခံမှု

၁၉၇။ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုများကို ကျူးလွန်သူများအား နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) တွင် တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် တရားခွင်တွင် ရှိနေရမည်ဖြစ်သည်။[220] ဆိုလိုသည်မှာ စွပ်စွဲခံရသူ၏မျက်ကွယ်တွင် တရားစီရင်၍မရနိုင်ပါ။ စွပ်စွဲခံရသူသည် ပြစ်မှုကျူးလွန်သည်ဟု ထင်ရှားစီရင်ခြင်းခံရသည့် အချိန်အထိ၊ အပြစ်မဲ့သူဟူ၍ ယူဆရမည်ဖြစ်ပြီး၊ အထောက်အထားခိုင်လုံစွာ သက်သေပြရန်မှာ တရားစွဲအဖွဲ့အစည်း၏တာဝန်ဖြစ်ပါသည်။[221]

၁၉၈။ ICC သည် လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုများအား တရားစီရင်ပိုင်ခွင့်အာဏာရှိသည်။[222] နိုင်ငံ၏ စီရင်ပိုင်ခွင့်ကို ကူညီအားဖြည့်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သောကြောင့်၊ နိုင်ငံအနေဖြင့် မလိုလားသော (ဝါ) မလုပ်နိုင်သော ကိစ္စရပ်များအပေါ် ICC က စီရင်ပိုင်ခွင့်ရှိသည်။[223] မြန်မာနိုင်ငံတွင် အုပ်ချုပ်မှုနှင့် အကြမ်းဖက်လက်ဝါးကြီး အုပ်မှုတို့အားပြိုင်နေကြသည့်အချိန်တွင်၊ အမျိုးသားညီညွတ်ရေးအစိုးရ (NUG) အနေဖြင့် လက်ရှိတွင် အဆိုပါ အကြမ်းဖက်စစ်ခေါင်းဆောင်များအား တရားစွဲဆိုအပြစ်ပေးနိုင်မည့် လွတ်လပ်သောပြည်တွင်းတရားရုံးများကို လုပ်ငန်းလည်ပတ်နိုင်သည့်အခြေအနေမရှိသေးရာ၊ နိုင်ငံတကာစီရင်ပိုင်ခွင့်အတွင်း ၎င်းတို့အား ရာဇဝတ်ကြောင်းအရ တာဝန်ခံစေခြင်းသည် မဖြစ်မနေအရေးကြီးပါသည်။ မြန်မာအစိုးရ၊ တရားဝင်အားဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အနေဖြင့် "မလုပ်နိုင်" သောကြောင့်၊ ဤအခြေအနေသည် ICC က စီရင်ဆုံးဖြတ်ရမည့်ဘောင်အတွင်း အကျုံးဝင်ပါသည်။ စစ်အာဏာသိမ်း (ရန်ကြိုးပမ်း) ချိန်မှစ၍ တရားရုံးစစ်ဆေးကြားနာမှုများသည် သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများ လုံးဝမရှိသည်ဖြစ်ရာ၊ ကျူးလွန်ခံရသူများအတွက် ပြန်လည်ကုစားမှုမရနိုင်သည့်အပြင်၊ ၎င်းတို့အပေါ်ကျူးလွန်သော ရာဇဝတ်မှုများအတွက် သင့်တင့်လျောက်ပတ်သည့် စုံစမ်းစစ်ဆေးမှုမျှပင် မရနိုင်ကြောင်း ဖော်ပြနေပါသည်။ ဥပမာအားဖြင့် မြန်မာနိုင်ငံ၏ အထူးတရားရုံးများနှင့်စပ်လျဉ်း၍ အေအေပီပီက ရရှိထားသော သတင်းအချက်အလက်များအရ ဖမ်းဆီးခံရသူများနှင့် ၎င်းတို့၏ရှေ့နေများက မြင်သာထင်သာဖြစ်သော ညှဉ်းပန်းနှိပ်စက်မှုအထောက်အထားများအား မှတ်တမ်းတင်ပေးရန်တောင်းဆိုသည့်အခါ တရားသူကြီးများက စနစ်တကျငြင်းပယ်လေ့ရှိကြောင်း သိရပါသည်။[224] ၎င်းတို့အား ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများဖြင့် စမ်းသပ်စစ်ဆေးခြင်းကိုလည်း ခွင့်မပြုပါ ယင်းက လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများအား ကျူးလွန်ခံရသူဘက်မှ ဘာမှလုပ်ပိုင်ခွင့်မရှိသော အခြေအနေနှင့် အကြမ်းဖက်စစ်တပ်နှင့် ရဲတပ်ဖွဲ့တို့တွင် ထိုသို့သောချိုးဖောက်မှုများအား ကျူးလွန်သူများကို ဝန်းရံကာကွယ်ပေးထားသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့် ယဉ်ကျေးမှုရှိကြောင်း ဖော်ပြနေပါသည်။

၁၉၉။ တရားစွဲအဖွဲ့အား အောက်ပါအတိုင်း အခြေအနေကို လွှဲပြောင်းပေးလျှင် ICC သည် စီရင်ပိုင်ခွင့်ကိုကျင့်သုံးနိုင်သည်။

- (က) ရာဇဝတ်မှုများဖြစ်ပွားနေသော စာချုပ်အဖွဲ့ဝင်နိုင်ငံ[225]
- (ခ) လုံခြုံရေးကောင်စီက ကုလသမဂ္ဂပဋိညာဉ် အခန်း ၇ အရ ကျင့်သုံးအရေးယူလျှင်၊[226] သို့မဟုတ်
- (ဂ) တရားစွဲအဖွဲ့အစည်းက စုံစမ်းစစ်ဆေးမှုကို ကနဦးစတင်ပြုလုပ်ပြီးလျှင်[227]

၂၀၀။ သို့ရာတွင် ရောမစာချုပ်၏ ပုဒ်မ ၁၂ (၂) အရ၊ အဆိုပါရာဇဝတ်မှုများဖြစ်ပွားနေသောနိုင်ငံများက ခုံရုံး၏စီရင်ပိုင်ခွင့်ကိုလက်ခံလျှင် (ဝါ) ကျူးလွန်သူသည် ခုံရုံး၏စီရင်ပိုင်ခွင့်ကိုလက်ခံသော နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားဖြစ်လျှင်၊[228] ခုံရုံးသည် (က) (ဂ) ကိုသာ ကျင့်သုံးနိုင်သည်။

---

220 Rome Statute, art 63(1).
221 Rome Statute, art 66.
222 Rome Statute, art 5.
223 Rome Statute, art 17(1)(a).
224 AAPP (March 23,2022), "Political Prisoners Experience in Interrogation, Judiciary, and Incarceration Since Burma's Illegitimate Military Coup", (online), Available at https://aappb.org/?p=20734
225 Rome Statute, art 13.
226 *Ibid.*
227 *Ibid.*
228 Rome Statute, art 12(2).

မြန်မာနိုင်ငံသည် ရောမစာချုပ်ကိုလက်မှတ်ရေးထိုး မထားသည်ဖြစ်ရာ စီရင်ပိုင်ခွင့်ကျင့်သုံးရန် ကိစ္စရပ်များကို စာချုပ်အဖွဲ့ဝင်နိုင်ငံ (ဝါ) တရားစွဲအဖွဲ့ကတဆင့် လွှဲပြောင်းတင်ပြနိုင်သည်။

၂၀၁။ မည်သို့ပင်ဖြစ်စေ ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၀ တွင် ရောမစာချုပ်၏ ပုဒ်မ ၁၂ (၃) အရ မြန်မာနိုင်ငံ နယ်နမိတ်အတွင်း ၂၀၀၂ ခုနှစ်မှစ၍ ဖြစ်ပျက်ခဲ့သော နိုင်ငံတကာရာဇဝတ်မှုများအားလုံးနှင့်စပ်လျဉ်း၍ နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားစီရင်ပိုင်ခွင့်ကိုလက်ခံကြောင်း ကြေညာချက်ကို အမျိုးသားညီညွတ်ရေးအစိုးရ (NUG) က ခုံရုံးသို့ တင်ပြခဲ့ပြီးဖြစ်ကြောင်း[229] ထုတ်ပြန်ကြေညာခဲ့ပါသည်။ အဆိုပါကြေညာချက်သည် ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ခြင်းခံရသောအစိုးရ၊ တနည်းအားဖြင့် နိုင်ငံအား တရားဝင်ကိုယ်စားပြုသူများထံမှ ဖြစ်သည့်အတွက်၊ ခုံရုံးအနေဖြင့် အတိတ်ကာလက ရာဇဝတ်မှုများအပါအဝင် သီးခြားဖြစ်သော ဖိနှိပ်ရက်စက်သတ်ဖြတ်မှုများအား ကိုင်တွယ်ဆောင်ရွက်ရန် ချက်ခြင်းစီရင်ပိုင်ခွင့်ရစေပါသည်။ ထို့အပြင် ရောမစာချုပ်ကို သဘောတူလက်ခံခြင်းဖြင့် စာချုပ်အဖွဲ့ဝင်တစ်နိုင်ငံ ရရှိသော အခွင့်အရေးများအားလုံးကို မြန်မာနိုင်ငံက ရပိုင်ခွင့်ရှိလာမည်ဖြစ်သည့်အပြင်၊ နောင်တွင်ဖြစ်ပေါ်လာမည့် အကြမ်းဖက်ရက်စက်ဖိနှိပ်သတ်ဖြတ်မှု ရာဇဝတ်မှုများအပေါ် ICC က စီရင်ပိုင်ခွင့် ရှိစေမည်ဖြစ်ပါသည်။

**အကြမ်းဖက် စစ်ခေါင်းဆောင်များနှင့် အဆင့်ဆင့်ဖွဲ့စည်းပုံ**

၂၀၂။ ရောမစာချုပ်၏ ပုဒ်မ ၂၅ တွင် ရာဇဝတ်မှုတစ်ခုအား ကျူးလွန်သူနှင့် တွဲဖက်ကျူးလွန်သူတို့၏ တာဝန်ရှိမှုအပြင်၊ နိုင်ငံတကာရာဇဝတ်မှုမြောက်သော လုပ်ရပ် (ဝါ) ကြိုးပမ်းသည့်လုပ်ရပ်တွင် (က) အမိန့်ပေးသူ၊ သွေးဆောင်ဖြားယောင်းသူ၊ (ဝါ) စည်းရုံးသူ (ခ) ကူညီသူ၊ အားပေးအားမြှောက်ပြုသူ၊ (ဝါ) ပံ့ပိုးကူညီသူ (ဂ) အခြား မည်သည့်နည်းဖြင့်မဆိုပါဝင်သူ[230] မည်သူမဆိုတို့၏ ကိုယ်ပိုင်တာဝန်ရှိမှုကိုလည်း ဖော်ပြထားပါသည်။ သို့ဖြစ်ရာ ပုဒ်မ ၂၅ အရ လူသားမျိုးနွယ်အပေါ်ကျူးလွန်သောရာဇဝတ်မှုများအတွက် တာဝန်ခံရမည့်သူများသည် အကြမ်းဖက်မှုကို ကိုယ်တိုင်ပါဝင်ကျူးလွန်သူများသာမက၊ ထိုလုပ်ရပ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ တက်ကြွစွာပါဝင်သူ မည်သူမဆိုဖြစ်ပါသည်။

၂၀၃။ ထို့အပြင် ကျူးလွန်သူသည် စစ်တပ်အရာရှိတစ်ဦး၏ ကြီးကြပ်အမိန့်ပေးမှုအောက်တွင်ရှိလျှင်၊ ရာဇဝတ်မှုတစ်ခုကို ကျူးလွန်ရာတွင် ကိုယ်တိုင်ပါဝင်ခြင်းမရှိသည့်တိုင် အဆိုပါကြီးကြပ်အမိန့်ပေးသူသည် ပုဒ်မ ၂၈ ၏ အခြေခံအရ တာဝန်ခံရပါမည်။ သို့ဖြစ်ရာ တရားမဝင်သည်ဖြစ်စေ၊ တရားဝင်သည်ဖြစ်စေ စစ်တပ်အရာရှိတစ်ဦးအနေဖြင့် ၎င်း၏ လက်အောက်ငယ်သားများက ရာဇဝတ်မှုကျူးလွန်ခြင်းကို တားဆီးရန် ပျက်ကွက်ခြင်းအတွက် တာဝန်ရှိပါသည်။ အထက်-အောက်ဆက်ဆံရေးအရ စစ်တပ်အရာရှိ၊ သို့မဟုတ် နောက်ထပ်အထက်အရာရှိတစ်ဦးသည် အောက်ပါအခြေအနေများတွင် ပုဒ်မ ၂၈ အရ နိုင်ငံတကာ ရာဇဝတ်မှုအတွက် တာဝန်ရှိပါသည်။ ၎င်းတို့မှာ -

၂၀၄။ ထိုအချိန်တွင် ကြိုတင်မမြင်နိုင်သောအခြေအနေများအရ၊ တပ်ဖွဲ့များသည် ထိုကဲ့သို့ လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများကို ကျူးလွန်နေသည် (ဝါ) ကျူးလွန်တော့မည်ဆိုသည်ကို သိခဲ့သည် (ဝါ) သိခဲ့သင့်သည်။[231]

၂၀၅။ သူ/သူမ၏ လုပ်ပိုင်ခွင့်အာဏာဖြင့် ၎င်းတို့၏ကျူးလွန်မှုကိုတားဆီးရန်၊ သို့မဟုတ် နှိမ်နင်းရန် လိုအပ်သော၊ ကျိုးကြောင်းဆီလျော်သော လုပ်ရပ်များ လုပ်ဆောင်ရန် (ဝါ) အဆိုပါကိစ္စရပ်ကို စုံစမ်းစစ်ဆေး၍ တရားစွဲဆိုနိုင်ရေးအတွက် သီးခြားအခွင့်အာဏာအပ်နှင်းထားသူများထံ တင်ပြရန် ပျက်ကွက်ခဲ့သည်။[232]

၂၀၆။ အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများက သံတမန်အသိုင်းအဝိုင်းနှင့် ပြည်တွင်းပရိသတ်များအားတင်ပြသော အထောက်အထားများစွာကို ထည့်သွင်းစဉ်းစားလျှင်၊ ၎င်းတို့၏ လက်အောက်ငယ်သားများကျူးလွန်သည့် အကြမ်းဖက်မှုနှင့် အဆိုပါရာဇဝတ်မှုများ၏ ကျယ်ပြန့်သော သဘောသဘာဝကို စစ်တပ်အရာရှိများသိကြသည်ဟု ဆိုနိုင်ပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် အရပ်သားပြည်သူများ

229 NUG (August 20, 2021), The National Unity Government of the Republic of the Union of Myanmar accepts the jurisdiction of the International Criminal Court, *Progressive Voice Myanmar* (online), Available at: https://progressivevoicemyanmar.org/2021/08/20/the-national-unity-government-of-the-republic-of-the-union-of-myanmar-accepts-the-jurisdiction-of-the-international-criminal-court/

230 Rome Statute, article 25.

231 Rome Statute, article 28.

232 *Ibid*.

အပေါ် ထိုသို့ကျူးလွန်ခြင်းကြောင့် မည်သည့်စစ်တပ်အရာရှိတစ်ဦးမှ ဖမ်းဆီးမခံရသည်ကို ထည့်သွင်းစဉ်းစားလျှင် တိုင်း၊ တပ်မအသီးသီးကို တာဝန်ခံရသော တိုင်းမှူး၊ တပ်မမှူးများသည်လည်း လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများအတွက် တာဝန်ရှိပါသည်။

၂၀၇။ မီဒီယာများတွင်ဖော်ပြသည့် အချို့သောသတင်းအချက်အလက်များသည် သိလျက်နှင့် သတင်းအမှန်ကို ထိန်ချန်မျက်ကွယ်ပြုခြင်းဖြစ်ကြောင်း ပြသနေပါသည်။ ဥပမာအားဖြင့် ၂၀၂၂ ခုနှစ် ဧပြီ ၉ ရက် ပဲခူးမြို့ အစုလိုက်အပြုံလိုက် လူသတ်ပွဲအပြီး၊ အကြမ်းဖက်စစ်အုပ်စု၏ ပြောရေးဆိုခွင့်ရှိသူများက အကြမ်းဖက်စစ်အုပ်စုကြောင့် အရပ်သားပြည်သူ ၈၂ ဦး သေဆုံးခဲ့သည်ကို ငြင်းဆိုခဲ့ပြီး၊ ထိုဖြစ်စဉ်တွင် လူတစ်ဦးသာသေဆုံးခဲ့ကြောင်း ပြောကြားခဲ့ပါသည်။ ပဲခူးမြို့ဖြစ်စဉ်နှင့်စပ်လျဉ်းသည့် များစွာသောအထောက်အထားများ၊ သေဆုံးသူမိသားစုဝင်များ၏ သက်သေခံချက်များ၊ များစွာသော မီဒီယာသတင်းဖော်ပြချက်နှင့် လူမှုကွန်ရက်တွင်ရေးသားချက်များအရ ဧပြီ ၉ ရက်တွင် လူအများအပြားသေဆုံးခဲ့ကြောင်းဖော်ပြကြသည်ကို ထည့်သွင်းစဉ်းစားလျှင် အကြမ်းဖက်စစ်အုပ်စု၏ အဆိုပါထုတ်ပြန် ကြေညာချက်များသည် ၎င်းတို့တပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များကို “သိလျက်နှင့် သတင်းအမှန်ကို ထိန်ချန်မျက်ကွယ်ပြုခြင်း” ဟု ယူဆနိုင်သည့်အတွက် အဆိုပါလုပ်ရပ်များအပေါ် “ထိထိရောက်ရောက် ထိန်းချုပ်ညွှန်ကြားနိုင်သော” အထက်အရာရှိများသည်လည်း ထိုလုပ်ရပ်များအတွက် တာဝန်ခံကြရမည်ဖြစ်ပါသည်။[233]

၂၀၈။ ဤအချက်က မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာအချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) ၏ ၂၀၁၈ ခုနှစ် အစီရင်ခံစာတွင်ပါရှိသည့် သုံးသပ်ချက်များနှင့်လည်း ကိုက်ညီပါသည်။ ယင်းတွင် တပ်မတော် (စစ်တပ်) သည် ၎င်း၏ စစ်သည်များအပြင်၊ စစ်ဆင်ရေးများတွင်တာဝန်ပေးခံရသော အခြားလက်နက်ကိုင်တပ်ဖွဲ့များအပေါ်တွင် “ထိထိရောက်ရောက် ထိန်းချုပ်ညွှန်ကြားနိုင်သော” အမိန်ပေးမှုကို ကျင့်သုံးသည်။ တပ်မတော်၏ တသမတ်တည်းဖြစ်သော သေနင်္ဗျူဟာဆိုင်ရာပုံသေနည်းသည် တပ်ဖွဲ့များအားလုံးက တစ်ခုတည်းသော၊ တစ်စုတစ်စည်းတည်းသော အမိန်ပေးမှုဖြင့် ထိထိရောက်ရောက်ညွှန်ကြားစေခိုင်းမှုအောက်တွင် လိုက်နာဆောင်ရွက်ခြင်းဖြင့်သာလျှင် အောင်ပွဲကိုရရှိနိုင်မည်[234] ဟူ၍ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အကြမ်းဖက်စစ်အုပ်စုခေါင်းဆောင်များသည် ယခင်အတိုင်း ဆက်ရှိနေသည်ဖြစ်ရာ၊ နှစ်များအလိုက် နည်းဗျူဟာနှင့် အမိန့်ပေးကွင်းဆက်တူညီနေကြောင်း ထောက်ပြသည့်အချက်ကို ယင်းကအထောက်အကူဖြစ်စေပါသည်။

၂၀၉။ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ICC သို့ ၂၀၂၀ ခုနှစ် စက်တင်ဘာ ၈ ရက်က လွှဲပြောင်းပေးခဲ့သော စစ်သား ၂ ဦး၏ ဝန်ခံထွက်ဆိုချက်များတွင်လည်း စစ်တပ်အတွင်း အဆင့်လိုက်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း အလားတူအတည်ပြုပြောကြားပါသည်။[235] ICC တရားရုံးရှိရာ နယ်သာလန်နိုင်ငံ သည်ဟိဂ်မြို့သို့မလွှဲပြောင်းမီ ၎င်းတို့၏ဝန်ခံထွက်ဆိုချက်များတွင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များအတွင်း ရိုဟင်ဂျာများအပေါ် ဖိနှိပ်ရက်စက်သတ်ဖြတ်မှုများကျူးလွန်ရာတွင်ပါဝင်သော နောက်ထပ်စစ်သား ၁၇ ဦး၏ အမည်နှင့် ရာထူးအဆင့်များကို ၎င်းတို့က ပြောပြပါသည်။ ယင်းတို့တွင် ဒုတိယဗိုလ်မှူးကြီး ၁ ဦး၊ ဗိုလ်မှူးကြီး ၁ ဦးနှင့် ဗိုလ်ကြီး ၃ ဦးအပါအဝင်[236] အရာရှိ ၆ ဦး၏အမည်များပါဝင်ပါသည်။ အားလုံးကို (ရိုဟင်ဂျာ) သုတ်သင်သတ်ဖြတ်ရန် အထက်အရာရှိများကအမိန့်ပေးသည့်အတိုင်းလုပ်ဆောင်ရကြောင်း၊ “မြင်တာ၊ ကြားတာ အကုန်ပစ်၊ အကုန်သတ်ပစ်” ဟု ထိုနေရာများရှိ ရိုဟင်ဂျာများအား သုတ်သင်ရှင်းလင်းရန် စေခိုင်းခံရကြောင်း[237] ၂ ဦးစလုံးက သီးခြားစီ ပြောပြပါသည်။

၂၁၀။ အကြမ်းဖက်မှုကိုကျူးလွန်ကြသော စစ်အုပ်စုတပ်ဖွဲ့ဝင်များ၏ အမည်၊ ရာထူးအဆင့်များကို အများအားဖြင့် မသိနိုင်ပါ။ သို့ရာတွင် ၎င်းတို့သည် အကြမ်းဖက်မှုများအတွက် နောက်ဆုံးအဆင့် မလွဲမသွေတာဝန်ရှိသော စစ်အုပ်စုခေါင်းဆောင်များ၏ အမိန့်အတိုင်း နာခံဆောင်ရွက်ကြခြင်းဖြစ်ပါသည်။ စစ်အာဏာသိမ်း (ရန်ကြိုးပမ်း) မှု အပြီးတွင်၊ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွဲ့ဝင် ၁၁ ဦးပါဝင်သော

---

233 *Ibid*.

234 Human Rights Council (2018), “Report of the independent international fact-finding mission on Myanmar”, *United Nations* (online), p. 17, paragraph 91, Available at: www.ohchr.org/EN/HRBodies/HRC/Pages/NewsDetail.aspx?NewsID=23575&LangID=E

235 Fortify Rights (2020), “International Criminal Court: Prosecute and Offer Witness Protection to Myanmar Army Deserters.”, *Fortify Rights* (online), Available at: www.fortifyrights.org/mya-inv-2020-09-08/. See also: Beech, et al. (2020), “‘Kill All You See’: In a First, Myanmar Soldiers Tell of Rohingya Slaughter,” *New York Times* (online), Available at: www.nytimes.com/2020/09/08/world/asia/myanmar-rohingya-genocide.html; Ayed, N. (2020), “Once Foot Soldiers in Myanmar’s Army, Now Potential Witnesses to Mass Atrocities,” *CBC* (online), Available at: www.cbc.ca/news/world/myanmar-soldiers-custody-hague-1.5715272

236 Fortify Rights (2020), cited above.

237 *Ibid*.

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ဟု ၎င်းတို့ဖာသာအမည်ပေးထားသော စစ်အုပ်စုကိုဖွဲ့စည်းခဲ့ပြီး၊ စစ်ဘက်အရာရှိ ၈ ဦးနှင့် အရပ်သား ၃ ဦးတို့ပါဝင်ပါသည်။ နောက်ပိုင်းတွင် နောက်ထပ်အရပ်သား ၆ ဦးကို ထပ်မံဖြည့်စွက် ဖွဲ့စည်းခဲ့ပါသည်။ အဆိုပါခေါင်းဆောင်များမှာ -

- (က) စစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်
- (ခ) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဒုဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
- (ဂ) ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ လက်ရှိကာကွယ်ရေးဝန်ကြီး
- (ဃ) ရေတပ်ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ လက်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး
- (င) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ် (လေ)
- (စ) ဒု-ဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ စစ်ဦးစီးအရာရှိချုပ် (ကြည်း)၊ အထူးစစ်ဆင်ရေးမှူးချုပ်
- (ဆ) ဒု-ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ စစ်ဥပဒေချုပ်၊ အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
- (ဇ) ဒု-ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စစ်ဘက်ရေးရာလုံခြုံရေးအရာရှိချုပ်၊ တွဲဖက်အတွင်းရေးမှူး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
- (ဈ) ဒု-ဗိုလ်ချုပ်ကြီး စိုးထွဋ်၊ လက်ရှိပြည်ထဲရေးဝန်ကြီး၊ ရဲတပ်ဖွဲ့ အကျဉ်းထောင်များနှင့် စုံစမ်းထောက်လှမ်းရေး လုပ်ငန်းများကို ကြီးကြပ်သူ
- (ည) စစ်တပ်က ခန့်အပ်ထားသော ဒုသမ္မတမြင့်ဆွေ၊ လက်ရှိယာယီ သမ္မတအဖြစ် ခန့်အပ်ထားခံရသူ
- (ဋ) နိုင်ငံခြားရေးဝန်ကြီး ဦးဝဏ္ဏမောင်လွင်
- (ဌ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီး ဦးဝင်းရှိန်
- (ဍ) ဒု-ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ နယ်စပ်ရေးရာဝန်ကြီးအဖြစ် ခန့်အပ်ခံရသူ[238]
    - (၁) အဆိုပါပုဂ္ဂိုလ်များသည် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုနှင့် အကြမ်းဖက်လုပ်ရပ်များအတွက် ဦးစွာပထမ တာဝန်ခံရမည့်လူများဖြစ်ပါသည်။

၂၁၁။ အကြမ်းဖက်စစ်အုပ်စုကဖွဲ့စည်းထားသော အဆိုပါစစ်ကောင်စီ၏ အထက်ဖော်ပြပါ အဖွဲ့ဝင်အများအပြားသည် ယခင်က ဆိုးရွားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ပတ်သက် ခဲ့သူများဖြစ်ပါသည်။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၁၇ ခုနှစ်က ရိုဟင်ဂျာများအား "သုတ်သင်ရှင်းလင်းသည့်စစ်ဆင်ရေးများ" အတွင်း လူသားမျိုးနွယ်အပေါ်ကျူးလွန်သော ရာဇဝတ်မှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက်ခဲ့သည့်အပြင်၊ ကချင်၊ ရှမ်းနှင့် ရခိုင်စသည့် တိုင်းရင်းသားလူမျိုးများအပေါ် စစ်ဆင်ရေးများတွင်လည်း စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများတွင် ပါဝင်ပတ်သက်ခဲ့ပါသည်။[239] ဒု-ဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ၂၀၁၃ ခုနှစ်က ကချင်ပြည်နယ်တွင် တိုင်းမှူးအဖြစ် စစ်ရာဇဝတ်မှုများကို ကြီးကြပ်ကွပ်ကဲခဲ့ပါသည်။[240] ဒု-ဗိုလ်ချုပ်ကြီး စိုးထွဋ်သည် တောင်ပိုင်းတိုင်း၏ တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်က လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ဆက်စပ်မှုရှိသည့်အတွက် ယခင်က ဥရောပသမဂ္ဂ၏ ဒဏ်ခတ်ပိတ်ဆို့မှုစာရင်းတွင် ပါဝင်ခဲ့ပါသည်။[241] ဗိုလ်ချုပ်ကြီး မြထွန်းဦးသည် ၂၀၁၆ ခုနှစ် ဩဂုတ်လမှစ၍ တတိယအမြင့်ဆုံးရာထူးဖြစ်သည့် ကြည်း၊ ရေ၊ လေ ညှိနှိုင်းကွပ်ကဲရေးမှူးအဖြစ် တာဝန်ယူခဲ့ပြီး၊ ၂၀၁၇ ခုနှစ် ရိုဟင်ဂျာ လူမျိုးသုဉ်း သုတ်သင်ရေးတွင်ပါဝင်ခဲ့ပါသည်။[242]

၂၁၂။ ချင်းပြည်နယ်တောင်ပိုင်း၊ မတူပီမြို့တွင်အခြေစိုက်သည့် စစ်ဆင်ရေးဗျူဟာရုံး၏ အထက်-အောက် အမိန့်ပေးကွင်းဆက် ဖွဲ့စည်းပုံအဆင့်ဆင့်ကို ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) က ဖော်ထုတ်နိုင်ခဲ့ပါသည်။ အဆိုပါ ဗျူဟာ၏ ကွပ်ကဲမှုအောက်တွင် အမှတ် ၁၄၀ ခြေမြန်တပ်ရင်း၊ အမှတ် ၃၀၄ ခြေလျင်တပ်ရင်း၊ မင်းတပ်တွင် အခြေစိုက်သည့် အမှတ် ၂၇၄ ခြေမြန်တပ်ရင်းတို့ရှိပါသည်။ ဒေသအတွင်း စစ်ရေးရှုံးနိမ့်မှုများကြောင့် ၂၀၂၁ ခုနှစ် မေလတွင်အရာရှိအချို့အား ရာထူးချခဲ့ပြီး၊ ဗျူဟာမှူးအဖြစ် ဗိုလ်မှူးကြီးရဲကျော်အား အသစ်ခန့်အပ်ခဲ့

[238] Htet Myaet Min Tun et al. (2021), "Min Aung Hlaing and His Generals: Data on the Military Members of Myanmar's State Administration Council Junta", *ISEAS Yusof Ishak Institute*, issue 2021, no. 97.
[239] Human Rights Watch (2021), "Myanmar: Military Coup Kills Fragile Democracy", *Human Rights Watch* (online), Available at: www.hrw.org/news/2021/02/01/myanmar-military-coup-kills-fragile-democracy
[240] Human Rights Watch (2021), above
[241] Human Rights Watch (2021), above
[242] Human Rights Watch (2021), above

ပါသည်။ ထို့အပြင် မင်းတပ်အခြေစိုက် အမှတ် ၂၇၄ ခြေမြန်တပ်ရင်းဖြင့် ဗျူဟာအသစ်တစ်ခုထပ်မံဖွင့်လှစ်ခဲ့ပြီး၊ ယင်းသည် မုံရွာမြို့ရှိ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် နေပြည်တော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးတို့သို့ တိုက်ရိုက်သတင်းပို့ရပါသည်။ ၂၀၂၁ ခုနှစ် အောက်တိုဘာမှစ၍ ရခိုင်ပြည်နယ်အခြေစိုက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်လက်အောက်တွင် သီးခြားပါဝင်သော ပလက်ဝမှလွဲ၍၊[243] အနောက်မြောက်တိုင်းစစ်ဌာနချုပ်လက်အောက်ခံ ချင်းပြည်နယ်မှ ရှိရင်းစွဲတပ်ရင်းတစ်ရင်းလျှင် နောက်ထပ်စစ်သည်အင်အား ၁၀၀ စီကို အကြမ်းဖက်စစ်အုပ်စုက ထပ်မံစေလွှတ်ခဲ့ပါသည်။ ဤကဲ့သို့ စစ်တပ်အတွင်း အဆင့်လိုက်ဖွဲ့စည်းပုံကို သိရှိရခြင်းက တရားစွဲဆိုရမည့် စစ်တပ်မှအဆင့်မြင့်အရာရှိများအား ရှာဖွေဖော်ထုတ်ရာတွင် အထောက်အကူဖြစ်စေပါသည်။ အဆိုပါစစ်တပ်အရာရှိများအား မင်းတပ်တွင်ကျူးလွန်ခဲ့သော လူသတ်မှုနှင့် အတင်းအဓမ္မနေရပ်စွန့်ခွာစေမှု စသည့်လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှုများအတွက် တရားစွဲဆိုသင့်ပါသည်။

၂၁၃။ အလားတူပင်၊ အခြားသော အဆင့်မြင့်စစ်တပ်အရာရှိများကိုလည်း ဖော်ထုတ်နိုင်ခဲ့ပါသည်။ အေအေပီပီက ဆက်သွယ်မေးမြန်းခဲ့သူ ရှိန်းထူး (အမည်လွှဲ) သည် ၂၀၂၁ ခုနှစ် ဧပြီလက ရွှေဒူးကျေးရွာ (တနသ်ာရီတိုင်း) တွင် ဥပဒေမဲ့ ဖမ်းဆီးနှိပ်စက်ခံခဲ့ရပြီး၊ ဗိုလ်ကြီး ဝေဖြိုးအောင်အား ပါဝင်ကျူးလွန်သူတစ်ဦးအဖြစ် ဖော်ထုတ်နိုင်ခဲ့ပါသည်။ သီဟ (အမည်လွှဲ) သည်လည်း ဖမ်းဆီးခံရစဉ် ညှဉ်းပန်းနှိပ်စက်ခံရပြီး၊ အလားတူပင် ၎င်းအားလာရောက်ဖမ်းဆီးရာတွင် ဦးဆောင်သူမှာ ဗိုလ်ကြီးဝေဖြိုးအောင်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပါသည်။ အေအေပီပီကမေးမြန်းခဲ့သူ ပေါ်ဌေး (အမည်လွှဲ) အား မင်္ဂလာဒုံတပ်နယ်မှ စစ်ဦးစီး (ပထမတန်း) နှင့် ဗျူဟာမှူးဖြစ်သူ ဒု-ဗိုလ်မှူးကြီး မျိုးသက်မောင်က ညှဉ်းပန်းနှိပ်စက်ခဲ့ပါသည်။ ညှဉ်းပန်းနှိပ်စက်ခံရပြီးသေဆုံးခဲ့သူ ကျော်ဝဏ္ဏ (အမည်လွှဲ) ကိုလည်း ပဲခူးတိုင်း၊ အမှတ် ၉၀၁ သံချပ်ကာ ယန္တရားတပ်ရင်းမှ တပ်ရင်းမှူး ဗိုလ်မှူးကြီး မျိုးဆွေက ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်းဖြစ်ပါသည်။

၂၁၄။ နောက်ဆုံးအနေဖြင့် အေအေပီပီက ဆက်သွယ်မေးမြန်းခဲ့သူများ၏ အကြိမ်ကြိမ်အခါခါ ထုတ်ဖော်ပြောကြားမှုများအရ အဆိုပါရာဇဝတ်မှုများအား တပ်မသုံးခုဖြစ်သည့် တပ်မ ၄၄၊ တပ်မ ၆၆ နှင့် တပ်မ ၇၇ တို့က ကျူးလွန်ခြင်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့ပါသည်။

၂၁၅။ တပ်မ ၄၄ မှ တပ်ဖွဲ့ဝင်များသည် ၂၀၂၁ ခုနှစ် ဇူလိုင် ၁ ရက်က ရှစ်ခိုးထပ်တောအုပ်အတွင်း သတ်ဖြတ်မှုအပြင်၊ ၂၀၂၁ ခုနှစ် ဇူလိုင် ၇ ရက်က ရင်းကျေးရွာအနီး သတ်ဖြတ်မှုနှစ်ခုစလုံးတွင်ပါဝင်ပြီး၊ ကနီမြို့နယ်တွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို ကျူးလွန်ခဲ့ကြသူများဖြစ်ပါသည်။ စံမင်းနိုင်၊ ဝင်းရွှေ (ခ) ဦးသက်ရှည်၊ ဇေယျာထွန်းနှင့် ထွန်းရွှေတို့အပါအဝင် ရင်းကျေးရွာသား ၁၅ ဦးထက်မနည်းကို သတ်ဖြတ်ခဲ့ကြခြင်းဖြစ်ပါသည်။

၂၁၆။ တပ်မ ၆၆ သည် ကရင်နီအမျိုးသားများကာကွယ်ရေးတပ် (KNDF) ၏ အဆိုအရ ခရစ်စမတ်မတိုင်မီ ကရင်နီပြည်နယ်တွင်[244] ခူးလီးရယ်၊ ခူးလူပယ်နှင့် ဦးကျော်လွင်ထူးတို့အပါအဝင် အရပ်သားပြည်သူ ၄၂ ဦးအား အစုလိုက်အပြုံလိုက်သတ်ဖြတ်မှုကို ကျူးလွန်ခဲ့ပါသည်။ တပ်မ ၆၆ သည် ပဲခူးတိုင်း၊ ပြည်မြို့နယ် အင်းမတွင်အခြေစိုက်သည်။ တပ်မမှူးသည် ဗိုလ်မှူးကြီးကျော်လင်းထွန်းဖြစ်ပြီး စစ်ဆင်ရေးဗျူဟာမှူးသည် ဒု-ဗိုလ်မှူးကြီး ကျော်စွာထွန်းဖြစ်ပါသည်။

၂၁၇။ တပ်မ ၇၇ မှ တပ်ဖွဲ့ဝင်များသည် ၂၀၂၁ ခုနှစ် မတ်လ ၃ ရက်က မြောက်ဥက္ကလာပတွင် အစုလိုက်အပြုံလိုက် ဖမ်းဆီးချိန်၌ ရှိနေခဲ့သည်ဟု မျက်မြင်တွေ့ခဲ့သူ ညိမ်းညိမ်းထွန်း (အမည်လွှဲ) က ဆက်သွယ်မေးမြန်းမှုတွင် ပြောပြပါသည်။ ယင်းတွင် အနည်းဆုံး အေးစန်း (အမည်လွှဲ) သေဆုံးခဲ့ပြီး၊ အရပ်သားပြည်သူ ၆၁ ဦး ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပါသည်။

[243] See more at www.chinhumanrights.org/chain-of-command-structure-of-toc-in-matupi-mindat/

[244] The Irrawaddy (2022), " ဖရူဆိုတွင် အစုလိုက်အပြုံလိုက် မီးရှို့အသတ်ခံရမှု ၄၉ ဦးခန့်ထိ ရှိလာနိုင် [Around 49 individuals would have been burnt in Hpruso Massacre]", *The Irrawaddy* (online), Available at: burma.irrawaddy.com/news/2022/01/04/248635.html

## ၇ နောက်ဆက်တွဲ - ၁


**ဇယား-၁၊ အစီရင်ခံစာတွင်ဖော်ပြထားသော ကျူးလွန်ခံရသူများ/သက်ရှင်ကျန်ရစ်သူများ၏ သတင်းအချက်အလက် အကျဉ်းချုပ်**

| အမည် | လိင် | ဖြစ်ရပ်နေ့စွဲ | တည်နေရာ |
|---|---|---|---|
| ပေရယ်ဖြူဖြူ (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် မတ်လ ၃ ရက် | ရန်ကုန် |
| အာကာလတ် (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် မေလ ၈ ရက် | ရွှေဘိုမြို့ |
| အောင်ပြည့် (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် မတ်လ ၁၃ ရက် | မန္တလေး |
| အောင်ဆန်းစုကြည် | မ | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် | နေပြည်တော် |
| အေးစန်း (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် မတ်လ ၃ ရက် | မြောက်ဥက္ကလာပ |
| ချမ်းကို (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက် | ရန်ကုန် |
| ချစ် (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် မတ်လ ၁၃ ရက် | မန္တလေး |
| ဒန်နီဖန်စတာ | ကျား | ၂၀၂၁ ခုနှစ် မေလ ၂၄ ရက် | ရန်ကုန် |
| ဟံသာညီမ်း | ကျား | ၂၀၂၁ ခုနှစ် မတ်လ ၃ ရက် | ရန်ကုန် |
| ထားထားလင်း | မ | ၂၀၂၁ ခုနှစ် ဇွန်လ ၁၀ ရက် | ရန်ကုန် |
| ထိုက် (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဩဂုတ်လ ၂၅ ရက် | မုံရွာ |
| ထွေးမောင် (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် မေလ ၂ ရက် | ရန်ကုန် |
| ခင်ကေခိုင် | မ | ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၃၁ ရက် | ထားဝယ် |
| ခင်မြတ်စု (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက် | ကနီ |
| ခူးလီးရယ် | ကျား | ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက် | ဖရူဆို |
| ခူးလူပယ် | ကျား | ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက် | ဖရူဆို |
| ကျော်ထူးအောင် (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် | သန်လျင် |
| ကျော်လွင်ထူး | ကျား | ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၂၄ ရက် | ဖရူဆို |
| ကျော်နိုင်ဝင်း (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက် | ဖရူဆို |
| ကျော်ဝဏ္ဏ (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် မေလ ၂၁ ရက် | ပဲခူး |
| ကြည်ကြည် (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက် | ဖရူဆို |
| မီမီညွှန့် (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် စက်တင်ဘာလ ၆ ရက် | မန္တလေး |
| မင်းသန်း (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဧပြီလ ၉ ရက် | ပဲခူး |
| မိုးရွှေ (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် ဧပြီလ ၉ ရက် | ပဲခူး |
| မွန်ခမ်း (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက် | မန္တလေး |
| မြအေး | ကျား | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် | မင်္ဂလာတောင်ညွန့် |


| | | | |
|---|---|---|---|
| မြထွေး (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် မတ်လ ၃ ရက် | မြောက်ဥက္ကလာပ |
| မြသွဲ့သွဲ့ခိုင် | မ | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၉ ရက် | နေပြည်တော် |
| နိုင်ဝင်း | ကျား | ၂၀၂၁ ခုနှစ် ဇူလိုင် | မော်လမြိုင် |
| နန္ဒာလှ (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် မတ်လ ၃ ရက် | ရန်ကုန် |
| နေလင်းထက် (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဧပြီလ ၂ ရက် | ရန်ကုန် |
| နေနိုင် (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဧပြီလ ၂ ရက် | ရန်ကုန် |
| နုနုသန်း (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် မတ်လ ၂၇ ရက် | ရန်ကုန် |
| ညိမ်းညိမ်းထွန်း (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် မတ်လ ၃ ရက် | မြောက်ဥက္ကလာပ |
| ပေါ်ဌေး (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် မတ်လ ၆ ရက် | မင်္ဂလာဒုံ |
| ဖိုးဆယ် | ကျား | ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁၀ ရက် | သုံးခွ |
| စံမင်းနိုင် | ကျား | ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက် | ကနီ |
| ရှိန်းထူး (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဧပြီလ ၇ ရက် | မြိတ် |
| ရွှေယွန်းအိမ် | မ | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက် | သံတွဲမြို့ |
| စုစု (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် မတ်လ ၁၅ ရက် | မန္တလေး |
| ထောင်ဇာ (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် မေလ ၂ ရက် | လှိုင် |
| သက်ထွား (အမည်လွှဲ) | ကျား | - | တောင်ဒဂုံ |
| သီဟ (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် | မြိတ် |
| သဉ္ဇာဟိန်း | မ | ၂၀၂၁ ခုနှစ် မတ်လ ၂၈ ရက် | မုံရွာ |
| သူဇာလွင် (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် မတ်လ ၃ ရက် | တာမွေ |
| တင့်တင့်ကြူ (အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် မတ်လ ၃ ရက် | မြောက်ဥက္ကလာပ |
| ထွန်းရွှေ | ကျား | ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက် | ကနီ |
| ထွန်းဝင်း(အမည်လွှဲ) | မ | ၂၀၂၁ ခုနှစ် မတ်လ ၃ ရက် | လှိုင် |
| ဝေဠု (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် မတ်လ ၇ ရက် | ရန်ကုန် |
| ဝင်းမြင့် | ကျား | ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက် | နေပြည်တော် |
| ဝင်းရွှေ (ခ) ဦးသက်ရှည် | ကျား | ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက် | ကနီ |
| ဝင်းဇော် (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဧပြီလ ၉ ရက် | ပဲခူး |
| ဝဏ္ဏခိုင် (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဧပြီလ ၉ ရက် | ရန်ကုန် |
| ရာဂိုလင်း (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဧပြီလ ၁၉ ရက် | ရန်ကုန် |
| ဇော်ကြည် (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် မတ်လ ၃ ရက် | ရန်ကုန် |
| ဇေယျာစိုး (အမည်လွှဲ) | ကျား | ၂၀၂၁ ခုနှစ် ဧပြီလ ၅ ရက် | မြောက်ဥက္ကလာပ |

| | | | |
|---|---|---|---|
| ဇေယျာထွန်း | ကျား | ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက် | ကနီ |


**၈ နောက်ဆက်တွဲ - ၂**




# ပြည်နယ်အလိုက် စုစုပေါင်း သတ်ဖြတ်ခံရမှု




## ပြည်နယ်အလိုက် ကလေး ဖမ်းဆီးခံရမှု




# ပြည်နယ်အလိုက် ကလေး သတ်ဖြတ်ခံရမှု





မြို့နယ်များအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှု




စစ်ကိုင်းတိုင်းအတွင်း အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရမှု




0
25
50 km


0
25
50 km

